www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၆၊ ဩဂုတ်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုဝော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုဝော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၇၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈

မမသဒ္ဒါမောင်

မင်းလက်ထဲက ရေလေး ငါ/ မမသဒ္ဒါမောင် - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၃၀၂ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) မင်းလက်ထဲက ရေလေး ငါ


BURMESE CLASSIC

# မမသဒ္ဒါမောင်

# မင်းလက်ထဲက ရေလေး ငါ

www.burmeseclassic.com

www.burmeseclassic.com

၃၇၆

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

သက်မဲ့ပစ္စည်း လိုချင်လျှင် ယူပါ...

သို့သော်...

နှလုံးသားကိုတော့ မတောင်းပါနှင့်...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မျက်နှာကို မှုန်ကုပ်ထားမိပါ၏။ လောကမှာ ကိုယ်မလုပ်ချင်သည့်အရာကို ကြိတ်မှိတ်သည်းခံပြီး လုပ်ပေးရတာထက် စိတ်ပျက်ရာကောင်းတာ မရှိတော့ပါ။ အခုလည်း အိမ်က အတင်းနှင်လွှတ်နေပြီမို့ ထွက်ခဲ့ရခြင်း ဖြစ်ပါ၏။ သူက နှားအေးပါးအေးနှင့် အခန်းအောင်းရတာကို ပို၍ နှစ်ခြိုက်သူပါ။ အပြင်ထွက်တိုင်း မျက်စိရှုပ်နားအေးပါးအေးနှင့် အခန်းအောင်းရတာကို ပို၍နှစ်ခြိုက်သူပါ။ အပြင်ထွက်တိုင်း မျက်စိရှုပ်နားရှုပ်ဖြင့် စိတ်အိုက်စရာကောင်းတာ မရှိတော့ပါချေ။

"ကျွစ်!"

လက်မှ နာရီကို တစ်ချက်ကြည့်ရင်း စုတ်သပ်လိုက်မိပြန်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ စောင့်ရတာလောက် စိတ်မရှည်တာ မရှိတော့ပါ။ အမြန်ဆုံး
လျှင် အနေးဖြစ် ဆိုသကဲ့သို့ အချိန်ကြန့်ကြာတတ်တာ မဟုတ်လား။
ပြီးတော့ 'မိန်းမ' ဆိုသည့်အမျိုးက အတော့်ကို လက်ပေါက်ကပ်
အောင် ပြောဆိုတတ်ပြီး အချိန်ဖြုန်းငွေဖြုန်းလွန်းတာ နှစ်ယောက်
မရှိတော့ပါလေ။

ဝေးဝေးကြည့်စရာမလိုပါ။ တစ်အိမ်တည်း အတူနေနေ
သည့် အစ်မဖြစ်သူ 'နှင်းဆီမမ' ကို နမူနာပြရမည်သာ။ ပစ်ပစ်များ
လွန်းတာ, ပွစိပွစိပြောတတ်တာ, ဗျစ်တောက်ဗျစ်တောက်ဖြင့် အ
နားငြီးနေရတာ မဟုတ်ပါလား။ မျက်စိထဲ အမြင်တော်သည့်
လက်က လုပ်ပေးရင်း ပါးစပ်စတင်းဂန်းဆွဲတော့တာလေ။

အခုလည်း သွားတွေ့ဖြစ်အောင် တွေ့ပြီး အလိုက်သင့်
ပြောပါဆို၍ သူထွက်လာခဲ့ရတာပင်။ မိဘတွေ မရှိကြတော့တာ
အစ်ကိုကြီးဖြစ်သူ 'ကံ့ကော်ကိုကို' က အိမ်ခွဲနေရင်း အဝေးကနေ
သူ့ကို စောင့်ရှောက်ပေးနေသလို သူ့ထက် အကြီးဖြစ်သည့် မ
အမေလိုတစ်မျိုး အစ်မလိုတစ်သွယ် စောင့်ရှောက်ပေးခဲ့ခြင်းဖြစ်
သည်။ သူက အိမ်မှာ အငယ်ဆုံးလည်းဖြစ်ကာ ကိုကို့ထက် (
နှစ် ငယ်သလို မမထက်လည်း (၇) နှစ် ငယ်လေ၏။

ဒီတော့ ယခု အသက် (၃၅) နှစ်ရှိနေပြီဖြစ်သည့် သူ
'အင်ကြင်းမောင်' ကို အိမ်ထောင်ကျစေဖို့အရေးက ကိုကိုနှင့် မ





၏ မဟာ့မဟာတာဝန်ကြီး ဖြစ်နေလေတော့သည်။ အငယ်ဆုံးဖြစ်
သည့် သူသာ အိမ်ထောင်အတည်တကျ မရှိပါက မိဘတာဝန်၊
အကြီးတာဝန် မကျေပွန်မှာကို သေမတတ်ကြောက်ရွံ့ကြပါသည့်
ကိုကိုနှင့်မမ ဖြစ်လေ၏။

"ဟင်း ... မုန့်ပေါက်အောင် ပြင်ဆင်နေလား မသိတော့ပါ
ဘူး"

စိတ်ထဲမှ ပင်မကာ ပါးစပ်ကပင် သူ ရေရွတ်မိလေတော့၏။
မိန်းမတွေများ အပြင်တစ်ခါထွက်ဖို့အရေး အလှပြင်ဆင်ချိန်က အနည်း
ဆုံး (၂) နာရီလောက် အချိန်ဖြုန်းတီးတတ်ကြတာပါလေ။ များသော
အားဖြင့် ရည်းစားထားပြီး စိတ်ကြိုက်ဆန်ကာတင်ရွေးချယ်ကြတာ။
ပြီးလျှင် ခမ်းခမ်းနားနား မင်္ဂလာဆောင်ချင်ကြသေးတာပါ။ ကိုယ်ယူ
ထဲ့ယောက်ျားက တစ်လဝင်ငွေမည်မျှရှိတာ၊ နောက်ခံ Back ground
ညီမျှတော့တာ၊ ရှာပေးသမျှ မည်သို့ဖြုန်းနိုင်တာ၊ အပေါင်းအသင်း
တွေကြား ကိုယ့်လူက မည်သို့တော်တာဆိုပြီး ကြွားချင်ကြတာပါ။

"စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုသည့် ဣန္ဒြေရှင်အမျိုး
သမီးကိုဖြင့် ရှားပါးရှေးဆီ ရှာတွေ့သည့်နှယ် လက်ချိုးရေပြနိုင်တာ
ပါလေ။ များသောအားဖြင့် ယောက်ျားကို နွားလိုရှုန်းစေပြီး ကြိုး
ကိုင်ချယ်လှယ်ချင်ကြတာ မဟုတ်လား။ ဤသို့ပြောသည်နှင့် သူ့ကို
အတွေ့အကြုံရှိသည်ဟု မမြင်ပါနှင့်။ မမဏ်ခင်ပွန်းဖြစ်သူ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အောင့် (ဦးတင်အောင်) ကို မျက်စိရှေ့ မြင်နေခြင်းကြောင့် လက်တွေ့
သိနေရခြင်းပါပဲ။

စိတ်မရှည်တော့သဖြင့် အိတ်ကပ်ထဲမှ phone ကို နှိုက်
ယူလျက် မမထံ ခေါ်လိုက်မိပါ၏။ အိမ်ထဲနေပြီး လှုပွဲစား အဲ
. . . ဖူးစာရှင်ပွဲစားလုပ်နေသည့် မမမှာသာ တာဝန်ရှိတာ မဟုတ်လား
အိမ်မှာအလုပ်များနေ၍ထင့် phone ကို တော်တော်နှင့် ထမကိုင်
ချေ။ ငါနော် . . . စိတ်တိုတယ်။ စိတ်တိုတယ်။

"ဟဲ့! . . . ပြော"

"မမရဲ့ lady က ဘယ်တော့လာမှာလဲဗျ။ ဒီမှာစောင့်နေ
တာ နာရီဝက်ကျော်နေပြီ"

"မိန်းကလေးပဲ မောင်ရယ် . . . နည်းနည်းပါးပါးတော့
ကြာမှာပေါ့။ စိတ်ရှည်ရှည်နဲ့ စောင့်စမ်းပါ"

"ကျွတ်! . . . စောင့်ရတာလောက် ကျွန်တော် စိတ်မရှည်တာ
မမ သိရဲ့သားနဲ့၊ အလကားသက်သက် ဒီမှာ ငုတ်တုတ်လာထိုင်
အချိန်ဖြုန်းနေသလိုပဲ"

"နင် ဗတ်စရောစာအုပ်တော့ ပါသွားတယ် မဟုတ်လား"

"ဒါတော့ ပါတာပေါ့ဗျ။ စိတ်မရှည်မှတော့ ဒီလိုစာအုပ်
ဖို့က စိတ်ဝင်စားပါတော့မလား။ စဉ်းစားကြည့်ပါဦး"

"မောင်ကတော့လေ . . . စိတ်ကို နည်းနည်းလောက် ရှည်





ညီလေး ခွဲဆန့်ထားစမ်းပါ၊ အခုတစ်ယောက်က နင့်အတွက် ရှယ်
ဒါ ရွေးပေးထားတာဟဲ့ . . ."

"ဘာရှယ်လဲ . . . ပုံမလာ ပန်းမလာတွေချည်း များနေပြီး
တော့"

"အဲဒါ . . . နင် အရိုးများ ချေးခါး ငြင်းနေတာကိုးလို့"

"မသိတော့ဘူးဗျာ၊ နောက် (၁၅) မိနစ်ကြာလို့မှ မလာရင်
ကျွန်တော် လစ်ပြီ . . . ဒါပဲ!"

"ဟဲ့! . . . ကြော် . . . နင်ပဲ ရုပ်လှတာထက် စိတ်လှတာပဲ
ယူချင်တယ်ဆို"

"မှန်တယ်လေ၊ ဒါပေမဲ့ . . . ကြည့်ပျော်ရှုပျော်လေးတော့
ဖြစ်ရမှာပေါ့ဗျ။ ဘယ့်နှယ်! . . . နှာဘက်ကျ မိတ်ကပ်တွေ ဖုံးထား
ပြီး ဟုတ်နေလျက်နဲ့ ညဘက်မြင်ရင် လန့်စရာရုပ်ကြီးမျိုးတော့
ဘယ်သူက ယူချင်မှာလဲ၊ မမပဲ တွေးကြည့်"

"နင်ဟာလေ . . . အဲဒီလောက် ဇီဇာကြောင်နေလို့ လူပျိုကြီး
ဖြစ်နေတာ"

"ဖြစ်တော့ ဘာဖြစ်လဲ၊ ဘယ်သူ့ကိုများ ထိခိုက်နစ်နာစေ
လို့လဲ . . . ပြောပါဦး။ ကိုယ့်ဘာသာကိုယ် တစ်ကိုယ်တည်း လူပျို
ကြီး လုပ်နေတာကိုပဲ ကြည့်မရဖြစ်၊ မျက်စိစပါးမွေး စူး . . . စူး"

"ဟဲ့!"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ . . . ဒါပဲ . . . နောက်မှဆက်ပြောမယ်"

ဆိုင်ထဲသို့ မိန်းကလေးတစ်ဦး ဝင်လာပြီဖြစ်သဖြင့် မမနှင့် အချေအတင် phone ပြောနေတာကို သူ ချက်ချင်းရပ်လိုက်ရပါ၏။ သူက မိန်းမဆိုလျှင် ရဲရဲကြည့်ဝံ့သည့် (အများအခေါ် နှာဘူးမျိုး) လူ မဟုတ်ရပါ။ သို့သော် . . . အိမ်ထောင်ပြုရမှာမို့ မိန်းကလေးကို အသင့်အတင့် ကြည့်ရမှာ မဟုတ်လား။ မျက်နှာလေး ချောရုံနှင့် ပြည့်စုံတာမှမဟုတ်ဘဲ၊ လမ်းလျှောက်လျှင် ခြေခွင်သလား၊ စကား ပြောလျှင် ပါးစပ်ရွဲ့တတ်သလား။ မျက်ကြောလိုက်တတ်သလား စသည်ကိုတော့ လိုအပ်သလို သတိထား၍ ကြည့်ဖြစ်လေသည်။

စောစောက မိန်းကလေးက သိပ်အချောစားကြီးမျိုးမဟုတ်သလို၊ ခန္ဓာကိုယ်ကလည်း သိပ်ကြီးမပြည့်၊ သိပ်ပြီးမပိန် အနေတော်ပါ၏။ ကိုယ်ခန္ဓာလှပတာထက် အရပ်အမောင်းမြင့်မားတာကိုတော့ သူ အမှတ်ပေးလိုက်မိလေ၏။ ယနေ့ခေတ် ခပ်ပြတ်ပြတ် ဖြစ်နေကြပါသည့် မိန်းကလေးအများစုထက် ခေါင်းတစ်လုံးစာ သာနေပါသည့် lady က အနည်းဆုံး (၅) ပေ (၆) လက်မခန့်တော့ ရှိနေမည်သာ မဆိုးပါဘူး။

"ကိုအင်ကြင်းမောင်လား"

"မှန်ပါတယ်"

"ထိုင်မယ်နော်"





အသံက သိပ်မချိုပါဘဲ ခပ်ညြညြနှင့် စကားပြော ပြတ်သားလေ၏။ သူထင်ထားသလို မျက်နှာထက်မှာ ပြာပြာဝါဝါတွေ မရှိသလို နှုတ်ခမ်းကိုလည်း colour မဆိုးထားပါချေ။ သာမန်ပြင်ရိုး ပြင်စဉ်အတိုင်း ခပ်မှန်မှန်လေးသာ လိမ်းထားတာဖြစ်ပြီး မျက်စိရှုး သောက်သည့် ခေတ်ဆန်ဆန် အဝတ်အစားမျိုးဖြင့် မဟုတ်ဘဲ မြေကြီးရောင်အောက်ခံမှာ ရွက်စိမ်းလေးတွေ ကျဲထားပါသည့် ထိုရှည်ပျော့နှင့် ခပ်ပျော့ပျော့အစိမ်းနု (ငှက်ပျောညွန့်ရောင်) blouse လေး တွဲဝတ်လာတာက အမြင်ကို အေးစေလေ၏။ နောက်တစ်မှတ် ပေးမိပြန်ချေပြီ။

"Sorry ပါ၊ ကျွန်မ meeting လုပ်နေတာနဲ့ အချိန်နည်းနည်း ကြာသွားပါတယ်"

"ရပါတယ်"

Mini Mart အလတ်စားဖွင့်ပြီး ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်သည့် စီးပွားရေးသမားအမျိုးသမီး ဖြစ်လေ၏။ သူတွေ့ခဲ့ရသမျှ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ကျောင်းဆရာမ၊ မူကြိုဆရာမ၊ သူနာပြုဆရာမ စသည် စသည်တို့နှင့် မှကွဲနေပါသည်။ သူမကို စိတ်ဝင်စားမှု အနည်း ငယ်တော့ ဖြစ်မိလေ၏။ နှလုံးသားကဖြင့် ထုံးစံအတိုင်း အေးစက် စက်ကြီးပါပဲ။

"ကျွန်မ နှင်းနန္ဒာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အန်တီလေးက သွားတွေ့ပါဆိုလို့ လာတွေ့ရတာ[illegible] ကိုအင်ကြင်းမောင်၊ လောလောဆယ် မိနစ် (၄၀) မြှန်းမိပြီးပြီမို့ မိနစ် (၂၀) စာ, နာရီဝက်လောက် စကားပြောရင် လုံလောက်မယ်လို့ ထင်ပါတယ်"

"အင်း"

ရှေ့မှဦးဆောင်သူ၊ ဘေးမှယှဉ်လျှောက်သူ၊ နောက်မှ မှီတွယ်သူ ဟူသည့် သုံးမျိုးသုံးစားတည်းသော အမျိုးသမီးထုထဲမှာ သူမ မည်သည့်ခေါင်းစဉ်မှာ ပါဝင်ပါသလဲ။ စံသတ်မှတ်ပြီး ရွေးရ တာမျိုးတော့ မဟုတ်ရပါ။ သူက မမလို ပစ်ပစ်များလွန်းသည့် မိန်းမမျိုးနှင့် အိမ်ထောင်ကျရမှာကို သေမတတ် ကြောက်နေလို့ပါပဲ။ အဘယ်ကြောင့်ဆိုသော် သူက နားအေးပါးအေးနေလေ့ရှိပြီး အေးဆေးတာကို နှစ်သက်သောကြောင့်ပါလေ။

"ကိုအင်ကြင်းမောင် အသက် (၃၅) နှစ်ဆိုတာ အမှန်ပဲ လား"

"ဟုတ်ပါတယ်"

"မထင်ရဘူးနော်၊ ကျွန်မက (၆) နှစ်လောက် ငယ်ပါတယ်"

"သြော်"

"လောဘမရှိတဲ့လူမို့ အေးချမ်းတယ်ဆိုတာ အမှန်ပါပဲ





[illegible]ပွားရေးလုပ်ဖို့ အစီအစဉ် ရှိသေးလားဟင်"

"ဟင့်အင်း ... ကျွန်တော်က ဝါသနာပါတာကိုပဲ ဦးစားပေး [illegible]လေ့ရှိလို့ပါ"

သူမ အသံတိတ်သွားလေ၏။ လောဘမရှိတဲ့လူတဲ့။ စီးပွား [illegible]ုပ်ရင်း အကျိုးအမြတ်ရှာဖွေနေသည့်လူ မဟုတ်ဘူးပေါ့လေ။ [illegible]ပါတယ်။ သူက ကိုယ်ပိုင်မြေကွက်ဝယ်ပြီး ပန်းစိုက်စားသူ၊ [illegible]ဥ်ထဲ ပျော်မွေ့သူ၊ စာအုပ်တွေဖတ်ရင်း အချိန်ကို ကုန်စေသူ [illegible]တ်ပါလား။ ဒါကြောင့်လည်း ကိုကိုရော မမပါ သူ့ကိုကြည့်ပြီး [illegible]ရာ အလွန်ကောင်းကြောင်း ပြောလေ့ရှိတာလေ။

"မိသားစုဆိုတာမျိုး ဖြစ်လာခဲ့ရင်ကော ... စီးပွားရေးလုပ်ဖို့ [illegible]ကူးမရှိဘူးလားဟင်"

"အဲဒါကတော့ နောက်ကိစ္စမို့ပါ"

သူမမျက်နှာ တစ်မျိုးလေး ဖြစ်သွားလေ၏။ တွေ့ဖူးသမျှ [illegible]န်းမတိုင်း၏ 'ပျင်းစရာကြီး' ဟူသည့် မှတ်ချက်မျိုးကို သူမထံမှ [illegible]ားဦးမည် ထင်ပါရဲ့။ အသံစာလို့, ဩဇာပါဝါပေးလို့, ဆရာလုပ် [illegible]တ်လို့, မျက်နှာမာလို့, မျက်စိထဲ ဘောင်မဝင်လို့ စသည်ဖြင့် တစ် [illegible]ာက်တစ်မျိုး မရိုးစေရန် အကြောင်းပြ ငြင်းဆန်ခဲ့ပါသည့် 'အင် ကြင်းမောင်' အတွက် သူမက မည်သို့ပစ်ချက်များ ရှိနေပါမည်နည်း။

"ကြည့်ရတာ ... အစ်ကိုတွေ၊ အစ်မတွေကြောင့် နီးပိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ရတာ ထင်တယ်"

"အမှန်ပါပဲ"

"အိမ်ထောင်မပြုချင်ဘူးဆိုလည်း ကိုကြီးနဲ့မမကို ပွင့်ပွင့်လင်းလင်း ပြောသင့်တာပေါ့ ကိုအင်ကြင်းမောင်၊ မောင်နှမတွေပဲဟာ"

"ကျွန်တော် အိမ်ထောင်မပြုဘူးလို့ မပြောပါဘူး"

သူမမျက်ခုံးတို့ မြင့်တက်သွားလေ၏။ စကားများသူ မသတ်မှတ်ချင်ပေမယ့် သူက စကားနည်းလွန်းတာမို့ သူမက ဦးဆောင်၍ ပြောပေးနေပုံပါ။ အိမ်ထောင်မပြုချင်သူဟူသည့် မှတ်ချက်က သူ့ရင်ကို ထိရှစေပါ၏။ ဤအမျိုးသမီးကို လျှော့တွက်လို့တော့ မရပါလေ။

"ဒါဖြင့် ... ဆန်ကာတင်စာရင်းဝင် ဘယ်နှယောက် ရှိနေပြီလဲ"

"အားလုံး (၇) ယောက် ရှိပါပြီ"

"ကျွန်မက ..."

"Number Seven ပါ"

"တော်သေးတာပေါ့၊ စိတ်ထဲတွေ့တဲ့သူရော ရှာတွေ့ပြီလား"

"ဒီလိုပါပဲ"





ကော်ဖီမှာထားတာ ရောက်လာသဖြင့် သူတို့ စကားပြောတာ ရပ်သွားပြန်လေ၏။ သူမက ကော်ဖီကို နွေးအောင် အနည်းငယ်မျှ မှုတ်သောက်လိုက်လေသည်။ ယောကျ်ားလေးရှေ့မှာဆိုပြီး ရှက်ရွံ့နေ ဟန်မျိုးလည်း မရှိပါ။ တစ်မှတ်တိုးပြန်လေ၏။

"ကိုကိုနဲ့ အတော်ရင်းနှီးလား"

"ဟုတ်တယ်၊ ကျွန်မ ဒီအလုပ်ရွေးဖြစ်အောင် ကိုကြီးပဲ လမ်းကြောင်းပြ အကြံပြုခဲ့တာလေ၊ ဖေဖေတို့နဲ့လည်း ကိုကြီးက လုပ်ငန်းတူဆိုတော့ အဆက်အသွယ်ရှိတယ်ပဲ ဆိုရမှာပေါ့၊ အခုကိစ္စက မမနဲ့အန်တီလေးတို့က Classsmate ဖြစ်ခဲ့ရင်း စကားတောက်ကြတာနဲ့ ဒီအထိဖြစ်လာတာပါ"

ကိုကိုနှင့်မမကို ရိုသေရင်းစွဲရှိနေတာက သူမကို ပို၍အမှတ်သာစေလေ၏။ သို့သော် ... သူ့ကို ဘာလုပ်ပါ၊ ညာလုပ်ပါဟူ၍ command ပေးချင်ပုံတော့ရပါသည်။ သို့သော်လည်း သူဆိုသည့် 'အင်ကြင်းမောင်' က ခေါင်းအမာစား မဟုတ်ပါလား။ အိမ်အခေါ် 'မောင်'က ကိုယ်ဖြစ်ချင်တာ လုပ်ချင်တာကိုသာ ဖွတ်တိုးလုပ်လေ့ ရှိလေ၏။

"အချိန်ပြည့်နေပြီ၊ ကျွန်မတို့ ထပ်ဆုံစရာအကြောင်းရှိရင် မေဆီမှာ ကျွန်မ နံပါတ်ပေးထားပါတယ်၊ ကိုအင်ကြင်းမောင်ရော ကျွန်မပါ အချိန်အားကြတာ မဟုတ်လို့ ဒီနေ့ ဒီလောက်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်ကြရအောင်၊ Bill ကျွန်မ ရှင်းပါ့မယ်”

“မဟုတ်တာ . . . ကျွန်တော် ပေးမှာပါ”

“Ok လေ . . . ဒါဖြင့် ကျွန်မကို သွားခွင့်ပြုပါဦး”

“ကောင်းပါပြီ”

ဒါပဲလား . . . ဘာမှဟုတ်တိ ပတ်တိ မပြောဖြစ်ပေမယ့် အစိကျကျသည့် မေးခွန်းတွေကိုတော့ သူမ ထိထိမိမိမေးသွားပါ၏ တခြားမိန်းကလေးချင်း မဆုံရဲသလို မငုံ့မရဲဟန်ပန်းမျိုးကိုလည်း သူမထံမှာ မတွေ့ရပါလေ။ သူ့မျက်လုံးကို ရဲရဲဝံ့ဝံ့ကြည့်၍ စကားပြော ရဲပုံက အတော့်ကို ပွင့်လင်းလွန်းလေ၏။ သဘောကျလားဟု အမေး ရှိလာပါက မဆိုပါဘူးဟု ဖြေမိမည်သာ။

* * *



## အခန်း (၂)

တိုက်ထဲဝင်လိုက်သည်နှင့် ‘အသည်းတုံး’ က သူ့ထံ အပြေးလေးရောက်လာလေ၏။ အသက်သုံးနှစ်ကျော်ကျော်အရွယ် သူလေးကို သူမွေ့ချီလိုက်ကာ ဝယ်လာသည့် သစ်သီးထုပ်ထဲမှ သီမွှော်သီးတစ်လုံးကို နှိုက်၍ ပေးလိုက်ပါသည်။ ကလေးက ဒီတိုင်း ကိုက်စားရန် ရွယ်လိုက်တာမို့ ပြန်လုလိုက်စဉ် ငြဲခနဲအော်ငိုလေတော့ ၏။

“မငိုနဲ့လေကွာ . . . လေးလေးက အခွံနွှာပေးမလို့ပါ အသည်းတုံးရဲ”

“ပြန်ပေး! . . . ပြန်ပေး!”

“အခွံနွှာပေးမယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး ... ပြန်ပေး!"

"မောင်တို့ကတော့ ပြန်လာတာနဲ့ ပြဿနာရှာပြီ ... တကယ်ပဲ"

"မမသားက အတော်အစားမက်တာကို"

"ကလေးက ဘာသိမှာလဲ၊ ပေးမယ်ဆိုကတည်းက အခွံနွာပြီးမှ ပေးပေါ့၊ အဲဒါကြောင့် ဘာမှမသိလို့ လူပျိုကြီးဖြစ်နေတာ"

"ခလုတ်တိုက်ပြန်ပြီ"

"လာ လာ သား ... မေမေ ခွာကျွေးမယ်၊ အခွံက ခါးခါးကြီး သားရဲ့၊ မေမေ ဟောဒီလိုနွာပြီး ဒီအမျှင်လေးတွေနဲ့ ဒီလိုအစေ့လေးကို ဖယ်ပြီးမှ သားသားကို ကျွေးမယ်၊ ချိုရဲ့လား အသည်းတုံး"

"ဟုတ်ကဲ့"

"လိမ္မာလိုက်တာ၊ ဒါမှ မေမေ့သား"

"အစားလေးတစ်လုပ်ဝင်ဖို့အရေး ဇီဇာချဲ့ပြောရတာ မောတာပေါ့"

"ကလေးက ဘာသိမှာလဲ မောင်ရဲ့၊ ချော့ပြောတော့ နားဝင်တယ် မမြင်ဘူးလား"

ကလေးချစ်တတ်သည့် လူပျိုကြီးမဟုတ်သော်ငြား တူလေး 'မင်းသန့်အောင်' ကိုတော့ သူချစ်တာ အမှန်ပါ။ ကလေးအကြိုက် ကလေးအထာတွေကို သူ ဘာမှမသိပါ။ ကလေးကို စားချင်တာ





ပေးကျွေးဖို့ မငိုစေရန် အလိုလိုက်ပေးဖို့ကိုတော့ သူ သိနေပါ၏။ ခုတ်သည့်က ထိုသို့ဂရုစိုက်လုပ်ပေးတိုင်း ဒီကလေး ငိုရတာတော့ သူလည်း မတတ်နိုင်ပါချေ။

"အခြေအနေ ဘယ်လိုလဲ"

"ဘာကိုလဲ"

"နှင်းနဲ့တွေ့ခဲ့တာကို မေးတာလေ"

"အင်း ... မဆိုးပါဘူး"

"ဒါပဲလား"

"ကျွန်တော်က ဘာပြောရမှာလဲ"

"ဟဲ့! ... ရင်လေး, ဘာလေး မခုန်ဘူးလားလို့ အစ်မက မေးရမှာလား။ နှင်းလောက် မျက်စိအေးတဲ့အလှမျိုး ဘယ်သွားရှာရမှာလဲ"

"အများကြီးရှိပါတယ်ဗျာ ... မမကလည်း"

"ပြောလိုက်ရင် ဒီအတိုင်းကြီးပဲ ... ငါ ဘာပြန်ပြောလိုက်ရမလဲ"

သူ နှုတ်ဆိတ်သွားမိပါ၏။ No! ... ဆိုပြီး ခေါင်းခါလိုက်ရအောင်လည်း ငြင်းစရာမရှိပါ။ ဒါဖြင့် Yes! ... ဆိုပြီး ခေါင်းညိတ်ရအောင်လည်း သဘောမတူချင်ပါ။ အခုမှ တစ်ခါလေးပဲ တွေ့ခဲ့ရတာမို့ သူမ၏အတွင်းစိတ်ကို သူ မလေ့လာရသေးပါချေ။ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ခေါင်းစဉ်ဖြင့် သူ့အပေါ် နှိမ်ချချင်သည့်စိတ်ကိုတော့ ရိုပ်မိ ပါ၏။ တစ်သက်လုံးပျော်ချင်တာမို့ အပင်စိုက်ပြီး စိတ်ချမ်းသာစွာ စီးပွားရှာစားနေတာ မဟုတ်ပါလား။ ရာသီအလိုက် ပွင့်နိုင်သည့် *ပန်းအမျိုးအစားကို ရွေးချယ်၍ စိုက်ပျိုးခဲ့တာမို့ တစ်ခါမှ ရှုံးသည်* ဟူ၍ မရှိခဲ့။ ရာသီဥတု ဆိုးရွားမှသာ သူ့အလုပ်က အန္တရာယ်ရှိနိုင်တာ မဟုတ်ပါလား။

"မေးတာဖြေလေ . . . အမြဲတမ်း ရေခဲတုံးကြီးလို အေးတဲ့ အေးစက်နဲ့ . . . ဒီတစ်သက် မိန်းမတော့ ရတော့မှာပဲ"

"မမပဲ ကြည့်ပြောလိုက်ဗျာ"

"ဟဲ့ . . . ပြီးစလွယ်မပြောနဲ့လေ၊ ကြိုက်ရင် ကြိုက်တယ် ပေါ့၊ ငြင်းစရာ ဘာများရှိလို့လဲ"

"မသိတော့ဘူးဗျာ"

"နင်ဟာလေ . . . တကယ်ပဲ 'မ' ဆိုရင် ဒီအစ်မတစ်ယောက် တည်းကိုပဲ တွေ့ဖူးတာမို့ မိန်းမလည်တွေနဲ့ တွေ့မှာစိုးလို့ ကိုကိုနဲ့ ဒါပါ နင့်အတွက် ခုထိ စိုးရိမ်နေရတာ သိရဲ့သားနဲ့"

"ကလေးမှမဟုတ်တော့တာဗျာ . . . မမတာလည်း"

"ကလေးမဟုတ်လို့ ပြောနေရတာပေါ့၊ ဒီလိုမှန်းသာသိရင် မေမေမဆုံးခင်ကတည်းက သဲစုနဲ့ ပေးစားလိုက်ပါတယ်"

ပြောတာတ်ပါပေ့ . . . မေမေ ဆုံးစဉ်ကဖြင့် သူ့အသက် (၁၆)





နှစ်ကျော်ကျော်၊ ဆယ်တန်းအောင်ပြီးကာစအရွယ်သာ ရှိတာ ပါ။ သူငယ်ချင်း 'သဲစု' နှင့် ရင်းနှီးခဲ့တာ မှန်ပေမယ့် ဘွဲ့ရသည်နှင့် 'သဲစု' တစ်ယောက် High Boss တစ်ယောက်နှင့် အကြောင်းဆက် ခေါင်းဖက်သွားတော့တာလေ။ ထိုစဉ်က အသည်းကွဲတာမျိုးလည်း မဟုတ်ပါဘဲ ရင်ထဲမှာ ဟာတာတာကြီးဖြစ်ကာ အရင်ထက် ပိုစကား နည်းပြီး အခန်းအောင်းခဲ့တာ တစ်ခွေမျိုးလုံး အသိပါ။

မိန်းကလေးဆို၍ ထိုငယ်သူငယ်ချင်းတစ်ဦးနှင့်သာ သူ ရင်းနှီးခဲ့ရတာပါ။ အစ်ကိုအစ်မတွေနှင့် အသက်ကွာလွန်းသည့်သူက ရင်ဖွင့်ဖော်အဖြစ် 'သဲစုဝေ' အပေါ်ကိုသာ ခင်တွယ်ခဲ့မှန်း အားလုံး သိထားကြတာမို့ လူကို အသည်းကွဲဝေဒနာသည်နှယ် ဂရုစိုက်ခဲ့ကြ သဖြင့် နေရခက်ခဲ့ရပါ၏။ 'သဲစု' အပေါ်မှာဖြင့် ရှိနိုတာ ကြောက်တာ မျိုး မရှိပါဘဲ အတော်ပွင့်လင်းမှု ရှိခဲ့တာပါ။ အထူးသဖြင့် သူ့ဝသီ၊ သူ့အကျင့်စရိုက်ကို 'သဲစု' လောက် သိသည့်လူ ဒီလောကမှာ ရှိမည် မထင်ပါချေ။

"လူ့ကို ဒု သ န သောဖြစ်အောင် ပြောနေပြန်ပါပြီ"

"အေးပေါ့ . . . ပျိုမှန်း၊ အိုမှန်းမသိဘဲ တွေ့ကရာ ကြိုက် ခိုင် ငါတို့ ရင်ကျိုးရမှာ၊ ဒီခေတ်မိန်းကလေးတွေက စိတ်ချရတာ မဟုတ်ဘူး၊ ငါတို့ (၁၆) နှစ်အရွယ်က ကျောင်းစာနဲ့ ခြံထဲက စာနဲ့ ပဲ သိခဲ့တာ၊ ဒီခေတ် (၁၆) နှစ်တွေက အနည်းဆုံး သုံးလေးယောက်



www.burmeseclassic.com

www.burmeseclassic.com



တွဲပူးပြီးနေပြီ။ အရွယ်ကြီးမှ ကလေးဆိုပြီး ပစ်ကျမိလို့ကတော့ ဟိုက နံပါတ်ကြီးရှိနေရင် (၃၇၆) နဲ့ အောင်းသွားပြီမှတ်!"

"ကျောချမ်းလိုက်တာဗျာ၊ မမ ပြောလိုက်ရင် ဇာတ်ထိုးအိုး ပေါက်ကြီး၊ ကလေးရှေ့မှာ နည်းနည်းပါးပါး ဆင်ခြင်ပြောမှပေါ့"

"ငါ့သားကြီးလာရင် အသက်အစိတ်လောက်နဲ့ မိန်းမရှာပြီး ပေးစားလိုက်မယ်၊ နင့်လို အရွယ်လွန်ကြီးအထိ မပူပေးနိုင်ဘူး"

"အသက်ကြီးလည်း ယူမယ့်မိန်းမရှိပါတယ်ဗျာ၊ (၇၀) ကျော် အဘိုးကြီးတွေတောင် စုံကြသေးတာပဲ"

"ကြည့်! ... အဲဒါတွေ မကြိုက်တာပေါ့၊ ပြောလိုက်ရင် ဘယ်တော့မဆို ပေါ့ပေါ့လေးပဲ၊ သဲစုဆို အခု ကလေးသုံးယောက် လောက် ရှိနေပြီ၊ နင့်မှာ ဘာသားထောက်သမီးခံ ရှိလို့လဲ၊ ဖျားနာ ရင် ငါချည်း ပြုစုပေးနေရတာ တော်လောက်ပြီ၊ ဆေးပေးမီးယူဆို တာကို ရှာပေးပြန်တော့လည်း ခေါင်းချည်းခါနေတော့ စိတ်ကုန်လှပြီ"

"တော်ပြီဗျာ ... ခြံထဲပဲ သွားနေတော့မယ်"

"မနေရပါဘူး၊ ခြံအလုပ်သမား အနုတ်စုတ်ကုတ်စုတ်ဟာ တွေနဲ့ ငြိနေဦးမယ်၊ စိတ်မချဘူး ... မသွားနဲ့"

"တွေ့လား ... လူကို လှောင်အိမ်ထဲက ငှက်လို့ မထင်နဲ့ လေ မမရာ၊ လူဗျလူ"

"အေးလေ ... လူဆို လူ့တာဝန်ကျေပွန်အောင် ထင်





ထောင်ရမှာပေါ့၊ ဒီတော့ မိန်းမယူ ... ဒါပဲ"

"မမမှ ရှာမကျွေးရတာ၊ လူကို ဒုက္ခတွင်းထဲ အတင်းမဆင်း ခိုင်းပါနဲ့"

"ဘာဒုက္ခလဲ၊ သုခဟဲ့ ... သုခ၊ လောကအကျိုး သယ်ပိုး ရမှ လူပီသမှာပေါ့၊ တကတည်းမှပဲ"

"ဗျာ! ... မမလေး ကျွန်တော့်ကို ခေါ်လား"

မမအသံ အတော်ကျယ်သွားသဖြင့် သူ့ကားကို ရေဆေးပေး နေသည့် 'သုခ' က အပြေးအလွှား ဝင်လာလေ၏။ ရေစိုနေပါသည့် ပုဆိုးတို့ကို အောက်နားစမှ တတောက်တောက်ကျနေပါသည့် ရေ ပေါက်တွေက ဧည့်ခန်းကော်ဇောထက် စိုကွက်လေတော့သည်။ 'နှင်းဆီ မ' တော့ ဒေါသမီးတောက်ပေါက်လေပြီ။ 'သုခ' ကတော့ ပြဿနာ ရှာတော့တာပါပဲလား။

"ဟဲ့ ... သုခ"

"ဗျာ"

"နင်တော့ သေတော့မယ်၊ ရေစိုပုဆိုးနဲ့ အိမ်ထဲဝင်ရသလား၊ ငါ့ဟာကြီး ကော်ဇောတွေ စိုကုန်ပြီ အကောင်ရဲ့၊ နင်တော့ အလုပ် ပြုတ်တော့မယ်"

"ဟာ ... ဟုတ်သားပဲ၊ အလုပ်မပြုတ်ပါနဲ့ မမလေးရယ်"

"သွား သွား! ... ခုချက်ချင်း သွားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်"

"အေးပါ ...မဖြုတ်ပါဘူး၊ မြန်မြန်သွားပါဟဲ့၊ အမယ်လေးနော် ...စိတ်နဲ့ ငါနဲ့တော့ ညစ်ပါရဲ့၊ ကိုယ့်ဘာသာ ကလေးတစ်ကောင်နဲ့ မနိုင်တာတောင်မှပဲ ...ငါနော်"

"အဲဒါတွေ မြင်နေရလို့ အိမ်ထောင်မပြုချင်တာပေါ့ မမရဲ့"

"အောင်မာ ...လောကနီယာမတရားကိုများ ငါ့ထက် ပိုသိနေသလိုပဲ၊ မပြောချင်ဘူး၊ 'ယောကျ်ားအလုပ်, မိန်းမအလုပ် ကိုယ်စီ အကုန်သိပ်ပြီ မောင်ရယ်၊ အဲဒါတွေကို အကုန်ကြောက်နေလို့တော့ လူမျိုးတွေက ကမ္ဘာပေါ်မှာ ဘယ်လိုများ ရှိတော့မှာလဲ"

"မဟုတ်လို့လား၊ အာဒံနဲ့ဧဝကြောင့် လူဦးရေ တိုးလာပြီး ကမ္ဘာကြီးလေးလံခဲ့တာပဲ"

"နင်ဟာလေ"

"ခြံကို ပစ်ထားလို့မရပါဘူး မမရယ်၊ စောင့်မကြည့်မိတာ ပိုးကျတာတွေ အပွင့်ညှက်တာတွေ ဖြစ်ကုန်မှာ၊ ဘယ်အပင်က ဘာဆေးဖျော်ပြီး လောင်းရမယ်ဆိုတာ အလုပ်သမားတွေက အကုန် မသိကြဘူး"

"အေး! ...အဲဒီပန်းတွေကျ ဂရုစိုက်ပြုစုဖို့ နားလည်တာ ကျွမ်းပဲ့၊ ချစ်မေတ္တာပန်းပင်ကျ မပြုစု မပျိုးထောင်ချင်ဘူး၊ ဒါကြောင့် နင် လူပျိုကြီးဖြစ်နေတာ ...သိရဲ့လား"





"တဆိတ်ရှိ ဒီဘူတာပဲ လာဆိုက်ချင်ပြန်ပြီ"

"သွားရင်လည်း တစ်ပတ်တစ်ခါ ပြန်လာခဲ့၊ တစ်နှစ်တစ်ခါ ပေါ်လို့လာဆိုတဲ့ မှိုပင်လို မလုပ်စမ်းနဲ့"

"ပြီးရောဗျာ"

"ပြောလိုက်ရင် ဒီတိုင်းချည်းပဲ၊ ပြီးရင်လုပ်ချင်ရာလုပ်တဲ့ မောင်၊ နင် ခေါင်းမာပုံနဲ့ မိန်းမဆိုးဆိုးနဲ့ ကြုံတော့မှာပဲ"

"ဆောက်ဖြစ်မှ ကျောင်းဒကာပါ မမရာ"

"ကြည့်!"

မမနှင့် စကားပြိုင်မပြောချင်တာမို့ သူက ဝယ်လာသည့် သစ်သီးအိတ်နှင့် Cake မုန့်တွေရဲ့အိတ်ကိုယူကာ နောက်ဖေးဘက်သို့ သွားခဲ့ပါ၏။ သိမ်းဆည်းစရာရှိသည်တို့ကို ရေခဲသေတ္တာထဲ ထည့်သိမ်းပြီးမှ အိမ်ပေါ်ထပ်သို့ သူ တက်ခဲ့ပါသည်။ မမတို့မိသားစုက အိမ်ပေါ်ကို တက်ဆင်းမလုပ်ချင်တာမို့ အငယ်ဖြစ်သည့် သူက အပေါ်ထပ်မှာ တစ်ယောက်တည်း နေရတာပါ။

'ကိုကိုအောင်' တစ်ယောက်သာ Toilet ထဲ လူရှိလျှင်ပဲ ဖြစ်ဖြစ် bathroom ထဲ လူဆုံနေလျှင်ဖြင့် အပေါ်ထပ်ကို တက်ပြီး အသုံးတတ်ပါ၏။ ဘုရားစင်ဝေယျာဝစ္စရှိလျှင် အပေါ်ထပ်သန့်ရှင်းရေး လုပ်ချင်လျှင်ဖြင့် မမက ကောင်မလေးနှစ်ယောက်နှင့်အတူ တက်လာပြီး လုပ်ပေးပါသည်။ မမ မပါဘဲနှင့် 'သင်းသင်း' ရော



www.burmeseclassic.com

'လင်းလင်း' ပါ သူ့အခန်းကို ဝင်မရှင်းပေးရဲပါ။ ဖိဖာကြောင်သည် သူ့ထက်မောင်ဖြစ်သူကို မတူမတန် မိန်းကလေးတွေနှင့် အိမ်ထောင် ကျသွားမှာကို စိုးရိမ်လွန်းပါသည့် ကုပ်ကုပ်စ မမကြောင့်ပါပဲ။

"ရေချိုးရင်လည်း ရေစိမ်ကျွဲလုပ်မနေနဲ့ဦး"

လှေကားမှ တက်သွားပါသည့် သူ့ကို မြင်လိုက်သည့် မမ လှမ်းအော်ပြီး သတိပေးပြန်ပါ၏။ အဲဒါပေါ့ . . . လူကို ခုချိန် ကလေးလေးလို 'ဂရုစိုက်ပေးနေတာလေ။ သူကလည်း သူ့ တစ်ရက်ကို ရေသုံးကြိမ်ခန့် ချိုးတတ်ပြီး ရေချိုးလျှင်လည်း အချိ ကြာတတ်ပါ၏။ မမ မအော်မချင်း ရေချိုးခန်းမှ မထွက်တာ အကျင့်ဖြစ်နေပြီး ဖျားရင်လည်း ညည်းတတ်ပြီး ဂျီကျောင်ကျတ လေသည်။

ထို့ကြောင့်လည်း အမေလို ပြုစုပေးရသည့် မမက ပူ ရတော့တာလေ။ ကိုကို့အိမ်တစ်လှည့်၊ မမဆီတစ်လှည့်နေဖို့ စီ ခဲ့ပေမယ့် မရီးနှင့် အနေနီးမှာကို သဘောမကျပါဆိုပြီး မမက သူ့ကို ခေါ်ထားခြင်း ဖြစ်ပါသည်။ မိဘအမွေတွေကို မောင်နှမသ ယောက် ခွဲဝေယူခဲ့ကြပေမယ့် ကိုကိုရော၊ မမပါ အငယ်ဖြစ်သ သူ့ကို ဝေစုပိုး၍ ပုံပေးခဲ့ကြတာပါ။

အခြားသော မောင်နှမတွေဆိုလျှင်ဖြင့် အမွေကိစ္စနှင့် တ တဘောင်ဆိုင်ရတာ လုကြတာတွေ ရှိတတ်ကြသော်ငြား သူတို့မော





နှမကဖြင့် ထိုသို့မဖြစ်ကြပါ။ ကိုကိုက ဖေဖေ့ကုမ္ပဏီကို ဆက်ဦးစီး ခဲ့သလို မမက Plaza ကြီးတစ်ခုမှာ ရတနာဆိုင်ဖွင့်လျက် စီးပွားရှာ ခဲ့ကြလေသည်။ အခု အသည်းတုံးကို ရလာမှသာ တစ်ပတ်လျှင် သုံးရက်လောက်သာ မျက်နှာသွားပြဖြစ်တာပင်။

အငယ်ဖြစ်သည့် သူကဖြင့် စီးပွားရေးကိစ္စကို စိတ်မဝင်စား ဘဲ ဝါသနာပါသည့် အလုပ်ကိုသာ ရွေးချယ်၍ လုပ်ခဲ့ပါ၏၊ ဘဏ်ထဲမှ ရထားပါသည့်ငွေက သူအများဆုံးပါ။ ရသမျှ လစဉ်အတိုးငွေ အတုန်လုံးကို မထုတ်ပါဘဲ ထပ်ထည့်ပြီး စုထားတာမို့ လျော့တာမျိုး မရှိခဲ့ပါချေ။ မမကလည်း သူ အိမ်ထောင်မကျမချင်း လုပ်ပိုတာဝန်ကို အဆုံးထိ ယူပေးမည်ဆို၍ ဘာကိုမှ သူပေး၍မရပါ။ အသည်းတုံးကို ဝယ်ပေးတာကိုတော့ လက်ခံပေးပါသည်။

သူ့ပင်ကို စရိုက်ကိုက အေးအေးလူလူဖြစ်သလို ရွှေငွေစိန် လို အဖိုးတန်ပစ္စည်းတွေကို မက်မောဝတ်ဆင်တတ်ခြင်းလည်း မရှိ သဖြင့် ခပ်ရိုးရိုးကြီးသာ ဝတ်စားတတ်လေ၏။ ကိုယ့်ကိုယ်ကိုယ် သူဌေးပုံစံမျိုး မရှိသဖြင့် လူမသိအောင် ရိုးရိုးကုပ်ကုပ်သာ နေတတ် သည့် 'အင်ကြွင်းမောင်' ပါပဲ။

မေမေက ပန်းအလွန်နှစ်သက်ခဲ့သဖြင့် သားသမီးတွေကို ပန်းနာမည်မျိုးပင် မရမက ပေးခဲ့တာပါ။ ထို့ကြောင့်ပင် အငယ်ဆုံး ဖြစ်သည့် သူက ပန်းနှစ်ခြိုက်ပြီး ပန်းစိုက်ဝါသနာထုံခဲ့တာ ဖြစ်ပေ

www.burmeseclassic.com



ညည်း မောင်နှမသုံးယောက်စလုံး နှုတ်လုံကြသဖြင့် သူ မည်၍မည်မျှ ပိုင်ဆိုင်မှုရှိသည်ဆိုတာကို အမျိုးတွေ ဘယ်သူမှ အတိအကျ မသိကြပါချေ။

အထူးသဖြင့် သူအိမ်ထောင်ပြုဖြစ်ပါက အမွေတွေ သုံးကုန်အောင် ဖြုန်းမည့်မိန်းမမျိုး မရစေရန် အထူးသတိထားပြီး မပတ်စီစဉ်ပေးနေတာပါ။ ကြင်ဖက် တွေ့ဖြစ်တာမှန်ပေမယ့် သူ့ကိုယ်သူ Gardener အဆင့်ဖြင့်သာ တွေ့ပြီး ပြောတတ်သဖြင့် အထင်မကြီးသည့် မိန်းမတွေကိုသာ တွေ့ခဲ့ရတာလေ။ မှန်ပါသည်။ 'အင်ကြင်းမောင်' ဆိုတာ ပန်းစိုက်သမား အစစ်အမှန်ပါပဲ။

❋ ❋ ❋



## အခန်း (၃)

ရေချိုးခန်းထဲမှ ရေသုတ်ရင်း ထွက်လာခဲ့ပါ၏။ ရေလဲပုဆိုးခံထားတိုဖြင့် ကိုယ်ပေါ်မှာ မျက်နှာသုတ်ပဝါအကြီးကို ခြုံလျက် မျက်နှာကို သုတ်ကာ အခန်းတံခါးကို သော့ဘုလှည့်ဖွင့်၍ ဝင်လိုက်သည်။ ဗီရိုရှေ့မှာ ရပ်နေသည့် လူရိပ်ကို ဖျတ်ခနဲတွေ့လိုက်ရသဖြင့် တွန့်သွားရလေ၏။

"အာ ... မမကလည်း ဘာမပြော ညာမပြောနဲ့ ရောက်နေလား"

"ခြံထဲသွားတော့မယ်ဆိုတော့ လိုအပ်တာ ပြင်ဆင်ပေးရအောင်လို့ပေါ့ မောင်ရယ်"

"ကျွန်တော့်ဘာသာ ပြင်ပါ့မယ် မမရာ၊ ကလေးမှတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးဗျ''

"ယောက်ျားလေးပြင်တာ မိန်းကလေးပြင်ဆင်ပေးတာ လောက် ဘယ်ပိုတိကျပါ့မလဲ မောင်၊ အတွင်းခံက သုံးထည်၊ သုံးဗူးထည့်ပေးလိုက်တယ်၊ စွပ်ကျယ်က (၁၀) ထည်၊ ဘောင်းဘီ က (၅) ထည်၊ T-shirt က (၅) ထည်၊ ရှပ်လက်ရှည်က ..."

"များလိုက်တာ မမရာ၊ နိုင်ငံခြားသွားတာ မဟုတ်ဘူး၊ သုံးလေးစုံကို ကျောပိုးအိတ်ထဲ ထိုးထည့်လိုက်ရင် Ok နေပြီ"

"သိတယ် ... သိတယ်၊ နင် ဒီအတိုင်းလုပ်မယ်ဆိုတာ ဘယ်တော့မဆို ပြီးစလွယ်နဲ့"

"လျှော်ဖွပ်ဝတ်လို့ရပါတယ် မမရဲ့"

"အလုပ်သမားတွေနဲ့ အတူရောလုပ်မှာမဟုတ်လား ဘယ် မှာ အားပါ့မလဲ၊ ဟိုကကောင်မလေးတွေ လျှော်ပေးမယ်ဆိုပြီး အကြည့်ချင်းဆုံ အပြုံးချင်း ဖလှယ်ပြီး ခတ်လမ်းတွေ မထွင်ချင်နဲ့ ငါက ကြိုမြင်ပြီးသား"

"ကျွန်တော့်ကို အလုပ်ရှင်မှန်း လေးစားကြတာပါဗျာ"

"အေးပေါ့ ... ပါးစပ်က ဆရာ့ဆရာနဲ့ ရော့အင်္ကျီ ပြီး ပုံပေးနေရင် ခက်မယ် မောင်၊ ငါ့စကားကို သေချာနားထောင် ပြောမရရင် ငါ ကိုကို့ကို တိုင်မှာနော်"

သူ မျက်နှာရှုံ့လိုက်မိပါ၏။ စကားမအောင်လျှင် ကိုကို့





ချွန်းလုပ်တတ်တာ မမအကျင့်ပါ။ ကိုကိုနှင့်က အသက် (၁၀) နှစ်ကျော် ကွာတာမို့ အဖေနယ် ရှိသေလေးစားရပါ၏။ 'ဟိုကောင်' ဆိုသည်နှင့် 'အင်ကြွင်းမောင်' တို့ တုတ်တုတ်မျှ မလှုပ်ရဲအောင် ခဲ့ရတာပါ။ မမနှင့်က အထက်အောက်မို့ သိပ်ကြီး မကြောက်ရတာ မှန်ပါပဲ။

"တစ်ပတ်တစ်ခါ ပြန်လို့မဖြစ်လို့ပါ မမရယ်၊ အလုပ်သွား လုပ်တာပါ၊ အပျော်သွားတာမှ မဟုတ်တာ"

"ပြီးစလွယ် ဖြစ်သလိုနေနေမှာစိုးလို့ ကြိုပြောနေရတာပေါ့၊ ခင်းသိမ်းတုန်းကလည်း အစမို့ ပန်းပွင့်ပြန်တော့လည်း ပွင့်ချိန်မို့လို့ ကို ခြေဦးတောင် ပြန်မလှည့်ချင်ဘူး၊ ဒါကြောင့် ကိုကိုက နင့်ကို ကြည့်ထိန်းလို့ ပြောနေတာ"

"ကျွန်တော် အေးအေးဆေးဆေးပဲ နေတာပါဗျာ"

"အဲဒါကြောင့်ကို စိတ်မချတာ၊ မိန်းမတွေနဲ့ အတွေ့အကြုံ လည်း မရှိဖူးလို့ မမြင်ဖူး မှုးဖြစ်ထင်ပြီး ပစ်ကျသွားမှာ နင့်ကို အစိုး ရိမ်ဆုံးပဲ ... သိရဲ့လား"

"ဒါဆိုလည်း တစ်သက်လုံး လူပျိုကြီးလုပ်တော့မယ်ဗျာ"

"ဘယ်ဖြစ်မှာလဲ၊ ငါတို့က ရှေ့က စိတ်ဖြောင့်ဖြောင့်နဲ့ ယ်အသေဖြောင့်ပါ့မလဲ မောင်ရဲ့၊ ဟိုမှာ နားနားနေနေလေး ယ်လုပ်ရင်း ခေါင်းထဲမှာလည်း စဉ်းစားထားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုစဉ်းစားရမှာလဲ"

"နှင်းကိုလေ . . . နှင်းကို၊ နှင်းသိပ်ကြိုက်တဲ့ ဆောင်းရာသီရဲ့နှင်းပွင့်လေးကို စဉ်းစားခိုင်းနေတာ"

ကျစ်! . . . အရောက်ကို ပို့နေတော့တာပါပဲလား။ သူမနှင်းဖြင့် နာရီဝက်နီးပါး အချိန်ရထားတာလေးသာ စကားပြောခဲ့ရတာလေ။ သူမ၏အတွင်းစိတ်က ဖြူသလား၊ မဲသလားပင် သေချာမသိရသေးပါဘဲ Ok! Alright! . . . ဆိုပြီး လက်ခံလိုက်ရမှာလား။ အသက်အရွယ်အရ ဦးနှောက်ကို ဦးစားပေးရမှာ မှန်ပေမယ့် နှလုံးသားကလည်း သနားညှာတာရသေးတာလေ။

"မမရဲ့နှင်းက ကျွန်တော့်ကို သဘောကျဦးမှကိုး"

"သြော် . . . တစ်ကြိမ်တည်းတွေ့ရုံနဲ့ စွယ်တော်ရွက်လေးဖြစ်မလား မောင်ရဲ့၊ ကိုယ်က ယောက်ျားလေးမို့ စပြီး စိတ်ဝင်စားပြရမှာလေ"

"ဘယ်လိုပြရမှာလဲ"

"ငါ! တယ် . . . မပြောလိုက်ချင်ဘူး။ ရှိသမျှ အကုန်သပေးရမှာလား။ အဲဒါကြောင့် နှင်း လူပျိုကြီးဖြစ်နေတာပဲ! "

"နောက်ဆုံးတော့ ဒီဘူတာပဲစိုက်မှာ မဟုတ်လား။ သိသာပဲ သွားပါတော့ မမရေး ကျွန်တော်တာသာ စီထည့်လိုက်ပါမယ်"

"ငါထည့်ပေးပါ့မယ်ဆိုနေမှ"





"ထားခဲ့ပါဗျား သွားသွား . . . တော်ကြာ မမသား လိုက်ရှာနေဦးမယ်"

မမက ပွစိပွစိပြောရင်း သူတွန်းလွှတ်နေတာမို့ အခန်းပြင်သို့ ရောက်သွားလေတော့၏။ မမကို စနောက်မိတိုင်း သူ ပြုံးမိရတာပါ။ အသက် (၃၅) နှစ်အရွယ် မောင်ကို အခုအချိန်ထိ စိတ်မချတတ်တဲ့ အစ်မပါပဲ။ မမ မရှိတော့မှ သူ အဝတ်အစားမြန်မြန်ဝတ်လိုက်ရပါသည်။

ခုတင်ထက် ဖွင့်၍ တင်ထားပါသည့် ခရီးဆောင်သေတ္တာထဲမှ စီထည့်ထားသော အဝတ်တွေကို သူ အကုန်ပြန်ထုတ်လိုက်ပြီး သေတ္တာကို ပြန်ပိတ်ကာ ဗီရိုထက် ပြန်တင်ထားလိုက်၏။ ဗီရိုတံခါးကိုဖွင့်ကာ အောက်ဆုံးအကန့်ကျယ်မှာ ရှိနေပါသည့် ကျောပိုးအိတ်နှင့် လက်ဆွဲအိတ်အလတ်စားကို ယူလိုက်ပါသည်။ စောစောက မမထားပေးထားသည့် အထပ်တွေမှ ထက်ဝက်ကိုလျှော့ကာ အိတ်ထဲနှင့် ကျောပိုးအိတ်ထဲသို့ မျှထည့်လိုက်ပါ၏။

မျက်နှာသုတ်ပဝါ အလတ်နှစ်ထည်နှင့် ချွေးသုတ်ပဝါသုံးခုကို အပေါ်ဆုံးမှ ထပ်တင်ကာ Zip ဝိတ်လိုက်ပါသည်။ Phone နှင့်အားသွင်းကြိုးအပါအဝင် ဟိုတစ်လောက ဝယ်ထားပြီး မဖတ်ရသေးပါသည့် စာအုပ်ထူ (၁၀) အုပ်ကိုပါ မမေ့မလျော့ ထည့်လိုက်ပြီးမှ ပြီးစီးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ပိုးသတ်ဆေးတို့ မြေဩဇာတို့ အပင်အားဆေး အပွင့်အားဆေး စသည်တို့ လိုအပ်သမျှ ဝယ်ရမှာမို့ ပိုက်ဆံကို လုံလုံလောက်လောက် ထည့်လိုက်ပါသည်။ နေရာတကာ အစ်မဖြ သူက အောက်ခြေကအစအဆုံး လုပ်ပေးနေတာမို့ ကိုယ့်အားကိုယ် ကိုးဖို့ 'အင်ကြင်းမောင်' က မေ့လျော့နေခဲ့တာပါ။

မှန်ထဲ တစ်ချက်ကြည့်ပြီးမှ လိုအပ်သည့် မျက်နှာသစ်ဆေး Shower gel ဗူး၊ ဘီးစသည်တို့ကို ကျောပိုးအိတ်ထဲ ထည့်သယ်လိုက် ပါသည်။ ဆံပင်ကို ခပ်တိုတိုညှပ်ထားသဖြင့် ဘီးဖြင့် သိပ်ဖြီးစရာ မလိုပါဘဲ လက်ဖြင့် သပ်လိုက်ရုံသာ။ စားပွဲထက်ရှိ လက်ပတ်နာရီ ယူ၍ ပတ်လိုက်ပြီး ကျောပိုးအိတ်ကို လွယ်၊ ဆွဲအိတ်ကို လက်မှ ၍ အခန်းထဲမှ သူ ထွက်လိုက်ပါသည်။

လှေကားမှ ဆင်းခဲ့စဉ် ဧည့်ခန်းမှာ 'သင်းသင်း' ထမင်း ကျွေးနေတာကို စားနေပါသည့် အသည်းတုံးက သူ့ကို လှမ်းမြင်သွား လေတော့၏။ သေတော့မှာပဲ။ ဒီချာတိတ်က အပြင်ထွက်သည့်လူ မြင်သည်နှင့် လိုက်ချင်ပြီး ဂျီတိုက်တတ်တာ မဟုတ်လား။

"လေးလေး!"

"အေး!"

"လိုက်မယ် … လိုက်မယ်"

"ဟာ! ဒီကောင်တော့ … ငါ အလုပ်သွားမှာကွ၊ ခြံထဲ





မင်းစားချင်တာ ဘာမှမရှိဘူး။ ပန်းပင်နဲ့ဘီကောင်တွေပဲ ရှိတာ၊ စား မှာလား"

"ဘီးဟီးဟီး … လိုက်မယ်!"

"ပြဿနာပဲကွာ"

"ဘာဖြစ်ကြပြန်ပြီလဲ"

"ဒီမှာလေ … အန်တီ့သားက လေးလေးကို မြင်သွားတာနဲ့ ရှိကျနေပြီ"

"အဲဒီ မောင်ကလေ … ပြဿနာကို တော်တော် မီးခွက် ထွန်းပြီး ရှာတယ်၊ နည်းနည်းပါးပါးကလေး အရိပ်အခြည်စောင့်ကြည့် ပါလား၊ ကိုယ့်တူအကြောင်းသိရဲ့သားနဲ့ … တကယ်ပါပဲ"

"အဲဒါ သင်းသင်းကို အပြစ်ပြောလေ၊ သူ ဧည့်ခန်းမှာ ကလေးထမင်းခွံ့လို့ မြင်သွားတာ"

"ကြည့်! … ကလေးကို ခဏလောက် ချီပေးလိုက်၊ လေးလေး ဘယ်မှမသွားဘူး သားသားရဲ့၊ အပြင်သွားရင် မေမေက အုတ်တုတ်ကြီးကြီးနဲ့ လေးလေးကို ရိုက်မယ်နော်၊ တိတ်တိတ် … သားသားရယ်"

"ကလေးကို လိမ်ညာနည်းတွေ သင်ပေးနေပြန်ပါပြီ"

မမလက်က သူ့လက်မောင်းကို ဖတ်ခနဲ ရောက်လာလေ တော့၏။ အိတ်နှစ်လုံးစလုံးကို ကြမ်းထက်ချကာ အသည်းတုံးကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ချိုလိုက်ရတော့သည်။ နည်းနည်းငိုလိုက်သည်နှင့် မျက်ရည်က
လွယ်ပဲ။ အိတ်ကပ်ထဲမှ ယောကျ်ားကိုင်ပဝါကိုယူ၍ ကလေးမျက်နှာ
ကို သုတ်ပေးလိုက်ရလေ၏။ စိတ်ကျေနပ်စေရန် ဟိုဟိုဒီဒီ ခဏ
လျှောက်၍ ချိုလိုက်ရပါသည်။

အမယ်လေးနော် . . . တူဖြစ်သူကို ခဏလေး ချိုးထိန်းပေ
ရတာတောင် ဤမျှ သူ စိတ်ရှုပ်ရပါလျှင် သူ့သားသမီးဆို မည်သို့
စိတ်ညစ်ရပါမည်နည်း။ ဘုရားရေ! . . . ဤမျှ ကြိုတွေးပူတတ်သ
လည်း အစွန်းရောက်သည့် လူပျိုကြီးဟု သူ အပြောခံရတာပ
အတော် စိတ်ပျက်ရပါလားနော်။

"မောင် ထမင်းမစားရသေးရင် စားခိုင်းတော့လေ"

"ဟုတ်သားပဲ . . . သားသားက မမသင်းသင်းနဲ့ မံမံစား
နော်၊ လေးလေး ဗိုက်ဆာနေရောပေါ့၊ သားက လိမ္မာလိုက်တာ"

'ကိုကိုအောင်' က အောက်ထပ်အိပ်ခန်းမှ ထွက်လာ
ပြောလိုက်လေ၏။ Breakfast ဝိုင်းမှာ ကော်ဖီတွေ, မုန့်တွေ ပြင်ဆ
ထားပေမယ့် မမက ခရီးထွက်မည့်သူကိုတော့ ထမင်းပူပူ ပြင်ဆ
ကျွေးပါသည်။ သူက အလုပ်လောဘကြီးတတ်ပြီး အာရုံတစ်
စူးစိုက်မိပါက ထမင်းမေ့ ဟင်းမေ့ဖြစ်တတ်ကျင့် ရှိလေ၏။

"မပြန်လာဖြစ်လည်း phone ဆက်ဦး"

"ဟုတ်ကဲ့ အစ်ကို"





"ဖျားနာရင် သောက်ဖို့ဆေးတွေ ထည့်ပေးလိုက်ဦး, နှင်းဆီ"

"အို! . . . ဖျားရင် အိမ်ပြန်လာရမှာပေါ့"

"ဖျားပါတယ်ဆိုမှ ကားမောင်းနိုင်ပါ့မလား။ စဉ်းစားဦး
မိန်းမရဲ့"

"ဒါဆိုလည်း phone ဆက်ခေါ်လေ၊ တော်ကြာ ဟိုမှာ
ပြုစုပေးတဲ့သူနဲ့ တွေ့နေဦးမယ်"

"ကျစ်! . . . မောင်က အသက် (၃၅) နှစ် ရှိနေပါပြီ မိန်းမရာ၊
ဒီလောက်တော့ သူ ရှောင်တတ်, တိမ်းတတ်ပါတယ်"

"မိန်းမရှင့်! မိန်းမ . . . မာယာ သည်းကိုဖြာဆိုတာ မကြား
ဖူးဘူးလား၊ ဟိုက ကြာပစ်လိုက်ရုံနဲ့ ပါမသွားစေနဲ့၊ လူကိုရော
ရင်ဘတ်ထဲက နှလုံးသားကိုပါ ပြောနေတာ၊ ကြားရဲ့လား"

"အဲဒါပဲ . . . မင်းအစား ကြားထဲက ငါပါ အသက်ရှုကျပ်
တယ် မောင်ရာ၊ စိတ်ကျဉ်းကျပ်လိုက်တာ"

"ရှင်နော် . . . ကျွန်မနဲ့မောင့်ကို သွေးခွဲဖို့ မကြံစည်လေနဲ့"

"မဟုတ်ရပါဘူးဗျာ၊ မင်း ဒီလို အမြဲတမ်း မျက်စိဒေါက်
ထောက်ကြည့်နေလို့ မောင်က ခြံထဲမှာပဲ နေဖို့ လစ်ပြေးတာ၊ နည်း
နည်းပါးပါး လူကြီးလို မြင်တတ်စမ်းပါ"

"ဟုတ်လား မောင်"

"အလုပ်ကြောင့်ပါ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



မမမျက်စောင်းက 'ကိုကိုအောင့်' ထံ ရောက်သွားလေ၏။ ကိုယ့်အစ်မအကြောင်း သူ အသိဆုံးပင် မဟုတ်လား။ အစ်မလိုထော် အမေနှယ် သူ့အပေါ် ဂရုစိုက်လွန်းတာပါလေ။ သူ့အိမ်ထောင်ရေး ကိစ္စကိုက အစ စီမံပေးနေတာကိုတော့ သူ ငြင်းဆန်လို့မရတာပါ။ မဟုတ်မဟာ် မိန်းမလည်မျိုးနဲ့ ဖူးစာဆုံမှာကိုဖြင့် ကိုကိုရော၊ မမ အစိုးရိမ်ဆုံး မဟုတ်လား။ တစ်ခါတစ်ခါ သူ့ကိုယ်သူ အငယ်ဆုံးဖြ ရတာကိုပင် ကံမကောင်းဟု ထင်မိလေ၏။

"ကားထဲမှာ လင်းလင်းပစ္စည်းတွေ သွားထည့်ပြီးပြီနော် သရက်သီးသနပ်, ငပိကြော်, ငံပြာရည်ကြော်, ငါးခြောက်ကြော် ပုစွန်ခြောက်ထောင်းကြော် အပြည့်အစုံပဲ။ ဟိုမှာလည်း ဟင်းချက် စားဦး။ ဒါတွေချည်းနဲ့ပဲ ဖြစ်သလို မစားနဲ့"

"အင်းပါ"

"ပြောလိုက်ရင် ငြင်းတာ တစ်ခါမှမရှိဘူး။ နောက်ကွယ် လုပ်ချင်ရာ လုပ်တတ်တာ ငါ မသိဘူး မထင်လေနဲ့"

"နှင်းဆီကလည်းကွာ"

"ကျွန်မမောင်ကို ကျွန်မ ပြောနေတာရှင့်၊ ရှင် ဝင်မပါနဲ့"

"သင်တန်းသွားတာမှ မဟုတ်တာ မမရဲ့"

"ဆိုင်ရောင်းတန်းတွေက ဖြစ်သလို လုပ်ရောင်းတာ အရ မရှိဘူး၊ အစ်မက အပင်ပန်းခံချက်ပြီး ထည့်ပေးလိုက်တာ၊ အဲ့ဒါ





ထဲမှာ စေတနာ၊ မေတ္တာတွေ အပြည့်အလျှံပါတာ မမှေ့လေနဲ့ ဘာပဲ စားစား သူများဆေးဝါးလုပ်လို့မရအောင် သရဏဂုံတင်ပြီးမှစား၊ ညအိပ်ကာနီး ဘုရားရှိခိုးပြီးအိပ် ... ကြားလား"

"ဟုတ်ကဲ့"

"လေအောင့်တတ်လို့ ဆေးပါထည့်ပေးထားတယ်၊ အစာကို အချိန်မှန်အောင် စား၊ ဖြစ်သလိုမနေနဲ့၊ ရေစိုဝတ်ကြီးနဲ့လည်း မကြာ စေနဲ့ နေပူထဲမလုပ်နဲ့၊ ရေချိုးရင် (၁၅) မိနစ်ထက် မပိုစေနဲ့၊ တစ်ခုခု ဖြစ်ရင် phone ဆက်ဖို့ မမေ့နဲ့၊ တောပေပြီး ကျိတ်မှိတ်ငြိမ်မနေနဲ့နော်၊ မောင်၊ ငါတို့မှာ နင်တစ်ယောက်တည်းပဲ ရှိတာ"

"ဟုတ်ကဲ့ပါ မမရဲ့"

စေတနာအရင်းခံပြောနေမှန်း သူ သိနေပါ၏။ ညအိပ်ညနေ ခွဲရတိုင်း မမ အခုလို မျက်ရည်ဝဲရတာက အမြဲတမ်းပါ။ သူ့အပြင် မရှိဘူးဆိုတော့ ဘေးမှာရှိနေပါသည့် ခင်ပွန်းက ငုတ်တုတ်ကြီး ဖြစ်နေသလို မွေးထားပါသည့် သားကို ဘယ်နားသွားထားတာပါလိမ့်။ ခင်တစ်ယောက်နှယ် ဆုံးမစကားပြောမှန်း သိနေသဖြင့် 'ကိုကို အောင်' လည်း ဝင်မပြောတော့ဘဲ နှုတ်ဆိတ်နေလေတော့၏။ ကျေး ဇူးပါ မမရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကားကို မှော်ဘီခြံထဲသို့ မောင်းဝင်ခဲ့ပါ၏။ လမ်းဝါလေး
အတိုင်း ဝင်ခဲ့သဖြင့် ကားပြတင်းပေါက်မှန်ချထားတာမို့ ပန်းရနံ့တို့
သူ့ကားထဲဝင်လာတော့တာပါ။ ဘယ်လောက်များ ရင်အေးရပါသလဲ
ဒီမှာ သူနေတိုင်း ကျန်းမာရေးအတော်ကောင်းခဲ့တာလေ။ ဒါကိုတော
မှ မမက စိတ်မချဘူးတဲ့။

"တီ! ... တီ!"

ကားဟွန်းသံပေးလိုက်စဉ် ခြံအလုပ်သမားတွေ အပြေ
အလွှားရောက်လာကြလေ၏။ မာနမကြီး, သိပ်မဖော်ရွေသည့် အလု
ရှင်ကိုများ သံယောဇဉ်ရှိကြသည့် အလုပ်သမားတွေပါ။ ဦးလေးမြ
သမီးလေးဖြစ်သူ 'မိဖြူ' က အသက် (၁၄) နှစ်အရွယ် ပြီးကော





ပေါက်ဖြစ်လာသလို ပါးထက်မှာ ပါးကွက်ကြားလေးဖြင့် ဖွေးဖွေးစွင့်စွင့်
လှနေတော့တာပါလေ။

သတိထား 'အင်ကြင်းမောင်' ရေ။ အစ်မဖြစ်သူ သေချာ
မှာလိုက်တာကိုတော်မှ မျက်စိရှေ့ အရွယ်ရောက်လာပါသည့် ကလေး
မလေးကို မြင်မိရတယ်လို့။ ကားပေါ်မှ သူ ဆင်းလိုက်စဉ် ကလေး
များ ကားနောက်ခန်းထဲမှ ပစ္စည်းတွေ ကူသယ်ပေးရန် ပြင်လေတော့
၏။

"နေနေ ... ဘာမှမလုပ်နဲ့ ငါ့ဘာသာ ငါလုပ်နိုင်တယ်"

"အဘက ကူပေးပါတဲ့ ဦးရဲ့"

"မကူနဲ့ ဒါ ယောက်ျားအလုပ်တွေ၊ ဘာမှမသယ်ပေးနဲ့"

"မိဖြူ အိပ်ရာရှင်းပေးထားပါတယ်, ဦး။ နိုင်းစရာရှိရင် ခေါ်
လိုက်ပါ"

"အေးအေး"

စကားကို ခပ်ပြတ်ပြတ်ပြောကာ သစ်သားအိမ်လေးပေါ် သူ
တက်ခဲ့ပါ၏။ တဲသာသာခန့် အကြမ်းသာဆောက်ခဲ့သဖြင့် Hall
ခန်းအတိုင်းပါပဲ။ ခုတင်မရှိ၊ အိပ်ခန်းမရှိဘဲ ဖျာချောတစ်ချပ်သာ လိပ်၍
ထောင်ထားလေသည်။ အခန်းထောင့်တစ်နေရာမှ သူ ယူလာ သည့်
ပစ္စည်းတွေကို ချထားလိုက်ပါ၏။ 'ဦးလေးမြ' နှင့် 'မောင်မှ' က
စေတနာသည့်ပေးလိုက်သည့် ခြင်းတောင်းကြီးနှစ်တောင်းကို သယ်



www.burmeseclassic.com

www.burmeseclassic.com



လာပေးလေသည်။ ဒီလောက်တားနေသည့်ကြားက အများကြီး ထည့်ပေးလိုက်တာပါပဲလား။

အရေးလိုလျှင် သုံးလို့ရစေရန် ရေခဲသေတ္တာအသေးစားလေးကိုတော့ တားထားပါ၏။ ဒီက အလုပ်သမားတွေက သူ့ပစ္စည်းတွေကို ဘာမှယူမသုံးတတ်သဖြင့် အထဲမှာ ရေသန့်ဗူးတို့က ဒီအတိုင်းဆက်ရှိနေမှာပါ။ ခြင်းတောင်းတစ်ခုထဲမှ အချိုရည်ဗူးတွေနှင့် ပုလင်းတို့ကို ထုတ်၍ ရေခဲသေတ္တာထဲ စီထည့်လိုက်ပါ၏။ အကြော်အလှော်တွေ ထည့်ထားပါသည့် တောင်းကိုတော့ နံရံဘေးမှာပင် ချထားလိုက်ပါသည်။

"ဆရာလေး ထမင်းစားတော့မလား"

"မဆာသေးပါဘူး ဦးလေးမြ ... ထမင်းချက်ထားလို့လား"

"ဟုတ်ကဲ့ ... ရောက်လာရင် ဆာနေမှာစိုးလို့ ငပိထောင်းနဲ့ သီးစုံချဉ်ရည်ဟင်းလေး ချက်ထားပါတယ်၊ စားကာနီး ကြက်ဥကြော်ပေးပါ့မယ်"

အဲဒါပါပဲ။ သူ့အလုပ်သမားတွေက သူ့ကို ဂရုတစိုက်ဖြင့် ပစ်မထားကြပါလေ။ ဒါကို စိုးရိမ်သတဲ့လား။ အဘယ်မျှ စေတနာဖြူစင်လွန်းပါသည့် အလုပ်သမားတွေပါပဲ။ ကားမောင်းရ ပင်ပန်းလွန်းသဖြင့် ကြမ်းတိုက်ထားပါသည့် ပျဉ်ခင်းထက် ဖျာခင်းကာ ခဏလှဲလျက် အနားယူလိုက်မိပါသည်။





"ကျွန်တော် တစ်ရေးလောက် မှေးဦးမယ် ဦးလေးမြ၊ ပြီးမှ စိုက်ခင်းထဲ ဆင်းခဲ့မယ်"

"ဟုတ်ကဲ့ ဆရာလေး"

'မောင်ပု' နှင့် 'ဦးလေးမြ' က သူ့အိမ်လေးပေါ်မှ ဆင်းသွားလေတော့၏။ အလုပ်သမားတွေကို ဆန်အိတ်တို့ ဆီတို့က အစအစဉ် သူဝယ်ပို့ပေးနေကျပါ။ ဆန်ကြမ်းထမင်းကို သူ မျိုမကျမှာစိုးပြီး ဆန်ချောထမင်းကို သီးသန့်ချက်ပေးရှာလေ၏။ များသောအားဖြင့် ဟင်းသီးဟင်းရွက်သာ စားလေ့ရှိကြပြီး အသားငါးကို တစ်ပတ်တစ်ကြိမ်သာ ချက်စားကြတာပါ။ ထို့ကြောင့်လည်း သူက အာဟာရမျှတပြီး ဒီမှာ နေရတိုင်း ကိုယ်ခန္ဓာပြည့်လာတတ်လေသည်။

မှေးခနဲ အိပ်ပျော်သွားရလေ၏။ နားထဲမှာ တရှပ်ရှပ်ခြေသံတွေ ကြားနေရသလို နှာခေါင်းဝမှာ ရလိုက်သည်က သနပ်ခါးရနံ့ပါ။ အလို ... သူ့အနီးကိုများ မိန်းကလေးတစ်ယောက်ယောက်များ ရောက်လာလေသလား။ 'ဦးလေးမြ' ၏ ဇနီးဖြစ်သူ 'ဒေါ်စိန်' က သူ မခေါ်ပါဘဲ ဒီကိုရောက်လာလေ့ မရှိတဲ့သူပါ။ ဒါဖြင့် ဘယ်သူများ ရောက်လာသလဲဟု မျက်လုံးကို ဖွင့်ကြည့်လိုက်မိပါ၏။

"ဟင်! ... ကျစ်!"

"ဦး"

"ဘာလာလုပ်တာလဲ၊ ငါ မခေါ်ဘဲနဲ့ ဒီအိမ်ကို တာရာ



www.burmeseclassic.com

မလိုဘူး၊ မိဖြူ ... ကြားလား"

"ရှင်!"

"ပြောလေ ... ကြားလားလို့"

"ဟို ... ဟို ... အမေက ရေနွေးဗန်းပို့ခိုင်းပြီး ဦး…
မေးခိုင်းလိုက်လို့ပါ၊ ငါးခြောက်ကြော်ပေးရမလားတဲ့၊ ငါးရံ့ခြောက်တော…
မဟုတ်ဘူးလို့ သေချာပြောလိုက်တာပါ"

"နေပါစေ ... ရတယ်လို့၊ နောက်ကို ဒီအိမ်ပေါ် အခု…
တက်မလာနဲ့၊ ငါ မကြိုက်ဘူး"

"ဟုတ်! ... ဟုတ်ကဲ့"

ကောင်မလေးက ရေနွေးလင်ဗန်းကို သူ ဗျာနားမှာ ချ…
လိုက် မျက်ရည်ဝဲလျက် အိမ်ပေါ်မှ ဆင်းသွားလေတော့၏။ ပညာ…
မတောက်တစ်ခေါက်သာ သင်ရပြီး အရွယ်ရောက်လာသည့် အ…
ပေါက်ကလေးကို အန္တရာယ်ဖြစ်မှာ မကြောက်ဘဲ လွှတ်ထား…
သလော။ အလုပ်ရှင်ဖြစ်သည့် သူ့ကို ယုံကြည်လို့လည်း ဖြစ်နိုင်ပါသည်…

စိတ်ရှုပ်ရပါလားနော်။ ဒီပုံစံမျိုးနဲ့ သူက ဘယ်လိုများ နေ…
ပါ့မလဲ။ အိပ်လို့လည်း မရပါလား။ ဗျာပေါ်မှထကာ ပြတင်းပေါက်…
အပြင်ကို လှမ်းကြည့်လိုက်ပါ၏။ အလုပ်သမားတွေက ပေါက်တူးတွေ…
ဂေါ်ပြားတွေနှင့် ခပ်မှဲ့ဝေးဝေးမှ အလုပ်များနေလေသည်။ သူရောက်…
လုပ်ပြတာ မဟုတ်ပါ။ ချွေးတွေရွှဲပြီး သူ့ကားကို မြင်ပြီး လာ…





…သာ မဟုတ်ပါလား။ မဖြစ်ပါဘူး။ နားခိုင်းရတော့မှာပါလေ။

အိမ်ပေါ်မှ ဆင်းပြီး အလုပ်သမားတွေရှိသည့်နေရာဆီ လမ်း…
…လျှောက်လိုက်ပါ၏။ ကွမ်းဝါးသူက ဝါး၊ ဆေးပေါ့လိပ်သောက်ရင်
…သုံ်နေသူက လုပ်နှင့်မို့ သူလာနေတာကို ဘယ်သူမှ သတိမထားမိ
…ကြပါ။ နေပူနေတာကို နားခိုင်းရတော့မှာပါ။

"ဦးလေးမြ"

"ဟော! ... ဗြော် ... ဆရာလေး"

"နေအရမ်းပူနေပြီလေ ... ကောင်လေးတွေကို နားခိုင်းပါ…
…သော့"

"ဒီတစ်မြောင်းဆို ပြီးပါပြီ ဆရာလေးရဲ့"

"အဲဒါ နောက်မှလုပ်လည်း ဖြစ်ပါတယ်ဗျာ၊ အပူရှပ်ပြီး
…မှ ဒုက္ခဖြစ်နေဦးမယ်၊ နေ့လယ်စာ စားကြစို့"

"ဆရာလေး ... ဆရာလေး ဆာနေရင် မစိန်ကို ထမင်းပွဲ
…ခိုင်းလိုက်ပါ့မယ်၊ အိမ်ကပဲ စောင့်ပါ"

"မဟုတ်တာ၊ အတူတူစားကြတာပေါ့"

"ဘယ်ဖြစ်ပါ့မလဲ ဆရာလေးရယ်၊ ကျွန်တော်တို့က ချွေးနံ့
…နံ့နေလို့ပါဗျ"

"အင်းလေ ... ထမင်းပို့ခိုင်းရင်လည်း ဦးလေးမြသမီး…
…ခိုင်းပါနဲ့၊ မောင်ပုကိုပဲ ခိုင်းလိုက်ပါ"

www.burmeseclassic.com



"ဗျာ! ... ဘာဖြစ်လို့လဲ"

"ကျွန်တော်ပြောသလိုသာ လုပ်ပေးဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

လူရိုးလူအေးကြီးမို့ သူပြောနေတာကို နားမလည်ပါ။ အရွယ်ရောက်နေသည့် သမီးပျိုလေးကို သင့်မသင့်တွေးဆပြီး လူလွှတ်ခိုင်းရတာ မဟုတ်လား။ ဒုက္ခပါပဲ။ မမ သတိပေးလိုက်မှပဲ သူ့မှာ အစစ သတိထားနေရတော့တာပါလေ။ မှာပြီးသည်နှင့် အိမ်ဘက်သို့ ပြန်လျှောက်လိုက်ရပါ၏။ နွေဘက်မို့ ရေစုပ်စက်ဖြင့် ရေတင်ကာ မန်းပင်တွေကို ရေဖြန်းရတာမို့ အလုပ်သမားတွေ အရမ်းပင်ပန်းကြတာပါလေ။

အိမ်ပေါ်သို့တက်လိုက်စဉ် စောစောက ရေနွေးပန်းက သစ်သားစားပွဲဝိုင်းလေးထက် ရှိနေလေပြီ။ ဟိုကလေးမတော့ မလာနဲ့ဆိုတာကို သူ့စကား နားမဝင်ပါလား။ အင်းပေါ့လေ ... လက်တိုလက်တောင်းခိုင်းတဲ့အရွယ်မို့ ခိုင်းတာပဲ ဖြစ်မည်ထင်ပါ၏။

"အစ်ကိုလေး"

"အေး ... လာလေ"

နီတောင်းလေး ပန်းထက်ထမ်းကာ မောင်ပုရောက်လာလေသည်။ တောင်းထဲ ထောင်ထည့်လာသည့် ကြွေပန်းကန်နှင့် ဖွန်ခေါက်ရင်းတစ်စုံကို အရင်ဆုံး စားပွဲထက် တင်လိုက်လေ၏။ ပြီးနောက်





ကြွေရည်သုတ်ပန်းကန်လုံး (အဖုံးပါ) လေးကို အဖုံးဖွင့်ကာ တင်ပေးပါသည်။ ဒါ ငါးခြောက်ဖုတ်ဆီဆမ်းပါလား။ ပြီးနောက် အကြမ်းပန်းကန်လုံးသာသာခွက်လေးထဲမှာ ငပိထောင်းရှိနေပြီး အသီးသိပ်မစုံသည့် ချဉ်ရည်ဟင်းကို ချိုင့်ထဲမှ ကြွေပန်းကန်လုံးထဲသို့ ဇွန်းဖြင့် ခပ်ထည့်ပေးပါ၏။

ထမင်းအုပ်ထဲမှ ထမင်းက အငွေ့တထောင်းထောင်းဖြင့် ပူပူလေး ဖြစ်နေတုန်းပါပဲ။ ထမင်းစားလျှင် လက်ဖြင့် မစားနိုင်သည့် မောကို သတိရမိသွားလေသည်။ သူက အစားမှားသည်နှင့် ကလေးလို ဝမ်းပျက်တတ်သောကြောင့်ပါပဲ။ ထမင်းခပ်ပေးရန် ပြင်လိုက်သည့် 'မောင်ပု' ကို လက်ကာလျက် တားလိုက်ပါ၏။

"ငါ့ဘာသာ ငါထည့်မယ်၊ ဒီငါးခြောက်ခွက် ပြန်ယူသွားချေ"

"ခင်ဗျာ! ... ငါးရဲ့ခြောက်မဟုတ်လို့လား အစ်ကိုလေး"

"မဟုတ်ပါဘူး ... ငါ့အစ်မ အိမ်ကနေ ထည့်ပေးလိုက်တာတွေ ရှိလို့ပါ၊ ပြန်ယူသွားလိုက်၊ ကြီးကျယ်တာ မဟုတ်ဘူးနော်၊ တွယ်ရာမှာ ငါ့အတင်းအုပ်မယ် မကြိုလေနဲ့"

"ဟုတ်ကဲ့"

"သွားသွား .. မင်းလည်း သွားစားတော့ မွန်းလွဲတော့မယ်"

'မောင်ပု' က သူ့အနီးမှ ခပ်ယိုယိုလေးဖြင့် ထွက်သွားပါ၏။ သူကတော့ ထမင်းပူပူ၊ ဟင်းပူပူဖြင့် အမြိတမ်းစားတတ်မှန်း ဒီက အသုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားတွေ အကုန်သိကြတာပါ။ မမထည့်ပေးလိုက်သည့် တောင်းထဲမှ ငါးခြောက်ကြော်ပုလင်းကို ယူလိုက်ပြီး ဆာဆာဖြင့် စားလိုက်သည့် ထမင်းက နှစ်ပန်းကန်အသာလေးပါပဲ။

ရေနွေးပန်းထဲမှ ကြွေပန်းကန်လုံးထဲသို့ ရေနွေးလောင်းထည့်ကာ ခပ်နွေးနွေးမို့ မော့သောက်လိုက်ပါသည်။ စောစောက မအိပ်ချင်သည့် မျက်လုံးတို့က မိုက်ပြည့်သွားသည်နှင့် မှေးလံလာလေတော့၏။ 'စားပြီး ဗိုက်လေး မလျှော့သေး' ဆိုပြီး အိပ်လိုက်မိပါက ဒီဗိုက်က အလိုလို့ရွဲလာတော့မှာပါလေ။

ပန်းကန်တွေကို သေသေသပ်သပ်လေး စီထပ်ကာ နောက်ဖေးဘက် ရေကပြင်ဆီ သယ်လာခဲ့ပါ၏။ အိမ်သာကို အိမ်နှင့် ခပ်လှမ်းလှမ်းမှာ ဆောက်ထားပြီး ရေချိုးရန်နေရာက ရေကပြင်ဘေးလေးမှာ ကျောက်စည်ချပြီး ဝါးထရံကာထားရုံပါပဲ။ သိပ်တော့ မလုံပါဘူး

"ဦး"

ဟော! ... မပြောမဆို ရောက်လာပြန်ပါပြီ။ ခုနက အော်ထားတာမို့ သူ့ကို မရဲတရဲဟန်လေးဖြင့် နောက်ဖေးဘက်မှ လာခေါ်တာပါ။ အိမ်ပေါ်မတက်ရဲပြန်လည်း အိမ်အောက်ကနေ ခေါ်နိုင်ပြီလေပြီ။ ခက်လိုက်တာနော်။

"ဘာလဲ"

"အမေက စားပြီးသား ပန်းကန်အပေတွေ မဆေးနဲ့





ယူလာတဲ့"

"ဒါတော့ ငါလုပ်နိုင်လို့ လုပ်ပါရစေ မိဖြူရဲ့၊ ပြီးတော့ ဒီပန်းကန်နဲ့ ဖွန်းခက်ရင်းက နဂိုကတည်းက ငါ ဝယ်ပြီး ဒီမှာထားထားတဲ့ဟာ၊ သိမ်းစရာရှိတာ လာတက်သိမ်းချေ၊ ငါ လမ်းဆင်းလျှောက်တော့မယ်"

"ဟုတ်ကဲ့ ဦး"

အခုမှပဲ ချာတိတ်မ မျက်နှာလေး လန်းသွားလေတော့၏။ ကြည့်ရတာ သူ မတွေ့မတန်သလိုဟန်မျိုးဖြင့် ပြောသည်ဟု ထင်သွားပုံပါ။ သူ့ထက် ရိုးလွန်းသည့် အောက်ခြေလူတန်းစားတွေက သွယ်ဝိုက်ပြောရုံနှင့် ဘယ်နားလည်ကြပါ့မလဲ။ ဆပ်ပြာဖြင့် လက်ကို စင်ကြယ်အောင် ဆေးကာ လက်သုတ်ပဝါဖြင့် လက်သုတ်လိုက်ပြီး အိမ်အောက်သို့ ဆင်းလိုက်ပါသည်။

ကုန်းအမြင့်မှာဆောက်ထားသည့် အိမ်ပုလေးမို့ လေကောင်းလေသန့် ရှူရှိုက်ရုံမက လေအေးတို့က တဖြူးဖြူးတိုက်ခတ်နေတာပါ။ သတ်ဆတ်သည့်လေကြောင့် ကျန်းမာရေးပိုကောင်းပြီး အဆုတ်ထဲသို့ လေသန့်တွေ ရောက်တာပါလေ။ ဒါတွေကို မမတို့ ဘယ်သိပါ့မလဲ။ ထင်းပန်းမှာ၊ ဖျားနာမှာ၊ မိန်းမကိစ္စ စိုးရိမ်ဖို့ကိုပဲ တွေးပူနေတော့ ဆော်သားလား။

နေ့ခင်းဘက် အလုပ်နားခိုင်းပြီး ညနေလေးနားရီကျော်သော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆက်လုပ်စေပါ၏။ မြေကြီးပေါက်တာ၊ မြေပြန့်ညှိတာ၊ ကျောက်ခဲတို့၊ ခဲလုံးတို့ ရွေးဖယ်တာတို့ကို သူ့ပါ ကူလုပ်ပေးတော့ အလုပ်သမားတွေ တားပြန်လေ၏။ 'ကျန်းမာရေး' ဟု ခေါင်းစဉ်တပ်ပြီး သူ့ ကူလုပ်လေမှ မျက်နှာပူပူဖြင့် ဆက်လုပ်ကြတာပါ။

"မျိုးစေ့ဝယ်ထားပြီလား ဆရာလေး"

"နည်းနည်းပဲ ဝယ်ရသေးတယ် ... လိုတာဝယ်ဖို့ရှိုးမှာ လောလောဆယ် မြေသြဇာကျွေးဖို့ ပိုအဓိကကျတယ်"

"အခုက ဂန္ဓမာလား"

"ဟုတ်တယ်"

"နှင်းဆီတွေ ပိုးကျတာ စနေပြီ ဆရာလေး"

"ဆေးဖြန်းရမှာပေါ့၊ မနက်စောစောထပြီး ဆေးစပ်ရမယ်။ လက်အိတ်တွေ၊ နှာခေါင်းစိတ်တွေ တစ်ခါတည်း ပြင်ကြနော်"

"ဟုတ်ကဲ့"

မှောင်ရီပျိုးပြီအချိန်မှ အလုပ်သိမ်းကြရပါ၏။ ရေနွေးသောက်ပြီး ခဏနားကာ ချွေးတိတ်မှသာ သူက ရေချိုးခန်းထဲဝင်၍ ရေချိုးလိုက်ပါသည်။ အဝတ်လဲရန် အိမ်ပေါ်ပြန်တက်လာစဉ် ဖျာခင်းပြီး ခြင်ထောင်ပါ အဆင်သင့်ပြင်ပေးထားလေ၏။ ဟိုကောင်မလေးပဲ လာလုပ်ပေးတာ ထင်ပါရဲ့။

❋ ❋ ❋



# အခန်း (၃)

မနက်စောစောနိုးပြီး အလုပ်လုပ်နေကြသည့်အသံတွေကြောင့် သူလည်း အိပ်ရာမှ ထလိုက်ပါ၏။ ဝီရိယရှိသည့် အလုပ်သမားတွေကြောင့် သူ၏စီးပွားရေးက တိုးတက်နေတာပါလေ။ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ပြီးနောက် Quater ဘောင်းဘီတို လဲဝတ် အိမ်ပေါ်မှ ဆင်းခဲ့ပါသည်။

"ဆရာလေး နိုးပြီလား ... ကောက်ညှင်းပေါင်းစားပါဦး။ အဆာပြေပေါ့"

"စားလို့မရဘူး ဦးလေးမြရေ့၊ ကျွန်တော်က အစာအိမ်ရောင်တတ်တဲ့ရောဂါရှိလို့ အစားရှောင်ရပါတယ်"

"ဒါဖြင့် ထမင်းကျော်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ . . . ကျွန်တော် ကော်ဖီပဲ ဖျော်သောက်ထားပါတယ်"

"ဪ"

မမက သူ့အတွက် အထားခံသည့် ကိတ်ခြောက်တို့ Cream မပါသည့် Biscuit အစိမ့်တို့ကို ဖူးဖြင့် ဝယ်ထည့်ပေးလိုက်တာ မို့ အစစ အဆင်ပြေသွားတာပါ။ မိန်းမတွေလုပ်ပုံက ပိုပြီး စေ့စပ် သေချာတယ်ဆိုတာ အမှန်ပါပဲ။ ဒီလောက် သေချာစစ်ဆေးပြီး ယူခဲ့တာတောင်မှ မုတ်ဆိတ်ရိတ်သည့်ဓားနှင့် ဂျုတ်ဖူးက ကျန်ကို ကျန်ရစ်ခဲ့တာလေ။ ဈေးအထိ အဝေးကြီးသွားပြီး ရှာဝယ်ရဦးမှာပါ။ သူသုံးနေကျရှိသည့် တံဆိပ်တောင် ရှာတွေ့ပါ့မလား။

"အဘရေ!"

"အေး . . . ပြော! လုံမ"

"ဒီနေ့ . . . ဪ၊ ဦးတောင်နှီးနေပြီကို။ အမေက ဖေး ခိုင်းလိုက်လို့ပါ။ ဒီနေ့ ဘာဟင်းချက်ပေးရမလဲတဲ့၊ ကြက်တို့၊ ဘဲတို့ စားချင်ရင်တော့ ဖမ်းလိုက်မယ်လို့ ပြောပါတယ်"

သူ မျက်လုံးကျယ်သွားရပါ၏။ မျက်စိရှေ့မှာ ရိုက်သတ်ပြီး ချက်ကျွေးမှာတဲ့လား။ မဖြစ်ပါလေ၊ သူက ငါးအစိမ်းဆိုလည်း အရှင် လတ်လတ်ဖျတ်ဖျတ်လူးနေသည့် ငါးမျိုးမစားတတ်သလို ကြက်တို့ ဘဲတို့ကိုလည်း မျက်စိရှေ့မြင်ပြီး အော်သံကြားရပါသည့် ကြက်သား





မြင်သားမျိုး မစားရဲပါချေ။ ဒေါ်စိန်တို့တော့ လုပ်ချလိုက်ပြန်ပါပြီ။

"ဟာ! . . . မစားဘူး"

"ဒါဖြင့် ဘာချက်ရမှာလဲ ဦးရဲ့"

"အရည်တစ်ခုခုနဲ့ ကြက်ဥပဲဖြစ်ဖြစ် ကြော်ပေးရင် ရပြီလို့ ပြောလိုက်"

"ဆရာလေးကလည်း အသားစားမှ အားရှိမှာပေါ့ဗျ"

"မစားချင်လို့ပါဗျာ"

"ဪ . . . မေ့တော့မလို့၊ အမေကမှာလိုက်သေးတယ်၊ ငန်ကျည်းသီးစိမ်းငပိချက်၊ ချက်ပေးမယ်၊ ဦးနဲ့ တည့်ရဲ့လားတဲ့"

"အခွံခြစ်ပြီး ချက်ရင် နည်းနည်းတော့ စားပါတယ်"

'မိဖြူ'က မေးစရာကုန်ပြီမို့ လုံချည်ခပ်တိုတိုလေးဖြင့် ပြေးသွားပြီ။ မိုးလင်းသည်နှင့် သနပ်ခါးပါးကွက်ကြားက ဖွေးနေအောင် လူးထားတာပါလား။ မြို့ထဲရှိသမျှ အလုပ်သမားတွေ အကုန်လုံးက ချွေးနိုင်မျိုးနိုင်မကောင်းကြတာမို့ 'မိဖြူ' ကို ညီမလိုပင် စောင့်ရှောက်ကြပုံပါ။ ဒီအရွယ်မှာ လက်တည့်စမ်းချင်ကြသည့် ပုရိသတွေက များပါသည်သနှင့်။

"ဦးလေးမြ"

"ဗျာ . . . ဆရာလေး"

"မိဖြူ ဘယ်နှတန်းထိ ကျောင်းနေခဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လေးတန်းနဲ့ ထွက်လိုက်တာပါ ဆရာလေး၊ မိန်းကလေးမို့ ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ရင် တော်ပြီလေ"

"နမြောစရာကြီး၊ စာတော်လည်း ဆက်ထားပေးတာမဟုတ်ဘူး"

"ထားဖို့လည်း ခက်ခဲပါ့ ဆရာလေးရယ်၊ မိဖြူလည်း မနေချင်တာလည်း ပါတယ်၊ သူ့အမေက လုံမလေးတစ်ယောက်တည်း ကျောင်းလွှတ်ရတာ စိတ်မချလို့ မျက်စိအောက်မှာပဲ ထားမယ်တဲ့လေ"

ကောင်းပါလေ့ . . . ခေတ်မီတိုးတက်နေပါသည့် ခေတ်ကြီးမှာ ခေတ်နောက်ပြန်ဆွဲနေပါသည့် မိသားစုတွေလည်း ရှိနေပါသေးလား။ ရုပ်ရည်လေးကြည့်ကောင်းသည့် ကလေးမို့ ဖြစ်ဖြစ်မြောက်မြောက်လေး ရှိစေချင်ပေမယ့် ပညာကို မလိုလားတော့လည်း ခက်သားလား။ ရင်မောရပါဘိ။

"ဒါလေး လက်စသတ်ပြီးရင် နှင်းဆီတွေ ခေးဖျန်းရမယ်၊ အဖူးတွေ အာနေပြီလား"

"တချို့တလေတော့ အာနေပါပြီ ဆရာလေး"

"မေမြို့တွေရဲ့အခြေအနေကရော"

"သူတို့က ပိုးမကိုက်တော့ အရမ်းပွင့်ပါတယ် ဆရာလေး၊ ပြီးတော့ နွေရာသီ နွေလယ်ဘက် နေအရမ်းပူလို့ အမိုးဖုံးထားတာ





အတော့်ကို အဆင်ပြေပါတယ်"

သူ ခေါင်းညိတ်လိုက်ပါ၏။ ပန်းပင်တွေ နေကြိုက်တာမှန်ပေမယ့် သူက နေအရမ်းလောင်မှာကို စိုးရိမ်ပြီး အပွင့်ဖူးတွေညီးမှာမို့ stell တိုင်တွေ ထောင်ကာ plastic ဇာအစိမ်းစနှင့် ခပ်ပါးပါးယာယီအမိုးမြင့်မြင့်လေး မိုးအုပ်ပေးပါ၏။ နေအလင်းလည်းရ အပူလည်း သက်သာသဖြင့် သူတို့စိုက်ခင်းမှ ပန်းတို့က ဈေးတွေထဲမှာ အလှပဆုံးနှင့် ရောင်းဝယ်၍ အကောင်းဆုံးဖြစ်နေတာပါလေ။

သာမန်ဘွဲ့ရခဲ့ပေမယ့် စိုက်ပျိုးရေးစာအုပ်တွေကိုဝယ်ပြီး ဖတ်ခဲ့သလို အပင်စိုက်စားတတ်သည့် စိုက်ပျိုးရေးသမားတွေဆီမှာ (၃) လ (၆) လလောက် သွားပြီး လက်တွေ့သင်တန်းတက်ခဲ့တာမို့ သူက အခုလို အောင်မြင်ခဲ့တာ မဟုတ်ပါလား။ လူက ထောင်ထောင်မောင်းမောင်း အရုပ်ရှည်ပေမယ့် စိတ်က နူငယ်ခဲ့တာ အမှန်ပါ။ အစ်မဖြစ်သူရဲ့အောက် အငယ်ဆုံးမို့ စိတ်ပျော့သည်ဆိုပြီး မိန်းကလေးတွေနှင့် မပတ်သက်အောင် မမက သူ့ကို အုပ်ထိန်းပေးခဲ့တာပါလေ။

တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းကဖြင့် 'သဲစုဝေ' ပါပဲ။

"ကဲ! ကဲ! . . . ခေးပုံးဖျော်ရအောင် ဦးလေးမြရေ"

"ဟုတ်ကဲ့ပါ ဆရာလေး"

"လက်အိတ်တို့ နှာခေါင်းစိတ်တို့ သုံးရမယ်၊ အပေါ်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရင် မသုံးနဲ့ ကျွန်တော့်ဗီရိုအပုလေးထဲမှာ ဖူးသစ်တွေရှိတာ ဖောက်ပြီး သုံးပါ"

"ဟုတ်ကဲ့"

သူ ဦးခေါင်းငြိမ့်ပြီး အိမ်ဘက်သို့ ပြန်၍ လျှောက်ရပါ၏။ ခွင့်မတောင်းဘဲနဲ့ သူ့ဗီရိုကို ဘယ်သူမှ လာမဖွင့်ရဲပါလေ။ အိမ်ရှေ့လှေကားသုံးထစ်ကို တက်ကာ ဗီရိုရှိရာဆီသွားကာ လိုအပ်သည့်ပစ္စည်းတို့ကို သူကိုယ်တိုင်ပင် ထုတ်ပေးလိုက်ရပါသည်။ Plastic ပုံးတွေထဲကို ရေဆေးပြီး ဆေးမှုန့်စာကို ပြန်ဖတ်ပြီးမှ ဆေးဘယ်နှဆနှင့်ရေဘယ်နှလီတာ ရောရမည်ဆိုတာကို သေချာအောင်ကြည့်ပြီးမှ သူကိုယ်တိုင် ထည့်စပ်ဖျော်လိုက်ပါ၏။

"ဖျန်းဆေးဘူးတွေ ယူလာလား"

"ပါလာတယ် ဆရာလေး"

"လိုသလောက် ဖြည့်ထည့်ပေးပါလား ဦးလေးမြ"

ညွှန်ပြပေးသည့်အတိုင်း သုံးလေးဦးက ဆေးပုံးတို့လွယ်လျက် ပိုက်ချောင်းသွယ်ထားသည့် အတံတွေကိုကိုင်ကာ သူ့နောက်မှ လိုက်ခဲ့ကြလေ၏။ အဖူးသာ ရှိသေးပါလျက် အရွက်တို့ ပိုးကျနေပါသည့် နှင်းဆီခင်းတွေ အကုန်ကို ဆေးဖြန်း၍ ဖျန်းလိုက်ကြပါသည်။ သူစိုက်သည့် နှင်းဆီတို့က ပွင့်ဖတ်ခပ်တောင့်တောင့်လေးဖြစ်နေကာ မသိလျှင် Plastic ပန်းဟု ထင်ကြတာပါ။ အတော်စိုပြည်လန်းဆန်း





လတ်ဆတ်လွန်းတာမို့ ဘုရားတင်လျှင် နေ့ပူပူမှာတောင်မှ လွယ်လင့်တကူ ညှိုးနွမ်းသွားပါဘဲ သုံးရက်လောက် အသာလေး လန်းနေလေ၏။

"ပေါင်းပင်တွေ ရှင်းဖို့ လူခွဲပေးဦးနော်"

"မိဖြူကို ဦးလေးမြ ပြောထားပါတယ်"

"ကျစ်! . . . အဲဒီကလေးမကို အရိပ်ထဲမှာပဲ အလုပ်လုပ်ပါစေ မောင်ပုရယ်၊ အသက်ငယ်ငယ်လေးနဲ့ မိန်းကလေးကွ၊ သူ့အမေနဲ့ ဝိုင်းကူချက်ပြုတ်ပေးတာပဲ တော်လှပြီ"

"သူလုပ်နေကျမို့ပါ အစ်ကိုလေးရဲ့"

"မနိုင်းနဲ့၊ တောင်းထဲ ပန်းတွေစီမှုပဲ ခေါ်ခိုင်းပါ၊ ကြားလား"

"ဟုတ်ကဲ့"

မျက်နှာလိုက်တာတော့ မဟုတ်ရပါ။ အသက်မပြည့်သေးဘဲ ခိုင်းစားနေတာကို မြင်ပါက ကလေးသူငယ်နှိပ်စက်မှုနှင့် ရုံးတိုင်မှုဖြစ်မှာကိုဖြင့် ဒီအလုပ်သမားတွေက ဘာမှမသိပါချေ။ နောက်သုံးလေးရက်ကြာလျှင် လခရှင်းပေးရတော့မှာမို့ စာအိတ်မဝယ်လာဖြစ်တာကို သူ သတိရသွားပါ၏။ မဖြစ်သေးဘူး၊ ဈေးကို တစ်ခေါက်လောက်တော့ ပြေးရဦးမှာပါလား။

"အဘရေ!"

"ဟော!"



www.burmeseclassic.com

www.burmeseclassic.com



"ဦး ဗိုက်ဆာပြီလားတဲ့"

"ဟုတ်သားပဲ၊ မနက်က ဆရာလေး ဘာမှမစားဖြစ်တာ ဆာရောပေါ့"

"အတူတူစားပါ့မယ်ဗျာ"

"ကျုပ်တို့က မနက်ထမင်းကြမ်းစားထားတော့ တော်တော်နဲ့ ဘယ်ဆာပါ့မလဲ ဆရာလေးရဲ့၊ သွားစားနှင့်လိုက်ပါ၊ ဒီနေ့ မစိန်က ဆရာလေးအတွက် ကြက်သားကာလသားဟင်း ချက်ပေးထားတယ်"

"ဗျာ!"

"ကြက်သားက ဈေးထဲက တစ်ခြမ်းဝယ်လာပြီး ချက်ပေးတာပါ၊ အိမ်ကကြက်ဆို ဆရာလေးမစားရဲမှန်း သိလို့"

"အားနာလိုက်တာ"

"မဟုတ်တာပဲ ဆရာလေးရယ် ... ဆန်တွေ, ဆီ, ဆား, ငါးခြောက်တွေ အမြဲတမ်းဝယ်ပေးပြီး ဟင်းချက်ဖို့လည်း ဈေးဖိုးက ပေးသေးတာ၊ ဒီလောက်လေးတော့ ချက်ကျွေးရမှာပေါ့"

သူ ဘာမှမပြောတော့ပါလေ။ 'မိဖြူ' အနောက်မှ ခပ်ခွာခွာဖြင့် လိုက်ခဲ့ရပါ၏။ လက်ကို ဆေးနှံ့တွေ စင်အောင်ဆေးပြီး ရေချိုးလိုက်ပါသည်။ မနက် (၁၀) နာရီခွဲမို့ နေက သိပ်မပြင်းသေးသဖြင့် အပူမရှပ်ပါလေ။

"ဦး"





"အေး! ... အဲဒီစားပွဲပေါ်မှာ ပြင်ပေးခဲ့ မိဖြူ ... ငါ ရေချိုးနေတယ်"

ရေချိုးနေရင်း အသံလှမ်းပြုလိုက်ရပါ၏။ နောက်ဖေးလှေကားမှ သူ အိမ်ပေါ်ပြန်တက်လာစဉ် ထမင်းဖွဲက အဆင်သင့်ဖြစ်နေလေပြီ။ 'မိဖြူ'က ပြန်ရန်ပြင်နေပေမယ့် သူ့ကျောပိုးအိတ်မှ စာတမ်းကို တစ်လုံးချင်း ဖတ်နေလေသည်။ စာစိတ်မဝင်စားဘူးဆိုသည့် ကလေးမက ဒါတော့ ဖတ်နိုင်သားပါလား။

"မိဖြူ"

"ရှင်! ... ဦး"

"စာရေးတတ်လား"

"ဟုတ်ကဲ့"

"ဘောပင်ရော ကိုင်တတ်ရဲ့လား"

"ဟုတ်ကဲ့ ဦး"

"ဒါဖြင့် အဲဒီဇီရိုပေါ်မှာ ဗလာစာအုပ်ရှိတယ်၊ ဘောပင်ရောပဲ၊ အဲဒီအင်္ဂလိပ်စာတမ်းကို ကြည့်ရေးကြည့်စမ်း"

"ဟင် ... အခုလား"

"အေး"

ကောင်မလေးက စာအုပ်ကိုယူ၍ ကြမ်းပြင်ထက် ဒူးထောက်ထိုင်ချကာ ကျောပိုးအိတ်မှစာတမ်းကိုကြည့်၍ ကူးရေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ငုံ့ကြည့်နေမိတာမို့ လက်ရေးက ကလေးလက်ရေးဖြစ်ပေမယ့် ရှင်းရှင်းလေးရေးတတ်ပုံရလေသည်။

"ဟိုပြက္ခဒိန်က စာလုံးကို ရေးပြဦး"

"ဗမာစာလုံးလား, ဦး"

"မြန်မာစာလုံးလို့ ပြောရတယ်၊ ဗမာဆိုတာက လူမျိုးကို ခေါ်တာ ... မှတ်ထား"

"ဟုတ်ကဲ့"

သူ အံ့ဩသွားရပါသည်။ တကယ့်ကို လှပပြီး ဝိုင်းစက်နေပါသည့် လက်ရေးလေးပါပဲလား။ 'မိဖြူ' တစ်ယောက်တော့ သူမ မျက်လုံးတွေနှယ် တူအောင်ကို ရေးနိုင်တာပါပဲ။ ဒီလောက်လက်ရေး လှသည့် မိန်းကလေးက ပညာကို ပြီးဆုံးအောင် မသင်ရတာ နှမြောစရာပါလေ။

"နင့်နာမည်ရော ရေးတတ်လား"

"ရေးတတ်တာပေါ့ ဦးရဲ့"

'ပန်းပွင့်ဖြူ' ဟု ရေးလိုက်တာမို့ သူ ပြုံးလိုက်မိပါသည်။ အမည်နှင့်လိုက်ဖက်လွန်းပါသည့် မိန်းကလေးပါပဲ။ ဒီကလေးကို ဘာ လခမှမပေးပါဘဲ အလကားခိုင်းစားလို့ မဖြစ်တော့ပါလေ။ သတ် သောင့်သက်သာဖြစ်စေမည့် အလုပ်တစ်ခုခုတော့ ရှာကြံခိုင်းရဦးမှာ ပါပဲ။





"မိဖြူ"

"ရှင်!"

"သဘက်ခါကျရင် ညနေဘက် ဒီမှာ အလုပ်လာလုပ်ပေးရမယ်။ အလုပ်သမားတွေကို လခပေးဖို့ စာအိတ်ပေါ်မှာ နာမည်တွေ ရေးပေးရမှာ ... လုပ်နိုင်ရဲ့လား"

"ဟုတ်ကဲ့"

"ဟုတ်ပြီ ... နင့်ကိုလည်း လခပေးရမှာပေါ့"

"ဟင်! ... အဘနဲ့အမေက ဦး ဘာပေးပေး မယူရဘူးလို့ မှာထားတယ် ဦးရဲ့"

"အလကားပေးတာမှ မဟုတ်တာ၊ အလုပ်လုပ်ပေးတဲ့ အတွက် လုပ်အားခတန်ဖိုးကို ပေးတာမို့ ယူလို့ရတယ် ... သိလား"

မျက်လုံးကလယ်ကလယ်ဖြင့် မော့ကြည့်လိုက်ပါသည့် ကလေးမက သိပ်နားလည်ပုံမရပါ။ မိဘစကားကို တစ်သွေမတိမ်း နာခံတတ်တာမို့ ဝိုင်းကောင်းကျောက်ဖိ မိန်းကလေးအဖြစ် ကြီးပြင်း ရှင်ရလာသည့် 'ပန်းပွင့်ဖြူ' လေးပါပဲ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ပန်းတောင်းတွေ တင်ထားပါသည့် ကားနောက်မှ သူ့ကားကို ခပ်ဖြည်းဖြည်း မောင်းခဲ့ပါသည်။ မနက် (၅) နာရီကျော်ကျော်သာ ရှိသေးသဖြင့် ဝေလီဝေလင်း အလင်းရောင်ဖြင့် ဈေးဘက်သို့ ရောက်လာရတာပါ။ ဝယ်စရာရှိသည့် ပစ္စည်းစာရင်းစာရွက်နှင့် ဒေါ်စိန် ဈေးမှာတာက တစ်ရွက်ကို ပိုက်ဆံအိတ်ထဲ မမေ့မလျော့ထည့်ခဲ့ရပါသေး

စောတော့ စောသေးတာ မှန်ပေမယ့် နေပွင့်သည်နှင့် ဈေးထဲ လူကြပ်တတ်သဖြင့် တမင်ပင် သူထွက်ခဲ့ရတာပါ။ ဈေးထိပ်ကိုရောက်တော့ မနက် (၆) နာရီ ရှိနေလေပြီ။ ဖောက်သည်တွေက ဈေးပန်း အလွတ်တွေဖြင့် တစ်ပြုံကြီး စောင့်နေကြလေသည်။ မောင်ပုဏ မှာထားသည့် စာရင်းစာရွက်ကိုကြည့်ကာ မည်သူက မေမြို့ပန်း





မည်သူက နှင်းဆီပန်း၊ မည်သူက သပြေပန်း စသည်ဖြင့် သေချာစစ်ကာ ဖောက်သည်ဈေးဖြင့် ကားပေါ်မှ ပန်းတွေ မကျိုးကြေအောင် ဂရုစိုက်ချပေးနေလေသည်။

ကုန်သင့်ငွေ အကုန်မရှင်းနိုင်လျှင်လည်း ကျန်ငွေကို နာမည်နှင့်အတူ ရေးမှတ်နေလေ၏။ သူက ကုန်ကားလေးကို ကျော်ကွေ့ပြီး ဈေးလမ်းထိပ်မှာ ကားရပ်လိုက်ပါသည်။ Mart တွေ စဖွင့်နေပြီမို့ သူ ဝယ်မည့်ပစ္စည်းတွေကို အရင်ဆုံး ရှာဝယ်လိုက်လေ၏။ စာအိတ်ခေါင်းအထုပ်လိုက်ယူစဉ်မှာ ချိတ်ထားပါသည့် ခေါင်းစည်းကြိုးလှလှလေးတွေကို မျက်စိက အကြည့်ရောက်သွားရပါသည်။

ဆံပင်အရှည်ထားထားပါသည့် 'မိဖြူ' တစ်ယောက် ဆံပင်ချွတ်ထားတိုင်း တွေ့ကရာ သားရေကွင်းဖြင့် ချည်တတ်တာကို သတိရသွားမိပါပဲ။ ဝယ်ပေးရင် ကောင်းမလား။ တော်ကြာ သူ့ကို တစ်မျိုး ထင်မည်ထင်ပါက မည်သို့ရှင်းပြရပါမည်နည်း။ လူပျိုကြီးဖြစ်ရတာ ...ဆို ဆင်ခြင်ထိန်းသိမ်းနေရပါလားနော်။

လုပ်ခပေးရင်း သူလက်ဆောင်ပေးလို့ဖြစ်တာမို့ ရိုးရိုးကြိုး အထုပ်တစ်ထုပ်နှင့်အတူ ရောင်စုံအလုံးအသီးလေးတွေပါသည့် ကလစ်ကို ဖြုတ်ယူလိုက်ပါသည်။ ဆံပင်အုံကောင်းသူမို့ ကြိုးသေးသေးလေးတွေဖြင့် စည်း၍ မရနိုင်ပါ။ သိပ်ကြီးမဆန်းသည့် ချစ်စရာကောင်းသည့် ပုံစံလေးကိုသာ ရွေးဝယ်ဖြစ်တာပင်။ ငွေရှင်းပြီးစဉ် ထိုအထုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရုပ်အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်ပါသည်။

Mart ထဲမှထွက်စဉ် 'မောင်ပု' နှင့် 'မောင်စိုး' ကို ဖိုကြည့် ဒိကြည့်ဖြင့် သူ့နောက်ကို လိုက်ပြီး ရှာနေပါ၏။ ငွေတွေပါနေတာ တောင်မှ လူများနေသည့် ဈေးထဲသို့ ဝင်လာရပါသလား။ သူ့ကို မြင်သွားသဖြင့် 'မောင်ပု' က ဝမ်းသာသွားလေသည်။ ခြေသံ တဖုန်း ဖုန်းဖြင့် အပြေးအလွှား နှစ်ယောက်သား ရောက်လာကြပါ၏။

"ငွေတွေပါလာတယ် မဟုတ်လား။ ခါးပိုက်နှိုက်နဲ့ တွေ့တော့ မှာပဲ"

"ကျွန်တော် သေချာထုပ်လာပါတယ် အစ်ကိုလေးရဲ့ ... ဒီမှာပါ"

လက်ကိုင်ပဝါစဖြင့် ထုပ်ထားပါသည့် ငွေကို သူ့လက်ထဲ သို့ အပ်လိုက်လေ၏။ ဈေးလာလျှင် ပိုက်ဆံများများ ထည့်လာသဖြင့် ယောကျ်ားကိုင် ပိုက်ဆံအိတ် Zip ကိုဖွင့်ကာ ဒီတိုင်းထည့်လိုက်ရပါ သည်။ အိမ်ရောက်မှပဲ စာရင်းစာအုပ်ဖွင့်၍ စာရင်းတိုက်ရပေမည်။

"ဈေးဝယ်ရအောင် ... ဆန်, ဆီ ဝယ်ဖို့ ကုန်စုံဆိုင် အရင် ဝင်ကြစို့"

"ဟုတ်ကဲ့"

သူ့အပါအဝင် 'မောင်ပု' နှင့် 'မောင်စိုး' က ကုန်စုံဆိုင်[illegible] ဝင်ကာ ဆန်တစ်အိတ် (ဆင်းသွယ်ဆန်), ပဲဆီ (၅) ပိဿာ, ကု[illegible]





(၁) ပိဿာ, ဆားနု (၁) ပိဿာ, အချိုမှုန့်ပေါင်ထုပ် (၂) ထုပ်, ငံပြာရည်အချို (၂) ပိဿာ, ပဲနီလေး (၅၀) သား, ပဲကြာဆံအကြီး (၂) ထုပ်, ဆန်ကြာဆံကြီး (၂) ထုပ် စသည်ဖြင့် စာရင်းစာရွက်အတိုင်း ပစ္စည်းမကျန်အောင် ငွေရှင်းပြီး ဝယ်လိုက်ပါသည်။

ဟင်းသီးဟင်းရွက်တွေက သိပ်မထားမခံသဖြင့် နှစ်ရက်စာ လောက်သာ ဝယ်ပြီး ငါးခြောက်ဆိုင်ဝင်ကာ ငါးရံ့ခြောက်, ငါးတံခွန် ခြောက်, ငါးခုံးမခြောက်, ငါးမြွေထိုးခြောက်, ငါးနီတူခြောက်နှင့် ပုစွန်ခြောက်ကို ချိုတာလေးရွေးကာ ခပ်လတ်လတ်အရွယ်အကောင် တွေ ရွေးပြီး ချိန်ခိုင်းလိုက်ရပါ၏။ ဒါတွေက 'ဒေါ်စိန်' မှာတာ မဟုတ်သော်ငြား သူ တမင်ဝယ်ဖြည့်ပေးတာပါ။

'ဒေါ်စိန်' က ငရုတ်သီးအရောင်တင်မှုန့် မသုံးတာမို့ ငရုတ် အတောင့်ရှည်နှင့် ငရုတ်ပုခြောက် အရောင်လှလှလေးကို ရွေးဝယ် လိုက်ပါ၏။ လိုအပ်မည်ထင်သည့် နနွင်းမှုန့်, ငပိစိမ်းစား, ရှာလကာ ရည်, ငရုတ်ကောင်း, မဆလာတို့ကိုပါ ထပ်ဖြည့်ဝယ်ကာ ခြင်းတောင်း ကြီးတွေ အပြည့်အသိပ်ဖြစ်သွားလေတော့၏။

"နိုင်ပါ့မလား ... ကုန်စုံဆိုင်က ကားဆီလာပို့မှာမို့ ဒါတွေ ကိုတော့ ကိုယ်တိုင် သယ်ရတော့မှာ"

"နိုင်ပါတယ် အစ်ကိုလေးရဲ့"

"ဒီတစ်တောင်း ငါ သယ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အစ်ကိုလေးရဲ့၊ ကျွန်တော်တို့ပဲ သယ်ပါ့မယ်၊ မနိုင်ရင် နောက်တစ်ခေါက် လာသယ်လို့ရတာပဲ"

"ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ... ကျွန်တော် ပြန်လာပါ့မယ်"

'မောင်ပု' က ခန္ဓာကိုယ်လည်း တောင့်တင်းသူမို့ ဈေးထဲ သူစောင့်ပေးချိန်မှာပင် ကားဆီ တစ်ခေါက်သွားပြီး နောက်တစ်ခေါက် ပြန်ကာ ခြင်းတောင်းလာသယ်လေ၏။ သူက ကားပေါ်တက်ပြီး စက် နှိုးလိုက်ကာ ရှေ့မှမောင်းထွက်လိုက်ပါသည်။ ကုန်ကားလေးက အနောက်မှလိုက်ထွက်လိုက်ပါလာ၏။

ကုန်းပေါ်တက်လိုက်ပြီး အိမ်ရှေ့မှာ သူ့ကားရပ်လိုက်ချိန် ကုန်ကားလေးကပါ ရောက်လာလေသည်။ သူက အလုပ်သမားတ လျားအိမ်ကို လက်ညှိုးထိုးပြီး ဆက်မောင်းခိုင်းလိုက်သဖြင့် ကုန်ကား လေးက ဆက်မောင်းသွားကာ ကုန်းဆင်းလျှောတန်းလျားရှေ့မှာ ရပ်လိုက်လေ၏။ ပစ္စည်းတွေ အကုန်ချနေကျသဖြင့် သူက အိမ် ပေါ်သို့ တက်ကာ စားပွဲပုလေးထောင်ထားတာကို ချလိုက်ပြီး စာ စာရွက်၊ ဘောက်ချာစာရွက်တွေနှင့် ပိုက်ဆံထုတ်ကို တင်လို သည်။ 'မောင်ပု' ပေးလိုက်သည့်ငွေကို ရေတွက်ကာ ဝင်ငွေစာ စာအုပ်ထဲ Date ရေးပြီး ထည့်လိုက်ပါ၏။ မရသေးသည့် ငွေစာ ကိုပါ ရေးမှတ်လိုက်ပါသည်။





ဒီနေ့သုံးစရိတ်စာရင်းတွေကို တစ်ခုစီရေးကာ ထွက်ငွေ စာအုပ်ထဲသို့ ရေးထည့်လိုက်ပါ၏။ ပန်းရောင်းရပါသည့်အမျိုးအစားနှင့် အစည်းအရေအတွက်ကိုက သပ်သပ်စာအုပ် (မောင်ပုရေးထားပါသည့်) ထဲ ဆက်ဖြည့်ရေးလိုက်စဉ် phone သံ မြည်လာလေ၏။ အင်္ကျီအိတ် ကပ်ထဲမှ phone ကို စိုးထုတ်မှာ ဘစ္စရှိအာဖြည့်ကြိုးသွင်းထားတာ မို့ ပလပ်ဖြုတ်ယူလိုက်ရပါသည်။

"ဟဲလို!"

"မောင်က စကားနားမထောင်ဘူးလား"

"ဘာကိုလဲ မမရဲ့"

"တစ်ပတ်တစ်ခါ ပြန်လာဖို့ ပြောထားတာလေ၊ တစ်လ ကျော်တောင် ပြည့်နေပြီမဟုတ်လား"

"ပြန်လာလို့ ဘယ်ရပါ့မလဲ မမရဲ့၊ အလုပ်သမားတွေကို လခပေးရတော့မှာ"

"ဟွဲ့! ... ခါတိုင်းတော့ စာတိုက်က ငွေလွှဲပို့ပေးနေပြီး အခုမှ ဘာဖြစ်တာလဲ"

"ဪ ... မမကလည်း အဲဒါက လချုပ်သက်သက်ပဲ ပို့ပေးတာလေ၊ အခုက ဝယ်ခြမ်းစရာတွေ သွားဝယ်ရသေးတာ၊ ပြီးတော့ အပင်တွေ ပိုးကျတာ ဆေးဖြန်းလို့မှ မပြီးသေးတာ၊ ပြန်လာ လို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! . . . နင့်အလုပ်သမားတွေကို ပိုက်ဆံပေးခိုင်းထား တာလေ၊ သူတို့ဘာသာသူတို့ လုပ်ပါလေ့စေပေါ့။ နေရာတကာ ကိုယ်ပဲ အကုန်လိုက်လုပ်ပေးနေရလား"

ကျစ်! . . . အဲဒီမမကဇတော့ ဘုမသိ ဘမသိဖြင့် ပွစိပွစိ ပြောနေပြန်ပါပြီ။ နေရာတကာ ငွေပုံပေးပြီး ခိုင်းစေလို့ ဘယ်ဖြစ်ပါ့ မလဲ။ မမက ဘာမှနားမလည်ပါဘဲ ဆူပူနေပြန်ချေပြီ။ စိတ်ညစ်ပါရဲ့။ ဒီလို ပူညံပူညံအသံတွေ မကြားချင်လို့ တစ်သက်လုံး လူပျိုကြီးလုပ် ဖို့ စိတ်ကူးထားပါလျက် 'နှင်းနန္ဒာ' နှင့် တွေ့ခိုင်းခဲ့ရတာလေ။ သက် ပြင်းကိုသာ ကျိတ်ရှိုက်လိုက်မိပြန်ပါ၏။

"သူတို့ချည်း ခိုင်းလို့ ဘယ်ရပါ့မလဲ မမရဲ့၊ ကိုယ်က ကြီး ကြပ်ပေးမှ အလုပ်မြန်မြန်တွင်မှာပေါ့၊ ဘယ်အလုပ်မဆို ကျွန်းကိုင်မှ ကိုင်းကျွန်းမှီပျ"

"အောင်မာ! . . . နွားရေ့ထွန်းကျူးနေပြန်ပါပြီ၊ နင့်ထက် အရင်ဆုံး (၇) နှစ်ကျော် ထမင်းစားခဲ့တဲ့ အစ်မပါဟဲ့၊ နင့်ထက် ငါက ပိုသိတယ်"

"ကျွန်တော့်အလုပ်ကို ကျွန်တော်ပဲ သိပါတယ်၊ မမရာ နားမလည်ဘဲ မပြောပါနဲ့"

"မပြောလို့ဖြစ်မလား။ ဘယ်တော့မဆို သံဆိုတာ အပူပေးမှ လိုသလို ပုံသွင်းလို့ရတာ"





"ဘာကြီးလဲ"

"အဲဒါပဲ . . . နင်ဟာလေ . . . ဘာဆိုဘာမှ အလေးအနက် ကို မရှိဘူး"

"ဘာဖြစ်ပြန်ပြီလဲ . . . မမရာ"

"ဘာဖြစ်ရမှာလဲ . . . နှင်းနဲ့ တစ်ခါလေး တွေ့ရုံနဲ့ နင့်ဘာဝန် ကျေပြီ မှတ်နေတာလေ"

"ဟာဗျာ"

"ဘာဟာဗျာလဲ၊ မဗျာနဲ့ . . . နှင်းရဲ့ phone နံပါတ်ကို ငါ ပို့ပေးလိုက်မယ်၊ နင့်ကိုယ်နင် ယောကျ်ားလေးမှန်းသိရင် အရင်ဆုံး ဆက်လိုက်"

"ပြီးရောဗျာ . . . ပြီးရော"

"မပြီးသေးဘူး။ လာစာပေးတော့ ခါတိုင်း ငါကူလုပ်ပေးရတာ၊ အခု ဘယ်သူကူပေးလဲ"

"ဒီလိုပဲရှိတယ် . . . ပူမနေပါနဲ့"

"ကူပေးတာ ယောကျ်ားလေးလား၊ မိန်းမလား"

"ကျားကျား၊ မမ ဗျာ၊ မမနဲ့ ဘာဆိုင်လို့လဲ"

"နင်နော် . . . ငါမေးတာကို မှန်မှန်ပြောစမ်းပါ"

"(၁၄) နှစ်အရွယ်ကလေးပါဗျာ၊ ဒေါ်စိန်ရဲ့သမီးလေးပါ"

"ကြည့်စမ်း! . . . အဲဒါ ကလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမို့ ကလေးလို့ ပြောတာပေ့ါဗျ"

"နင် တရင်းတနှီးမနေနဲ့နော်, မောင်"

"သိပါတယ် မမရယ်၊ ကျွန်တော် မခေါ်ဘဲနဲ့ သူ မလာရဲပါဘူး၊ ခိုင်းစရာရှိမှ ခေါ်ခိုင်းတာပါ"

"အေး . . . ဒါဆိုလည်း ပြီးတာပဲ၊ ရှုပ်ရှုပ်ယှက်ယှက်တွေတော့ မလုပ်နဲ့နော် , မောင်၊ ငါသိရင် နင်တော့ သေပြီမှတ်! . . . ဒါပဲ . . . ဒါပဲ"

ပါးစပ်မှ လေပူတွေကိုသာ မှုတ်ထုတ်လိုက်ရတော့၏။ လစာပေးမည့် လူစာရင်းနှင့် လခစာရင်းကို လယ်ဂျာစာအုပ်ထဲမှာ ရေးလိုက်ပါသည်။ နောက်ဆို ဒီစာရင်းတွေကို 'မိဖြူ' ကိုသာ ရေးခိုင်းရတော့မှာပါ။ ငွေ amount ကိုတော့ မှားမှာစိုး၍ သူကိုယ်တိုင် ရေးရပါမည်။

နေ့လယ် ထမင်းစားပြီး တအောင့်တနားဖြင့် နားနေစဉ် 'မိဖြူ' က ရေမိုးချိုးပြီး သူခေါ်ထားသဖြင့် ရောက်လာလေ၏။ ဝီရိယလေးတော့ ရှိသားပါပဲလား။ စားပွဲပေါ် ရှုပ်ပွနေသည်တို့ကို ရှင်းကာ စာအိတ်ရှည်တစ်ထုပ်ကို လူဦးရေအတိုင်း ရေတွက်ကာ တင်လိုက်ပါ၏။

"ရော့ . . . ဒီစာရင်းအတိုင်း တစ်ယောက်စီ တစ်အိတ်အကြိုင်းရေး၊ နောက်ဆိုရင် ဒီစာအုပ်မှာပါ သေချာဖယားချပြီး ရေးတတ်မယ်နော်"





"ဟုတ်ကဲ့ ဦး"

"ဪ . . . နေဦး . . . ဦးလေးမြနဲ့ ဒေါ်စိန်က တစ်အိတ်မှာပဲ အတူရေးနော်"

"ဟုတ်ကဲ့"

"လှလှလေးနဲ့ မှန်အောင်ရေး"

သူက တစ်ထောင်ငွေ အထပ်လိုက်တွေကို ဖြည်ရင်း တစ်သောင်းတစ်ထပ် ပြန်စီနေစဉ် 'မိဖြူ' က စာအိတ်တွေမှာ နာမည်တစ်ကာ ရေးပေးနေပါ၏။ ခပ်ကြီးကြီးနှင့် ရှင်းရှင်းလေးတွေမို့ သူ့လက်ရေးရှည်မျောမျောနှင့် စာလျှင် အတော်ကြည့်ကောင်းနေတာ အမှန်ပါ။

"ဦး"

"ဘာလဲ"

"စာအိတ်တစ်အိတ်ပိုနေလို့ပါ"

"အေးလေ . . . အဲဒီမှာ နင့်နာမည်ရေးရမှာပေ့ါ၊ ရေးလိုက်ချေ၊ ပြီးတော့ ဒီမှာ ဦးက မိဖြူအတွက် လက်ဆောင်ဝယ်လာပေးတယ်၊ ဆံပင်တွေကို တွေ့ကရာ သားရေကွင်းနဲ့ မစည်းရဘူး၊ ဆံပင်တွေ ရှုပ်ပြီး ကျွတ်တတ်လို့နော် . . . ရော့ . . . ယူလိုက်"

"ကျေးဇူးတင်ပါတယ် ဦး"

"အေးအေး . . . လိမ္မာတယ်"

လစာပေးသည့်ရက်မို့ အလုပ်တောတောသိမ်းမြိုင်းရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်တွေထဲသို့ လစာတွေ ဖြည့်ပေးပြီး Tape ဖြင့် တစ်အိတ်စီ ပိတ်လိုက်ပါ၏။ ညနေလေးနာရီခွဲခန့်မှာ သူက 'မိဖြူ' နှင့်အတူ plastic စားပွဲခုံနှင့် ထိုင်ခုံတွေကို အိတ်ပုလေးရှေ့မှချကာ ထိုင်စောင့်ပြီး အလုပ်သမားတွေကို လစာပေးလိုက်ပါသည်။

"ဦးလေးမြကြ ဒေါ်စိန်နဲ့ အတူတူပေါင်းထည့်ပေးထားပါတယ်၊ ဒီမှာ လက်မှတ်ထိုးပါ"

"ဟုတ်ကဲ့ပါ ဆရာလေး"

"ပြီးရင် မောင်ပု"

"မောင်စိုး"

"မောင်ခွေး"

"မောင်ဦး"

"ကိုသက်မိုး"

"မခင်ထား"

"မအေးမာ"

"ကိုဘသက်"

"ဟုတ်ပြီ ... ဒါက မိဖြူအတွက်ပါ၊ အားလုံး မြန်နိုင်ပါပြီ"

"ဟာ! ... ဆရာလေးက လုံမလေးကိုပါ လခပေးတယ်"

"မုန့်ဖိုးပေါ့ဗျာ၊ ဒါမှ မိဖြူလည်း အလုပ်လုပ်ချင်စိတ်ရှိမှာပေါ့ ဦးလေးမြရဲ့"





'မိဖြူ' တစ်ယောက်ကဖြင့် ကလေးစီစီ လစာစာအိတ်လေးကို မိုးပေါ်ထောင်လျက် ခုန်ပေါက်ကာ အမေဖြစ်သူရှိရာဆီ တစ်ချိုးတည်း ပြေးလေတော့၏။ သူ ပြုံးလိုက်မိပါသည်။ ကြမ်းတမ်းသည့်ဘဝမှာ ပျော်ပေမယ့် ပျော်မောဘဝလေးတွေပင် မဟုတ်ပါလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ရေချိုးရင်း မျက်နှာကို ဂျုတ်ဖြင့် သန့်ရှင်းပေမယ့် ဆံပင်က ဖြင့် အတော်ရှည်လာပါ၏။ သူနဲ့ကိုကိုက ဆံပင်ရှည်တာနှင့် ဆံပင်က ကောက်လာတတ်တာပါ။ မောင်နှမသုံးယောက်ထဲမှ မမက မိန်းကလေးဖြစ်ပြီး ဆံပင်အရှည်ကျောလယ်လောက်ထားကာ နဂိုအဖြောင့်ဆံပင်သာ ရှိခဲ့တာလေ။

ပြန်တော့ ပြန်ရဦးမှာပဲ။ သူက ညှပ်နေကျ ဆိုင်အံစွဲထားပြီး ထိုဆိုင်မှာပင် အမြဲညှပ်ဖြစ်တာပါ။ ဆိုင်ပြောင်းညှပ်ဖြစ်တာနှင့် သူ့မျက်နှာနှင့်မလိုက်သည့် ဆံပင်အတိုပုံစံမျိုးဖြစ်ပြီး မနှစ်သက်၊ မကြိုက်တာကြောင့် မညှပ်ဖြစ်ပါချေ။ ဒါကြောင့်လည်း သူတို့လို လူပို (သိုး)ကြီးနှင့်အပို (ဟိုင်း) ကြီးတွေကို အစွန်းရောက်တယ်, ခေါင်းမာလွန်းတယ်





ဆိုပြီး ပျစ်ပျစ်နှစ်နှစ်ဝေဖန်ခံရတာပါ။

ဘာဖြစ်လဲ ... ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ရပ်တည်ချင်လို့ လူပိုကြီးတစ်ကိုယ်တည်း အေးအေးလူလူနေနေတာကို မျက်စိ နောက်၊ ခလုတ်တိုက်တိုက်, မေးငေါ့ချင်ရတယ်လို့။ ကိုယ့်ဗိုက်ကိုယ် ရှာစားနေတာတောင်မှ လူကို လူ့တာဝန်မကျေပွန်ဘူးလို့ ထင်နေကြတာပါလေ။

"ဟာ! ... စောစောစီးစီး လုပ်ပြန်ပြီ"

ရေချိုးပြီး ရေစိုပုဆိုးလဲနေချိန်မှာပင် အိမ်ပေါ်မှ phone က မြည်နေလေတော့၏။ အလုပ်ဖြင့် စမလုပ်ရသေးပါဘဲ အဲဒီလို phone မြည်တာကို သူ လုံးဝမကြိုက်ပါ။ အိမ်ကပဲ အမြဲဆက်နေတာမို့ ကောက်ပြန်ရင်လည်း ရွှေစိတ်တော်ကောက်ဦးမှာ မဟုတ်လား။ အိမ်ပေါ်သို့ အမြန်တက်ခဲ့ပြီး ရေသုတ်နေရင်း phone ကို ကိုင်လိုက်ရလေ၏။

"ဟဲလို"

"လေးလေး"

"ဟာ! ... ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီ၊ ကလေးကို ခေါ်မကိုင်နဲ့ဆိုလည်း၊ မရဘူး။ အဲဒီ မမကတော့"

"ပြန်လာ ... ပြန်လာ"

"လာမယ်ဟေ့ ... လာမယ်၊ ခုလောလောဆယ် မအားလို့ လာနိုင်သေးဘူး။ မံမံစားပြီးပြီလား အသည်းတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မွတင်း . . . မွတင်း"

"ခြော် . . . မေမေက မွတင်းဖုတ်ကျွေးတယ်ပေါ့လေ . . . ကောင်းလား"

"ဠတ်!"

"အံမာ . . . အကောင်းကျတယ်သိ . . . ဘေးမှာရှိနေတာ သင်းသင်းလား၊ လင်းလင်းလား"

"ငါဟေ့! . . . ငါ . . . နှင့်အစ်မ နှင်းဆီမမတဲ့"

သူ ပြုံးလိုက်မိပါ၏။ မမကဖြင့် သူမရှိလည်း လူကို စောင့်ကြည့်နေသလိုမျိုး အတိအကျဖြင့် ပြောတတ်တာလေ။ 'နင် ဘယ်သွားသွား နင့်နောက်ကျောမှာ ငါ့မျက်စိနှစ်လုံး ကပ်ပေးလိုက်တယ် မှတ်'' တဲ့။ ပြောသည့်အတိုင်း မမက ကွယ်ရာမှာ သူ ဘာပဲလုပ်လုပ် အကုန်ရိပ်မိပြီး သိနေသလိုပါ။ ပြောလိုက်လျှင်ဖြင့် . . . 'နင့်ထက် ငါက (၇) နှစ်ကျော် အရင်ဆုံးထမင်းစားခဲ့တာဟဲ့!' ဆိုပြီး အကုန်သိ၊ အကုန်နားလည်သလိုမျိုး ပြောကျင့်ရှိနေသည့် 'နှင်းဆီမမ' ပါပဲ။

"မမကလည်းဗျာ . . . ဘာဖြစ်ပြန်ပြီလဲ"

"နှင်းကို phone ဆက်ခိုင်းထားတာ အခုထိ မဆက်ရသေးဘူး မဟုတ်လား"

"အားမှမအားသေးတာဗျ ပြီးတော့ . . . ဘာပြောရမယ် မှန်းမှမသိတာ"





"ယော်ကျ်ားလေးဖြစ်ပြီး ဘာညာသာရကာလေးတောင်မှ မပြောတတ်ဘူးလား၊ နင်အပြားလား၊ အလုံးလားဟဲ့!"

"အာ . . . မမကလည်း ပြောတော့မယ်၊ တကယ်ပါပဲ"

"ကိုကိုလည်း မေးနေပြီ . . . ဘာသတင်းထူးသလဲတဲ့"

"သဲချောင်းက ခေါက်လိုက်ပြန်ပြီပေါ့လေ . . . ဟုတ်လား"

"ပြောစရာမလိုပါဘူး မောင်ရယ် . . . နှင်းကို ရှာပေးတဲ့ အဓိကလူက ကိုကိုဟဲ့၊ နင့်အစ်ကိုအကြောင်း နင်အသိဆုံး မဟုတ်လား၊ ငြင်းမယ်မကြံနဲ့မောင်၊ ကိုကို့မျက်စိထဲမှာ နှင်းနန္ဒာက အမှတ်အပြည့်၊ ဘောင်အပြည့်နဲ့ ကွက်တိပဲ . . . သိရဲ့လား၊ မိစုံဖစုံနဲ့ ရွှေငွေ ရတ်ရည်ဘွဲ့က အစအဆုံး အကုန်ပြည့်စုံတယ်"

သူ ခပ်တိုးတိုးရယ်လိုက်မိတော့၏။ ပွဲစားခမည်းမှုရသည် မသိပါ။ အရောက်ကို တွန်းပို့နေတော့တာပါပဲလား။ ကိုကိုက အမှတ်အပြည့်ဖြင့် အောင်စာရင်းထွက်သည့် 'နှင်းနန္ဒာ' ကို သူက ဘယ်လိုများ အကြောင်းပြပြီး ငြင်းဆန်လို့ ရပါ့မလဲ။ မင်းတော့ သေပြီ 'အင်ကြင်းမောင်'။

"ဒါနဲ့ပဲ လက်ခံရတော့မယ့်ပုံပဲ"

"အံမာ . . . နင်က လက်ခံရမှာမှ မဟုတ်တာ၊ သူ့ဆီမှာ တောင်းရမှာ မောင်ရဲ့"

"ဘာကိုလဲ"



www.burmeseclassic.com

"အဖြေလေ ... ဒါလေးတောင် မသိဘူးလား ဝှုံးပို့"

"ဒီအရွယ်ကြီးနဲ့ ဘယ်လိုပြောပြီး ဘယ်အဖြေရပါ့မလဲ၊ မမရဲ့နှင်းက အမာစားဗျ ... မလွယ်ပါဘူး"

"မာတဲ့ဖယောင်းလည်း မီးနဲ့တွေ့ရင် ပျော့သွားတာပဲ မောင်ရယ်"

"အပြောကလွယ်တယ် မမရဲ့၊ လက်တွေ့က ခက်ပါရဲ့၊ ကျွန်တော်က ပန်းဘယ်လိုပွင့်အောင် ပြုစုပျိုးထောင်ရသလဲဆိုတာပဲ သိတာ၊ လူ့စိတ်ကို ဘာမှနားမလည်ဘူးဗျာ"

"အဲဒါကြောင့် နှင် ဂေါ်မစ္စကြီးဖြစ်နေရတာပေါ့၊ ပြောရင်လည်း မကြိုက်ချင်ဘူး။ အကုန်အစအဆုံး သင်တန်းပေးရအောင် အချစ်ကျောင်းဆိုတာ မရှိဘူးဟဲ့ ... ငါနော်"

"ဆက်ရင် ပြီးရောမဟုတ်လားဗျာ"

"ပြီးပြီးရော မပြောနဲ့ မောင်ရယ်၊ မိန်းကလေးက ဘယ်တုန်းကများ စပြောလို့လဲ၊ ကိုယ်က နည်းနည်းပါးပါးလမ်းကြောင်းပေးရ ဟိုက အလိုက်သင့်လေး ခေါင်းညိတ်မှာပေါ့"

"အချိန်က ရှိကြတာကိုး"

"ကြည့်! ... ပြောရင် ဒီအတိုင်းချည်းပဲ၊ သူ့ဆီ မကြာခဏဆက်ပြီး ပြောမှပေါ့၊ ဒီလောက်လေးတောင်မှ မပျိုးနိုင်ဘူးလား ... ညံ့ပါ့ဟယ်"





"ဟုတ်ပါတယ် ... လူကို နှိပ်ကွပ်ဖို့ပဲ စောင့်နေပါ၊ ကျွန်တော် အလုပ်စလုပ်ရတော့မယ် ... ဘာပြောဦးမှာလဲ"

"နှင့်တူက နှင့်ကို လွမ်းနေပြီ၊ မြန်မြန်ပြန်လာပေါ့"

သူ phone ကို ပိတ်လိုက်ရတော့၏။ ဂန္ဓမာတွေ စကြိုထားပြီမို့ ဂရုစိုက်ပေးရတော့မှာပါ။ ဒီရာသီမှာ အပွင့်ညှာပေမယ့် သူက ပန်းပင်တွေကို သားသမီးနှယ် ဂရုတစိုက်ရှိတတ်သဖြင့် (အပင်ဆေး အပွင့်ဆေး ဖြန်းရတာ, ပေါင်းပင်ရှင်းရတာတို့က အစပြုလုပ်ပေးတာမို့) သူပျိုးသည့်ပန်းပွင့်တိုင်း အပွင့်ကြီးပြီး သန်လွန်းတာပါလေ။

ပန်းပျိုးသည့်လက်က အချစ်သစ်ပင်ကို ပျိုးရတော့မှာတွဲသား ရှက်တော့ ရှက်စရာကြီးပါပဲ။ ငယ်စဉ်ကတည်းက မိန်းမဆိုရှိ 'မိသဲစု' နှင့်သာ လက်ပွန်းတတီး ရှိခဲ့တာပါ။ ကောင်မလေးတွေကို ကြည့်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖို့ထက် 'မိသဲစု' နှင့်သာ 'နှင်' နဲ့ 'ငါ' ဆိုပြီး ပြောဆိုခဲ့ကြတာ မဟုတ်ပါလား။ သူက ခပ်အေးအေးကြီးမို့ အနဲတုံ့ဖြစ်ခဲ့ရပြီး လျှာသွက်အာသွက် သာလိကာမ 'မိသဲစု' ကသာ ဗျစ်စွာလွန်းပြီး အသံကျယ်ခဲ့တာပင်။

အချစ်ဆိုတာထက် ရှက်ဖို့ကိုသာ သူတွေးခဲ့တာမို့ 'မိသဲစု' ပြောခဲ့ဆိုရဲတာလည်း ဖြစ်ပေမည်။ 'ဖိုးမောင်ပုံစံနဲ့ မိန်းကလေးကစပြီး Love you ပြောရလိမ့်မယ်' ဟု သူ့ကို သူမ မကြာခဏ စနောက်ပြီး သူက မျက်နှာနီသလို နားရွက်တွေပါ နီရဲခဲ့တာမို့ 'မိသဲစု'



www.burmeseclassic.com

www.burmeseclassic.com



ဟားတိုက်ရယ်မောခဲ့ရတာပါ။ ဤသို့သော အရှက်ကြီးခဲ့ပါသည့် 'အင်ကြင်းမောင်' ပါပဲ။

"ဆရာလေး လာပြီလား"

အမိုးအုပ်ထားပါသည့် စိုက်ခင်းဆီ သူလျှောက်လာစဉ် 'ဦးလေးမြ' က ရေပန်းဖွင့်ရန် ပြင်ဆင်နေပါသည်။ ပျိုးခင်းမို့ ရေများ၍ မရသဖြင့် အပေါ်မှ မိုးဖွဲလေးတွေ ခပ်ဖြည်းဖြည်းကျသလို ခပ်ဖွဖွလေး ဖြန်းပေးရပါ၏။ အပင်အညှောင့်လေးတွေ စထွက်နေပြီမို့ ခရုတွေ, ငှက်တွေ လာကိုက်, လာဆိတ်မှာကို ဂရုစိုက်ရပါသည်။ ညဖက်မှာ မီးဖွင့်ထားပြီး မကြာခဏ စောင့်ကြည့်ရတာမို့ ဒီအချိန်က အိပ်ရေးပျက်ရသည့်အချိန်ပါပဲ။

"ညက ဘယ်သူစောင့်ပေးလဲ"

"မောင်စိုးပါ ဆရာလေး"

"ဒါဆို သူ့ကို ဒီမနက် နားခိုင်းလိုက်ပါ၊ ညနေစိုက်ခင်း ရေပေးချိန်လောက် အလုပ်ဆင်းရင် ရပြီလို့"

"ဟုတ်ကဲ့ပါ ဆရာလေး"

"ပေါင်းပင်တွေ စနေပြီလား"

"စပြီပေါ့ ဆရာလေးရဲ့ အားဆေးဖျန်းသမျှ ဒင်းတို့ ပိုင်းတာ ကုန်တာပဲ ကြည့်လေ"

"ဂရုစိုက်ရမှာပေါ့ဗျာ၊ ဒီစိုက်ခင်းအောင်မြင်ပြီးရင် သစ်ခွ





စိုက်တော့မယ်"

"ဗျာ"

"ဒီကုန်းပေါ်မှာ မဟုတ်ပါဘူး။ ဟိုးအောက်မြေညီမှာ စိုက်မှာပါ၊ အပေါ်မှာက သစ်ခွတွေ ချိတ်ပြီး အောက်မှာ မြေစိုက်သစ်ခွနဲ့ ပိန်းပင်တွေ မှိုစိုက်မယ်"

"သစ်ခွဆိုတော့ အရင်းအနှီးကြီးမှာပေါ့"

"ဒါပေါ့ ဦးလေးမြရဲ့ အပွင့်လှလှလေး အခက်လှလှလေး သာဆို တစ်ပွင့်တည်းတင် သုံးလေးထောင်, တစ်ခက်ဆို သောင်းချီရတာ မြို့ကြီးမြတ်မြတ်ရမှာဗျ။ ဒီလောကီလည်း သိပ်မပင်ပန်းတော့ဘူး"

'ဦးလေးမြ' မျက်နှာ မကောင်းတော့ပါလေ။ ဘာများဖြစ်လို့ပါလဲ။ စိတ်ပျော်ရွှင်ချင်၍ သစ်ပင်ပန်းပင်စိုက်ပါသည်ဆိုမှ ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရတာပါလိမ့်နော်။ သူက သိပ်ပြီး စကားများသည့်သူ မဟုတ်သဖြင့် 'ဦးလေးမြ' ကို ဘာမှမမေးတော့ပါလေ။ ပေါင်းပင်တွေကို စိတ်ရှည်စွာဖြင့် တစ်ပင်ချင်း နှုတ်ရင်း အချိန်က အတော်ကုန်ပြန်လေ၏။

ညနေခင်းရေဖျန်းချိန်မှာ သူနှင့် 'မောင်စိုး' က အတူတူ ဆုံနေပါသည်။ ဒီညစောင့်ဖို့အတွက် တာဝန်ယူထားတာက 'မောင်ချွေး' မို့ စိုနေတစ်ပိုင်း အလုပ်ဆင်းကာ အိပ်ရေးဝအောင် အိပ်ထားခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ 'ဦးလေးမြ' ထပ်မရောက်လာသဖြင့် ပင်ပန်း၍ နားနေသည်ဟု ထင်ကာ သူက မမေးဖြစ်ပါချေ။

"အစ်ကိုလေးက သစ်ခွစိုက်မယ်ဆိုတာ အမှန်ပဲလား"

"အေး . . . စိုက်မယ်ဆိုတိုင်း ဖြစ်တာမှ မဟုတ်ဘဲ၊ မနက် နေရမယ့်နေရာကို အရင်ရွေးရမယ်၊ နေ့လယ် နေလောင်မှာစိုး အမိုးလည်း ရှိရဦးမှာ၊ အပွင့်လှမှ ရောင်းအားကောင်းမှာမို့ အပင်သ ပြီး အရောင်လှတာလည်း ရွေးဝယ်ရဦးမယ်၊ ပြီးရင် အပင်သန်ဆေး အပွင့်ဆေးတို့ အရည်ဖျန်းဖို့ အတွက်လည်း အကုန်ဝယ်ရဦးမှာ"

"ဒါဖြင့် ကြာဦးမှာပေါ့နော်"

"အင်း . . . မိုဦးစလောက် စိုက်နိုင်ရင် အဆင်ပြေမှာပေ့

ညနေ (၅) နာရီကျော်မှ အလုပ်သိမ်းကာ အိမ်လေးရှိရာ သူ ပြန်ခဲ့ပါ၏။ 'မိဖြူ' က လင်ဗန်းလေးကိုင်ကာ သူ့အိမ်ရှေ့ ကားနားရောက်နေလေသည်။ ရေတောင်မချိုးရသေးပါဘဲ ညနေစာ ရောက်လာပါရောလား။ နေအေးချိန်ဖြစ်ပေမယ့် အပူရှပ်မှာစိုး၍ နားရဦးမှာလေ။

"တယ်မြန်းပါလားဟေ့"

"ဦး ထမင်းသိပ်မစားလို့ အမေက အာလူးသုပ်နဲ့ ဟင်း ချက်ပေးလိုက်ပါတယ်၊ မျှစ်အဝါနုနုလေး ပြုတ်ပြီး ကြော်ပေးလိုက် တယ် ဦး။ အသားမစားချင်ဘူးဆိုလို့ပါ"





"အေးအေး . . . ကျေးဇူးပါ"

ကောင်မလေးက ထမင်းအုပ်နှင့် အသုပ်ပန်းကန်၊ ဟင်း ပန်းကန်ကို စားပွဲထက် ပြင်ပေးပြီး ချက်ချင်း မပြန်သေးပါဘဲ စောင့် နေလေ၏။ ရေသန့်ဗူးထဲမှ ရေငှဲ့သောက်ရင်း ငဲ့ကြည့်လိုက်မိစဉ် ဒီတလေးမပါ မျက်နှာမကောင်းမှုန်း သိသာနေပါသည်။ ဘာဖြစ်ကြ ပြန်ပြီလဲ။ မိသားစုအတွင်းရေးများလား။ သူ မစပ်စုရဲပါလေ။

"မပြန်သေးဘူးလား မိဖြူ"

"ဟိုလေ . . . ဦးကို မေးချင်လို့ပါ"

"ဘာများလဲ"

"အဘက ပြောတယ်၊ ဦးက အခု ပန်းခင်းတွေရပ်ပြီး သစ်ခွ ပြောင်းစိုက်ချင်ပြီဆို"

"ဘာ . . . အာ! မဟုတ်တာ . . . ပြောင်းစိုက်မှာမဟုတ်ဘူး။ ဟိုဘက်မြေနေရာလွတ်မှာ ထပ်စိုက်မယ်လို့ ပြောတာပါ။ ဘာလို့ စိုက်ခင်းကို ရပ်ရမှာလဲ"

"ဟင်! . . . ဒါနဲ့ပဲ အဘက အလုပ်ပြုတ်ပါပြီဆိုပြီး စိတ်မ ကောင်းဖြစ်လို့ ထမင်းတောင် စားမဝင်ဖြစ်နေတာ ဦးရဲ့"

"ခော်! ဖြစ်ရလေ . . . အလုပ်မပြုတ်ပါဘူး မိဖြူရယ်၊ လက်ရှိ အလုပ်သမားနဲ့ မလောက်ရင် ထပ်တောင်ခေါ်ရဦးမှာပါ၊ ဘယ်လိုဖြစ် ပြီး နားလည်မှုလွဲရတာပါလဲ၊ အဖေ့ကို သွားပြောလိုက်ပါ မိဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ဦးရယ်၊ အဘက မိဖြူတို့ကို အလုပ်ဖြုတ်လိုက်ရင် ထမင်းငတ်တော့မယ်ဆိုလို့ အမေက ဝမ်းနည်းပြီး ငိုလိုက်တာ ဦးရယ်"

"ဟောဗျာ!"

"ဒါဖြင့် . . . အဘတို့ကို မိဖြူသွားပြောပြလိုက်ပါ့မယ် ဦး"

'မိဖြူ' က သူ့ရှေ့မှာပင် ရှိနေရာမှ လေကားသုံးထစ်ဆီသို့ ပြေးဆင်းသွားလေတော့၏။ ဆင်းရဲသားအဆင့်အတန်းတွေမို့ သူက လူတန်းစားမခွဲခြားဘဲ အလုပ်ခန့်ပြီး လခလုံလောက်အောင် ပေးနေတာပါလေ။ နေစရာ ရှားပါးကြမှန်းသိသဖြင့် အလုပ်သမားတန်းလျားတွေ ဆောက်ပြီးမှ အလုပ်ခန့်ခဲ့တာပါ။

ဒီအလုပ်က ပင်ပန်းကြတာမှန်ပေမယ့် မခိုး မကာစ်ကြပါဘဲ စေတနာအပြည့်ဖြင့် လုပ်ပေးကြတာကို သူ လက်တွေ့သိခဲ့တာ ကြာပါပြီ။ စီးပွားစလုပ်ခဲ့သည့် နှစ်နှစ်တာကာလမှာ ငွေကြေးအရှုံးပေါ်တာမျိုး တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါလေ။ လုပ်သည့်အလုပ်ကိုက လောဘစိတ်နည်းပါးပြီး ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူးလျက် ပန်းကပ်ဖို့ ခရစ်ယာန်ဘာသာဝင်တို့ Sunday တိုင်း Church တက်ကြစဉ် ဘုရားရှိခိုးကျောင်းမှာ အလှပန်းထိုးနိုင်ဖို့ ရည်ရွယ်ပြီး စိုက်ပျိုးရောင်းချ အောင်မြင်ခဲ့ရတာ အမှန်ပါပဲ။

❋ ❋ ❋



## အခန်း (၈)

အိမ်မှာ နှစ်ရက်သုံးရက်လောက် ပြန်နေမည်ဟု အလုပ်သမားတွေကို ပြောခဲ့ကာ စိုက်ပျိုးခြံထဲမှ သူ ထွက်ခဲ့ပါ၏။ သစ်ခွစိုက်ရန် နေရာကို မြေရှင်းခိုင်းပြီး သစ်ခွရုံစဆောက်တော့မှာမို့ ပစ္စည်းတွေ ဝယ်ရတော့မှာပါ။ ဒီတော့ ဘဏ်ထဲမှငွေကို ထုတ်ရန် မဖြစ်မနေ လိုအပ်နေပြီ မဟုတ်ပါလား။

မနက်စောစော ထ,ထွက်ခဲ့ပါ၏။ မမ ပြောပေမယ့် 'နှင်းနန္ဒာ' ကို သူ phone မဆက်ဖြစ်ပါ။ ကိစ္စမရှိပါလေ။ ငွေသွားထုတ်ရင်း ခဏတစ်ဖြုတ် သူမ၏ Mini Mart ကို ဝင်လိုက်လည်း ဖြစ်တာပဲ မဟုတ်လား။ အသံကြားတာထက် လူချင်းမြင်ရတာက ပိုအဆင်ပြေသွားမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ဒီပုံစံကြီးနဲ့ သွားတွေ့မိလို့ကတော့ သူမ ဒေါသ ငယ်ထိပ်တက်သွားမည်သာ။ မျက်နှာပေါ်က အရှုပ်အရှင်းတွေက ထင်ဖြစ်နေသလို ဆံပင်က ခြသေ့ခေါင်းနှယ် ပွယောင်းယောင်း ဖြစ်နေလေတော့၏။ မမ မြင်လျှင်တော့ သူ့ကို တောပုန်းဓားပြကြီးဟု ပြောတော့မှာပါ။ အိမ်ကို မနက် (၇) နာရီခန့် ရောက်သွားသဖြင့် ဟိုပိစိအသည်းတုံးလေး မနိုးသေးပါချေ။

"ရောက်မယ့်ရောက်တော့လည်း နေတောင်မထွက်သေးပါလား။ ဟောတော်! ... နင့်ပုံစံကို နှင်းသာမြင်ရင်တော့ ပက်လက်လန် လဲသွားလောက်ပါရဲ့ မောင်ရယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"အလုပ်ရှုပ်လို့ပေ့ါ မမရာ"

"ဟဲ့! ... ဩော် ... နေ့တိုင်းတော့ ရေချိုးထမင်းစားပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမှာပေ့ါ"

"အလုပ်ကလွဲပြီး ခေါင်းထဲ ဘာမှမရှိဘူး မမရေ့"

"ပြောလိုက်ရင် ဒီတိုင်းချည်းပဲ၊ ကိုကိုက သူ့ဆီလာရင် နှင် တစ်ယောက်တည်းလာတာ မမြင်ချင်ဘူးတဲ့နော်၊ သဘောပေါက်!"

"ကျစ်! ... လာပြန်ပါပြီ"

"ဟုတ်တာပဲ ... တစ်နှစ်သွားကန်တော့လည်း တစ်ယောက်တည်း ဖြစ်ဖြစ်နေတာ မဟုတ်လို့လား"





"အထက်တန်း စာမေးပွဲဖြေတဲ့ကျောင်းသားလို့ မြင်နေတုန်းလားဗျာ၊ လူကို အတင်းကျပ်မတ်နေတော့တာပဲ"

"နင်က ကိုယ့်အသိစိတ်နဲ့ကိုယ်မှ မရှာတာကိုး မောင်ရဲ့၊ ဘာတွေပါလာသေးလဲ"

"အစုံပဲ ... အသီးအနှံတွေနဲ့ ဟင်းသီးဟင်းရွက်တွေ၊ ကိုယ့်ဘာသာ ကားထဲက ထုတ်ယူတော့၊ ကျွန်တော် ခေါင်းကိုက်လွန်းလို့ အိပ်ချင်ပြီ၊ ပြီးရင် ရေချိုးပြီး ဆံပင်သွားညှပ်ရမှာ"

"ဒါတွေကိုများ အလေးခံပြီး သယ်လာရလား"

"မာတုဆေးမဖျန်းဘဲ သဘာဝအတိုင်း စိုက်ထားတာဗျ၊ သူဌေးတွေတောင် ဈေးကြီးပေးဝယ်ပြီး ရှာစားနေရတာ၊ မစားချင်လည်း လွှင့်ပစ်လိုက်"

"ကြည့်! ... နင်ကတော့လေ"

မမကို ဘုပြောပြီး အပေါ်ထပ်သို့ အပြေးတက်လာခဲ့တော့၏။ သူ့အခန်းကို အမြဲသန့်ရှင်းပေးထားတာမို့ အိမ်ရောက်သည်နှင့် ထိုးအိပ်လိုက်ရပါ၏။ Phone အားနည်းနေသဖြင့် plug တပ်ထားကာ အိပ်ရာထက် လှဲချလိုက်ပါသည်။ စိတ်မောလူမောဖြစ်နေခဲ့ရတာ အဘယ်မျှ ကြာနေပါပြီလဲ။ သူ့အရွယ်မှာ Air-con ရုံးခန်းထဲမှာ ထိုင်ရင်း ငြိမ်ငြိမ်လေးနဲ့ ငွေရှာကြသည့် လုပ်ငန်းရှင်တွေသာ ရှိကြ တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နှင့်သာ အများဆုံး အသုံးချပြီး လုပ်ကြသည့် လူငယ်တွေ ရှိကြပေမယ့် သူကဖြင့် ဦးနှောက်သိပ်မစားရပါဘဲ ခေါင်းကြည်စေမည့် အလုပ်ကိုသာ ရွေးချယ်ခဲ့တာ အမှန်ပင်။ သို့သော် ညည်သည့်အလုပ်မဆို မပင်ပန်းသည့်ကိစ္စမျိုး မရှိကြတာ မမှတာပါပဲ။ ဒီတော့ သူရွေးချယ်သည့်လုပ်ငန်းက စိတ်ရောကိုယ်ပါ နွမ်းနယ်မှုဖြစ်စေတာ မဆန်းကြယ်လှပါချေ။

ပန်းပျိုးသူရဲ့လက်က နူးညံ့ခြင်း မရှိပါဘဲ ကြမ်းတမ်းနေရတာ ဘာကြောင့်များပါလဲ။ အထူးသဖြင့် ဘဝရဲ့လက်တွဲဖော် ကြင်ယာဖက် ချစ်သူဆိုတာကို သူက ဘာလို့များ အခုအချိန်အထိ ရှာမတွေ့ခဲ့ရတာပါလိမ့်။ တကယ်ဆို ဒီအရွယ် (၃၅) နှစ်မှာ သူများတွေကဖြင့် အိမ်ထောင်ကျပြီး အနည်းဆုံး သားသမီး (၃) ယောက်ခန့်တော့ ရှိနေကြလေပြီ။ ဝေးဝေးကို မကြည့်ပါဘဲ ‘မိသဲစု’ ကို မြင်နေရုံဖြင့် သိနိုင်ပါသည်။

ငယ်သူငယ်ချင်းမို့ သူ့အပေါ် အားမနာတတ်ဘဲ ပြောရဲ့ရှိသူပါ။ သူ့ကို ခေါ်ပြောနှုတ်ဆက်တိုင်း ‘ဖိုးမောင်’, ‘ရှေခဲတုံး’, ‘ကျောက်တိုင်’ စသဖြင့် မရိုးအောင် ခေါ်တတ်ကျင့် ရှိခဲ့ပါ၏။ သူမကိုယ်ဝန်စရှိချိန်မှာ မျက်နှာလေး ပြည့်ဖောင်းကာ ဗိုက်ကလေး မစူ့တစူနှင့် အတော်လေး ကြည့်ကောင်းသလို ကျက်သရေတို့နှင့် ပြည့်စုံနေတာ အမှန်ပါ။ သူစိမ်းမိန်းကလေးဆို၍ ‘သဲစုဝေ’ ကိုသာ သူ





ရဲရဲကြည့် ရဲရဲပြောဝံ့တာကို ဝန်ခံချင်ပါသည်။

‘ခုထိ မစွံသေးဘူးလား ...ငါ ရှာပေးရမှာလား’ ဟု အပြောခံရတိုင်း သူ ပြန်မချေပဖြစ်ဘဲ ပြုံးရုံသာ ပြုံးနေခဲ့ရုံသာ။ ‘ငါ့သမီးမွေးတာကို မစောင့်လေနဲ့ ဖိုးမောင်၊ ငါက သားချည်းမွေးမယ့်အမေဟဲ့!’ ဟူ၍လည်း သူ စိတ်တိုအောင် စတတ်ပါသေး၏။ အရင်းနှီးဆုံး ရှိခဲ့ပါသည့် သူငယ်ချင်းအပေါ်မှာ ဖြူစင်စိတ်ဖြင့် နှောင်တွယ်မိခဲ့တာပါလေ။

‘မိခင်နှင့်တူသောမိန်းမ’ တဲ့။ ထိုသို့သောခေါင်းစဉ်အောက်မှာ ‘သဲစုဝေ’ ပါဝင်လေ၏။ ကျောင်းမှာ ထမင်းစားချိန် မုန့်ရွေးဝယ်တတ်တာ, ရေမှုးဖွင့်တိုင်း သူ့ကို အရင်ဆုံး ဦးစားပေး၍ သောက်စေတတ်တာကိုက အစ်မတစ်ယောက်နှယ် ရှိခဲ့ပါသည်။ မမတို့နှင့် အလှမ်းကွာဝေးချိန်မှာ သူ့အပေါ် ‘မိသဲစု’ ကသာ ဂရုတစိုက် ရှိခဲ့တာ သူကိုယ်တိုင် သိခဲ့လေ၏။

သံယောဇဉ် ဖိုခဲ့ပါသလား။ သူ သေချာမသိခဲ့ပါလေ။ ဘာပဲစားစား ‘ဖိုးမောင်ဖို့’ ဟူ၍ ယူလာတတ်သည့် သူငယ်ချင်းလေးကို အဖြူရောင်သန့်သန့်ထက် သာလွန်ခဲ့သည့် သံယောဇဉ်မျိုးတော့ သူ့ရင်တွင်းမှာ ရှိခဲ့မည်သာ။ ဘာပစ္စည်းပဲဝယ်ဝယ် တောပင်ကောင်းကောင်းလေးကအစ ‘ရေကောင်းလို့ နင့်အတွက် ယူလာတာ’ ဆိုပြီး အနှမြောမရှိ စေတနာဗလပ္ပဖြင့် ပေးခဲ့သည့် သူ၏သူငယ်ချင်းလေးပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။

ချစ်ခဲ့ပါသလား။ ဒါကိုလည်း သူ သေချာမသိခဲ့ပါ။ ကိုယ့်အပေါ် ဂရုတစိုက်ရှိတိုင်း ဦးစားပေး အလေးထားခံရတိုင်း ကြည်နူးကျေနပ်မိခဲ့တာ အမှန်ပင် ဖြစ်လေ၏။ ရင်ဘတ်ကြီး တဒိုင်းဒိုင်းခုန်ပေါက်ရလောက်အောင်တော့ စိတ်ထဲ မလှုပ်ရှားခဲ့ပါ။ ဒါကို 'အချစ်' ဟု မည်သို့ခေါင်းစဉ်တပ်၍ ရပါ့မည်နည်း။

သို့သော် . . . 'သဲစုဝေ' တစ်ယောက် မင်္ဂလာဖိတ်စာ လာပို့စဉ်ကဖြင့် သူ့ရင်ထဲ အထိတ်တလန့် ဖြစ်ခဲ့ရလေ၏။ ကိုယ်လက်ထဲက အရုပ်လေးကို သူတစ်ပါးလာလုသွားသည့်နှယ် နှမြောတသဖြစ်ခဲ့ရတာပါ။

ထို့ကြောင့်ပင် အချိန်အတော်ကြာကြာအထိ တစ်ယောက်တည်း အထီးကျန်ဝမ်းနည်းစိတ်တို့ဖြင့် ငြိမ်သက်တိတ်ဆိတ်ခဲ့ရခြင်းပါပဲ။

ဒါကို မမတို့က သူ 'အသည်းကွဲသည်' ဟု ယူဆသတ်မှတ်လိုက်ကြတာပင်။ မည်သူနှင့်မျှ စကားမပြောချင်ဘဲ ငြိမ်နေတာကို 'ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်၏' တဲ့လေ။ သို့သော် 'မဟုတ်ပါ' ဟုလည်း သူ မချေပဖြစ်ခဲ့ပါ။ ဘဝတစ်သက်မှာ အမှတ်ရစရာကဏ္ဍတစ်ခုအဖြစ် သူ့ဒိုင်ယာရီစာမျက်နှာထက် သူမ အမည်ရှိခဲ့တာကဖြင့် အမှန်ပင် ဖြစ်လေ၏။





သက်ပြင်းကို ခပ်ရှည်ရှည် ရှိုက်လျက် ပက်လက်လှန်၍ ကြည့်မိစဉ် မျက်နှာကြက်ဖြူဖြူကို ငေးမိပြီးသား ဖြစ်သွားရပါသည်။ 'နှင်းနုရှာ' တဲ့။ မျက်စိထဲ တဝဲလည်လည် မြင်ယောင်နေတာမျိုးလည်း မရှိပါလေ။ ချောသည့်, လှသည်ဆိုတာထက်ပင် သင့်တင့်ကြည့်ကောင်းသည့် ရုပ်ရည်မျိုးဖြင့် မိန်းကလေးပါ။ စီးပွားရေးကို ဦးဆောင်နေပါသည့် မျက်ဝန်းတို့က မာနတို့ဖြင့် လက်နေတာလေ။

ဘယ်မှာလဲ 'အချစ်'၊ ဘယ်မှာလဲ 'ရင်ခုန်ခြင်း'၊ 'ဘယ်မှာလဲ စွဲလမ်းမှု'၊ ဘယ်မှာလဲ 'တမ်းမက်ခြင်း' . . . ဆိုတာတွေ။ ထိုအရာတွေ တစ်ခုမှမရှိပါဘဲ အမှန်တကယ် လက်ထပ်ခြင်းမျိုးက ဖြစ်လာနိုင်ပါ့မလား။ 'အချစ်' ဆိုတာကို တစ်ကြိမ်တစ်ခါလေးမှ မတွေ့ဖူးပါဘဲ အိမ်ထောင်ကျခဲ့လျှင်ဖြင့် စက်ရုပ်လူသားမျိုးလို စိတ်နဲ့လူမပူးတပ်ပါဘဲ ဘဝက ပျော်စရာတွေ ပျက်သုဉ်းသွားရတော့မှာပါ။

ရှုံးတော့မှာပဲ 'အင်ကြင်းမောင်'။ ဒီအရွယ်ကြီးရောက်မှ ရင်ခုန်ခြင်းကို ရှာဖွေချင်ရတယ်လို့။ ပြောကြတာဖြင့် 'အချစ်' ဆိုတာ အသက်အရွယ်နှင့် မဆိုင်ဘူးဆို။ တချို့တွေများ 'အဆိုတော်ကိုင်ဇာ' ၏သီချင်းစာသားထဲကလို နောင်လာမယ့် နှစ်ပေါင်း (၅၀) မှာ မအိုသေးတဲ့ ချစ်ခြင်းတို့ဖြင့် ဆံပင်ဖြူဖြူဖြစ်ပြီး ချစ်ခြင်းတွေ တူညီစွာ ချစ်ကြတတ်တာလေ။

ဘဝဆိုတာ အသက် (၄၀) မှ စတယ်ဆိုပါလျှင် သူက



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ဘဝမစရသေးသည့် လူသားတစ်ဦးဖြစ်နေရပါသလဲ။ 'သားကျွေးမွ မယားကျွေးမွ' ဆိုသည့် အပူတွေကို မယူချင်ပေမယ့် 'သီရိဂေဟာ' ဆိုသည့် မိသားစုကိုတော့ သူလိုချင်တာ အမှန်ပါ။ အပူအပင်မရှာချင်ဘဲ တစ်ကိုယ်တည်းနေခွင့်က သူ့ထံမှာ ရှိပါ့မလား။

အတွေးတွေ ပလုံစီနေရာမှ မျက်ခွံတို့က စတင်လေးလံလာလေတော့၏။ မနက် (၄) နာရီ အစောကြီးထပြီး ကားလမ်းရှင်းချိန်မှာ စိုက်ပျိုးခြံမှ ထွက်ခဲ့ရတာမို့ အိပ်ရေးပျက်ပြီး နားရတော့မှာပါ။ အပူတွေ ခဏဖယ်ထားပါ။ အလုပ်တွေ ခဏနားထားပါ။ နှလုံးခုန်သံမှန်မှန်ဖြင့် စည်းချက်ညီညီ အသက်ရှူရင်း ခဏတာအိပ်စက်မှေးပျော်ခွင့် ရပါစေနော်။

တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်ဖြင့် အိပ်ရေးဝအောင် အိပ်စက်ဖြစ်ပါ၏။ သူ ပင်ပန်းနေမှန်း သိသဖြင့် ဆူညံသံမပြုဘဲ မမလည်း လာမနှိုးတာကြောင့် သုံးနာရီကျော်ခန့် သူ အတော်လေး အိပ်ပျော်သွားရတာပါ။ မှေးမှိတ်ထားပါသည့် မျက်လုံးကို ဖွင့်မိစဉ် phone အားသွင်းထားမိတာကို သတိရသဖြင့် လူက ဆတ်ခနဲ ထထိုင်မိသွားလေ၏။

စားပွဲထက်မှ phone က ပလပ်ဖြုတ်ပြီးသားဖြစ်နေသဖြင့် သူ သက်မချလိုက်မိပါသည်။ မမ ခြေသံမကြားအောင် ဝင်လာပြီး ဖြုတ်ပေးသွားတာ ထင်ပါရဲ့။ Phone အားသွင်းချိန်များလျှင် ကြိုးက





ပူပြီး shock ဖြစ်တတ်တာမို့ သူ မေ့လျော့ပြီး အိပ်ပျော်သွားတာပါ။ မမတော့ ပြောစရာ ရှာတွေ့သွားပြန်လေပြီ။

အပျင်းကြီးနေလို့ မဖြစ်သေးပါဘူး။ ရေချိုးတော့မှာပါပဲ။ အဝတ်တွေထည့်လာသည့် အိတ်ထဲမှာ ဘာမှမရှိတော့သဖြင့် မမတော့ လျှော်ဖို့ ယူသွားမှန်း သိလိုက်ပါသည်။ ခုတင်ထက်မှ ဆင်းလိုက်ပြီး စတ်ထားသည့် အဝတ်အစားတို့ကို ချွတ်လိုက်သလို ပုဆိုးကို ခပ်တို တို ဝတ်လိုက်၏။

သုံးလက်စ တဘက်တွေက တန်းပေါ်မှာ တစ်ထည်မှ မရှိသဖြင့် ဗီရိုဖွင့်လျက် အထပ်ထဲမှ တစ်ထည်ကို ဆွဲထုတ်လိုက်ပါသည်။ ပခုံးထက် တဘက်ကို တင်လိုက်ပြီး အခန်းထဲမှ ထွက်လိုက်၏။ အပေါ်ထပ် ရေချိုးခန်းရှိရာ့ ထောင့်ဆုံးခန်းသို့ သူ ဆက်လျှောက် လိုက်ပါသည်။ ဒီအပေါ်ထပ် ရေချိုးခန်းတွင် Toilet က သူတစ်ဦး တည်း သီးသန့်သုံးဖြစ်တာမို့ အေးအေးဆေးဆေးပင် ရေချိုးနေလိုက် ပါ၏။

ပြီးလျှင် ထမင်းစားမည်။ အပြင်ထွက်၍ ဆံပင်ညှပ်ရမည်။ ဘဏ်သွားရင်း ငွေမထုတ်မိ 'နှင်းနုနွှာ' ထံ ခဏဝင်၍ သွားတွေ့မည်။ ဤနေ့ဖယားက ဤမျှပါပဲ။ မနက် (၁၀) နာရီကျော်မို့ Lunch စား ချိန် စောနေမှန်းသိပေမယ့် သူက ထမင်းစားမှသာ ဗိုက်ဝကျင့်ရှိနေ တာမလေ။ အလုပ်ကြမ်းလုပ်ရသည့် အလုပ်သမားတွေနှင့် နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



အတူတူ လှုပ်နှိုးဝင်ရတာမို့ စောစောထ, စောစောစား, စောစောအိပ် ရသည့်အကျင့်က သူ့ထံမှာ ရှိနေပြီမဟုတ်ပါလား။

"ဟာ! ... ကျစ်!"

လက်က ပါးမြိုင်းမွေး, နှုတ်ခမ်းမွေး ရိတ်ရင်း ဘေဇင်ထဲ ရေဆေးစဉ် ဘောင်ပေါ်တင်ထားသည့် Gel ဗူးတွေကို တိုက်မိသွားပါ၏။ ကော်ဗူးတွေမို့ သံမံတလင်းထက်ကျသွားပေမယ့် မကွဲပါချေ။ သူ့အလုပ်ပြီးမှ ဗူးတွေကို ကောက်မိစဉ် မျက်မှောက်ကြုတ်သွားရပါသည်။ ဘယ့်နှယ် ဘယ်လိုဖြစ်ပြီး မိန်းကလေးသုံး Shampoo နဲ့ Facial Foam ဗူးတွေက ဒီထဲရောက်နေရပါသလဲ။

အောက်ထပ်မှာ 'သင်းသင်း' တို့ အဝတ်လျှော်ရေချိုးချိန် တိုက်လျှင် မမက ဒီမှာ ရေလာချိုးတတ်ပါ၏။ သို့သော် သုံးနေကျ တံဆိပ်မျိုး မဟုတ်တာမို့ အံ့ဩမိသွားရတာပါ။ ဆံပင်က ရေစိုသွားစဉ် ပိုရှည်နေမှန်း သိသာနေပါ၏။ ညှပ်မှဖြစ်တော့မှာပါလေ။

ရေတစ်ဝကြီးချိုးပြီးမှ ရေလဲပုဆိုးကို ခပ်တိုတိုဝတ်ကာ တဘက်ဖြင့် ရေသုတ်လိုက်ပါ၏။ စောစောက ဝတ်ချိုးထားပါသည့် ပုဆိုးကို ဆပ်ပြာရည်ဖြင့် အနည်းငယ်မျှ ဆောင့်၍ လျှော်ကာ ရေဆေးလိုက်ပါသည်။ ဆပ်ပြာနံ့စင်မှသာ ရေစစ်အောင် ညှစ်၍ ခါလိုက်၏။ ဝရန်တာ အဝတ်စင်မှာ လှန်းရမှာမို့ ပုဆိုးကို ကိုင်ရင်း ရေချိုး ခန်းတံခါးကို ဖွင့်လိုက်ပါသည်။



"ဂျလောက်!"

"အား!"

"ဟာ!"

ဘွားခနဲ မြင်လိုက်ရပါသည့် လူရိပ်ကြောင့် သူပါ လန့်သွား သလို အာမေဋိတ်သံ ပြိုင်တူထွက်သွားရပါ၏။

ခေါင်းထက် တဘက်မြှုထားပါသည့် သူက ခန္ဓာကိုယ်ထက် ဗလာဟင်းလင်းဖြစ်နေသဖြင့် တဘက်ကို ရင်ဘတ်ပေါ် အမြန်ဆွဲချ တင်လိုက်ရပါသည်။ အလို! ...ဘယ်လိုဖြစ်ပြီး ဤသို့ ငယ်ငယ် ရွယ်ရွယ် ချာတိတ်မလေးက သူ့ရေချိုးခန်းတံခါးကို လာဆွဲဖွင့်ရတာ ပါလိမ့်။

"လန့်လိုက်တာ ဦးမောင်ရာ ... ဘာပုံစံကြီးဖြစ်နေတာလဲ ... ဟား ဟား ဟား"

"မင်း ... ဘယ်သူလဲ"

"ညို့ပါ"

"ဘယ်က ညို့လဲ"

"ဟာ! ... မမှတ်မိတော့ဘူးလား။ ဦးမောင်ပဲ ငယ်ငယ်က ချစ်လို့ဆိုပြီး ညို့ကို ခဏခဏ လာချီတယ်ဆို"

"ဘာ!"

"အန်တီစုရဲ့တူမ, နေညို့ညို့ပါတဲ့ရှင် ... မှတ်မိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်ထဲမှ ဒိန်းခနဲ ဆောင့်ရှုံ့မြည်လေ၏။ ဘုရားရေ! ...

...ရှိတုန်းက ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဒီအိမ်ကို ရောက်လာရပါ
သလဲ

❋ ❋ ❋



# အလယ်

www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းလေးတစ်ချက်နဲ့ ကိုယ့်နှလုံးသားက အသက်ဝင်ပြီး ချစ်ခြင်းရဲ့ဇာတ်လမ်းတစ်ပုဒ် စတင်ခဲ့ရတာပါ။ အချစ်တွေ၊ အသက်တွေဆိုပြီး အရွယ်နှင့်မလိုက်ဖက်သည့် စကားလုံးတွေကို မပြောဝံ့ မပြောရဲပါလေ။ အရိပ်လေး ကြည့်ရုံမျှဖြင့် စိတ်တွင်းမှာ နှစ်သိမ့်စေခဲ့တာပါ။ ဖွင့်ပြောဖို့ သတ္တိဆိုတာထက် မညီမျှ မလိုက်ဖက်သည့်အရွယ်ခြားနားချက်ကြောင့် တစ်နေရာမှာပဲ ရှေ့မဆက်ဘဲ ရပ်တန့်နေရတာကို နားလည်နိုင်ပါ့မလား။ သေချာတာတစ်ခုကဖြင့် ဒီလူ့ရဲ့ရင်ထဲမှာ မင်းကို ချစ်မြတ်နိုးနေမိတဲ့ နှလုံးသားတစ်စုံ ရှိနေတယ်ဆိုတာပါလေ။

သိပ်ချစ်နေပြီ "ကလေး" ရယ်. . . .။

(အင်ကြင်းမောင်)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

မျက်လုံးပြူး မျက်ဆန်ပြူးဆိုတာ ဒါမျိုးကိုခေါ်သည် ထင်ပါရဲ့။ သူမကို တအံ့တသြကြည့်နေပေမယ့် ရှက်ရွံ့သွားခြင်း မရှိပါဘဲ ပွင့်လင်းစွာဖြင့် ရယ်မောနေတာပါလေ။ 'နေညိုညို' တဲ့။ ငယ်စဉ်က မပီကလာ ပီကလာဖြင့် 'ရိုပါ' ဆိုပြီး ပြောတတ်ပါသည့် ကလေးမလေးကို 'မရမ်းယို'၊ 'ဗီးယို' ဆိုပြီး ချစ်စနိုးဖြင့် သူခေါ်၍ ချီပိုးခဲ့ပါသည့် ကောင်မလေးက ခုတော့ ဒီအရွယ်ရောက်နေပြီတဲ့လား။

စွပ်ကျယ်ဆန်ဆန် ပခုံးပေါ်သည့် ကိုယ်ကျပ်အင်္ကျီကြောင့် မိန်းမသားဆန်သည့် အလှတရားတို့ လှစ်ဟပြထားသည့်နှယ်မို့ သူ့အကြည့်ကို ဖျတ်ခနဲ လွှဲလိုက်ရပါ၏။ ဒူးဖုံးရုံ Quater ဘောင်းဘီက ချိပ်မကျပ်သဖြင့် တော်ပါသေးသည်။ "ကိုကိုအောင်" မှတ်၍ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သားချည်း ရှိနေပါသည့် ဒီအိမ်မှာ ဤသို့ဝတ်စားတာက ပြဿနာမရှိပါ။ သို့သော် . . . သူရောက်လာချိန်မှာမှ ဤချာတိတ်မ ဒီလိုဝတ်စားပုံက စိတ်ရှုပ်ရတော့မှာပါလေ။

"ဒီကို ဘာလာလုပ်တာလဲ"

"ကိစ္စရှိလို့ လာတာပေါ့"

"ဒါနဲ့ ဘာလို့ ဒီအိမ်ရောက်နေတာလဲ"

"အန်တီရိုစ်ခေါ်လို့ လာတည်းတာပေါ့ ဦးမောင်ရဲ့ အန်တီစုကလည်း ညို့ ဒီမှာလာတည်းမှ စိတ်ချတာတဲ့"

ကောင်းပါလေ့။ ဒီအရွယ်မို့ အမျိုးတွေအိမ် မနေစေချင်တာက အကြောင်းမဟုတ်ပါ။ ဒီမှာ သူ ခဏရောက်တုန်း ဤသို့ တရင်းတနှီး ဆက်ဆံပြောဆိုနေတာကမှ အကြောင်းမဟုတ်လား။ သေးသေးလေးကတည်းက ချီခဲ့ပါသည့်လူက မမှတ်မိရပါဘဲ အချီခံရသည့် ချာတိတ်က မှတ်မိနေတာ သိပ်တော့ မဟုတ်သေးပါလေ။ နည်းနည်းလေးတော့ လွဲနေလေပြီ။

"ဘာလဲ . . . ဦးမောင်က မကြိုက်ဘူးလား"

"ဘာကိုလဲ"

"ညို့ ဒီမှာ လာနေတာကိုလေ"

"ဘာဆိုင်လို့လဲ . . . ဒါ ငါ့အိမ်မှ မဟုတ်တာ"

"ကြည့်r . . . အဲဒီလိုတော့ မပြောပါနဲ့။ ညို့က ဦးမောင်တို့





နဲ့ ရင်းနှီးပြီးသားမို့ လာနေဖြစ်တာပါနော်။ နို့မို့ ဘယ်လာနေရဲပါ့မလဲ"

လက်မောင်းကို လာကိုင်လိုက်သဖြင့် သူ ဖယ်ချလိုက်ရပါ၏။ အလိုလေး! . . . တကယ့်ကို တရင်းတနှီးပုံစံနဲ့ပါပဲလား။ ကလေးဘဝတုန်းက ချီပိုးခဲ့တာ ကိစ္စမရှိပါ။ ဒီအရွယ်မှာ ဒီလိုမျိုး လက်ပွန်းတတီးပြုမှုပုံက ကိစ္စရှိလာတော့မှာလေ။ ပြောတော့ဖြင့် မိန်းမတွေနှင့်ကင်းကင်းနေပါဆိုသည့် မမက ဘယ်လိုဖြစ်ပြီး ဘာမှဆွေမတော်မျိုးမစပ်သည့် ချာတိတ်မကို အိမ်မှာ လက်ခံထားရတာပါလိမ့်။

"ဖယ်စမ်းပါ"

"ဦးမောင်ကလည်း"

"ရေစိုကြီးနဲ့ ငါ အအေးမိတော့မယ်၊ နင် ဘာလုပ်မှာမို့လို့ ရေချိုးခန်းတံခါးက ဖွင့်တာလဲ"

"ဆေးစရာရှိလို့ပေါ့"

"ဒါဖြင့် လုပ်စရာရှိတာ ဆက်လုပ်လေ"

ချာတိတ်မ အနီးမှ သူ ခပ်မြန်မြန်လျှောက်ခဲ့ပါ၏။ ရှုံးချင်တယ်နော် . . . ရှုံးချင်တယ်။ ဤပုံစံနဲ့ ဘယ်လိုစခန်းသွားရမှာပါလဲ။ ဒီမှာရှိသည့်အလုပ်တွေ အမြန်ဆုံးလုပ်ပြီး စိုက်ပျိုးခြံကို လစ်မှသာ စိတ်အေးရမှာပါလေ။ 'မိသဲစု' နဲ့ ဤသို့ ခြေပုတ်ခေါင်းပုတ်ရှိခဲ့ပေမယ့် ဘာမှမဖြစ်ခဲ့ပါဘဲ ဤချာတိတ်မ သူ့လက်မောင်းကို ဒီသို့ ကွယ်လိုက်သည်နှင့် ဓာတ်လိုက်သလို ကြက်သီးထွေသတာက



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ပါနည်း။

"ဒေါက်! ... ဒေါက်!"

"မောင် ... နိုးနေပြီလား"

"နိုးပြီ ... နိုးပြီ"

ရုပ်ကြွယ်သီး တစ်နေ့စဉ်မှာပင် မမက တံခါးခေါက်ပြီး အခန်းထဲ ဝင်လာလေ၏။ ရေလဲပုဆိုးက ခုထိ ကော်ဇောထက်မှာ ရှိနေသေးသဖြင့် မမက ကောက်ယူလျက် တန်းပေါ်လွှာတင်လိုက်လေသည်။ အလိုက်တသိ လုပ်ကျင့်မျိုးက မိန်းမတွေဆီမှာပဲ ရှိနေတာများလား။

"ဗိုက်ဆာနေမှာစိုးလို့ လာနှိုးတာ"

"ဆာနေပြီ ... စားပြီးမှ သွားမှာ"

"ဆံပင်ညှပ်ရုံပဲ မဟုတ်လား"

"ဘဏ်သွားစရာရှိသေးတယ်လေ"

"ထုတ်ပြန်ပြီလား ငွေ ... ထည့်တယ်လို့ကိုမရှိဘူး ... မောင်နော်"

"လုပ်ငန်းတိုးချဲ့လို့ပါ မမရာ ... ကျွန်တော့်အလုပ် ကျွန်တော် သိပါတယ်၊ ဘယ်တုန်းကများ အရှုံးပေါ်ခဲ့လို့လဲ"

"အေးလေ ... သိရင်ပြီးတာပဲ၊ ထမင်းပွဲအဆင်သင့်ဖြစ်နေပြီ"





"ဘယ်တုန်းက ရောက်နေတာလဲ"

"ဘယ်သူ ... ခြောက်၊ ညီနဲ့တွေ့ပြီးပြီလား။ နှစ်ပတ်လောက်ရှိနေပြီ၊ ဒီမှာ သင်တန်းလာတက်တာ"

"အောက်ထပ်မှာ မထားဘူးလား"

"လွှတ်လွှတ်လပ်လပ်နေချင်တယ်ဆိုလို့ ဟိုဘက်အခန်းကို ရှင်းပေးလိုက်ရတယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

သူ ခေါင်းသာခါပြလိုက်ရပါ၏။ အိမ်ခဏ ပြန်လာတုန်း ဆန့်ကျင်ပြနေပါက သူ့ကို ပြဿနာရှာသည်ဟု ယူဆဦးပေမည်။ 'သဲစုဝေ' ၏အစ်ကိုအကြီးဆုံးမှ မွေးလာသည့် ကလေးကို ငယ်စဉ်က ရင်းနှီးခဲ့ပါလျက် အခုမှ စိမ်းသက်ဖြလို့ ဘယ်ရပါ့မလဲ။ စိတ်ကိုလျှော့ 'အင်ကြင်းမောင်' ရေ။

"အပေါ်မှာ မထားလို့လည်းမဖြစ်ဘူး မောင်ရဲ့၊ အောက်မှာဆိုရင် သူလုပ်တဲ့ပစ္စည်းတွေက အသည်းတုံးအတွက် အန္တရာယ်တွေချည်းပဲ"

"ဘာပစ္စည်းတွေမို့လဲ"

"ဓားတွေက ကပ်ကြေးတွေလေ"

"ဟင်! ... ဘယ်လိုဖြစ်ပြီး"

"IKEBANA (ပန်းအလှပြင်နည်း) တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သေချစ်မ်း! ... ဘယ်လိုဖြစ်ပြီး သူလုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်မှုရှိနေသည့် သင်တန်းမျိုးကိုမှ လာတက်ရတာပါလိမ့်။ သင်တန်းပြီးတာနှင့် မိုးကုတ်ကိုပြန်လျှင် ပြဿနာမရှိ။ သူ့ခြံကို လိုက်ကြည့်မည်ဆိုတာကမှ ပြဿနာပါ။ 'နေညိုညို' တို့ကတော့ စလာကတည်းက 'ဒေါ်င်' ဆိုပြီး မြည်သံနဲ့ပါပဲလား။

"ပြီးတော့ တခြားသင်တန်းတွေလည်း တက်သေးတယ်၊ မိုးလင်းက မိုးချုပ်ပဲ၊ တစ်ခါတလေ ည (၈) နာရီလောက်မှ ပြန်ရောက်လေရဲ့၊ Bake (မုန့်ဖုတ်ခြင်း) ရော, speaking တွေရော စုံပဲ"

"ကြည့်လုပ်ဦး မမရေ ... မိန်းကလေးဗျ။ အပြင်မှာ ပြဿနာရှိပြီး မမခေါင်းပေါ် ပုံကျနေဦးမယ်"

"ညီကအသက် (၂၀) ရှိနေပါပြီ မောင်ရယ်။ သူ့ကိုယ်သူ ထိန်းတတ်ပါတယ်၊ စိတ်ကသာ ကလေးစိတ်မကုန်သေးတာပါ"

"ဒီအဆက်ပေါက်က ကလေးလား။ ဝတ်ပုံစားပုံက အရွယ်ကို မပြေပါဘူး"

"ပြောပြန်ပြီ ... သူများသားသမီးကို"

မမမျက်စောင်းက သူ့ထံရောက်လာပြန်လေ၏။ ပြောတာများ လွန်သွားသေးလား။ ဒီလို မလုံ့တလုံ ဝတ်ပုံစားပုံက လူမြင်ကွင်းထဲမှာ မျက်မြင်ပါလေ။ ပုဆိုးကို ချုပ်ချုပ်ရပ်ရပ်ဖြစ်စေရန် သေချာပြင်ဝတ်လိုက်ပြီး ပိုက်ဆံအိတ်, သူ့ကားသော့နှင့် phone ကို ယူ





လိုက်ပါသည်။

အသက် (၂၀) တဲ့။ အလိုလေး! ... သူ့ထက် (၁၅) နှစ်ခန့်ငယ်လွန်းသည့် ချာတိတ်မပါပဲ။ သို့သော် ကလေးဆိုပြီး မျက်နှာသာမပေးချင်ပါလေ။ ဒီခေတ်ချာတိတ်မတွေက ခပ်ရှုရှုလေးတွေ မဟုတ်ပါလား။ 'မိဖြူ' ကိုတောင် သူ ဆူဇောက်နိုင်လွန်း၍ အချိုးပြေနေတာပါလေ။

"ညနေမစောင်းဘူး မဟုတ်လား"

"မပြောတတ်သေးဘူး"

"ဘာကြောင့် ဒီလောက်မှမကြာတာ မောင်ရဲ့"

"အချိန်ရရင် သူ့ကို သွားတွေ့မလားလို့ပါ"

"ဘာရယ် ... နှင်းကိုလား"

"အင်း"

"ကြည့်စမ်း! ... ငါ့မောင်က ဒီတစ်ခါတော့ မတိုက်တွန်းရပါဘဲ အလိုက်သိနေပါလား"

လက်မောင်းကို ဖြောင်းခနဲ ရိုက်လေ၏။ အတော်လေး စပ်သွားပေမယ့် သူ ငြိမ်လိုက်ရပါသည်၊ မိန်းမတွေပြောတိုင်း လက်ပါတတ်သည့်အကျင့်က ရှိနေတာ မဟုတ်လား။ မမနှင့်အတူ အောက်ထပ်ကို သူဆင်းလိုက်စဉ် အနောက်ဖက်မှ တဖတ်ဖတ်နှင့် ပြေးဆင်းလာသံကို ကြားလိုက်ရပါ၏။ 'သင်းသင်း' နှင့် 'လင်းလင်း' က



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြေးလွှားကျင့်မရှိသဖြင့် သူမဖြစ်မည့်မှန်း သူ သိလိုက်ပါသည်။

"ဦးမောင်! ဦးမောင်!"

"ကျစ် ... ဘာလဲ ... လေ့ကားကို ပြေးဆင်းလာရလား။ နင်ချော်လဲတာ အကြောင်းမဟုတ်ဘူး။ ငါရော မမပါ အဆစ်ပါမယ်"

"ဦးမောင်ကလည်းလေ ... အခု အပြင်သွားမလား မေးချင်လို့ဟာကို"

"အေး ... သွားမှာ"

"ဒါဆို ညီုလည်း လိုက်မယ်"

"ဘာလိုက်လုပ်မလို့လဲ ... အားအားလျားလျား လျှောက်သွားနေတာ မဟုတ်ဘူး။ ငါ့အလုပ်နဲ့ ငါသွားတာ"

"ညီုက ဝယ်စရာရှိလို့ပါ ဦးမောင်ရဲ့၊ လမ်းကြိုလေးတောင် မခေါ်ချင်ဘူး၊ စိတ်ပုပ်လိုက်တာ၊ မြို့ထဲသွားမှာ မဟုတ်ဘူးလား"

"ဘာဝယ်မှာမို့လို့လဲ၊ Under wear တွေ, ဘာတွေတော့ မဟုတ်လောက်ပါဘူးနော်"

"ကြည့်! ... အဲဒါတွေဝယ်မှတော့ ဦးမောင်ကို ခေါ်ပါ့မလား။ ဒီလောက်တော့ ညီုသိပါတယ်နော်၊ အခုဟာက သင်တန်းမှာ လိုအပ်တဲ့ ပန်းညှပ်ကပ်ကြေးသေးသေးလေးတွေ ဝယ်စရာရှိလို့ပါ၊ တီချယ်တို့ဆီမှာ မရှိလို့ ဝယ်လို့မရဘူး"

"ခေါ်သွားလိုက်ပါ မောင်ရယ် ... သူဝယ်မယ့်ဆိုင်မှာ





ကားရပ်ပေးပြီး ထားခဲ့ရင်ဖြစ်တာပဲ"

"ပြီးရော ... ပြီးရော၊ ဒီပုံစံနဲ့တော့ မလိုက်နဲ့နော်၊ ငါ မခေါ်ဘူး၊ ဝတ်ပုံကိုက ပြူးတူးပြဲတဲနဲ့"

"ညီု ရေချိုးပြီး အဝတ်အစားလဲပြီးမှ လိုက်မှာပါနော်၊ Wait for me. Just (15) minutes, please!"

အပေါ်ထပ်သို့ ပြန်ပြေးတက်သွားပြန်လေ၏။ ပြာကလပ်ကို စိန်နေတာပါပဲလားနော်။ မျက်စိနောက်ပါတယ်ဆိုမှ 'မိဖြူ' ထက် ဝိုက်ကဲသည့် Lady အသေးစားနှင့်မှ လာကြုံရတယ်လို့ စိတ်ရှုပ်ရပါ၏။ ဗိုက်လည်း အတော်ဆာနေသဖြင့် ထမင်းစားခန်းမှာ သူ နေ့လယ်စာ စားရန် ထိုင်လိုက်ပါသည်။

"နေတိုင်း အဲဒီလိုချည်းပဲလား"

"ဟုတ်ပါ့! ... ကြည့်လိုက်ရင် နောက်ကျနေပြီဆိုပြီး ပြေးလွှားနေတာပဲ"

"ဒါက ဘာလဲ ... ပဲပင်ပေါက်ထဲမှာ"

"ညီုလေ, ညီု ... ဟင်းချက်သင်တန်းလည်း တက်နေတယ်ဆိုလားပဲ၊ အဲဒါ ပဲပင်ပေါက်ထဲ ရောချက်ထားတာ၊ စားကြည့် မောင်ရဲ့၊ အရသာတော့ ရှိတယ်"

ပဲပင်ပေါက်ပဲပြားကို အနေတော်လှီး၍ မကြော်ပါဘဲ အလုံး သိမ်လေးတွေ တုံးပြီး ကြော်ထားသလို တရုတ်နံနံနှင့် ကန်စွန်းရွက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိမ်းလေးတွေပါ ရောထားသဖြင့် colour က ဆန်းနေလေ၏။ 'နေညိုညို' တို့တော့ လုပ်ချလိုက်ပြန်လေပြီ။ အချက်အပြုတ်သင် တန်းပါ တက်နေသတဲ့။ ရန်ကုန်မှာ သူမ ထပ်တက်စရာ ဘာသင်တန်း တွေများ ကျန်နေသေးလည်း မသိတော့ပါလေ။

"ဝါသနာအရလား။ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ပါလေရာ ငပိချက် လား"

"ဘာပဲလုပ်လုပ် ပြီးမြောက်အောင်မြင်အောင်တော့ လုပ် တတ်ပုံ ရပါတယ်ဟယ်၊ နင်ကလည်း ..."

"ကိုမျိုးနဲ့ မမမွှေးကလည်း ဒီအရွယ်လေးကို စိတ်ချလက်ချ လွှတ်ရဲလိုက်တာ"

"ပြောပြီးပြီလေ ... ညိုက သူ့ကိုယ်သူ ထိန်းတတ်ပါတယ် လို့"

"မိသဲစု ညွှန်လိုက်တာ မဟုတ်လား"

"ဒါပေါ့ ... ဒီအိမ်မှာပဲ စိတ်ချတယ်တဲ့"

"ဘယ်တော့မှ သင်တန်းတွေ ပြီးမှာလဲ၊ သူများသားသမီး ကြည့်ပေးရတာ မမ တာဝန်ကြီးတယ်"

"ရှူး! ... တိုးတိုးပြော၊ ကလေးကို နှင်လွှတ်သလို ဖြစ်နေ မယ်"

"ထောင့်မှမကျိုးတာ"





"နင်က အဘိုးကြီးမျက်စိနဲ့ ကြည့်တာကိုး"

"ကိုကိုအောင်ရော ဘာမှမပြောဘူးလား"

"ဘာပြောမှာလဲ၊ နဂိုကတည်းက နင့်အစ်ကိုက လူအေးပဲ ဟာ"

"လူအေးဆိုပြီး ဖော့မတွေးနဲ့၊ ဟိုက ဆတ်စလူးပုံစံနဲ့ ခြေပုတ်ခေါင်းပုတ်တွေ လုပ်နေရင် အခက်ပဲ မမရဲ့"

"ကိုအောင့်ကိုတော့ အဲဒီလို မလုပ်ပြုပါဘူး။ ဘာလဲ ... နင့်ကို အဲဒီလို ညို လုပ်လို့လား"

"အဟွတ်! ... အဟွတ်!"

ထမင်းသီးလေပြီ။ မှားပြီကော 'အင်ကြင်းမောင်' ကိုယ့်ကို ငယ်စဉ်ကတည်းက ရင်းရင်းနှီးနှီးရှိခဲ့၍ ဤသို့ပြုမူတာကို အထင် သေးမိတာ မဟုတ်လား။ သူများ သားပျိုသမီးပျိုကို ပျစ်ပျစ်နှစ်နှစ် ပြောမိတာကမှ သူ့အပြစ်ဖြစ်နေရတယ်လို့။ 'မိသဲစု' သာ သိလျှင် သူ့ကို ကလော်တုတ်တော့မှာပါလေ။

"ဦးမောင် စားပြီးရင် သွားမယ်နော်"

အသက်ရှူမှားရလောက်အောင် ဝတ်ပြတာများလား။ အကျော်ကျော်ခန့် Mini Shirt အနက်ရောင်လေးနှင့် အပေါ်မှ blouse အဖြူ (ရင်ဘတ်မှာ ဖဲပြားကြိုးအပွင့်လေး) နှင့် တွဲဝတ်လာ ပါသည့် သူမက ဆံပင်လိမ်ခွေခွေလေးတွေကို ခပ်မြင့်မြင့် တစောင်း လေး



www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ထားသည့် Fashion ပုံစံမျိုးနှင့် လှနေတာပါလေ။ အသက် (၂၀) အရွယ်ဟု မမြင်ဘဲ (၁၇) (၁၈) ခန့်သာ ရှိမည်ဟု ထင်မှားလောက်စရာပါ။

ရင်ဘတ်ဆီမှ ဒိန်းခနဲ ဆောင့်မြည်သံက 'အင်ကြင်းမောင်' ကို Danger ဟု သတိပေးလိုက်သည့်နှယ်ပါလေ။

❋ ❋ ❋



## အခန်း (၁၀)

ထမင်းစားပြီးပြီမို့ ထိုင်ခုံမှ ထလိုက်ပါ၏။ ဟင်းတွေစုံပေမယ့် ပါးစပ်ကမြင့် စားလို့မကောင်းပါချေ။ ခရီးပန်းလာတာမို့လည်း ဖြစ်နိုင်ပါ၏။ အချိန်ဆိုတာ 'ရွှေ' ပင် မဟုတ်ပါလား။ ဒါကြောင့်မို့ အချိန်မဖြုန်းနိုင်ပါဘဲ အပြင်ထွက်လျှင် အလုပ်တစ်ခုမဲ မဟုတ်သလို သုံးလေးခုပြီးအောင် လုပ်ကျင့်က သူ့ထံမှာ ရှိနေလေသည်။

"ဖောက်! ဖောက်! ဖောက်!"

"ကျစ်! ... လုပ်ပြီ"

အိမ်ရှေ့ဘက် ထွက်လိုက်စဉ် 'နေညိုညို' က သူ့ကားရှေ့မှာ ခပ်နွဲ့နွဲ့လေး မှီရပ်နေရင်း ပါးစပ်မှဝါးနေသည့် pk ကို တပေါက်ပေါက် ဖောက်နေလေ၏။ ချစ်စဖွယ်လှပလွန်းပါသည့်ပုံစံလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မအပ်စပ်သည့် အကျင့်ပါပဲလား။ သူ့မျက်စိနှင့် ဒီချာတိတ်မ ပုံစံကဖြင့် ဘယ်လိုနည်းမှ အံမဝင်နိုင်ပါလေ။

"အဲဒီပီကေကို ထွေးမထုတ်ရင် ငါ့ကားပေါ်တက်ဖို့ မစဉ်းစားနဲ့ ... ဒါပဲ"

"ဘာဖြစ်လို့လဲ ဦးမောင်ရဲ့"

"ဝါးပြီးရင် ကားပေါ် ဟိုကပ်ဒီကပ်လုပ်တော့မှာ မဟုတ်လား အမိရဲ၊ ငါ သိပြီးသား"

"Rule ကလည်း တင်းလိုက်တာကွာ၊ ညီ့က စည်းကမ်းရှိပါတယ်၊ စားကုန်လို့ ထွေးရင်တောင် အခွံစက္ကူလေးနဲ့ထုပ်ပြီးမှ ပစ်တာပါ ဦးမောင်ရဲ့"

"မရဘူး ... ထွေးဆိုထွေးမှပေါ့၊ ငါ့စကား နားမထောင်ရင် မလိုက်နဲ့"

"ကြည့်! ... ထွေးပြီ ... ထွေးပြီ ရပြီလား"

သူမက ပြောသည့်အတိုင်း ငွေရောင်စက္ကူလေးဖြင့် ပီကေကို ထုပ်ပြီးမှ အမှိုက်ပုံးရှိရာဆီသို့ သွားပစ်လေ၏။ လူကြီးကို ဆန့်ကျင်ပြချင်ပေမယ့် စကားနားထောင်တာမို့ တော်ပါသေးသည်။ ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်ပေးစဉ် သူ မျက်လုံးပြူးရပြန်လေ၏။ အလိုလေး! သူမ ဆိုးထားပါသည့် Lip gloss က အနီရဲရဲရှိလက်နေတာပါပဲလား။

"ကြည့်စမ်း! ... နှုတ်ခမ်းကို ဘာကြီးဆိုးထားပြန်တာလဲ"





"လှအောင်ပေါ့ ဦးမောင်ရဲ့၊ ဘာလဲ ... ဒါလည်း မကြိုက်ပြန်ဘူးလား"

"မကြိုက်ဘူး။ ခုချက်ချင်းဖျက် ... လူမြင်ရင် နောက်ချင်အောင် ဆိုးရတယ်လို့"

"ရန်ကုန်ပဲလေ ဦးမောင်ရာ"

"ရန်ကုန်မကလို့ Foreign ပဲဖြစ်ဖြစ် မိန်းမကောင်းပုံစံ မဖြစ်တဲ့ အရောင်မျိုး မသုံးစမ်းနဲ့ နေညိုညို၊ လူကြီးပြောရင် ဟုတ်ကဲ့ တစ်ခွန်းပဲ သုံးတတ်အောင် ကျင့်စမ်းပါ"

မျက်စောင်းက ဒိုင်းခနဲရောက်လာလေ၏။ Tissue ဖြင့် ရဲရဲ နှုတ်ခမ်းကို အရောင်ကုန်အောင် သုတ်စဉ် သူ အကြည့်လွှဲလျက် သက်ပြင်းရှိုက်ကာ ကားစက်နှိုးလိုက်မိ၏။ ရင်မောရပါလားနော်။ သင်းပျံ့ပျံ့ရနံ့က ကားထဲပျံ့နေသဖြင့် အသက်ရှူရကျပ်သည့်နှယ် ခံစားနေရလေသည်။ မင်းတော့ မလွယ်ပါလား 'နေညိုညို'။

"ဦးမောင်ရည်းစားကိုလည်း အဲဒီလို ဟိုဟာမကြိုက်ဘူး၊ ဒီဟာမလုပ်နဲ့ဆိုပြီး ချုပ်ချယ်တာပဲလား"

သူ ဘာမှပြန်မပြောဖြစ်ပါ။ မရှိတဲ့ ရည်းစားအကြောင်းကို မည်သို့ပြောရပါမည်နည်း။ စလွယ်သိုင်း၍ လွယ်ထားသည့် Slim bag (ကြိုးရှည်) ထဲမှ မိတ်ကပ်ဗူးကို နှိုက်ယူဖွင့်ပြန်လေ၏။ ခက်ပါ့၊ 'နေညိုညို'။ သူတစ်ယောက်လုံးရှိနေတာတောင်မှ မရှက်ပါဘဲ အလှ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးမလိုလား။

"အဲဒီလိုသာဆို ဦးမောင်ဘေးကနေ မြန်မြန်ပြေးလိမ့်မယ်"

"မင်းနဲ့ဆိုင်လို့လား"

"ဆိုင်လို့ပြောတာပေါ့"

"ဘာ"

"ညို့ကို အန်တီစုက Power လွှဲပေးလိုက်တာရှင့် ဦးမောင်မစွံမချင်း ပြန်မလာနဲ့တဲ့"

"ဘာပြောတယ်"

"တကယ်ပြောတာ"

သေစမ်း! ... ဘာသဘောနဲ့များ ကလေးကို မဟုတ်တာတွေ လုပ်ခိုင်းလိုက်ပါလိမ့်။ 'မိသဲစု' တို့များ လင်ယူကလေးရပြီးတာတောင် ငြိမ်ငြိမ်အေးအေး မနေနိုင်ဘဲ သူ့အတွက် ပူနေသေးတာလေ။ မိန်းမတွေများ အတော်လေးကို သူများကိစ္စ စွက်ဖက်ချင်ရတာပါလိမ့်။

"ကိုယ့်ကိစ္စမဟုတ်ဘဲ စိတ်မဝင်စားစမ်းပါနဲ့၊ ကလေးက ကလေးလိုနေစမ်း"

"ဦးမောင်လည်း အန်တီစုလို ဟောက်ဆောကျင်ကြီးပဲ၊ လူကို ဘွဲ့ရပြီးတာတောင် ခုထိ ကလေးလို မြင်နေကြတုန်း။ Baby မဟုတ်တော့တဲ့ Lady ပါတဲ့ရှင်၊ လောလောလတ်လတ် ရည်းစားတစ်ခုလယ် အသည်းတစ်ခြမ်းပဲ့ရှင့်! ... သိရဲ့လား"





သူ ယောင်ယမ်းပြီး ကားဘရိတ်ကို နင်းလိုက်မိပါ၏။ လမ်းထိပ်ရောက်နေပြီမို့ ခပ်ဖြည်းဖြည်းကွေ့ဖို့ အချက်ပေးရမှာဖြစ်ပေမယ့် ဘရိတ်အုပ်လိုက်မိသဖြင့် သူမက ကားရှေ့သို့ ငိုက်ကျသွားပါသည်။ သတိထားတတ်သည့် သူ့လက်က သူမရှေ့သို့ အလိုလို ကာပေးပြီး သား ဖြစ်သွားရပါ၏။ သေတော့မှာပဲ 'အငြကြင်းမောင်'။

"ဘာဖြစ်သွားလဲ ... ဘာဖြစ်သွားလဲ"

"လန့်လိုက်တာ ဦးမောင်ရာ၊ ညို့တော့ နှလုံးရပ်တော့မှာပဲ၊ ရန်ကုန်ရောက်မှ လုပ်ကြံခံရတယ်လို့"

သူကမှ နှလုံးရပ်တော့မှာ အမှန်ပါ။ ဘုရားရေ! ... လောလောဆယ် ရည်းစားတစ်ခုလပ်တဲ့လား။ အသည်းတစ်ခြမ်းပဲ့နဲ့ ကောင်မလေးကြောင့် သူ့ရင်ထဲ ဖြောင်းဆန့်ပြီး နှလုံးခုန်မြန်နေတော့တာပါလေ။ ဘယ်လိုဖြစ်ပြီး ရည်းစားနဲ့ ပြတ်တာကို နှုတ်များက ပေါ့ပေါ့လေး ပြောနိုင်ပါလိမ့်နော်။

"မူးသွားလား"

"အဲဒါ ဦးမောင်ကို, ညို့မေးရမှာ၊ ဘယ်လိုဖြစ်ပြီး ဘရိတ်ကို ရုတ်တရက် နင်းလိုက်ရတာလဲ၊ တော်သေးတာပေါ့ ... လမ်းမပေါ်မှာဆို အကုန်တိုက်ပြီး Ambulance စီးနေရလောက်ပြီ၊ တကယ်ပါပဲ"

"ဖွ! ... မဟုတ်မဟာ် မပြောနဲ့စမ်း၊ ဘယ်ကို ဆရင်ပို့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ''

''ဦးမောင်ဆံပင်အရှင်ညှပ်လေ၊ ညီ့ကြ အရေးကြီးတာမှ မဟုတ်တာ''

''သင်တန်းသွားရမှာဆို''

''ဒီနေ့ နားရက်ပါ''

''ဒါဖြင့် ငါသွားလေရာ လိုက်ဖို့ စဉ်းစားထားသလား''

''ဒါပေါ့ ... သိသားပဲ''

''ကျစ်! ... ရှုပ်လိုက်တာ''

''သိနေတယ်လေ ... ဒီလိုပဲ ပြောမယ်ဆိုတာ''

သူမအိတ်ထဲရှိ phone မှ Ring Tone လေး မြည်လာလေ၏။ သူမက ထုတ်ကြည့်လိုက်ပြီး မကိုင်ဘဲ အိတ်ထဲပြန်ထည့်လိုက်သဖြင့် phone က အဆက်မပြတ်မြည်နေလေတော့သည်။ ကြည့်ရတာ ကောင်လေးနှင့်စကားများ စိတ်ဆိုးပြီး ဒီကိုလွင့်လာတာပဲ ဖြစ်မည်ထင်ပါရဲ့။ အခုလည်း ဟိုချာတိတ် phone ခေါ်တာကို မကိုင်ချင်ပုံပါ။

''Phone မကိုင်ဘူးလား နားငြီးတယ်ကွ''

''အရေးမကြီးတဲ့ phone မို့ မကိုင်တာပေါ့ ဦးမောင်ရဲ့''

''တစ်ဖက်သားကို လေးစားမှု ရှိရမှာပေါ့''

''လေးစားစရာမှမရှိတာ၊ မျက်နှာများတဲ့မောင်ဆိုတာ





သီချင်းထဲမှာပဲ နားထောင်လို့ကောင်းတာပါ၊ အပြင်မှာတော့ so sorry ပဲ၊ ညီ့တို့က ရည်းစားဖောက်ပြန်ရုံနဲ့ ဝမ်းနည်းပက်လက် မျက်ရည်ပင်လယ်ဝေမယ့် မိန်းမမျိုး မဟုတ်ဘူး။ Do or Die ... One go, Two come ပဲ''

ဟိုက် ... ပြောမိတာတာသာ သူ့အမှားပါ။ တကယ့်ကို ပြဿဒါးနေ့ပါပဲလား။ ဝမ်းမနည်းဘူးဆိုသော်ငြား လေသံက တုန်သွားသလိုမို့ သူ ရိပ်မိပါ၏။ ရည်းစားဦးမို့ အရှုံးအမူးချစ်ခဲ့သည်ထင်ပါရဲ့၊ ဒီအရွယ်မှာ အပျော်ဆိုပြီး ရည်းစားထားတတ်ကြတာပါ။ အခုတော့ မလွမ်းဘူးဆိုပြီး သူမက မျက်ရည်ဝဲရတယ်လို့။

''ညီ့ ဘာဘွဲ့ရခဲ့တာလဲ''

''B.Sc (Botany). Qualified ဝင်ပေမယ့် လုပ်ရမှာတွေ၊ အချိန်ကုန်ရမှာတွေကြောင့် ကျောင်းဆက်မတက်ဖြစ်ဘူး''

ကြည့်စမ်း! ... ဒါလည်း သူနဲ့ဆက်နွှယ်နေပါသည့် ဘာသာရပ်ပါပဲလား။ စာတော်စာကြိုးစားခဲ့သည့်ကလေးက ဘယ်လိုဖြစ်ပြီး ရည်းစားအပျော်တွဲခဲ့ရတာပါလိမ့်။ အံ့သြစရာပါပဲလား 'နေညီညီ'။ စာတစ်ခုတည်းကိုသာ အာရုံစိုက်ပြီး ကြိုးစားခဲ့ပါက ဒီလိုမျိုး အသည်းကွဲဖို့ မဖြစ်တော့မှာလေ။

''ညီ့လည်း စာမှစာဆိုပြီး အာရုံစိုက်ခဲ့တာပါပဲ၊ အဲဒီစာအစ်ချုပ်ကိုပဲ သိခဲ့လို့ အသည်းဟက်တက်ကွဲခဲ့ရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

အလို! ... သူ့စိတ်ထဲ တွေးသမျှ သူမက ဘယ်လိုသိပြီး ပြောနေတာပါလိမ့်။ စိတ်ဆိုတာ ကိုယ်ထဲမှာတောင် သိစိတ်နှင့်မသိစိတ်ဆိုပြီး နှစ်မျိုးကွဲပြားနေတာတောင်မှ သူ့စိတ်ကို မြင်နေရတယ်လို့ မင်း ဘယ်လိုလဲ 'နေညိုညို'။ ဘာကို ကြိုမြင်၊ကြိုသိနေရတာပါလဲ။

"မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုလို့ သူ့ကိုပဲ အတည်တွဲခဲ့တာပါ၊ သူ့မိတ်တွေက ညို့ကို ဘာမှမသိ၊ ဘာမှမတတ်ဘူးဆိုပြီး အထင်သေးကြတယ်၊ အဆိုးဆုံးက One line နဲ့ Face book မှာ ပိုင်က မိန်းကလေးတွေနဲ့ စုံတွဲခုတ်ပြနေတာက ဒီရင်ထဲ ပိုနာတယ် ဦးမောင်"

ဘုရားရေ! တစ်ခဏလေးအတွင်း ရင်ဖွင့်နေရပါရောလား။ မမေးပါဘဲ အလိုလိုပြောနေသည့် စကားတို့ကြောင့် ရင်ထဲမှာ ဝိုရှိနွမ်းလျစေသည့်နှယ်ပါ။ အရွယ်ငယ်ငယ်လေးနဲ့ ခံစားခဲ့ရသည့်ဝေဒနာက မမျှတလိုက်တာ ကံကြမ္မာရယ်။ မြင်စက ဆတ်စလူးလေးဆိုပြီး အမြင်နှင့်ထင်မှတ်ခဲ့ခြင်းက ယခုတော့ဖြင့် ကရုဏာသက်ခြင်းသို့ ကူးပြောင်းရချေပြီ။ ဒုက္ခတော့ရောက်ပြီထင်ပါရဲ့ 'အင်ကြင်းမောင်'။

'ပိုင်'တဲ့လား။ ဒါကြောင့်မို့ မိန်းကလေးတွေရဲ့အလုပ်တွေ အကုန်တတ်မြောက်အောင်လို့ သင်တန်းအစုံကို ဒီမှာလာတက်နေတာပါလား။ ပြောတော့ဖြင့် နောက်ကိုလှည့်မကြည့်ချင်ပုံနှင့် လုပ်နေသည်။





ရည်ရွယ်ချက်မျိုး မခံချင်စိတ်ဖြင့် ရှေ့သို့ လှမ်းချီနေသလိုပါလေ။ ရင်မောရပါလား 'နေညိုညို' ရယ်။

ကားကို သူ ဆံပင်ညှပ်နေကျဆိုင်ရှေ့မှာပင် ရပ်လိုက်ပါ၏။ ယောကျ်ားလေးဆိုင်မို့ ဆိုင်ထဲမှာ အရွယ်စုံယောကျ်ားတွေရှိပေမယ့် သူမက ဘာမှမမှုသလို ဆိုင်ထဲသို့ လိုက်ဝင်ပြီး စာအုပ်တွေကို တဖျပ်ဖျပ်ဖြင့် လှန်လှောကြည့်နေလေသည်။ သူ့ခေါင်းကို ကိုင်နေကျ ဆံပင်ညှပ်ဆရာက သူ့ရင်ဘတ်ရှေ့မှ ပဝါအုပ်ပေးစဉ် သူမထံမှ အသံထွက်လာလေ၏။

"ခဏနေဦးနော် ... ဒီပုံစံလေး ညှပ်ပေးပါ"

"ဗျာ ... ဒီဆရာက ညှပ်နေကျပုံစံမျိုးပဲ"

"ညိုပြောတဲ့အတိုင်း လုပ်ပေးပါရှင့်"

"ကျစ်! ... နေရာတကာ ပါပြန်ပြီလား"

"ဦးမောင်ကို ရုပ်ပိုကိုယ်နေစေချင်တဲ့ စေတနာအပြည့်နဲ့ ပြောနေတာပါနော်၊ Trust me, please! ... ဒီပုံမျိုး ညှပ်ပေးပါ၊ ညို့ဦးမောင်ကို မြင်သမျှ lady တွေ ပစ်ကျယိုင်လဲကုန်အောင်လို့ ... အလန်းလေး"

"ဒီချာတိတ်မနဲ့တော့ ခက်တာပါပဲ၊ ကဲ! ... လုပ်လိုက်ကျော်ရေ ... ဒီနေ့ မြန်မြန်ပြီးမှဖြစ်မှာ"

သူမ ညွှန်ပေးသည့်အတိုင်းပင် သူ့ဆံပင်က ခပ်တိုတိုပါးပါး



www.burmeseclassic.com

www.burmeseclassic.com



လေး ညှပ်ဖြစ်လေ၏။ ဘေးခွဲရှေ့ဆံပင်က အနည်းငယ်မျှ ထူနေပေမယ့် သူ့မျက်နှာနှင့် လိုက်ဖက်နေတာ အမှန်ပါ။ မဆိုးပါဘူး။ ဒီချာတိတ်မ အရွေးတော်သားပါပဲလား။ ဆံသဆရာပင် သူ့ကို ကြည့်ရင်း ပြုံးစိစိဖြစ်လာပုံပါ။

"တွေ့လား … မိုက်သွားပြီ၊ ညို့ကို ယုံပါလို့"

"ယုံမှတ်လို့ ပုံအပ်မိရင် ငါကတုံးဘဝရောက်သွားမှာပေါ့ကွ"

"ကြည့်! ဦးမောင်နော် … ဒီမှာ ညိုရှင်းမယ်၊ ညို့ဆီကယူ"

"မဟုတ်တာ"

"ဦးမောင်မကြိုက်ဘူး မဟုတ်လား။ ညိုပဲ ဆတ်ခေါ့မိလို့ ငွေရှင်းပါ့မယ်၊ တကယ့်လောက်စာလုံးပဲ"

"ဘာလဲကွ … လောက်စာလုံး"

"ခွစာလို့ ပြောတာလေ"

မှတ်ကရော! … ဆိုင်ထဲမှလူတွေ အုန်းခနဲ ရယ်ကုန်ကြလေပြီ။ ဒီချာတိတ်မကြောင့် သူတော့ အရှက်ကွဲတော့မှာပါပဲလား။ ဆိုင်ထဲမှ အမြန်ဆုံးထွက်စဉ် သူမ၏လက်ကောက်ဝတ်ကိုတော့ မမေ့မလျော့ဆွဲခဲ့မိလေ၏။ ဆိုင်ထဲမှာ သူမ ကျန်ရစ်ခဲ့လို့မဖြစ်တာကို။

ဘာတခေါက်ဝင်ပြီး ငွေထုတ်တာ သိပ်မကြာပါ။ 'နှင်းနန္ဒာ' ထံ





ဝင်လျှင် လက်ဆောင်တစ်ခုခုဝယ်သွားမှ ကောင်းမည်ဟု တွေးမိပါ၏။ သို့သော် … မိန်းမတွေ အကြိုက်ကိုဖြင့် သူဘာတစ်ခုမှ မတွေးတတ်ပါလေ။ မမသာသိလျှင် 'ဒါကြောင့် လူပျိုကြီးဖြစ်နေတာ' ဟု နှိပ်ကွပ်ဦးမည်သာ။

"မိန်းမတွေ ဘာကြိုက်သလဲ"

"Money"

"ကျစ်! … လက်ဆောင်ပေးစရာရှိလို့ မေးနေတာ၊ ကောင်းကောင်းဖြေပေါ့"

"စိန်၊ ရွှေ၊ ပတ္တမြား တန်ဖိုးရှိတဲ့ တန်ဆာတွေ၊ ဒါမှမဟုတ် အိတ်၊ ဖိနပ်၊ အဝတ်အစား အသုံးအဆောင်၊ ကြိုက်တာဝယ်ပေးပါလေ့၊ ဦးနှောက်စားစရာမှမလိုတာ၊ ဒါနဲ့ ဘယ်သူ့ကိုပေးဖို့လဲ"

"မင်းရဲ့အန်တီလေး တော်စပ်မယ့်သူကို"

"ကြည့်စမ်း! … ဒီလောက်ရှင်းပေးထားတဲ့ပုံစံနဲ့ သူ့ကိုသွားတွေ့မှာပေါ့လေ၊ ဦးမောင်မမိုက်ဘူးကွာ၊ မတရားဘူး"

"ဟောဗျာ! … နေရင်းထိုင်ရင်း"

သူမ မကျေနပ် နှုတ်ခမ်းစူသွားပေမယ့် လက်ဆောင်ကိုတော့ အလိုက်တသိ လိုက်ရွေးပေးပါ၏။ 'နှင်းနန္ဒာ' က ဣန္ဒြေရှိသည့် အမျိုးသမီးမို့ မျက်စိထဲယဉ်စေမည့် slimbag အညိုရောင်ကိုသာ ယူဖြစ်လေသည်။ Mini Mart ထဲသို့ ဝင်ခဲ့စဉ် ရုတ်တရက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် သူ့ကို မထင်မှတ်စွာ 'နှင်းနန္ဒာ' ကြိုဆိုပါ၏။ သို့သော် ... သူ့လက်မောင်းကို ချိတ်၍ ပြုံးပြလိုက်ပါသည့် ချာတိတ်မကြောင့် မျက်နှာပျက်ရပါလေ၏။

❋ ❋ ❋



## အခန်း (၁၁)

"လက်စားချေလိုက်တာ" တဲ့။ အပြောက လွယ်ပါပေ့။ သူမ အရွဲ့တိုက်ပြီးလုပ်သည့်ကိစ္စက ကိုကိုနှင့်မမထံ သတင်းပေါက်ကြားပြီး သူ့ခေါင်းကို ဆင်နှင်းကိန်းပါပဲ။ ခေတ်ကာလကလေးတွေများ သင့်,မသင့် မချင့်ချိန်ပါဘဲ စိတ်ထဲရှိသလို ဇွတ်လုပ်တတ်တာ သဘာဝပဲ ထင်ပါရဲ့။

"အာ! ဘာလုပ်တာလဲ မမရာ ... ခဏလေးပြန်လာတဲ့ မောင်ကို ဒီလိုနှိပ်စက်နေရလား"

"ဟင်! နင်လုပ်ပုံကရော ကောင်းလို့လား။ နှင်းဆီ သွားတာ ဘာလို့ ဟိုကလေးမကို ခေါ်သွားရတာလဲ"

"မမပဲ ထည့်လိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း အပြင်မှာ ခဏထားခဲ့မှပေါ့၊ ဘယ်လိုဖြစ်ပြီး အိကြာကွေးလို နှစ်ချောင်းပူးပုံစံနဲ့ နှင်းကို သွားတွေ့ရတာလဲ၊ အိတ်ကို လက်ဆောင်ရတာ ဝမ်းသာပေမယ့် Half Feel ကြီးနဲ့ လက်ခံလိုက်ရပါသတဲ့, နှင်းက . . ."

"ကျွန်တော့်တူမလို့ မိတ်ဆက်ပေးပါတယ်ဗျာ"

"တူမဆိုပြီး ချိတ်ထားတဲ့လက်ကို မဖြုတ်တာက ဘာသဘောလဲ၊ နှင် တော်တော် အသားယူတတ်လာပါရောလား မောင်"

"ကျစ်! . . . မဟုတ်တာ မမရာ၊ သူ တမင်လုပ်ပြတာ[illegible] မနာလိုလို့တဲ့"

"ဘာကိုမနာလိုရတာလဲ"

"သူရွေးပေးတဲ့ Hair style ညှပ်ပြီး သူ့ကို သွားတွေ့[illegible] တဲ့လေ"

"နှင်"

"ခေါက်! ခေါက်!"

မောင်နှမနှစ်ယောက်သား သူ့အခန်းထဲမှာ ကျိတ်၍ [illegible] များနေပေမယ့် မမက အသံထက် လက်က မြန်တာမို့ သူ့လက်[illegible] က ငါးဖယ်ဖြစ်နေတော့ပါ၏။ ရုတ်တရက် တံခါးခေါက်သံ ထွက်[illegible] သဖြင့် စကားပြောရပ်လိုက်ရသလို တစ်ယောက်မျက်နှာ တစ်ယော[illegible] ကြည့်လိုက်မိပါသည်။ "နေ့ပြော နောက်ကြည့်၊ ညပြော [illegible]





ကြည့်' ဆိုတာ မှန်သောစကားပါပဲလား။

"ဦးမောင်"

"ဘာလဲ"

"ညီမ့်ဝယ်လာတဲ့ပစ္စည်းက တစ်ခုလိုနေတယ်"

"ဝယ်ဖို့ကျန်ခဲ့တာလား"

"List ရေးပြီး ဝယ်တာ မကျန်ဘူးလေ၊ အခုထုတ်စစ်မှ လိုနေတာ၊ ဦးမောင်ရဲ့ကားထဲမှာ ကျန်ခဲ့တာများလားလို့"

"ကျစ်! . . . ဒါဆိုလည်း မနက်မှရှာကွာ၊ ကားက ဂိုဒေါင်ထဲ ရောက်နေပြီ"

"မရဘူး ဦးမောင်ရဲ့၊ အဲဒီ Cutter ကမှ တကယ်အသုံးလိုတာ၊ မနက်ဖြန် သင်တန်းမှာသုံးရမယ်၊ အခုကတည်းက ယူထားမှ ဖြစ်မှာပေါ့"

"အတော်ဖယားရှုပ်ပါလားကွာ"

"အမယ် . . . အခုတော့ ဒီလေသံ ထွက်လာပြီပေါ့လေ၊ ဦးမောင်ရဲ့ lady အတွက် အကြံဉာဏ်ယူတုန်းက ဒီလိုပဲလား။ ညီမ ကိုယ်တိုင် ရွေးပေးတဲ့ အိတ်ကြောင့် (၁၅၀၀) တန် Smile gift ပြန်ရခဲ့တာကို ကျေးဇူးမတင်ဘူး။ တကယ်ပဲ မုန်းလိုက်တာ၊ ဒါဆို ထားသော့ပေ။ ညီမ့်ဘာသာညီမ ဖွင့်ရှာမယ်"

"ကဲကဲ! . . . ငါကိုယ်တိုင်ပဲ ရှာပြီး ယူလာပေးပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



မနေညီညီ၊ ရရင် ပြီးရောမဟုတ်လား"

"ဒါမှပေါ့ ... ညီညီဦးမောင် Clever!"

ပြုံးမြမြမျက်နှာလေးဖြင့် တံခါးဟါ လာပြောသည့် 'နေညီညီ' က ခဏလေးဖြင့် ပျောက်သွားပါ၏။ မပျောက်သေးတာက သူ့မမပါပဲ။ လူကို တအံ့တသြဖြင့် မျက်လုံးပြူးပြီး ကြည့်နေလို့ပါလေ။ စားပွဲပေါ်မှ ကားသော့ကို လှမ်းယူလိုက်စဉ် မမလက်က သူ့ဗိုက်ကို ဆွဲလိုက်လေသည်။

"အ!"

"ဘာသဘောလဲ"

"ဘာကိုလဲဗျာ"

"ညီညီဦးမောင်ဆိုတာကို မေးနေတာလေ"

"ဘယ်သိမှာလဲဗျာ၊ သူ့ဘာသာသူ ပြောတာကို"

"နင်နော် ... နင့်ထက် အသက် (၁၅) နှစ်ငယ်တဲ့ ကလေးကို"

"ဟာ! မမက ဂျပန်မူလီပဲဗျာ၊ အတော် အရစ်ရှည်တာပဲ"

"ဘာပြောတယ်"

"ကလေးက ဦးမောင်ပဲ ခေါ်ခေါ်၊ ဦးချစ်ပဲခေါ်ခေါ် ... ဘာဖြစ်လဲဗျာ၊ ပြဿနာမှ မဟုတ်တာ"

"ကြည့်စမ်း! ... ဘာကလေးလဲ၊ နင် သူ့အပေါ် အတော်





အကဲပိုနေပြီလား မောင်၊ နှင်း စိတ်ပူအောင် မလုပ်ပြချင်နဲ့"

"ရော်! ... နေရင်းထိုင်ရင်း ဆူးကြားက ဘူးခါးဖြစ်နေပြီ၊ ဟိုချာတိတ်မက တစ်မျိုး၊ မမက တစ်မျိုး၊ နှင်းနန္ဒာက တစ်မျိုး၊ အားလုံးပေါင်း သုံးမျိုးကြားမှာ နေရအောင် ကျွန်တော်က 3D ကဒ်လား"

"ကြည့်!"

"မမရဲ့ baby က လောလောလတ်လတ် ရည်းစားနဲ့ပြတ်ပြီး ဒီကိုလွင့်လာတာပဲ၊ မေးလည်းကြည့်ဦး ... ကျွန်တော့်လို အဘိုးကြီးကို ပစ်ကျပ်မလားလို့"

"ပြောနိုင်မလား၊ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးဆိုတာလည်း ရှိတာ သိရဲ့သားနဲ့"

"ကျွန်တော်က ကြောင်ဖြစ်နေရင်လည်း ကြော်ပေးတဲ့ ငါးကြော်ထက် ငါးကင်ကို ပိုကြိုက်တယ်ဗျာ၊ ရှင်းပြီလား၊ တော်ပြီ ... အရည်မရ အဖတ်မရ၊ ပြဿနာကို မရှင်းနိုင်ဘူး၊ စိတ်ရှုပ်ရတဲ့ကြားထဲ"

သူက အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာခဲ့ပါ၏။ ညစာစားကာနီးအချိန်မှာမှ အလုပ်ရှုပ်ခိုင်းရတယ်လို့။ ဟိုကလေးမကလည်း တစ်မျောင့်!။ လူရှေ့သူရှေ့မရှောင် 'ညီညီဦးမောင်' လို့ သုံးပြရသလား။ 'နှင်းနန္ဒာ' ရှေ့မှာလည်း ထိုသို့သုံးလို့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပူသွားရတာပါလေ။ 'ကျွန်တော် ငယ်ငယ်ကတည်းက ထိန်းပေးခဲ့တဲ့ ကလေးပါ' ဟု ဖြေရှင်းပြပေမယ့် လက်မောင်းကို မလွှတ်တမ်း ချိတ်တွဲထားတာကို မြင်ပြီး 'နှင်းနန္ဒာ' အင်တင်တင်ဖြစ်နေခဲ့တာ မဟုတ်ပါလား။

ဖယားက ရှုပ်ပျို 'နေညိုညို'။

"ဂျလောက်!"

အိမ်ဘေးပေါက်တံခါးကို ဖွင့်လိုက်ပြီး ကားဂိုဒေါင်ထဲသို့ ဝင်လိုက်ပါ၏။ ကားရှေ့ခန်းတံခါးပေါက်ကိုဖွင့်ကာ ဟိုဒီရှာလိုက်ပါသည်။ အရှေ့မှာပဲ ခေါ်ထိုင်ခဲ့သဖြင့် သူ့မပစ္စည်းတွေက ဒီနေရာမှာသာ ရှိနိုင်တာပါ။ ဟိုဒီလှန်လှောရှာပေမယ့် ဘာမှမတွေ့သဖြင့် စိတ်တို လာရလေ၏။ ဤချာတိတ်မတော့ အခန်းထဲမှာ ပျောက်တာကို မရှာဘဲ သူ့ကို အလုပ်ပိုစေလေပြီလား။

"ကျစ်! ... ဟော"

ခုံနှစ်လုံးကြားလေးထဲမှာ ထောင်လိုက်လေးဖြစ်နေသည့် ကတ်ထူဘူးပြားလေးကို တွေ့လိုက်ရသဖြင့် လှမ်း၍ ကုန်းနှိုက်လိုက်ပါ၏။ ခပ်လေးလေးဘူးထဲမှာ ပစ္စည်းရှိနေပုံ ရလေသည်။ ကောင်မလေး မညာဘူးဘဲဟု တွေး၍ ခန္ဓာကိုယ်ကို ပြန်မတ်လိုက်စဉ် ခပ်သင်းသင်းရနံ့ကို ရှူရှိုက်လိုက်ရလေသည်။

"တွေ့လားဟင်! ... ဦး"





ကားတံခါးဖွင့်ထားသည့်ကြားထဲ ဝင်လာတာမို့ လူနှစ်ဦး အနေအထားက အတော်လေး နီးကပ်သွားရတာပါ။ ရေချိုးပြီးကာစမို့ Shower Gel ခပ်သင်းသင်းလေးကို ရှူလိုက်ရခြင်းပါပဲ။ အနေရ ခက်သည့် အနေအထားမျိုးဖြစ်အောင် ပြုမူရတယ်လို့ ... မင်းနဲ့တော့ ခက်ပါရဲ့ 'နေညိုညို'။

"ငါရှာပေးမယ်လို့ပြော ..."

"ဟယ်! ဟုတ်တယ် ... ဟုတ်တယ်၊ ညီပြောတာ အဲဒီ Cutter ပဲ၊ ဝယ်ခဲ့တဲ့ပစ္စည်းတွေထဲမှာ ဈေးအကြီးဆုံး ဦးမောင်ရဲ့ ပစ္စည်းက ရှားလည်း ရှားတယ်"

မင်းကရော မရှားဘူးလား 'နေညိုညို'။ ဒီလောက် အနား ကပ်ပြီး ရပ်နေမှဖြင့် ဒီရင်ဘတ်ကြီးက တဒုတ်ဒုတ်နဲ့ အခုန်မမြန်ဘဲ နေပါတော့မလား။ စောစောကပဲ မမ သတိပေးတာကို အကြောအလည် ချေပခဲ့တာမှ ပူပူနွေးနွေးပဲ ရှိသေးပါလျက် စကားက ပျက်လေပြီ။ ရှင်မောပါဘိ 'နေညိုညို'။

"ကဲ! ... ရော့ ... ရော့ ... မယ်မင်းကြီးမရဲ့၊ အလုပ်ကို ရှုပ်တယ်"

"ညီ့ကို အရှုပ်ထုပ်လို့ ဆိုလိုချင်တာပေါ့လေ"

"သိရင်ပြီးတာပဲ"

"ဦးမောင်နော် ... ညီသာ ဝင်ရှုပ်ရင် ဦးမောင်ရဲ့ lady



www.burmeseclassic.com

www.burmeseclassic.com



ကြီးပါ ကိုင်တက်သွားမယ်မှတ်၊ ဒီက သနားလို့သည်း ကူညီရသေးတယ်၊ စေတနာကို တန်ဖိုးမထားဘူး"

"သူကများ ပြောင်းပြန်ပြောနေသေး Lady ကြီး မဟုတ်ပါဘူးကွ၊ နှင်းနန္ဒာက ငါ့ထက် (၆) နှစ်လောက် ငယ်ပါတယ်"

"ဟွန်း! ... တစ်နှင်းတည်း နှင်းပြနေလိုက်တာ၊ အမြင်ကတ်စရာကြီး၊ ငယ်တဲ့လူက အကြီးကို ရိုသေသမှုပြရမှာပေါ့၊ ခုတော့ ဖြင့် Style တစ်ခွဲသားနဲ့ ပဲကိုင်နေပြီး မာနကလည်း ကြီးပုံရသေးတယ်၊ မမိုက်ပါဘူးကွာ"

"ကြည့်စမ်း! ... သူများကို ပျစ်ပျစ်နစ်နစ် ဝေဖန်နေလိုက်တာ၊ ဟိုက မင်းထက် နှစ်ပြန်အသက်ကြီးပေမယ့် ပိုထက်မြက်တယ်ကွ၊ မင်းကရော ငါ့အပေါ် ရှိသေလို့လား ... ပြောစမ်းပါဦး"

"အို! ... ဦးမောင်ရဲ့နှင်းနဲ့ ညို့ကို ယှဉ်စရာလား၊ သူက သူ၊ ညိုက ညိုပဲဟာ၊ သူကမှ ဦးမောင်အတွက် သူစိမ်းအခြေအနေပဲ ရှိသေးတယ်၊ ညိုကမှ ဦးမောင်ရဲ့Special"

"ဘာ"

အလို! ... Special တွေ ဘာတွေဆိုပြီး ပိုင်းခြားပြနေပြန်ချေပြီ။ ဒီကလေးမှ သူမ ပြောနေသည့်စကား ဘယ်အတိုင်းအတာအထိ ရောက်နေပြီ။ ဘာသဘော သက်ရောက်နေပြီဆိုတာကိုရော နားလည်ပါရဲ့လား။ ပြောချင်ရာ စွတ်ပြောပြီး အနိုင်ရချင်စိတ်သာ





ပိုကဲနေသည့်နှယ်ပါ။ ခက်ပြီကော 'အင်ကြင်းမောင်'။

"နေရာက ယှဉ်ပြချင်နေသေးတယ်၊ ကလေးက ကလေးလို မနေဘူး"

"ဒီအရွယ်က ကလေးလား၊ ဘယ်နေရာမှာ ကလေးနဲ့တူနေလဲ၊ ပြောပါဦး ဦးမောင်ရဲ့"

မျက်နှာကို မော့ပြလိုက်သဖြင့် သူ ခြေလှမ်းကို နောက်ဆုတ်လိုက်ရလေ၏။ အလိုလေး! ... အန္တရာယ်ဆိုတာတွေကို ဤချာတိတ်မ မမြင်သလိုပါပဲလား။ ဒီနေရာမှာ သူမဟုတ်ဘဲ အခြားသူစိမ်းယောကျ်ားသာ ဖြစ်နေပါလျှင် ရင်လေးစရာပါ။ မင်းအတွက် ရင်မောရပါလား 'နေညိုညို' ရယ်။

"ငါ့မျက်စိထဲမှာတော့ ခုချိန်ထိ ကလေးပဲ မြင်တာပေါ့၊ ငယ်ငယ်ကတည်းက ချီခဲ့တာပဲဟာ"

"အခုချီနိုင်သေးလို့လား"

"မချီပါဘူး၊ မနိုင်လို့ လွှတ်ချမိရင် မြီးညှောင်ရိုးကျိုးသိမ့်မယ်"

"ကြည့်! ... ဦးမောင်နော်"

"မိုက်ဆာပြီ"

ရင်ဘတ်ထဲမှာ တဒိန်းဒိန်း ခုန်နေပေမယ့် မသိချင်ယောင်ဆောင်ကာ ကားကို သော့ခတ်ပြီး လှည့်ထွက်လိုက်ပါ၏။ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရန် ခြေလှမ်းလှမ်းလိုက်စဉ် သူမက သူ့လက်မောင်းကို ဆွဲ၍ နိုကာ ပါးနှင့်ကပ်ပြီး လမ်းလျှောက်ပြန်လေသည်။ ငါနော် . . . သေတော့မှာပဲ။

"ဘယ်လိုဖြစ်နေလဲ . . . ကိုယ့်ဘာသာကိုယ် လျှောက်စမ်းပါ"

"ညီ့ကို မချစ်တော့ဘူးလား ဦးမောင်ရာ"

"ဟာ . . . ကျစ်!"

"ငယ်ငယ်တုန်းကတော့ ချစ်လို့ဆိုပြီး ပါးကို . . ."

"တိတ်စမ်း! . . . ကလေးဘဝကကိစ္စကို ဒီအရွယ်ထိ ဆွဲခေါ်မလာနဲ့"

"ဟင်း ဟင်း . . . အခု လူကြီးဖြစ်ပြီဆိုတာ ဝန်ခံပြီပေါ့လေ"

"လွှတ်စမ်းပါ ညီရာ . . . မမ တွေ့ရင် ပြဿနာပဲ"

"ဘာဖြစ်လို့လဲ"

"နင်က အရွယ်ရောက်နေတဲ့ လူငယ်လေ"

"အဲဒီတော့"

"ကျစ်!"

"ဟင်းဟင်းဟင်း . . . ဒါလေးကိုတောင် ရှက်တတ်နေရင် ဦးမောင်ရဲ့ Snow ကို ဘယ်လိုမျိုး ထိလို့ရပါ့မလဲ"





"ဘာပြောတယ်"

"အချစ် ဘယ်ကာစ"

"မသိဘူး"

"အထိအတွေ့က စတာလေ၊ ဒါလေးတောင်မှမသိဘဲ ရည်းစားက ထားချင်ရတယ်လို့"

"တော်ပြီ . . . ဘာမှမပြောနဲ့ . . . ဖယ်"

လက်ကို အတင်းဖြုတ်ပြီး အိမ်ဘေးတံခါးကို lock ချလိုက်ရပါ၏။ 'နေညိုညို' က သူ့ကို မျက်စောင်းထိုးပြီး သူ့ရှေ့မှ အိမ်နောက်ဖက်သို့ ဆက်ဝင်သွားလေသည်။ ထမင်းစားခန်းထဲမှာ ပြင်ဆင်နေသည့် မမထံမှ ခေါ်သံကြားရသဖြင့် သူလည်း လိုက်ခဲ့ရပါ၏။ ည (၇) နာရီထိုးနေတာတောင်မှ အသည်းတုံးက အခုထိ မအိပ်သေးပါချေ။

"လာပြီ မမရေ"

"နင်တို့ စားနှင့်ကြစမ်း၊ ဟိုအကောင် အိပ်ချင်တာနဲ့ သောင်းကျန်းနေပြီ"

"မမ မစားသေးဘူးလား"

"အေး . . . နင့်အစ်ကိုကို စောင့်ဦးမယ်"

"ဦးမောင် . . . မစားနဲ့ဦးနော်၊ မနက်ဖြန် သင်တန်းမှာ လက်တွေ့လုပ်ရမှာမို့ ညီ့လက်ရာကို အရင်ဆုံးမြည်းကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ငါးကြင်းကင်လေ ...မီးသွေးငွေ့ငွေ့နဲ့ ကင်ထားတာ၊ Colour လည်း လှတယ်၊ လုံးဝမတူးဘဲ ကြွပ်ကြွပ်ရွရွလေး ...စား ကြည့်ပါဦး"

မမက သူ့ကို မျက်စောင်းခဲလိုက်လေ၏။ စောစောလေးက တင် ငါးကင်ကြိုက်သည်ဟု ပြောခဲ့တာ မှားပြီလား။ 'နေညိုညို' က ဝါးတူးဖြင့် ငါးကင်ကိုဖဲ့ပြီး သူ့ကို ခွံ့ကျွေးနေလေပြီ။ သေလိုက် ပါတော့ 'အင်ကြင်းမောင်'။ ကြောင်မိုက်ဘဝတော့ ရောက်နေပြီ ထင်ပါရဲ့။

❋ ❋ ❋



## အခန်း (၁၂)

မိုးလင်းနေပြီမှန်း သိနေပေမယ့် အိပ်ရာထဲ ဆက်၍ နှပ်နေ မိပါ၏။ ဒီမှာပဲ ဖိမိရှိအောင် အိပ်လို့ရတာ မဟုတ်ပါလား။ နောက် နှစ်ရက်လောက်ဆို စိုက်ခင်းခြံသို့ သူ ပြန်ရမှာပါ။ လှပ်ငန်းခွင်ဝင်သည် နှင့် စောစောထကျင့်ဖြစ်ရပြီး နေ့လယ်နေ့ခင်း တစ်ရေးတောင်မှ မမှေးဖြစ်ပါချေ။

ပြတင်းပေါက်ဖွင့်ထားသဖြင့် အပြင်မှလေအေးတို့က ခပ် ဖြည်းဖြည်း တိုက်ခတ်နေပါ၏။ ဒီလိုအချိန်လေးမှာ အေးသည့်အရသာ တို့ ခံစား၍ ရတာပါ။ တစ်ရက်တစ်လေ အကျင့်လေးပျက်တာပဲ ဘာဖြစ်လဲနော်။ နိဗ္ဗူဝ စက်ရုပ်နှယ် လှုပ်ရှားနေရသဖြင့် သံပတ်လေး ခါထိမှ လျော့သွားရုံပါပဲ၊ အတွေးဖြင့် ပြုံးလိုက်ပြီး ဖက်လုံးကို ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ထျက် ကိုယ်ခန္ဓာကို တစ်ဖက်သို့ စောင်းလှည့်၍ အိပ်လိုက်ပါသည်။

"ဦးမောင် ... ဦးမောင်"

သဲ့သဲ့မျှ ခေါ်သံကို ကြားနေပေမယ့် မျက်လုံးကို မဖွင့်ကြည့် မိပါ။ မိုးလင်းတာနှင့် ဒီအသံက စကြားရတာ မဟုတ်လား။ ပြောတော့ ဖြင့် မနက်မိုးလင်းကနေ မိုးချုပ်အထိ သင်တန်းတွေ တက်ရသည် ဆိုပြီး သူ့ကို ဂျီကျ ဂျစ်တိုက်ဖို့တော့ အချိန်ဖယ်ထားသလိုပါပဲ။

"ဦးမောင်"

"အင်း"

"မထသေးဘူးလား။ မနက် (၈) နာရီ ထိုးနေပြီ"

"ထိုးပါစေ ... ဟင်!"

လက်မောင်းကို တွန်းထိုးလှုပ်ရမ်းလိုက်သဖြင့် သူ မျက်လုံး ကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်မိ၏။ အလိုလေး! ... သူ့ဘေးနားမှာ ရပ်ပြီး ခေါ်နေသည့်လူက 'နေညိုညို' ဖြစ်နေပါရောလား။ ဘယ်လို ဖြစ်ပြီး အခန်းထဲရောက်လာရပါသလဲ။ ညက တံခါးကို lock မချမိတာ များလား။ မဟုတ်သေးပါဘူး။ သူက အိမ်မှာ ဘယ်တုန်းကမှ တံခါး lock ပိတ်ပြီး အိပ်ကျင့်မှ မရှိတာလေ။

"ဘာလာလုပ်ပြန်တာလဲ!"

"အာ ... လန့်လိုက်တာ ဦးမောင်ရာ။ ဒီလောက် နီးနီးလေး ရှိနေတာတောင် အော်ရလား"





"အော်မှာပေါ့ ... ဘာလို့ ငါ့အခန်းထဲ မပြောမဆိုနဲ့ ဝင် လာရတာလဲ၊ သင့်,မသင့် ဘာမှမတွေးဘူး"

"တွေးရအောင် ညိုတို့က သူစိမ်းလားလို့၊ ညိုဦးမောင် အခန်းထဲ ဝင်တာပဲ ... ဘာဖြစ်လဲ"

လာပြန်ပြီလား ... ဒီ 'ညိုဦးမောင်' ဟူသည့် အသုံးအနှုန်း၏ ငါနော် ... အတော်အသည်းယားနေပါပြီ။ ဒီပုံစံနဲ့တော့ သူ ဒီမှာ ဆက်နေနေ၍ မဖြစ်ပါလေ။ ဒီချာတိတ်မလုပ်နေပုံနှင့် သူက မမအိမ် ပေါ်မှ ခေါင်းနှင့်ဆင်းဖို့သာ မြင်နေရတာ မဟုတ်လား။ ဒီအသက် အရွယ်ကြီးရောက်မှ ကိုယ့်ထက် အသက် (၁၅) နှစ်ငယ်သည့် ကလေး ကို မှန်ပေးကြိုက်သည်ဆိုပြီး 'နွားအို မြက်နုကြိုက်' ဟု အထင်တသေး အပြောခံရမှာက သူပင် မဟုတ်ပါလား။ နံရံနှင့် ခေါင်းကိုသာ ပြေး ဆောင့်လိုက်ချင်ပါရဲ့။

"ပြောစရာရှိရင် အပြင်မှာပြော၊ အခုချက်ချင်း ထွက်"

"ဦးမောင်မှ မထသေးတာကို"

"နင်ပူဆာသမျှ လိုက်လုပ်ပေးနေရအောင် ငါ့ကိုများ ၁၀၉/၁၁၀ များ မှတ်နေလား"

"ဒါတော့ ညိုလည်း သိတာပေါ့၊ ညိုရှိတုန်းလေး နည်း နည်းပါးပါးတော့ အလိုလိုက်ပေးပါလား"

ကျစ်! ... အဲဒီနည်းနည်းပါးပါးကနေ များများစားစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတော့တာလေ။ မနေတတ် မထိုင်တတ်သည့် ကလေးက အပြောမခံရပါဘဲ ကြီးကောင်ကြီးမားဖြင့် သူက အပြောခံရမှာ အသေအချာပါ။ ကလေးဆိုတာက မသိနားမလည်တဲ့ အရွယ်တဲ့လေ။ သူက လူကြီးအရွယ်မို့ ဘယ်တော့မဆို ဆင်ခြင်ပြီး နေတတ်ရတာ မဟုတ်လား။

"နင့်ကို အလိုလိုက် အကြိုက်ဆောင်ရအောင် ငါက အားနေလို့လား"

"ဦးမောင်ကလည်းလေ . . . အရုဏ် သိနေအောင် အိပ်နေပြီး စကားကြီး စကားကျယ်နဲ့ ပြောနေပြန်ပါပြီ"

"ငါ့ဘာသာ အိပ်ပဲအိပ်အိပ်၊ ရှမ်းပဲ ထိုးထိုး . . . နင့်အပူလား"

"ကြည့်!"

"ဘာပြောမလို့လဲ . . . ပြော"

"အဲဒီလိုမှပေါ့ ဦးမောင်ရဲ့၊ ညီ့ကို သင်တန်းလိုက်ပို့ပေးနော်"

"ဘာ"

မျက်လုံးပြူးရပြန်လေပြီ။ တွေ့လား . . . အဆင့်က ထပ်တက်ပြန်ပြီ မဟုတ်လား။ အခုမှပဲ သဲကန္တာရထဲနင့် ကုလားအုတ်ပုံပြင်လိုဖြစ်နေလေပြီ။ 'နည်းနည်းလေးပါ' ဆိုပြီး တဲထဲသို့ တစ်ကိုယ်





လုံး ဝင်လာသလို သူ့ရင်ဘတ်ထဲသို့ ဝင်လာလျှင်ဖြင့် အန္တရာယ်အကြီးကြီး ဖြစ်လာတော့မှာပါ။ မင်းနဲ့မှ တကယ့်ပြဿနာပါပဲလား . . . 'နေညိုညို' ရယ်။

"ခါတိုင်းတော့ ကိုယ့်ဘာသာကိုယ် သွားနေပြီးတော့ ဘယ်လိုဖြစ်ရတာလဲ"

"ညီ့မှာ အသုံးပြုတ်ခါနီးဖြစ်နေလို့ပေါ့ ဦးမောင်ရဲ့၊ အိမ်ကမှ မပို့သေးတာ"

"ဒါဆို ချေးတာသုံးပေါ့ကွ၊ ပိုက်ဆံဆိုတာ ကိုယ်ကချစ်မှ ကိုယ့်ကို ခင်တွယ်မှာပေါ့၊ ရှာဖြင့် မရှာနိုင်သေးဘဲနဲ့ . . . မိဘပိုက်ဆံကို ရေလိုဖြုန်းနေရလား"

"ဟာ! . . . စောစောစီးစီး ဆုံမှက်နေပြန်ပါပြီ၊ အဘွားကြီးကျနေတာပဲ၊ ညီ့ဘွားဘွားတောင် ညီ့ကို ဒီလိုမပြောဘူး"

"အဲဒီလို အလိုလိုက်လွန်းလို့ နင် ဆိုးနေတာပေါ့"

"ဘယ်မှာဆိုးလို့လဲ၊ နေ့စဉ် ကားခ၊ Taxi ခနဲ့ သင်တန်းကြေးတွေရယ်၊ နောက်ပြီးတော့ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ ဝယ်ရတာရှိတော့ ကုန်တာပေါ့လို့၊ ညီ့မှာ မုန့်စားချင်တာတောင်မှ စားချင်သလို မစားရဲဘူး"

"Taxi က ဘာကိစ္စ စီးရတာလဲ"

"ည (၈) နာရီလောက်မှ ပြန်ရတော့ Taxi မစီးရင် မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ ညီ့က ဒီမြို့မှာ လည်ပတ်ဖို့ ကျွမ်းကျင်တာမှ မဟုတ်ဘဲ၊ ဟိုဒီသင်တန်းပြေးရလို့သာ bus စီးဖြစ်တာ"

အတော့်ကို သနားစရာလေးပါပဲလား။ မိဘအရိပ်အောက်မှ ထွက်ခဲ့တာနဲ့ ကိုယ့်ကိုယ်ကိုယ် လုံခြုံအောင်တော့ သွားလာတတ်တာပဲ တော်သေးတာပါလေ။ စားချင်တာ မစားရဲဘဲ ချွေတာသုံးနေရသည်ဆိုသဖြင့် စိတ်ထဲမကောင်းဖြစ်သွားရပါ၏။ လိမ်ညာပြောခြင်း မဟုတ်တာကိုဖြင့် မျက်ဝန်းထဲ ကြည့်ရုံနှင့် သိသာနိုင်တာပါလေ။

"ပိုက်ဆံလိုရင်လည်း မမဆီက တောင်းသုံးပေါ့"

"အပြောက လွယ်လိုက်တာ၊ ဒီမှာလည်း လာနေသေး စားလည်း စားသေး ပိုက်ဆံပါ တောင်းသုံးလို့ ဘယ်ဖြစ်ပါ့မလဲ၊ အန်တီရိုရဲ့ အမြင်ကတ်ရင် ညီ့က အောင်မျှာလိပ်ပြီး လစ်ရုံပဲ ရှိတော့မှာ"

ဒါတော့ သိသာပါလား။ မမ အမြင်ကတ်တာက သူမကို မဟုတ်ပါဘဲ သူ့ကိုသာ စောင့်ကြည့်နေတာလေ။ စည်းကမ်းရှိတာကိုတော့ ဒီတစ်ရက်၊ နှစ်ရက်ထဲမှာပဲ သူ မျက်မြင်သိနေတာပါ။ မီးဖိုခန်းထဲ ဝင်ချက်ပေးတာကအစ အမှိုက်သရိုက်ပွမြံမနေပါဘဲ သေသေသပ်သပ်ဖြင့် ရှင်းလင်းသွားတာချည်းသာ ရှိခဲ့တာပါလေ။

"ဘယ်လောက်လိုနေလို့လဲ"

"တစ်ပုံးလောက်ပါ၊ ခဏချေးတာပါနော်၊ ပါပါတို့ ငွေပို့ရင် ဦးမောင်ကို ပြန်ဆပ်ပါ့မယ်"





"ဖိုက်ကိုမျှား ငွေတိုးချေးစားတဲ့ ချစ်တီးထင်နေလား။ တစ်သိန်းနဲ့ မလောက်မငဖြစ်နေဦးမယ် . . . ရော့"

"ဟင်! . . . သုံးခုတောင်"

"ယူထားလိုက်လေ . . . ဦးမောင်က ခြိထဲ ပြန်တော့မှာ"

"ဘယ်တော့ပြန်မှာလဲ"

"နှစ်ရက်လောက်ပါ"

"ညီ့တော့ ပျင်းပြီး ကျန်ခဲ့တော့မှာပဲ"

"ချော် . . . ငါက နင့်ကို အပျင်းပြေအောင် ဖျော်ဖြေပေးနေတဲ့ Clawn များ ထင်နေလား"

"ဘာပဲဖြစ်ဖြစ် ဦးမောင်ရှိတော့ ညီ့ပျော်တာပေါ့၊ ဦးမောင်က ညီ့ဦးမောင်ပဲဟာ"

ပြောပြန်ပါပြီ။ ဒီစကားချည်း တတွတ်တွတ်ပြောတာက အိမ်မှာ အကြောင်းမဟုတ်။ သူစိမ်းတွေရှေ့မှာ ပြောလျှင်ဖြင့် အထင်လွဲစရာပါ။ အထူးသဖြင့် 'နှင်းနန္ဒာ' ရှေ့မှာ ပြောမိပါက အကြီးအကျယ်မှုသနာပါပဲ။ ခက်တော့ ခက်တယ် 'နေညီညို'။

"လိုတာရရင် သွားတော့လေ"

"အတိုး ဘယ်လောက်ပေးရမှာလဲ"

"ကျစ်! . . . အခုပဲ ပြောပြီးပြီလေ"

"ဒါဆို . . . ညီ့လုပ်ကျွေးသမျှ မြည်းပေးရမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . ပြီးရော"

"Thanks! . . . ဦးမောင် lady နဲ့ အမြန်ဆုံး peace ပါစေ"

"လာပြန်ပြီ"

သူမက ပိုက်ဆံတစ်ထပ်ကြီးကို ကိုင်၍ သူ့ကို ပြုံးပြကာ ထွက်သွားလေတော့၏။ ပြန်အိပ်လို့လည်း မဖြစ်တော့တာမို့ စောစော က ဆွဲဖွင့်ထားပါသည့် စားပွဲအံဆွဲကို သော့ပြန်ပိတ်ကာ အခန်းထဲမှ ထွက်လိုက်ရပါသည်။ ရေချိုးခန်းထဲဝင်ကာ ရေချိုးစဉ် သတိချပြီး အထဲမှ Lock ချလိုက်ရလေ၏။ အခုမှ သူလည်း စည်းကမ်းတကျ နေရတော့တာပါပဲလား။

အိမ်မှာ အငယ်ဆုံးဖြစ်ခဲ့ရတာမို့ သူက ဗိုလ်သာဖြစ်ခဲ့တာပါ။ သို့သော် . . . မမသား, အသည်းတုံးနှင့်လည်း အခန့်မသင့်လျှင် ရ ဖြစ်ကျင့်ရှိခဲ့သဖြင့် သူကို ကလေးဗိုလ်ဆိုပြီး အပြောခံခဲ့သမျှ အ တော့ဖြင့် 'နေညိုညို' ကြောင့် ဝဋ်က လည်ပြန်ပါရောလား။ ဒီထ အခြေအနေပိုမဆိုးခင် အဝေးကို အမြန်ဆုံး ပြေးပေတော့ 'အငြိမ် မောင်' ရေ့။

ဆံပင်ညှပ်ထားတာမို့ သူ့မျက်နှာက နုငယ်သလို ဖြစ် လေ၏။ ဒါကြောင့်လည်း 'နှင်းနဲ့နွာ' က သူ့ကိုမြင်စဉ် တအံ့တ ဖြစ်သွားရတာလေ။ လိုက်ဖက်သည်ဆိုပြီး Hair style ညှပ်ပေး သူစိမ်းအမျိုးသမီးကို သွားတွေ့မှန်း သိသည်နှင့် သူ့ကို Jeal





ဝင်သတဲ့လား။ မိန်းမတို့၏သဘောသဘာဝကို သူ နားမလည်နိုင်သေး ပါချေ။

ရေချိုးခန်းထဲမှ ထွက်လာစဉ် ပုဆိုးကို အရမ်းမတိုအောင် သတိထား၍ ဝတ်ခဲ့ရသလို ခန္ဓာကိုယ်အပေါ်ဖက်မှာလည်း တဘက် အကြီးဖြင့် လုံအောင်ခြုံထားပါ၏။ ကိုယ့်အိမ်မှာ ကိုယ်နေတာတောင် မှပဲ လွတ်လွတ်လပ်လပ် နေခွင့်မရသလိုပါပဲလား။ သူမ၏အခန်းရှေ့ မှ ဖြတ်လိုက်စဉ် အခန်းထဲမှ phone ပြောနေသံကို ကြားနေရလေ သည်။

"ဂျလောက်!"

"ငါ့ဘာသာ ဘယ်သွားသွား၊ ဘယ်နေနေ နှင့်အပူလား၊ နှင့်ကို အပြတ်ပြောခဲ့တာပဲဟာ"

ဟော . . . ပြဿနာက မပြီးပြတ်သေးပုံပါ။ အခန်းထဲမှ phone ပြောရင်း သူမ ထွက်လာသဖြင့် မသိယောင် မကြားယောင် ဆောင်ကာ သင်တန်းသွားကာနီးတောင်မှ ဖယားအရှုပ်က ရှင်းနေရ တုန်းပါပဲလား။ ဟိုကောင်လေးနှင့် ဇာတ်လမ်းပြတ်ခဲ့ပြီဆိုပြီး အခုတော့ အပြီးတစ်တန်းတန်းနှင့် ဆက်ပါနေတာပါလေ။

"လူကြီးတွေနဲ့ မငြိမ်းခြောက်ပြပါနဲ့ ပိုင်၊ ငါက နှင်သိခဲ့တဲ့ အရင်က နေညိုညို မဟုတ်တော့ဘူး။ စာတစ်ခုတည်းကိုပဲ အာရုံစိုက် ပြီး ကြိုးစားခဲ့တဲ့ နုလပိန်းတုံး နေညိုညိုက အတိတ်မှာ သေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီထက် ပိုမနှောင့်ယှက်တော့ရင်ကောင်းမယ်"

"..."

"ဟုတ်တယ်၊ ငါ့ဘဝမှာ ရည်းစားဆိုလို့ နင့်တစ်ယောက်တည်းကိုမှ ပုံချစ်ခဲ့မိတာ မဟာရေမအမှားကြီးပဲ၊ ဒီမှာ ပိုင်ဖေမင်း ... နင်သိထားဖို့က လောကမှာ ယောကျ်ားဆိုလို့ နင်တစ်ယောက်တည်း ရှိတာမဟုတ်ဘူး။ ငါ့ကို လက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်အလိုလိုက်တဲ့ ယောကျ်ားမျိုးရှာပြီး နင့်မျက်စိရှေ့မှာ ငါ အရင်ဆုံး လက်ထပ်ပြမယ် မှတ်!၊ နေညီညီဆိုတာ နင်ချူရှုံ့နဲ့ ပျော်ကျလာတဲ့ ဖယောင်းရုပ်လေး မဟုတ်တော့ဘူးဆိုတာကို နင် ကောင်းကောင်းကြီးသိစေရမယ်၊ နောက်ကို ဘယ်တော့မှ phone မဆက်နဲ့၊ ဒါပဲ!"

အားပါး! ... အပြောကတော့ အပြတ်ပါပဲလား။ ဆောင့်အော်လိုက်သံက အခန်းတံခါးပိတ်လိုက်ပါသည့်သူပင် ကောင်းကောင်းကြားနိုင်တာပါလေ။ ရှပ်ထားတဲ့ဖယားကို ရှင်းအောင် မရှင်းတတ်ပါက ထိုသို့ပင် စိတ်ရှုပ်စရာတွေချည်း ဖြစ်နေမှာပါ။ ဒါကြောင့်မို့ 'အင်ကြင်းမောင်' က တစ်ယောက်တည်းနေ, တစ်ယောက်တည်းငေး, တစ်ယောက်တည်းတွေးရင်း စိတ်ပျော်အောင် နေတတ်ခဲ့တာ မဟုတ်လား။

ဒါကို ကြည့်မရသည့် ကိုကိုနှင့်မမက သူ့ကို တစ်သက်လုံး ပြန်မလွတ်နိုင်သည့် အိမ်ထောင်ထဲကို အတင်းကို ပို့နေတော့တာပါ





လေ။ အပြင်ထွက်ဖို့ အစီအစဉ်မရှိသဖြင့် အိမ်နေရင်း အထပ်ကို ဗီရိုဖွင့်ရင်း ရှာလိုက်ပါ၏။ ခပ်အေးအေးဝတ်စုံတစ်စုံကို ထုတ်လိုက်စဉ် သူ့အခန်းတံခါးက ရုတ်တရက် ပွင့်သွားလေသည်။ ကိုယ်ခန္ဓာဗလာဟင်းလင်းဖြစ်နေသဖြင့် T-shirt အင်္ကျီကို ခေါင်းထက်မှ အမြန်ဝတ်လိုက်ရပါ၏။ ဒီချာတိတ်မကဖြင့် လုပ်လိုက်ပြန်လေပြီ။

"ဦးမောင်"

"ဟာ! ... လန့်လိုက်တာ ... ကျစ်!"

"ညီ့ကို phone ခဏ လဲသုံးပေးပါလား"

"ဘယ်ဖြစ်မှာလဲ၊ ငါ့ phone က အလုပ်ကိစ္စနဲ့ အချိန်မရွေး ဆက်သွယ်နေတဲ့ဟာ"

"သုံးရက်လောက်ပါပဲ ဦးမောင်ရာ၊ အဲ ... ဒီကောင် phone ခဏခဏဆက်နေလို့ အနှောင့်အယှက်ဖြစ်လွန်းလို့ပါ"

"ဟာ ... ငါ ပြန်တော့မယ်ဆိုမှ"

"ပြန်ခါနီးတော့ လဲပေးမယ်လေ ဦးမောင်ရယ်၊ ညီ့ကို မချစ်တော့ဘူးလား။ ဒါလေးတောင် အလိုမလိုက်ချင်တော့ဘူးလေ"

"ကဲကဲ ... ယူကွာ ... ယူ၊ နားပူအောင်ကို ပူဆာတယ်"

"ဒါမှ ညီ့ဦးမောင် ... အဲဒါကြောင့် ချစ်ရတာ"

ရော်! ... ဒီချာတိတ်မနဲ့တော့ ခက်ပါရဲ့။ စားပွဲထက် တင်ထားပါသည့် phone နှင့် အားသွင်းကြိုးကို ယူပေးလိုက်စဉ် သူမက



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားထောက်လျက် သူ့မေးစေ့ကို ရွှတ်ခနဲ မွှေးလိုက်လေသည်။ ဘုရားရေ! . . . အရွယ်ရောက်နေတဲ့ ချာတိတ်မက ဘာသဘောနှင့် များ ဤသို့ပြုမူလိုက်ရပါသလဲ။ ဒုက္ခတော့ များလေပြီ။

❋ ❋ ❋



## အခန်း (၁၃)

ခြံထဲမှာ 'အသည်းတုံး' နှင့်သူက မြက်ခင်းပေါ်မှာ ကော် ဘောလုံးနှင့် ကစားနေပါ၏။ ကလေးက ခြေထောက်သိပ်မသန်သေး တာမို့ ကန်လိုက်တိုင်း သူ့ဆီမရောက်ပါ။ လွင့်သမျှ ဘောလုံးလေး ရှိရာနေရာကို ရွှေ့ရင်း 'အသည်းတုံး' ဆီသို့ ရောက်ရန် ခပ်ဖြည်း ဖြည်း ပြန်ပို့ပေးရလေသည်။ ပေါက်စလေးကဖြင့် သူနှင့်ကစားတာကို ပျော်ရွှင်ရင်း တခစ်ခစ်ရယ်နေလေ၏။

"မောင်ရေ"

"ဗျာ! . . . မမ"

"Phone လာနေတယ်"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းလေ"

"ရှာ"

'လင်းလင်း' က 'အသည်းတုံး' ကို စောင့်ကြည့်ပေးရန် ထွက်လာနေပြီမို့ ညှော်ခန်းရှိရာဆီ သူ ဝင်ခဲ့ရပါ၏။ 'နှင်း'တဲ့လား။ သေပါတော့ 'အင်ကြင်းမောင်'။ 'ညို့' ကို phone ပေးလိုက်ကာမှ ဆက်ရတယ်လို့။ ပြဿနာပါပဲ။ ဟိုချာတိတ်မက 'နှင်း' ကို ဘာများ ပြောလိုက်ပါသလဲ။ စိတ်ညစ်ရပါ့နော်။ အိမ်ထဲဝင်လိုက်စဉ် မမက သူ့လက်မောင်းကို ဖျန်းခနဲ ရိုက်လိုက်လေ၏။

"ဟာ! ... နာလိုက်တာ မမရာ၊ ဘာဖြစ်ရပြန်ပြီလဲ"

"နင်က နေညိုညို့ကို phone ပေးလိုက်တယ်ဆို"

"ဟုတ်တယ်၊ သူ့ကောင်လေးက အခုထိ နှောင့်ယှက်နေလို့ သုံးရက်လောက် ခဏလေး ယူချင်တယ်ဆိုလို့ပါ မမရာ၊ ကလေးကို နှောင့်ယှက်နေလို့ သနားပြီး ငှားလိုက်တာပါ"

"နင်ဟာလေ ... အတော်လေး ရှုပ်နေပြန်ပြီ ငါ စိတ်ညစ်ရနေပြန်ပါပြီဟယ်"

"Phone ပြန်ခေါ်ရမှာလား"

"အေး"

အဲဒါမှသေရော! ... 'နှင်းနုနွှာ' ၏ phone နံပါတ်ကို မသိတာမို့ သူ ဘာများလုပ်ရမလဲ။ မဖြစ်သေးပါဘူး။ သူ့ phone ကို





ခေါ်ပြီး 'ညို့' ဆီ မေးရတော့မှာပါ။ အိမ် phone ရှိရာဆီ လျှောက်ပြီး အလွတ်ရနေသည့် သူ့ phone ကို လှမ်းခေါ်လိုက်ပါ၏။ သင်တန်းသွားချိန်မို့ 'ညို့'က ကားပေါ်မှာသာ ရှိနိုင်သေးတာလေ။

"ဟဲလို!"

"ညို့"

"ဦးမောင်လား"

"အေး"

"ဘာပြောမလို့လဲ"

"နှင်းရဲ့ phone နံပါတ်ကို ကြည့်ပြီး ပြောပေးပါ"

"ဘာလို့"

"အိမ် phone ကို ဆက်နေလို့ ... ပြန်ခေါ်ရမယ်"

"message ပို့လိုက်မယ်လေ"

"ကျစ်! ... အိမ် phone ဖြစ်နေလို့ပါဆို"

"ညို့ phone ဆီ ပို့ပေးမှာပေါ့ ဦးမောင်ရဲ့"

"မရစ်နဲ့ကွာ ... ပြဿနာဖြစ်တော့မယ်"

"တွေ့လား ... ဦးမောင်က ညို့အပေါ် အလေးအနက်မရှိပါဘူး၊ ဟိုးတုန်းကလို မချစ်တော့ဘူး မဟုတ်လား။ ညို့ phone ထဲမှာ သွားကြည့်ရင် ကြည့်၊ မကြည့်ရင်လည်း မတတ်နိုင်ဘူး။ ဒါပဲ"

"ဟာ! ... ကျစ်! ... နေညိုညို"



www.burmeseclassic.com

www.burmeseclassic.com



Phone က ဝိတ်သွားလေပြီ။ ဒီချာတိတ်မကဖြင့် သူ့ကို ဒုက္ခပေးဖို့ ရောက်သလား ထင်မှတ်ရပါ၏။ Phone ကို ပြန်ချထား ခဲ့ရပြီး အပေါ်ထပ်သို့ အပြေးတက်ကာ အခန်းထဲထားထားပါသည့် သူမ၏ phone ကို ယူကိုင်လိုက်စဉ် phone သံက ရုတ်တရက် မြည်လာလေသည်။

"ဟယ်လို!"

"ဟာ! ... နေနေမဟုတ်ဘူးလား။ မင်းက ဘာကောင်မို့လို့ နေနေ့ phone ကို ကိုင်ရတာလဲ"

ငါနော် ... အကုသိုလ်များ ဝင်လာလျှင် ,အလုံးအရင်းနှင့် လာသည်ဆိုတာ အမှန်ပါပဲလား။ ကိုယ့်သားသမီးအရွယ်လေးက မင်းတွေ အကောင်တွေနှင့် ရင့်ရင့်သီးသီးပြောနေသဖြင့် စိတ်က အတော်တိုလာရချေပြီ။ ဒီလိုစိတ်ရှုပ်နေမှတော့ 'နှင်း' နှင့် မည်သို့ စကားကောင်းကောင်း ပြောဖြစ်ပါတော့မည်နည်း။ စိတ်တိုတယ်နော်။ စိတ်တိုတယ်။

"စကားပြောမရှင့်နဲ့ကွ၊ ညိုက မင်း အခုလိုနှောင့်ယှက်နေ တာကြောင့် phone လဲသုံးထားတာ"

"ဘာ!"

"ဒီတော့ ... နောက်ကို မနှောင့်ယှက်တော့ပါနဲ့"

"တောက်! ... အရေးမပါလိုက်တာ၊ ခင်ဗျားက ဘာမို့လို့





ကျုပ်တို့ချစ်သူကြားမှာ ဝင်ရှုပ်နေရတာလဲ၊ စိတ်အခန့်မသင့်လို့ စကား မပြောဖြစ်ဘဲ ရန်ကုန်ကို သွားတာကြောင့် ခဏတာဝေးနေတာကို ပွဲလုပ်နိုင်တုန်း ဖျာမခင်းချင်စမ်းပါနဲ့"

"မင်း အတော်စကားပြောတာ မောက်မာလှချည်လား။ ငါက ညို့ရဲ့ဦးလေးကွ"

"ဗျာ"

"အေး! ... ငါ့တူမကို ဒီထက်ပိုနှောင့်ယှက်နေရင် ငါ သည်းမခံနိုင်တော့ဘူး"

"နေနေ့မှာ ဦးလေးမှမရှိတာ"

"အရင် မရှိလည်း အခု ရှိနေပြီလို့ မှတ်ပေါ့ကွ၊ မိသဲစုတို့ များ ကလေးကို ဘယ်လိုထိန်းမှန်း မသိဘူး၊ ဘယ်က ပေါက်လွှတ် ပဲစားအကောင်နဲ့များ တွဲမိရတာလဲ"

သူ စိတ်ပြောလိုက်တာမို့ ဟိုဘက်က ချာတိတ်က phone ချလိုက်လေ၏။ Message ပို့သံ ကြားလိုက်ရသဖြင့် သူက ကြည့် လိုက်ပြီး စာရွက်ပေါ်မှာ ဘောပင်နှင့် phone နံပါတ်ကို ရေးထားလိုက် ရပါသည်။ ဒီလိုသာ မမှတ်ထားလျှင်ဖြင့် 'နှင်း' နှင့် ပြဿနာတက် တော့မှာပါ။ 'ညို' ၏ phone နှင့်ပင် 'နှင်း' ဆီ ခေါ်လိုက်ပါ၏။

"ဟယ်လို ... ဘယ်သူပါလဲ"

"နှင်း ... ကျွန်တော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုမောင့် phone နံပါတ်မဟုတ်လို့ အံ့သြသွားတာပါ"

"ဟုတ်တယ် ... တူမလေးကို ကောင်လေးနှောင့်ယှက်နေတာနဲ့ phone ခဏလဲခိုးတားလို့ပါ"

"ဘယ်က ကောင်လေးလဲ"

"သူ့ရည်းစားဟောင်းဆိုပါတော့၊ ပြတ်နေပြီဆိုတောတောင်မှ ဟိုကနေ နှောင့်ယှက်ချင်နေတုန်းပဲ"

"ဩော်"

"Phone ခေါ်တာ ဘာများပြောစရာရှိလို့လဲ"

"အထွေအထူးတော့ မရှိပါဘူး။ ဟိုနေ့က လက်ဆောင်ပေးတာကို ကျေးဇူးတင်ကြောင်း သေချာမပြောလိုက်ရလို့ပါ"

"ဒါများ ... ရပါတယ် နှင်းရယ်"

"ပြီးတော့ မေမေကလည်း ကိုမောင့်ကို ထမင်းဖိတ်ကျွေးချင်တယ်ဆိုလို့ပါ"

ကဲ! ... အထာတွေတော့ စလာလေပြီ။ သူ့ဘက်က နည်းနည်းလေး စခင်းလိုက်သည်နှင့် ဟိုတစ်ဖက်က တံခါးဖွင့်ပေးပါရောလား။ ဒီလိုပဲ ထုံးစံထင်ပါရဲ့။ ဟိုဖက် ဒီဖက် အပြန်အလှန် ထမင်းဖိတ်ကျွေးကြ။ လူငယ်ချင်း မကြာခဏ တွေ့ဖြစ်ပြီး စကားပြောဖြစ်ကြ။ ဒီလိုနဲ့ ရင်းနှီးမှုပိုပြီး သံယောဇဉ်ဖြစ်ကြ။ နောက်ဆုံးတော့ ပေါင်း





... ကြလေသတည်းဆိုတဲ့ ဇာတ်သိမ်းခန်းတော့ ဖြစ်သွားကြမှာ အမှန်ပါ။

ရင်ဘတ်ကြီး လိုက်ဖိုရပါသည့် ချစ်ခြင်းမျိုးက ဒီအရွယ်မှာ ရပိုင်ခွင့်မရှိတော့ဘူး ထင်ပါရဲ့။ အချစ်ကို တွေ့ရှိချိန်က သူ့အတွက် အတော့်ကို မျက်နှာသာမပေးဘဲ Chance ဝေးကွာစေခဲ့တာလေ။ ညှို့ပါ့ 'အင်ကြင်းမောင်'။ ဆယ်ကျော်သက်အရွယ်မှာကတည်းက အချစ်ဆိုသည့်အရာကို နမ်းတွေ့၊ ဒူးတွေ့ မဆုံခဲ့ရတာ ဘာကြောင့်ပါလိမ့် ကံကြမ္မာရယ်။

"ကျွန်တော်က သဘက်ခါလောက် ခြံကို ပြန်တော့မှာ နှင်းရဲ့၊ အလုပ်သစ်စတော့မှာမို့ပါ"

"Dinner လေးတောင် မစားချင်ဘူးလား"

"နောက်မှ ကျွေးပါလား။ လောလောဆယ် သစ်ခွခြံ စ, ဆောက်ရမှာမို့ ကျွန်တော် မဦးစီးလို့ မရလို့ပါ"

"ကိုမောင့်ပန်းပင်တွေက ဘာများ အမြွှတ်ရလို့လဲ ဒီလောက် အပူတပြင်း ရှာနေရလား"

'အမြွှတ်' တဲ့လား။ ကုန်ပစ္စည်းတွေကို ဈေးတင်ရောင်းမှသာ 'အမြွှတ်' ဆိုသည့် ခေါင်းစဉ်မျိုး တပ်လို့ရတာပါ။ သူက ပန်းပင်တွေကို မြေဩဇာ, အားဆေး, အရွက်ဖျန်းဆေး, အပွင့်ဖျန်းဆေး ပိုးသတ်ဆေး စသည်ဖြင့် ဂရုတစိုက် ပြုစုပျိုးထောင်ပြီးမှ ပန်းရောင်း



www.burmeseclassic.com

www.burmeseclassic.com



စားနေသည့်လူပါ။ အကျိုးအမြတ်ဆိုတာထက် လုပ်ငန်းလည်ပတ်မှုနှင့် စိတ်ချမ်းသာမှုကိုသာ အဓိကရည်ရွယ်ပြီး လုပ်ဆောင်နေတာလေ။

ဒါကို မတရားသဖြင့် လောဘစိတ်ထားပြီး 'အမြတ်' ရှာသည့် စီးပွားရေးဟု 'နှင်း' မြင်နေပုံပါပဲ။ အသွင်မတူတာ၊ အမြင်မတူတာတွေကို သူမနှင့်သူ အတော်ကြီး ညှိယူရမှာလေ။ ရင်မောရပါလား။ အခုလို ရင်မပူချင်လို့ အေးအေးချမ်းချမ်း ငွေရှာနေသည့်လူကိုမှ ဝေဖန်ချင်ရတယ်လို့။

"အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး စီးပွားရှာနေတာပါနှင်း။ အကျိုးအမြတ် ရချင်လို့မှ မဟုတ်တာ"

"နှင်းက ကိုမောင့်ကို ရန်တွေ့ချင်လို့မှ မဟုတ်တာ၊ နှင်းအတွက် စဉ်းစားပြီး အချိန်တစ်နာရီလောက်လေးတောင် မပေးနိုင်ဘူးလား တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် သနားမိလို့ပါ ကိုမောင်ရယ်"

"ဪ ... နှင်းရယ် ... မဟုတ်တာ၊ နောက်လ အိမ်ပြန်ရောက်ရင် လာမှာပေါ့"

"တကယ်လား"

"ကျွန်တော်က ပြောပြီးတဲ့စကား အတည်ပဲ ပြောတတ်တယ်ဗျာ"

'နှင်းနှစ္စာ' ရယ်လေ၏။ ဘယ်လိုများ လုပ်ရပါမလဲ။ ခေါင်းထဲမှာရော ရင်ဘတ်ထဲမှာပါ မရှိသည့် မိန်းမရွယ်ကို ဘယ်တိုများ





စိတ်မဝင်စားပါဘဲ လက်ထပ်လို့ရမှာပါလိမ့်။ စိတ်တူကိုယ်တူဖြစ်မှသာ အိမ်ထောင်ပြုလို့ရမှာ မဟုတ်လား။ မာနတစ်ခွဲသားဖြင့် 'နှင်းနှစ္စာ' က အခုတော့ဖြင့် သူ့ကို သဘောကျနေသလိုပါလေ။

"နေညိုညိုက ကိုမောင့်ကို အတော်လေး ချစ်ပုံရတယ်နော်"

"ငယ်ငယ်ကတည်းက ချိုပိုးထိန်းကျောင်းပေးခဲ့တာကိုး နှင်းရဲ့၊ အခုထိ ကျွန်တော့်ကို နွဲ့ဆိုးဆိုးနေတုန်းပဲ"

"သိပါတယ်နော်၊ နှင်းကိုတောင် အန်တီလေးတဲ့လေ"

ကောင်းပါလေ့ ... လူကို 'ဦးမောင်' လို့ ခေါ်ပြီး 'နှင်း'ကို 'အန်တီလေး' တဲ့လား။ စုံတွဲဖြစ်အောင်လို့ မရမက တွန်းပို့ချင်ပုံတော့ မရပါလေ။ Phone လဲထားတာမို့ သူနဲ့ ပြဿနာမဖြစ်အောင် ရေလိုက်ငါးလိုက်သဘောဖြင့် ပြောတာလည်း ဖြစ်နိုင်ပါ၏။ မိန်းမတို့၏တကယ့်စိတ်ရင်းကိုဖြင့် သူ မခန့်မှန်းနိုင်ပါလေ။

"အင်း ... ဟုတ်တယ်လို့ မပြောလိုက်ဘူးလား"

"တစ်မျိုးကြီးဖြစ်နေလို့ပါ၊ နှင်းက တစ်ဦးတည်းသောသမီး အမြဲ မွေးခဲ့တာဆိုတော့ တူ့တူမဆိုတာတွေ ကလေးတွေနဲ့ သိပ်ရင်းနှီးဘူး"

အလို! ... ဘာသဘောပါလဲ။ 'အန်တီလေး' ဆိုရုံနဲ့ အလိုက်သင့်နေလိုက်ရုံဖြင့် ပြီးမှာပါ။ အခုတော့ ... တူ့၊ တူမတွ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မရှိဘူးတဲ့လား။ ဒါဖြင့် ကလေးသူငယ်တွေကို မချစ်တတ်သည့် အမျိုးသမီးများဖြစ်နေပြီလား။ အိမ်ထောင်ပြုကြသည့် စုံတွဲတွေမှာ 'ဆည်းလည်း' ဆိုသည့် ကလေးက အနည်းဆုံး နှစ်ယောက်တော့ ယူဖြစ်ကြတာပါ။ ဒါတောင်မှ ကလေးမချစ်သည့် အမျိုးသမီးနှင့်သူက အိမ်ထောင်ပြုရမှာတဲ့လား။

ခက်ပါရဲ့ 'နှင်းနန္ဒာ'။

"ကျွန်တော်ကတော့ အိမ်မှာ အသည်းတုံးနဲ့ အမြဲဆော့ဖော်ရန်ဖြစ်ဖော် ဖြစ်နေလို့ မမက နားငြီးတယ်ချည်း အော်နေတာ"

"သြော်"

"နှင်းလည်း ကျွန်တော့်တူကို မြင်ရင် ချစ်မှာ၊ ဒီကောင်က အတော်သွက်တယ်၊ ခြံထဲပြန်တိုင်း ငိုပြီး လိုက်ချင်တယ်လို့ ချော့ပြီးမှ အမြဲသွားရတယ်၊ သြော် ... ဒါနဲ့ ... နှင်းရော ခြံထဲလိုက်လည်ဦးမလား။ အားတဲ့တစ်ရက်လောက် လိုက်ကြည့်ဖို့ ဖိတ်ခေါ်ပါရစေ"

အသံတိတ်သွားလေ၏။ ကလေးကိစ္စ ပြောတာကိုလည်း စိတ်မဝင်စား။ ပန်းပင်ကိစ္စပြောင်းပြောပြန်တော့လည်း စိတ်မပါလျှင် 'နှင်းနန္ဒာ' နှင့်သူက ဘယ်လိုနည်းလမ်းမျိုးနှင့်မှ နီးစပ်စရာအကြောင်း မရှိတော့ပါလေ။ မမသာသိလျှင် အဖျက်ဘက်ကချည်း တွေးသည်ဟု စွပ်စွဲမှာ အသေချာပါပဲ။





"နှင်းက မိန်းကလေးဖြစ်ပေမယ့် ပန်းမကြိုက်ဘူး ကိုမောင် အလှအပမက်မောတဲ့ နွဲ့နွဲ့နှောင်းနှောင်း မိန်းမရွယ်မျိုးမဟုတ်မှန်း ကိုမောင် ခန့်မှန်းမိမှာပါ"

"အင်းလေ"

ရေစုန်တော့ မျောလေပြီ။ ဘာလို့များ ဝါသနာကအစ ကွဲပြားနေရပါသလဲ။ နူးညံ့ပျော့ပျောင်းခြင်းမရှိသည့် 'နေညိုညို' ပင်လျှင် ယူသည့် ဘာသာရပ်ရှိသည့် ဝါသနာအတိုင်း သူနှင့် နီးစပ်မှုရှိနေတာ မဟုတ်ပါလား။ ခေါ်သည့်တစ်ယောက်က မလိုက်ဖြစ်ပါဘဲ ဟိုချာတိတ်မက မခေါ်ပါဘဲ မြူနီးခနဲ ထလိုက်နိုင်တာပါလေ။

"ဘာလဲ ... မိန်းကလေးဖြစ်ပြီး ပန်းမကြိုက်ဘူးဆိုလို့ စိတ်ခုသွားလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် နောက်လလောက် ကိုမောင် ပြန်ရောက်မှပဲ ဆုံကြရအောင်၊ ဒါပဲနော်"

"အင်း"

ဒါပဲလား။ ဘာဆိုတာမှ သေချာမပြောလိုက်ရပါဘဲ phone ပြောခြင်းက ပြီးလေပြီ။ သူက နဂိုကတည်းက စကားနည်းသလို အေးအေးဆေးဆေးသာ နေတတ်သဖြင့် မိန်းကလေးတွေနှင့် စကားများ မပြောတတ်ခဲ့ပါ။ ရွှတ်သွက်သည့် 'သဲစုဝေ' နှင့်မှ အတော်



www.burmeseclassic.com

www.burmeseclassic.com



ရှလေး ရင်နိုးကျွမ်းဝင်ခဲ့ရတာ မဟုတ်ပါလား။

ကြားပွဲစား ငှားပေးလိုက်တာတဲ့လား 'နေညိုညို'။ 'အင်ကြင်းမောင်' နဲ့ 'နှင်းနန္ဒာ' ကြားမှာက အေးစက်စက် ရေခဲပြင်ကြီးသာ ခင်းထားပါလျက် ဒီရေခဲပြင်ကြီး ပျော်ကျလာအောင် ဘယ်လို အစွမ်းအစနဲ့များ မင်း ဖြိုခွဲပစ်နိုင်မှာတဲ့လဲ။ သို့သော် ... သူမ အစွမ်းအစ မည်မျှရှိမည်ကိုဖြင့် သူ မသိနိုင်ပါလေ။

❋ ❋ ❋



## အခန်း (၁၄)

ခြံထဲပြန်ရန် ဝယ်သွားရမည့်ပစ္စည်းစာရင်းကို စဉ်းစား၍ ရေးနေမိပါ၏။ အာရုံစိုက်၍ ရေးနေသဖြင့် မျက်စိက ဝါးလာသလို ဖက်ကြောတွေပါ တက်လာလေသည်။ ကြည့်ရတာ သူတော့ မျက်စိအားနည်းပြီး မျက်မှန်လိုနေပြီ ထင်ပါရဲ့။ ဒီအရွယ်နဲ့ ရောဂါ စနေပါရောလား။

"ဦးမောင်"

"ဟာ! ... ကျစ်! ... လှပ်လာပြန်ပြီ၊ တံခါးခေါက်ပါလို့ ဘယ်နှခါပြောရမလဲ"

"ညို နှစ်ခါခေါက်ပြီးမှ ဝင်လာတာပါနော်၊ မကြားဘူးလား ခေါက်လိုက်သလား သူ မကြားလိုက်သလိုပါ။ ဒီတော့င်မ



www.burmeseclassic.com

www.burmeseclassic.com



လေး ဒီရောက်မှ နည်းနည်းများ ပြည့်လာသလိုပါပဲ။ ဘုရားရေ! ... ဘယ်လိုဖြစ်ပြီး အရွယ်ငယ်ငယ် ချာတိတ်မလေးရဲ့အလှတရားကို သူ သတိထားမိရပါသလဲ။ သို့တော့ အပြောခံရကိန်းချည်း တွေးနေမိတာလေ။

"ဘာကိစ္စလဲ"

"ကြည့်! ... ညို့ကိုဆို ဆလတ်ရွက်ကြီးအတိုင်း ဆက်ဆံတယ်"

"ဘာလဲ ဆလတ်ရွက်"

"ဆလတ်ရွက်ဆိုတာ စိမ်းစိမ်းနဲ့ ကားကားကြီးလေ၊ မဟုတ်လို့လား"

"နင်နဲ့ အာလာပသလ္လာပပြောဖို့ အချိန်မရှိဘူး။ ပြောစရာရှိတာ ပြောပြီးရင် မြန်မြန်ထွက်တော့"

"တွေ့လား"

"မတွေ့ဘူး။ ဒီမှာ အလုပ်ရှုပ်နေရတဲ့ကြားထဲ"

"ညို ဝိုင်းကူပေးမယ်လေ"

"မရှုပ်စမ်းပါနဲ့"

"ဪ ... စေတနာနဲ့ ကူညီပါ့မယ်ဆိုတာကို အတင်းနှင်လွှတ်နေတာပဲ၊ ညနေစာ စားဖို့လာခေါ်တာကို"

"ဘာဟင်းချက်လို့လဲ"





"ငါးမှာ ငါးသလောက်"

"သေစမ်း!"

သူ နဖူးကို ဖျန်းခနဲ ရိုက်လိုက်မိတော့၏။ ဇက်ကြောတွေ တက်နေပါတယ်ဆိုမှ ရောဂါပိုတိုးစေမည့် ငါးတဲ့လား။ ဒီအကြံက မမ Idea တော့ မဖြစ်နိုင်ပါ။ မကြာခဏ လက်စွမ်းပြတတ်သည့် ညှို့ချာတိတ်မ၏လက်ချက်ဖြစ်ဖို့က ရာနှုန်း (၉၀) အသေအချာပါပဲ။

"ငါမစားဘူး"

"ဟင်! ... ဘာဖြစ်လို့လဲ"

"ဇက်ကြောတွေ တက်နေတယ်၊ လူကို မသေသေအောင် လုပ်ကြံနေတာလား"

"ညို့ကိုယ်တိုင် တက်တဲ့အကြောရိုးထုတ်ပြီးမှ ခရမ်းချဉ်သီးနဲ့ နံနံပင်အုပ်ပြီး ချက်ပေးထားတာပါနော်၊ လုံးဝဇက်ကြောမတက်စေရဘူး"

"အာမခံလား"

"ဒါပေါ့ ... ဦးမောင် အခု ဇက်ကြောတက်နေရင် ညို နှိပ်ပေးမယ်လေ ... ဘယ်နေရာလဲ"

"နေနေ ... မလုပ်ပါနဲ့"

"ရပါတယ် ဦးမောင်ရဲ့၊ နေနေဆိုတဲ့ စကားတော့ မသုံးပါနဲ့၊ အဲ့ဒါ ကြားတိုင်း ဟိုအကောင်ကို အမှန့်ကြိတ်ချင်လာလို့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် တားနေသည့်ကြားမှ သူမလက်က သူ့ပခုံးထက် ရောက်လာလေ၏။ ရော်! . . . နဂိုကမှ မမက သူတို့နှစ်ဦးကို ခပ်ကင်းကင်းနေစေရန် မကြာခဏ သတိပေးနေပေမယ့် သူက ရှောင်ပြီး သူမကဖြင့် သူ့အနီးကိုသာ ရောက်လာတတ်တာလေ။ ဘယ်လိုမှ ရှောင်လို့မရသည့် ရေစက်ပါလဲ။

"ထိလား"

"အေး . . . ဒီလက်သေးသေးက သန်လှပါလား"

"ဒါပေါ့ . . . ညို့ကို လက်ကြောမတင်းဘူးဆိုပြီး အထင် small ကြလို့ မခံချင်စိတ်နဲ့ ကြိုးစားခဲ့တာလေ၊ ညို့လက်နဲ့ ချက်သမျှ ဟင်းလျာက အရသာရှိပြီး ဗိုက်ဝစေရမယ်၊ ညို့လက်နဲ့ လုပ်သမျှ ပန်းလေးတွေလည်း အကုန်လှပစေရမယ်၊ ညို့လက်နဲ့ ဖုတ်သမျှ မုန့်တွေလည်း အကုန်လျှာမှာ စွဲစေရမယ်"

"စကားကြီး စကားကျယ်နဲ့"

"မယုံဘူးပေါ့လေ၊ ဦးမောင်ပဲ ညိုချက်ကျွေးတဲ့ဟင်းကို ကြိုက်တယ်ဆို"

"ဘာများကောင်းလို့လဲ၊ မစားဖူးလို့သာ မြည်းကြည့်ရုံ ဒီအသား ဒီအရွက်တွေချည်း ဘာများထူးခြားတာ ရှိလို့လဲ"

"ဦးမောင်နော်"

ပခုံးကို လက်သီးဆုပ်ဖြင့် ထုလေ၏။ ဘုရားရေ! . . . ရင်ဘတ်ထဲမှ နှလုံးခုန်သံက ဒိန်း!ခနဲမြည်ကာ အခုန်မြန်လာပါရောလား။ 'အချစ်ဘယ်ကာစ', 'အတွေ့အထိကာစ' ဆိုပြီး ပြောခဲ့သည့်စကားကို မေ့လျော့နေပြီလား။ ရိုးသားစွာ ပြောတတ်သည့် ချာတိတ်မလေးကိုမှ ဒီနှလုံးက ဆန်းပြားပြီး ခုန်နေရတယ်လို့။ မဖြစ်တော့ဘူး 'အင်ကြင်းမောင်'။ ဒီချာတိတ်မ အနီးကနေ အမြန်ဆုံး အဝေးဆုံးကို ပြေးမှပဲ ဖြစ်တော့မှာပါ။

"ရပြီ . . . ကျေးဇူး"

"ဦးမောင် ဘယ်နေ့ မြို့ကို ပြန်မှာလဲ"

"မနက်ဖြန် စောစောပဲ"

"ဟင်! . . . မြန်လိုက်တာ"

"မြန်မြန်ပဲလေ၊ ဟိုမှာစောင့်နေတဲ့သူတွေ ရှိတယ်"

"ဘယ်သူတွေက စောင့်နေလို့လဲ"

"ကျစ်! . . . အလုပ်သမားတွေပေါ့ကွ"

"အလုပ်သမားတွေကိုများ သံယောဇဉ် ထားစရာလား"

"ဟ . . . ထားရတာပေါ့၊ တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာပေးမှ စီးပွားရေးလုပ်တာ အောင်မြင်မှာပေါ့။ ငါ ငွေပေးတာပဲ ဆိုပြီး လက်ညှိုးထိုးစေခိုင်းလို့ရမှာလား"

"မသိဘူး ညို့ထက် ပိုပြီးချစ်တာမျိုး မေတ္တာပိုတာမျိုးကိုမှ မတိုချင်တာ"







www.burmeseclassic.com

www.burmeseclassic.com



"ရော် ... တူမလားကွ"

"မတူရင် အခုလို ဟိုက ကြိမ်စကြာရိုက်ခေါ်သလို အပြေး သွားစရာလား"

"ခက်လိုက်တာ၊ ဘယ်လိုပြောမှ နားလည်မှာလဲ"

"ဦးမောင်ရှိနေတော့ ညို့စိတ်ထဲမှာ လုံခြုံသလို နွေးထွေး သလို ခံစားရတာ ... သိရဲ့လား"

"မမတို့ ရှိနေတာပဲကို"

"အန်တီရို့စ်နဲ့ ဦးမောင်က တူမလားလို့၊ လေးလေးအောင် ကလည်း အမြဲတည်တည်ကြီးနဲ့ စိမ်းတယ်၊ ပါပါတို့ အရိပ်အောက် ကနေ ထွက်လာရလို့ ညိုက ဘယ်လောက်များ အထီးကျန်နေရတာ ဦးမောင် သိရဲ့လား။ အရွယ်ရောက်နေလို့ ညို့ကို လွှတ်ပေးခဲ့ပေမယ့် ညိုချစ်တဲ့လူက သစ္စာမစောင့်လို့ အသည်းကွဲပြီး ..."

စကားသံ ဆက်ထွက်မလာတော့ပါလေ။ ငိုနေပြီလား။ ကင်းကင်းနေဖို့ ဆုံးဖြတ်ချက် ချထားပေမယ့် အခုလေးတင် ပျက် လေပြီ။ 'နွားအို မြက်နုကြိုက်' ဟု ပြောကြမှာလား။ သို့တည်းမဟုတ် 'ကိုယ့်ခြံထဲက ကြက် ကိုယ်ရိုက်သတ်ချက်စားသည်' ဟုပင် ပျစ်ပျစ် နှစ်နှစ် ဝေဖန်ခံရတော့မှာပါလေ။ 'ဝေးဝေးရှောင် တည့်တည့်တိုး' ဆိုသည်က 'အင်ကြင်းမောင်' ရဲ့ကံကြမ္မာပဲ ဖြစ်မည်ထင်ပါရဲ့။

"ညို ... မငိုနဲ့လေ"





"အခု ဦးမောင်ကပါ ညို့ကိုပစ်ပြီး သွားတော့မှာ မဟုတ် လား"

သေလိုက်ပါတော့ 'အင်ကြင်းမောင်'။ ခုံမှာ ထိုင်နေရာမှ ထရပ်လိုက်မိစဉ် သူမက သူ့ရင်ခွင်တွင်း မှီလိုက်လေတော့၏။ အငို တိတ်စေရန် လက်မောင်းကိုရော ကျောကိုပါ အသာပုတ်ပေးမိပါ သည်။ ရင်ခုန်ခြင်းက ချစ်ခြင်း၏အစဆိုပါလျှင် ဤကလေးမအပေါ် ပိုသာလျှံကျသည့် မေတ္တာရေစင်က အပြည့်အဝ ရှိနေပြီ မဟုတ်ပါ လား။

ဘာဆိုဘာမှ သွေးမတော် သားမစပ်သည့် သူစိမ်းနှစ် ယောက်က တစ်မိုးတည်းအောက်မှ ကြုံးချင်းငြိ အိုးချင်းထိပါက အသက်ကြီးသည့် (အရွယ်ရောက်ပြီးသည့် လူကြီးဖြစ်သည့်) သူကသာ စိတ်ကို ထိန်းချုပ်နိုင်ရမှာပါ။ သို့သော် စိတ်ဆိုသည်က ခက်သားလား။ တစ်ကိုယ်တည်းနေတာတောင်မှ အတွေးထဲမှာ ပျော်လိုက် စိတ်ညစ် လိုက်နှင့် ကိုယ့်စိတ်ကိုတောင် ကိုယ်မထိန်းနိုင်တာပါလေ။

"တိတ်ပါ ညိုရယ်၊ ဦးမောင်က ညို့ကို ပစ်သွားတာမှ မဟုတ်တာ၊ ဦးမောင်အလုပ်က ခြံထဲမှာပဲ ရှိနေတာလေ၊ ညိုပျင်း ရင် သင်တန်းပိတ်တဲ့နေ့မှာ လာလည်ပေါ့"

"ဦးမောင်က အားတာကိုး"

"ညိုလာရင် အားရမှာပေါ့၊ ညိုပဲ ပန်းပင်တွေ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆို၊ ညီုသာ လာဖြစ်အောင်သာ လာ၊ စိတ်ချမ်းသာသွားစေရမယ်မှတ်''

''ဦးမောင်က ညို့ကို စိတ်ချမ်းသာအောင် ထားမှာမို့လို့ လား''

''ဒါပေါ့''

''ဖူးဖူးမှုတ် အလိုလိုက်မှာလား''

''အဲ!''

သူ မျက်လုံးပြူးသွားရပါ၏။ ဖူးဖူးမှုတ် အလိုလိုက်ရမှာတဲ့လား။ ဟိုတလောလေးကပဲ သူမ ကောင်လေးနှင့် စကားများရင်း ပြောခဲ့တာကို သူ အမှတ်တမဲ့ ကြားဖြစ်ခဲ့တာလေ။ လက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ် အလိုလိုက်မည့် ချစ်သူမျိုးဆိုတာ သူဆိုသည့် 'အင်ကြင်းမောင်' ကို ရည်ရွယ်မည်ဟု ထင်မထားမိပါချေ။

''ဟင်လို့ ... ဦးမောင်''

''အေးပါ ... အေးပါ ... အလိုလိုက်ပါ့မယ်''

''တကယ်နော်''

''အေး''

''ဒါမှ ညို့ဦးမောင်''

လာပြန်ပြီ။ ဒီတစ်ခါတော့ သူ့ကို မနမ်းပေမယ့် သူ့လက်မောင်းကို တင်းတင်းကျစ်ကျစ်ဖြင့် ရင်ဘတ်ထဲဆွဲပြီး ဖက်လိုက်လေ၏။ ခက်ပါရဲ့။ ဒီချာတိတ်မကဖြင့် အန္တရာယ်ဆိုတာကို နည်းနည်းလေး





မှ တွေးထားပုံမရပါလေ။ အမှားဆိုတာ တစ်ဦးတစ်ဖက်တည်းကသာ အပြစ်ရှိတာမှ မဟုတ်ဘဲ။ နှစ်ဦးနှစ်ဖက်ကြောင့်သာ အမှားဆိုသည့် အကြောင်းအရာက ဖြစ်ရတာ အမှန်ပါ။

''ညနေစာ စားရမှာဆို''

''ဟုတ်သားပဲ ... ညို့လက်ရာလေး မြည်းကြည့်ပါ ဦးမောင်ရဲ့၊ ငါးသလောက်ဟင်းနဲ့လိုက်မယ့် မြင်းခွာရွက်သုပ်နဲ့ မုန်ညင်းရွက်ဟင်းချိုလေး ချက်ထားတယ် ... လာ, သွားစို့''

''အဲဒါ အကုန် ညို့ချက်တာလား''

''အန်တီရှိစ်နဲ့ အတူတူချက်တာပေါ့၊ ဒါပေမဲ့ အသုပ်ကတော့ ညို့လက်ရာပါနော်''

''ဟင်းချက်သင်တန်းက ဒါမျိုးသင်ပေးတာ အသုပ်စုံရောင်းဖို့လား''

''ကြည့်! ... ဘယ်ဟုတ်ပါ့မလဲ၊ နိုင်ငံတကာ ဟင်းလျာတွေ ချည်း သင်ပေးတာပါ၊ ညို့က ဦးမောင် လျှာအရသာမတွေ့မှာစိုးလို့ မြန်မာဟင်းလျာပဲ ချက်ကျွေးတာပါနော်၊ သဘောပေါက်''

အခုပဲ ငိုထားသည့်မျက်ဝန်းက အရည်လဲ့လဲ့လေးနှင့် တောက်ပါနေပါရောလား။ အသည်းကွဲခဲ့တုန်းက ဒီလိုမျိုး ဝမ်းပန်းတနည်း ငိုခဲ့ပါသလား။ အခုမှသာ အထီးကျန်စိတ်ဖြင့် ဝမ်းနည်းပြီး မျက်ရည်ကျလာတာလား 'ညို့' ရယ်၊ 'သမီး' ဟု ခေါ်ချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



'သမီးရဲ့ဦး' ဆိုပြီး မြင်ကြမှာမို့ ခပ်စိမ်းစိမ်းသာ ခေါ်ခဲ့တာတောင်မှ 'ညို့ရဲ့ဦးမောင်' ဟု သုံးတတ်တာ ဘာကြောင့်များပါလဲ။

"ညို့ကို ခြုံထဲခေါ်တာ အန်တီလေး သိရဲ့လား"

"ပြောစရာမှမလိုတာ"

"ဟင်! ... ဘယ်လိုကြီးလဲ"

"သူမှ စိတ်မဝင်စားတာ ညို့ရဲ့ ဦးမောင်က သူ့ကို အရင်ခေါ်တာပဲဟာ"

"မလိုက်ဘူးတဲ့လား"

"အင်း ... သူ့ခေါင်းထဲမှာ money ပဲ ရှိတယ်"

"ဒါဖြင့် ဦးမောင်ခေါင်းထဲမှာရော"

"ပန်းခင်းကြီး ရှိတာပေါ့"

တခစ်ခစ် ရယ်လေတော့၏။ အသက် (၂၀) အရွယ်မို့ ရင်ထဲမှာ သောကတွေကို သိမ်းဆည်းထားဖို့ စိတ်မရှိသလိုပါပဲလား။ လေ့ဂါးမှ ဆင်းလာချိန်မို့ သူမ၏ရယ်သံကို အားလုံးကြားနိုင်လေသည်။ ငိုသံထက် ရယ်မောသံက အိမ်တွေရဲ့ကျက်သရေတိုးတာကို မမတို့ သိနေမှာပါ။ အိမ်ရှေ့မှာ ကားရပ်ထားပြီမို့ 'ကိုအောင်' ပြန်ရောက်ပြီ ထင်ပါရဲ့။ မိသားစု လက်ဆုံထမင်းဝိုင်းတော့ စားဖြစ်တော့မှာပါလေ။

"မောင်လာပြီ နှင်းဆီရေ"





"လာလာ ...ဟိုပေါက်စ စောစောအိပ်ဖြစ်မှပဲ ထမင်းကောင်းကောင်း စားဖြစ်တော့မယ်"

ထမင်းဝိုင်းမှာ နေရာယူကြစဉ် သူ့ဘေးရှိခုံမှာ သူမ ဝင်ထိုင်လေ၏။ 'နှင်း' နှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းစားဖို့ တစ်ကြိမ်လေးတောင်မှ မရှိပါလေ။ မမက 'ညို့' သုပ်ပေးထားသည့် မြင်းခွာရွက် အသုပ်ပန်းကန်ကို သူ့ရှေ့မှာ ထားပေးပါသည်။ ငါးဟင်းပင်မက ပုစွန်ဆီပုံဟင်းနှင့် ကြက်သားပြုတ်ကြော်ဟင်းပါ ချက်ထားလေ၏။ ဒါတွေကတော့ မမကိုယ်တိုင်ချက်သည့် လက်ရာမှန်း သိနိုင်ပါသည်။

"မောင် ဘယ်နေ့ပြန်မှာလဲ"

နှစ်ယောက်သား အကြည့်ဆုံသွားရ၏။ မနက်ဖြန် ပြန်မည့် အစီအစဉ်ကို စောစောလေးကတင် ဖျက်သိမ်းလိုက်ရတာ မဟုတ်ပါလား။ မမ နိုပ်မိလျှင်ဖြင့် အဆူခံရဦးမှာပါ။ သူ့ပေါင်ကို မသိမသာ လက်ညှိုးဖြင့် ကုပ်လိုက်သည့် 'ညို့' ကြောင့် မပြုံးမိစေရန် မျက်နှာကို ထိန်းထားရလေသည်။

"သုံးလေးရက်လောက် နေဖြစ်ဦးမယ်"

"နှင်းနဲ့ Date ဖြစ်လို့လား"

"လက္ကနိုပြီး တစ်ခေါက်ပြန်လာမှ တွေ့ဖို့ ပြောထားပါတယ် မမရယ်၊ ညနေစာ ခေါ်ကျွေးချင်လို့တဲ့၊ လောလောဆယ် သူလည်း



www.burmeseclassic.com

www.burmeseclassic.com



မအားလို့ပါ''

မျက်စောင်းထိုးလေ၏။ အလို! … ဘယ်လိုဖြစ်ပြီး ဒီလိုမျိုး မျက်စောင်းခဲပြုရတာပါလိမ့်။ နားမလည်နိုင်ပါလေ။ ရင်ထဲမှ ဒိတ်! ခနဲ ခုန်သွားရတာမို့ စကားဆက်မပြောဖြစ်တော့ပါ။ မမက ဘာမှ မပြောဘဲ သူ့ထမင်းပန်းကန်ထဲသို့ ပုစွန်ဆီပျံဟင်း ထည့်ပေးပါ၏။ 'ညို'က အသုပ်ပန်းကန်ဖွန်းကို ကိုင်လိုက်သော်ငြား မခပ်ဖြစ်ပါ။ ရေတ်သီးစိမ်းဖြင့် ချက်ထားပါသည့် ငါးချက်ပန်းကန်လုံးဖွန်းကို ယူကာ ခပ်လိုက်ပြီး သူ့ကို ဦးဖယ်ပေးလေသည်။ ဒါက ဘာသဘောလဲ 'ညို'။ 'နှင်း' နဲ့ Date တာကို မကျေနပ်လို့များ အခုလို လုပ်လိုက်တာများလား။ ခက်ပဲ့ 'ညို' ရယ်။

❋ ❋ ❋



## အခန်း (၁၅)

Steel စင်ဆောက်ရမှာမို့ သူကိုယ်တိုင် အရောင်းဆိုင်တွေကို သွားရလေ၏။ ခိုင်ခိုင်ခံ့ခံ့နှင့် ရေရှည်ခံနိုင်ရန်အတွက် သံချေးမတက်နိုင်သည့် တိုင်တွေ၊ တန်းတွေကို ရွေး၍ ဝယ်ရပါသည်။ အဝေးကို သယ်ရမှာမို့ မှုလီတွေနှင့် ပြန်ဆက်နိုင်ရန်အတွက်ပါ စဉ်းစားပြီး ငွေချေလိုက်ပါ၏။

တစ်နေကုန် ဆိုင်တွေပတ်ပြီး ဈေးဝယ်ရသဖြင့် စိတ်ရော လူပါ ပင်ပန်းနေလေသည်။ မနက်စောစော breakfast စားပြီးသည်နှင့် အပြင်ထွက်ခဲ့တာမို့ သူမနင့်ပင် မဆုံဖြစ်လိုက်ပါချေ။ သင်တန်းတွေ တက်နေတာက အချိန်ပိုင်းဖြစ်ပေမယ့် သင်တန်း ချုံးလေးခု ပြိုင်တက်နေရတာမို့ ညမှောင်မှပဲ အိမ်ကို ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာပါ။

အဘယ်မျှ စိတ်ပူရပါသလဲ။ မနက်ပိုင်း အပြုံးနုနုလေးကို မြင်လိုက်ရမှသာ တစ်နေကုန် စိတ်ကြည်လင်လန်းဆန်းစေရပြီး ညမိုးချုပ် (၈) နာရီကျော်မှ ပြန်ရောက်မှာသာ စိတ်အေးလက်အေး ဖြင့် မေးစက်အိပ်ပျော်တာ မဟုတ်ပါလား။ ပြောကြတာဖြင့် အချစ် ဆိုတာ ပျော်ရွှင်ခြင်းဆို။ လက်တွေ့ သူ ကြုံနေရတာဖြင့် ရင်ပူစရာ တွေချည်းပါပဲ။ အရိပ်တကြည့်ကြည့်ဖြင့် ရှိနေချင်တာ၊ အသံသဲ့သဲ့ လေးမျှပဲဖြစ်ဖြစ် ကြားနေချင်တာ။ အနီးဆုံးမှာ ရှိနေတာကို တွေ့ပြီး ရင်ခုန်စိတ်လှုပ်ရှားချင်တာက အချစ်ပင် မဟုတ်ပါလား။

'ညို' ရယ် ... ဦးမောင်ရဲ့ရင်ဘတ်ထဲမှာ ဤမျှအထိ ပြည့် သိပ်တင်းကျပ်နေတာကို 'ညို' သိအောင် ဘယ်လိုများ ပြောရပါ့ မလဲ။ 'ညို' ကို ဦးမောင်က ချစ်သူလို ချစ်နေမိတာကို မမနှင့်ကိုကို သာ သိလျှင်ဖြင့် သူ ကောင်းကောင်းအပြောခံရတော့မှာ အမှန်ပါ။ သူနှင့် စေ့စပ်လက်ထပ်ပေးဖို့ ရည်ရွယ်ထားသည့် 'နှင်း' ကိုယ်တိုင် သိလျှင်ရော ... သေဖို့ပဲ ရှိပါတော့လား 'အင်ကြင်းမောင်'။

ကားပေါ်တက်ပြီး မောင်းခဲ့ပါ၏။ ပစ္စည်းပို့သည့်ကားကို လိပ်စာပေးပြီး ပို့ခိုင်းတာမို့ ခြံအလုပ်သမားတွေ phone ဆက်ပြီး ပြောရဦးမှာပါ။ 'နှင်းနုရွှာ' ကို သူက နည်းနည်းလေးမှ စိတ်မဝင်စား ခဲ့တာ မဟုတ်ပါလား။ အကြီးတွေကြောင့်သာ လိမ္မာသည့် အငယ်





အဖြစ် လက်သင့်ခံ ခေါင်းညိတ်ဖို့ ရည်စူးခဲ့သော်ငြား နှလုံးသားကို ညာလို့မှ မရတာလေ။ Sorry ပါ 'နှင်း' ရယ်။ ကိုယ်က မင်းကို နှစ်ကြိမ်နှစ်ခါတွေ့ခဲ့ပေမယ့် လက်ဆောင်တစ်ခုလောက်သာ ပေးပြီး ထပ်တွေ့ချင်စိတ်က နည်းနည်းလေးမှ မဖြစ်မိတာ မဟုတ်လား။ ဒီရင်ကို ခွဲပေးဆိုလည်း ရဲရဲကြီး ခွဲပြရုံသာ ရှိတော့တာပါလေ။

Phone သံ ဝင်လာတာမို့ Blue tooth နားကျပ်ကို နားထဲထည့်ကာ ခလုတ်ဖိလိုက်ပါ၏။ နားထောင်နေပေမယ့် ဘာသံမှ မကြားရပါလေ။ ဘာလဲ phone များ မှားခေါ်လေသလား။ သူ့ phone နံပါတ် ပေါ်နေတာမို့ 'ညို' ဆက်နေမှန်း သိလိုက်ပြီး ရင်ထဲ အလိုလို ပူလောင်လာရတော့တာပါ။

သင်တန်းတက်နေသည့် ကလေးက ဘာလို့များ သူ့ဆီ ဆက်သွယ်ရတာပါလဲ။ စိတ်ပူနေမိပြီ 'ညို'။ ကိုယ်က မင်းကို သမီး လို့ မခေါ်မိပါဘဲ 'ညို' ဟု အဖျားဆွတ် ခေါ်မိကတည်းက စမှားခဲ့ တာ ထင်ပါရဲ့။ အခုတော့ ဆုတ်လည်း စူး၊ စားလည်း ရူး ဘဝနဲ့ ကြုံနေရပြီကော 'ညို'။ လူကြီးမို့ အတည်ပြောချင်ပေမယ့် 'ညို' လှောင်မှာကို စိုးမိတယ်ကွယ်။

"ညို ... ဟယ်လို"

"ဦး ... ဦးမောင်"

အလို! ... ငိုနေပြန်ပါရောလား။ ဒီကလေးက ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



များ မျက်ရည်ကျပြီး ငိုရပြန်ပါသလဲ။ သူတို့အိမ်မှာ နေမှသာ စိတ်ပျော်ရွှင်ပြီး နေချင်သည်ဟု ပြောခဲ့တာလေ။ ဘာပါလိမ့် . . . ဟိုကောင်လေး နှောင့်ယှက်ပြန်ပြီ ထင်ပါရဲ့။ ဒီပုံစံနဲ့တော့ သူ့ခြံကို ခေါ်ပြီး နေနိုင်းရတော့မှာလေ။

"ညို့ . . . ဘာဖြစ်လို့လဲ"

"ဦးမောင် ဘယ်မှာလဲ"

"မြို့ထဲမှာပဲ ရှိသေးတယ်လေ"

"ဒါဆို . . . ညိုတက်နေတဲ့ မုန့်ဖုတ်သင်တန်းတိုက်မှာ ညို့ကို လာခေါ်ပေးပါ"

"ဘာလို့လဲ . . . ညနေ ပန်းထိုးသင်တန်း တက်ရဦးမှာလေ။ နေမကောင်းလို့လား"

"လာခေါ်ဆို ခေါ်လေကွာ"

"အခုလား"

"အင်း"

"အေးပါ . . . လာပြီ၊ လာပြီ၊ မငိုနဲ့တော့"

ကားကို သူမ တက်နေသည့် မုန့်ဖုတ်သင်တန်းတိုက်ထဲ ဆီကို မောင်းခဲ့ရပါ၏။ သူ့ phone ကို ဆက်ပြီး မမ ပြောလိုက်ပြီ ထင်ပါရဲ့။ ဘယ်လိုဖြစ်ပြီး အိမ်က phone နံပါတ်တွေကို ဒီကောင်လေး သိပြီး သိရတာပါလိမ့်။ 'ညို့' မိဘတွေကပဲ ကလေးနှစ်ယောက်ကို





နီးစပ်စေချင်စိတ်ဖြင့် ဒီလိုမျိုး ပြောခဲ့တာ ထင်ပါသည်။

ဘယ်လိုလုပ်ရပါ့မလဲ 'ညို့'။ ကိုယ့်ကို သစ္စာဖောက်ခဲ့သည့် ရည်းစားဟောင်းက ခုထိ ဖာတ်လမ်းမပြတ်နိုင်သဲ ကြိုးစကို ဆက်ဆွဲနေပြီ မဟုတ်ပါလား။ သံယောဇဉ်လက်ကျန် မေတ္တာရေမှုံလေးတွေနှင့် 'ညို့'က ဒီချာတိတ်ကို မည်သို့ အချိန်ကြာအောင် ရှောင်ရှားနိုင်မှာတဲ့လဲ။ နှစ်ဖက်လူကြီးတွေရဲ့ တွန်းအားအောက်မှာ ခွန်အားနည်းပြီး 'ညို့'က ရုန်းလို့ ရနိုင်ပါ့မလား။

စဉ်းစားမိတာတောင်မှ ရင်ဘတ်ထဲမှာ စူးအောင့်နာကျင်လာရလေ၏။ ဒါဖြင့် 'ညို့' ကို စွန့်လွှတ်ရလျှင်ရော၊ အမယ်လေး! . . . သေဖို့ပဲ ရှိတော့ပါလား 'အင်ကြင်းမောင်'။ အချစ်ဆိုတာကို တစ်ကြိမ်တစ်ခါလေးမှ မကြုံဖူးပါဘဲ ပိုင်ဆိုင်ခွင့်တွေ စွန့်လွှတ်မှုတွေကို ရှည်ရှည်ဝေးဝေး တွေးတောပူပန်နေမိပါရောလား။ စိတ်ထိန်းသင့်တာပေါ့ 'အင်ကြင်းမောင်'။ ကိုယ်က လူကြီးလေ။

"တီ!"

သင်တန်းတိုက်ရှေ့မှာ ကားဟွန်းကို တစ်ချက်တီးလိုက်ပါ၏။ ကျောပိုးအိတ်ကို လက်မှာ ပိုက်ထားလျက် သူမက တစ်ဖက်တံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်လေသည်။ ဘာစကားမှမပြောဘဲ အံကိုသင်းတင်းကျိတ်ထားသဖြင့် သူက ကားကိုသာ အာရုံစိုက်၍ မောင်းခဲ့ရပါ၏။ မြို့ထဲလမ်းမပေါ်မှ အိမ်ရှိရာ လမ်းမကို ဦးတည်စဉ် သူမ



www.burmeseclassic.com

www.burmeseclassic.com



ထံမှ အသံထွက်လာလေသည်။

"ဦးမောင် . . . ညို့ အိမ်မပြန်ချင်သေးဘူး"

"တစ်နေရာရာ ဝင်ချင်လို့လား"

ခေါင်းကို ဆတ်ခနဲ ညိတ်ပြလေ၏၊ သူက ပါးစပ်မှ လေ မှုတ်ကာ သက်ပြင်းရှိုက်မိလေတော့သည်။ ရင်ဖွင့်စရာဆို၍ သူတစ်ဦးတည်းသာ ရှိတာမို့ သူမပြောသမျှ ရင်နာနာဖြင့် နားထောင်ရဦးမှာပါ။ ဒီပုံစံမျိုးနှင့် 'ညို့'က မိဘအိမ်ကို ဘယ်လိုများ ပြန်နိုင်ပါ့မလဲ။ ကူကယ်သူမဲ့နေတာက 'နေညို့ညို့' လား။ သို့တည်းမဟုတ် သူကိုယ်တိုင် ဖြစ်နေပြီလား။

ကားကို လမ်းဘေးဘက်သို့ ကပ်၍ ရပ်လိုက်ပါ၏။ ကော်ဖီဆိုင်ထဲဝင်ရန် စဉ်းစားပေမယ့် အငိုမျက်နှာနှင့် 'ညို့'ကို လူတွေသတိထားမိမှာစိုးသဖြင့် အင်လျားကန်ဘောင်ကိုသာ မောင်းခဲ့ရလေသည်။ ကားပေါ်မှဆင်းဖို့ ပြင်လိုက်စဉ် 'ညို့' က မျက်နှာကို အုပ်ပြီး ငိုချလိုက်လေ၏။ ပြဿနာပါပဲလား။ ဒီကလေးမကဖြင့် အငိုသန်နေသလိုပါလေ။

"ညို့"

ခေါင်းကို ခါပြလိုက်သဖြင့် လွတ်လွတ်လပ်လပ် ငိုချင်သလို ငိုရရန် သူက ကားပေါ်မှဆင်းပြီး platform ပေါ်မှာ ရပ်နေပါ၏။ ဝမ်းနည်းပက်လက်ဖြင့် ငိုချနေသည့် သူမကို လှမ်းကြည့်မိစဉ်





ရင်ဘတ်ကို ဆုပ်ညှစ်ချေသလိုမျိုး တင်းကျပ်ပြီး အသက်ရှူရခက်ခဲလာရလေသည်။ ခက်ခဲ့ပါ့ 'ညို့' ရယ်။

"ဦး . . . ဦးမောင်"

"ပြန်တော့မှာလား"

"ဟင်အင်း"

"ဒါဖြင့် လေကောင်းလေသန့်လေး ရှူရအောင် ဆင်းခဲ့လေ"

"ဒီမျက်နှာကြီးနဲ့"

"ဦးမောင်ရဲ့ကြားလေးထဲမှာ ရေသန့်ဗူးကြီး ရှိတယ်၊ ပါကင်မဖွင့်ရသေးဘူး။ ယူခဲ့လေ"

"ဟုတ် . . . ဦးမောင်"

'ညို့' က တစ်ဖက်ကားရှေ့တံခါးမှ ဆင်းလိုက်ပါ၏။ သူက ရေဗူးအဖုံးမှ Plastic ကို ဖြုတ်ကာ အဖုံးဖွင့်ပြီး အရင်ဆုံး သောက်ခိုင်းလိုက်ပါသည်။ ပြီးနောက် လက်ဖဝါးနှစ်ဖက်စုခိုင်းပြီး လက်ဝါးထဲသို့ ရေထည့်ပေးကာ မျက်နှာသစ်ခိုင်းလိုက်ရလေ၏။ ဘာမှမရှိတော့သည့် မျက်နှာပြောင်လေးမှာ နှာခေါင်းချွန်ချွန်လေးနှင့် မျက်ဝန်းတို့ကဖြင့် စိုပြီး ရဲနေလေသည်။

"ရော့ . . . ဒါနဲ့ သုတ်လိုက်"

"နမြောစရာကြီး"

"ယူသုတ်လိုက်ပါ ညို့ရာ၊ ဘာမှမဖြစ်ဘူး၊ လျှော်လို့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ"

"ကျေးဇူးပဲ ဦးမောင်"

"လာ"

အိတ်ကပ်ထဲမှ ယောက်ျားကိုင်လက်ကိုင်ပဝါကို 'ညို့' ကို ပေးပြီး ရှေ့မှ ကန်ဘောင်ပေါ်သို့ တက်ခဲ့ပါ၏။ နေခင်းနေပူချိန်မို့ လူအတော်လေး ရှင်းနေပါသည်။ စုံတွဲတွေ သုံးလေးစုံကတော့ ရှိပါ၏။ ခုံတွေမှ မထိုင်ပါဘဲ ကန်ဘောင်ပေါ်မှာသာ ထိုင်ရန် နေရာသည့်နေရာကို ရွေးပြီး ထိုင်ချလိုက်ပါသည်။ 'ညို့'က သူ့နောက်မှ လိုက်လာပြီး သူ့ဘေးမှာ ကပ်၍ ထိုင်လိုက်လေ၏။ လက်မောင်းကိုပါမှီပြီး ထိုင်လိုက်တာမို့ သူက ဘာမှမပြောပါလေ။

"မနက်ဖြန် ပြန်ဖြစ်လားဟင်"

"ပြန်လည်း ဖြစ်တယ်၊ မပြန်သေးလည်း ရတာပဲ"

"ဦးမောင်"

"အင်း"

"ညို ဘာလုပ်ရမလဲ"

"ဘာကိုလဲ"

"မာမာက ညို့ကို ဘယ်ကနေ ငွေမပို့ဘဲ လူကြုံနဲ့ လွှတ်လိုက်တယ်"

"အင်း"





"အဲဒါ"

မျက်ရည်ဝဲလာပါရောလား။ စကားကို ဆက်မပြောပါဘဲ ငိုချင်ပြန်တာမို့ သူက သူမခေါင်းပခုံးကို ခပ်ဖွဖွလေးဖက်ကာ အားပေးလိုက်ရပါသည်။ ရိုးရိုးသားသား စိတ်နဲ့ပါ 'ညို'။ တစ်မျိုးမထင်လိုက်ပါနဲ့။ အဖြူရောင်မှ အပြောင်ရောင် ဖျော့ဖျော့လေးသို့ ပြောင်းလဲနေပေမယ့် အကြီးဖြစ်တဲ့ သူက စိတ်နှလုံးကို ချုပ်ထိန်းရမယ်မှန်း သူ သိနေလို့ပါလေ။

"မာမာက ... မာမာက"

"ဘာလဲ ... ပိုင်ဖေမင်းကို လွှတ်လိုက်လို့လား"

ခေါင်းကို ဆတ်ခနဲ ညိတ်လေ၏။ ထင်သည့်အတိုင်း ဖြစ်လာတာပါပဲလား။ လူရော စိတ်ပါ မောရပါလား 'ညို' ရယ်။ အဆက်ဖြတ်ထားတာတောင်မှ ဒီကောင်လေးက အရှက်မရှိဘဲ 'ညို့' ဆီကို လာရတယ်လို့။ ပြဿနာက အကြီးအကျယ် တက်တော့မှာပါလေ။ ကလေးတွေ အချစ်ကြားထဲ သူက ဝင်ပါလို့ ဘယ်ရပါ့မလဲ။ လူကြီးက လူကြီးလို နေတတ်ရမှာ မဟုတ်ပါလား။

"ဟုတ်တယ် ဦးမောင်၊ ခင်းကို ညိုသိပ်မုန်းတယ်၊ ပါပါတို့ကိုလည်း သေချာရှင်းပြထားရဲ့သားနဲ့"

"လာတော့လည်း တွေ့လိုက်ပေါ့ ညိုရယ်၊ ဘာဖြူး ကြောက်စရာရှိလို့လဲ၊ အိမ်မှာ မမတို့ရော၊ ဦးမောင်လည်း ရှိနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ သူ ရုတ်တရက် လုပ်လို့ကတော့ နာပြီမှတ်"

"ဦးမောင်က တကယ်ကူပေးမှာမို့လို့လား။ အန်တီရို့စ်က တော့ ကိုယ့်ကိစ္စ ကိုယ်ရှင်းဆိုပြီး ညို့ကို phone နဲ့ ပြောထားတာ ဦးမောင်ရဲ့"

"မမပါလည်း ဦးမောင်တစ်ယောက်လုံး ရှိပါတယ် ညိုရယ်၊ အားငယ်စရာလား"

"တကယ်နော်"

"ဟြော် ... လူကြီးစကားပါကွာ"

"ယုံပါတယ် ဦးမောင်၊ ညို့အပေါ် ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့ ဦးမောင်ကိုမှ ညိုမယုံရင် ဘယ်သူ့ကို သွားယုံရပါ့မလဲ"

သေစမ်း! ... သူမ, ပြောမှပဲ သူ မျက်နှာပူကာ မျက်နှာကို လွှဲထားရလေ၏။ လောကမှာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမိတာကမှ အဆိုးဆုံးဆိုတာ အမှန်ဆုံးပါပဲ။ ဘယ်လိုလဲ 'အင်ကြင်းမောင်'။ ကလေးက လမ်းမှားနေလျှင်တောင် လမ်းမှန်ကို ညွှန်ပြပေးရမှာက လူကြီးတာဝန်လေ။ အခုတော့ဖြင့် ကိုယ်က မှားမှန်း သိနေပါလျက် မျက်စိစုံမှိတ်ပြီး မသိယောင်ဆောင်နေရတယ်လို့။

"မနက်ဖြန်နေ့လယ်လောက် ရောက်မယ်တဲ့"

"လာပါစေ ညိုရယ်၊ ဦးမောင် တစ်နေ့လုံး စောင့်ပေးပါ့မယ်"





"အန်တီရို့စ် ဆူရင်ရော"

"ဆူစရာလား။ ဦးမောင် ရှိပါတယ်ဆို"

"ဟိုလေ ... သူက ... သူက ... အိမ်မှာ ညအိပ်တည်း ဖြစ်ရင်ရော၊ ဘယ်လိုလုပ်မလဲ"

"ဒါများ ... ခြံထဲ ခေါ်သွားရုံပေါ့"

"ဟင်! ... သူ့ကိုလား"

"မဟုတ်ပါဘူး ... ညို့ကို"

ငိုမဲ့မဲ့မျက်နှာလေးထက် အပြုံးတို့ ခိုသီလာလေတော့၏။ ခေါ်မယ်ဆိုရုံလေးနဲ့တင် ဤမျှဝမ်းသာနေပါက တကယ်တမ်း လိုက်ရလျှင်ဖြင့် အဘယ်မျှ ပျော်ပိုက်ပါ့မည်နည်း။ လက်မောင်းကို ဝိုက်ထားပြန်သဖြင့် သူ အသာငြိမ်နေလိုက်ရပါ၏။ ဒီပုံစံမျိုးကိုသာ ရုတ်တရက် 'နှင်း' သာ မြင်သွားလျှင်ဖြင့် ရှင်းပြရမည့်ကိစ္စတွေ ဖြစ်ကုန်မှာပါလေ။ ရော်! ... ဘယ်လိုဖြစ်ပြီး မဆီမဆိုင် 'နှင်း' ကို တွေးလိုက်မိပါသလဲ။

"ညိုက ခဏလေးပဲနေမှာ မဟုတ်ဘူးဆိုရင်ရော ..."

"ပျော်သလောက် နေနိုင်ပါတယ်ဗျာ"

"တစ်သက်လုံးဆိုရင်ရော"

"ညို့သဘောပါဗျာ"

"ဟင်းဟင်း ... အဲဒါကြောင့် ဦးမောင်ကို ချစ်ရတာ"

လက်မောင်းကို ပါးအိအိလေးဖြင့် ကပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မုန့်ပေးမိတာလား။ မဟုတ်သေးပါဘူး။ မုန့်ဖိုးပေးတာ မဟုတ်ဘဲ ငွေခဏချေးမိရုံပါ။ အိုးချင်းက ဝေးဝေးထားပေမယ့် လာထိတာမို့ပါ။ ကြိုးချင်းလည်း ခပ်ကွာကွာထားပေမယ့် လာငြိနေတာမို့ပါလေ။ ရင်မောရပါလား 'ညို' ရယ်။

❋ ❋ ❋



## အခန်း (၁၆)

'လင်းလင်း' က သူ့အကျီတွေကို မီးပူတိုက်ပြီးမှ ခြင်းတောင်း ပြားထဲထည့်ကာ လာပို့ပေးပါ၏။ အခန်းဝမှ ယူလိုက်ပြီး ခုတင်ထက်မှာ အဝတ်အစားတွေကို စီထားလိုက်ပါသည်။ ဒီနေ့ပြန်ဖို့ မဖြစ်သေးပေမယ့် မနက်ဖြန် ခပ်စောစောလေး ပြန်ရမှာက သေချာနေလေ၏။

"မီမောင်"

"ရှာ! . . . မမ"

"ဘာလုပ်နေလဲ"

"မနက်အတွက် အဝတ်အစားတွေ ထည့်မလားလို့ပါ။ ဘာ နိုင်းစရာရှိလို့လဲ"

"သြော် . . . ဒါဖြင့်လည်း နေပါစေတော့၊ သူခကိုး ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"ဘယ်သွားမလို့လဲ"

"နင့်တူလေ ... မနေ့က အစားမှားပြီး ချောင်းဆိုးတာ ဒီမနက် ကိုယ်နည်းနည်းပူလာလို့ ဆေးခန်းသွားပြမလားလို့"

"ကျွန်တော် လိုက်ပို့ပေးမယ်"

"နေပါစေတော့ ... သိပ်အဝေးကြီး သွားရတာမှ မဟုတ်တာ၊ မနက်ဖြန် လုပ်ငန်းပြန်ဝင်မယ်ဆိုရင် ဒီရက် အပြည့်နားပါမောင်ရယ်"

"ဖြစ်ရဲ့လား မမ"

"အေး ... ရပါတယ်"

မမက သူ့အိပ်ခန်းတံခါးဝရှေ့မှ ပြန်လှည့်သွားလေ၏။ ဒီနေ့ 'ညို' သင်တန်းနားရက်မို့ မီးဖိုချောင်မှာ ဝိုင်းကူ၍ လုပ်နေပုံပါ။ ပြည့်ပြည့်ဝဝနားပါဆိုတော့လည်း နားရုံပါပဲ။ မနက်ဖြန်အတွက် ကြိုတင်ပြင်ဆင်ပြီးရင် ရေမိုးချိုးပြီး တစ်ရေးလောက် ပြန်နှပ်ဦးမည်ဟု စဉ်းစားမိပါ၏။ ခါတိုင်းထည့်နေကျအိတ်ဖြင့် မထည့်ပါဘဲ ခရီးဆောင်သေတ္တာအိတ်ကိုဖွင့်ပြီး အဝတ်အစားတွေကို သေချာစီ၍ ထည့်လိုက်ပါသည်။

မမသာမြင်လျှင် ပွစိပွစိ ပြောဦးမှာပါ။ မမထည့်ပေးတုန်းကသူက ငြင်းခဲ့ပြီး မသယ်ချင်ဘူးဟု ပြောမိခဲ့တာလေ။ ကိစ္စမရှိပါ။





မမ မမြင်ခင် ကားနောက်ဖုံးထဲ ကြိုတင်ထည့်ထားလို့ဖြစ်တာပဲ မဟုတ်လား။ အတွေးဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်မိပြီး ဘာပစ္စည်းကျန်ခဲ့သလဲဟု စဉ်းစားကာ နောက်တစ်ကြိမ် ပြန်စစ်မိလေ၏။ ယောက်ျားလေးသုံးပစ္စည်းတွေကို ဟိုမှာရော ဒီမှာပါ သီးသန့်စီ ဝယ်ထားဖြစ်တာမို့ ကိစ္စမရှိပါချေ။

"ဦးမောင် သွားတော့မှာလား"

"ရှူး! ... မနက်ဖြန်မှပါဆိုနေမှ"

"ဒါဆို ညို့ကိုလည်း ခေါ်လေ"

"သင်တန်းတွေမှ မပြီးသေးတာ ... လိုက်ရာလား။ သင်တန်းအပြီးဆင်းမှ လာခဲ့"

"တွေ့လား ... ဦးမောင်က အပြောနဲ့အလုပ်ကို မညီဘူး"

"လေသံကျယ်နေတာနဲ့ ငါ အဆူခံရတော့မယ်၊ ရေချိုးဖို့တက်လာတာ မဟုတ်လား။ အရင်ချိုးလေ၊ ပြီးရင် ဦးမောင် ချိုးမှာ၊ ဘာဟင်းချက်လဲ"

"ဦးမောင် စားချင်တယ်ဆိုလို့ ဝက်သားနံ့ကြံမဆိုင် ကြော်ပေးထားတယ်၊ ငါးသေတ္တာကို ပေါင်းနေတုန်းပဲ၊ ခဏစောင့်ဦးနော်၊ ဆာနေပြီလား"

"အေး ... စောင့်ပါ့မယ်၊ ရေချိုးပြီးမှ စားမှာ"

လှေကားအတက်အဆင်းမှာ ဆုံလိုက်တာမို့ ရွှေးမွှက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်နှာဖြင့် သူမက မနွမ်းနယ်ပါပဲ လန်းဆန်းနေပုံပါ။ လူငယ်မို့ ဘာမဆို သွက်သွက်လက်လက် ရှိနေတာ မဟုတ်ပါလား။ ဒီနေ့ ဟိုကောင်လေး လာမှာကို သိပေမယ့် စိတ်ပူသလို မရှိတော့ပါလေ။ အိမ်ဘေးပေါက်ရှိ တံခါးကို ဖွင့်လိုက်ပြီး ဂိုဒေါင်ထဲ ရပ်ထားပါသည့် ကားနောက်ဖုံးကို ဖွင့်လိုက်ပါ၏။ ပြီးနောက် သယ်လာသည့် အဝတ်သေတ္တာကို ထည့်ကာ အဖုံးပြန်ပိတ်လိုက်ပါသည်။

"အစ်ကိုလေး ဗိုက်ဆာနေပြီလား"

"အကုန်ကျက်နေပြီမို့လို့လား"

"ဟင်းချို ချက်နေတုန်းမို့ မေးကြည့်တာပါ"

"အားလုံးကျက်မှ စားမယ်လေ၊ ငါ ရေချိုးဦးမှာ၊ မမနဲ့ သင်းသင်း လိုက်သွားတာလား"

"ဟုတ်ကဲ့"

ငွေဖြည့်ကာဒ် ခပ်များများ ဝယ်ထားရမှာကို သတိရသွား၏။ အပြင်ကို ထွက်ရဦးမှာပါလား။ ညနေဘက် လမ်းလျှောက်ရင်း ဝယ်လည်း ဖြစ်တာမို့ ကိစ္စမရှိပါ။ ဧည့်ခန်းမှာ ခဏထိုင်ရင်း 'ညီ' ရေချိုးနေတာကို စောင့်လိုက်ပါ၏။ ဒီအတိုင်း ထိုင်ရတာ ပျင်းရ... စားပွဲအောက်မှ စာစောင်ကို ယူပြီး ဖတ်နေပါသည်။ ဟုတ်သ... ဟိုမှာ ဖတ်စရာစာအုပ်တွေ ကုန်နေပြီမို့ မြို့ထဲကို ထပ်ပြီး ထွက်... ဦးမှာပါလား။





"ဦးမောင်"

"အင်း"

"အန်တီ့ကို စောင့်ပြီးမှ စားမှာလား"

"ဘယ်အချိန် ပြန်လာမလဲမှ မသိတာကို၊ ဦးမောင် ရေချိုးပြီးရင် စားကြမယ်လေ"

"Ok! ... မြန်မြန်ချိုးနော်၊ ညီ့ ဟင်းချို မြည်းလိုက်ဦးမယ်"

အဝါဖျော့ဖျော့ အင်္ကျီနှင့်ဘောင်းဘီ One set က သူမကို ပို၍ နုနယ်ပျိုမြစ်နေစေလေ၏။ ဒီနေ့ ဟိုချာတိတ်ရောက်မည်ဆိုကာမှ အလှများ ပိုပြင်ထားသလားဟု အကဲခတ်လိုက်မိပေမယ့် သနပ်ခါး ရေကျဲသာ လူးထားပုံပါ။ ဆံပင်ခွေခွေလေးတွေကို မြင့်မြင့်လေး စည်းနှောင်ထားသဖြင့် လှုပ်လီလှုပ်လဲ့လေး ဖြစ်နေလေသည်။ ပုံမှန် အတိုင်းပဲမို့ စိတ်အေးသွားကာ အပေါ်ထပ်သို့ တက်ခဲ့ပါ၏။

ရေချိုးခန်းဝင်ကာ ဝယ်ချင်သည့် စာအုပ်စာရင်းစာရွက်ကို ရှာရဦးမှာဟု တွေးလိုက်မိပါသည်။ ဒီအတိုင်းသွားပြီး ရှာတာထက် ဝယ်ချင်တာကို ကြိုပြီးရေးကျင့်က သူ့ထံမှာ ရှိနေပါ၏။ ဘာမဆို စနစ်တကျ လုပ်ကျင့်ကြောင့် အလုပ်ပြီးမြန်တာ မဟုတ်ပါလား။ ဒီလောက် စနစ်ကျသည့် 'အင်ကြင်းမောင်' က အိမ်ထောင်ပြုဖို့ plan ကဖြင့် ဘယ်တုန်းကမှ ဖယားဆွဲပြီး စီစဉ်တာမရှိတာ့ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် ခလုတ်တိုက်မိပြီး အချစ်ကို ရှာတွေ့မိခဲ့တာလေ။

လူတွေ မည်သို့ပြောကြလေမည်နည်း။ မည်သို့မျှ အရွယ်မလိုက်ဖက်သည့်စုံတွဲဟု မြင်ကြလေမည်လား။ ကလေးဆိုပြီး အညွန့်တလူလူတက်နေသည့် အပင်ချိုးသူ, အဖူးချွေသူဟု ပစ်တင်ကဲ့ရဲ့ ကြလျှင်လည်း သူ ခံရမှာ အမှန်ပါ။ ဖွင့်ပြောရခက်ပါ့ 'ညို့' ရယ်။

'ညို့' ရဲ့ မျက်စောင်းလေးတစ်ချက်နဲ့ ကိုယ့်နှလုံးသားက အသက်ဝင်ပြီး ချစ်ခြင်းရဲ့အဏ္ဏဝါရီတစ်ပုဒ် စတင်ခဲ့ရတာပါ။ အချစ်တွေ အသက်တွေဆိုပြီး အရွယ်နှင့်မလိုက်ဖက်သည့် စကားလုံးတွေကို မပြောဝံ့ မပြောရဲပါလေ။ အရိပ်လေးကြည့်ရုံမျှဖြင့် စိတ်တွင်းမှာ နှစ်သိမ့်စေခဲ့တာပါ။ ဖွင့်ပြောဖို့ သတ္တိဆိုတာထက် မညီမျှ မလိုက်ဖက်သည့်အရွယ်၏ခြားနားချက်ကြောင့် တစ်နေရာမှာပဲ ရှေ့မဆက်ဘဲ ရပ်တန့်နေရတာကို နားလည်နိုင်ပါ့မလား။ သေချာတာတစ်ခုကဖြင့် ဒီလူရဲ့ရင်ထဲမှာ မင်းကို ချစ်မြတ်နိုးနေမိတဲ့ နှလုံးသားတစ်စုံ ရှိနေတယ်ဆိုတာပါလေ။

သိပ်ချစ်မိနေပြီ 'ကလေး' ရယ်။

"လွှတ်နော် ... အခုချက်ချင်း ငါ့လက်ကို လွှတ်စမ်း!"

"နေနေ"

"မခေါ်နဲ့ ... နင့်ခေါ်သံကြားတိုင်း ငါ့နားထဲမှာ ခါးလွန်းလို့"

"ကိုယ်ရှင်းပြပါရစေ"





"မကြားချင်ဘူး ... လွှတ်ဆို!"

လှေကားမှဆင်းလာစဉ် ဧည့်ခန်းရှိ မြင်ကွင်းက ရင်ကို ရူးရူးနာကျင်လာရစေ၏။ အိမ်ပေါက်ဝမှာ ရှုန်းရင်းဆန်ခတ်ဖြစ်နေသည့် လူငယ်တွေကြောင့် ပြဿနာက ဖြစ်တော့မှာပါလေ။ ကောင်လေး၏ ရဲတင်းဟန်က သူ့စိမ်းအိမ်မှန်းမသိ ဘာမသိဖြင့် သူ၏ 'ညို့' ကို လက်ဆွဲပြီး ခပ်ကြမ်းကြမ်းပြောဆိုနေသည့်ပုံစံအပြည့်ပါပဲလား။

"ကိုယ်ပြောတာကို သေချာနားထောင်ပြီးမှ လွှတ်ပေးမယ်, နေနေ၊ မင်း အထင်မှားနေတာကို ကိုယ် ဘယ်လိုရှင်းပြီးမှ နားလည် ပေးမှာလဲ"

"နားမထောင်နိုင်ဘူး"

"ညို့လက်ကို လွှတ်ပြီးမှ ပြောပါလား, ပိုင်ဖေမင်း"

"ဦးမောင်"

"မိကောင်းဖခင်သားသမီးမှန်ရင် ဂါရဝါရ နိဝါတောစဆိုတဲ့ အရာကို နားလည်ရမှာပေါ့၊ လူကြီးတွေရှိတဲ့အိမ်မှာ အမြင်မသင့်တော် တာမျိုး မလုပ်ပါနဲ့"

ဧည့်ခန်းကို သူရောက်လာပြီမို့ ချာတိတ်က 'ညို့' လက်ကို လွှတ်ပေးလိုက်လေ၏။ စားပွဲထက်ရှိနေပါသည့် ငွေထုပ်ကို မြင်ရပေ မယ့် ဒီကောင်လေးက ငွေပို့ပေးပြီး ဘာလို့မပြန်သေးတာပါလိမ့်။ ဟိုမှာ မရှင်းခဲ့တဲ့ကိစ္စကို ဒီမှာပါ လာရှုပ်ပြန်တာပါလား။ 'ညို့'က



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မောင်းကို လာဆုပ်ကိုင်လိုက်လေသည်။

"ခင်ဗျားက"

"ဦးက ငါ့ချစ်သူပဲ"

"ဘာ!"

"ဟုတ်တယ် ပိုင်၊ နင် တစ်ယောက်တည်း ကောင်မလေးတွေနဲ့ တွဲခုတ်ပြီး ဖယောင်းရှုပ်လို့ရတယ်လို့ မထင်လေနဲ့၊ နင်နဲ့ဇာတ်လမ်းပြတ်ခဲ့တာ (၆) လကျော် ကြာခဲ့ပြီပဲ၊ ဒီတော့ ငါ့မှာလည်း ချစ်သူသစ် ရင်ခုန်ဖက်အသစ်နဲ့ ဆုံနေပြီဆိုတာကို နင်သိပါ"

"မဟုတ်ဘူး! ဒီလူကြီးက ... ဒီလူကြီးက မင်းရဲ့ဦးလေးဆိုပြီး"

"ဘာမှသွေးသားမတော်စပ်တာ ဦးလေးတော်မှာတဲ့လား။ ဦးနောက်ကို သုံးစမ်းပါ"

"မယုံဘူး ... မညာနဲ့ နေနေ၊ ကိုယ့်ကို အန်ကယ်မျိုးရော အန်တီမွေးတို့ပါ သေချာပြောလိုက်တာ၊ ဒီအိမ်က အန်တီမွေးသူငယ်ချင်းရဲ့အိမ်တဲ့"

"မှန်တယ်လေ ... မာမာနဲ့သူငယ်ချင်းတော်တဲ့ အန်တီရှိုက ဦးမောင်ရဲ့အစ်မပဲဟာ၊ ဒီတော့ ဦးမောင်နဲ့ ငါ့ကို ချစ်လို့မရဘူးထင်နေလား။ ဒါ ... ငါ့ချစ်သူပဲ ပိုင်"

"မဟုတ်ဘူး!"





လက်မောင်းကိုပါမက သူ့ခါးကိုပါ ဖက်ထားပြတာတောင်မှ မယုံဘူးတဲ့လေ၊ ဘယ်လိုလုပ်ပြမှ ယုံမှာတဲ့လဲ။ သူတစ်ပါးရဲ့သားသမီးနုနုဖတ်ဖတ်လေးကို စိတ်ရော ကိုယ်ပါ ပစ်မှားမိလို့ ဘယ်ရပါ့မလဲ။ အကူအညီလိုအပ်လျှင် ပေးမည်ဟု ကတိပြုထားပေမယ့် လက်တွေ့မှာဖြင့် အရွယ်၏အသိစိတ်ကြောင့် 'ညို့' အပေါ် သူ ရဲတင်းစွာ မပြုမူဝံ့ပါလေ။ 'ညို့'က အသံတိုးတိုးဖြင့် သူ့ကို ပြောလိုက်လေ၏။

"ဦးမောင်"

"အင်း"

"ညို့ကို နမ်းပါ"

"ဟင်"

"မြန်မြန်ပါဆိုမှ"

"မင်းမဟုတ်တာ မလုပ်နဲ့, နေနေ၊ ဟန်ဆောင်လိမ်ညာတတ်တာမျိုးက မင်းဆီမှာ ရှိတာမှမဟုတ်တာ"

"ငါပြောပြီးပြီလေ၊ ငါ့ခေါင်းထဲမှာရော ရင်ထဲမှာပါ ဦးပဲရှိတော့တာ၊ နင်မရှိတော့ဘူး။ ဒီတော့ ပါပါတို့၊ မာမာတို့ကို အကူအညီယူပြီး ငါ့ကို ဆက်မနှောင့်ယှက်နဲ့တော့ ပိုင်၊ ဒီထက် ပိုပြီး ငါ သည်းမခံတော့ဘူး"

"မရဘူး!"

"ကောင်းပြီလေ၊ ဒီလောက်ထိ ပြောနေတာတောင်မှ မယုံ



www.burmeseclassic.com

www.burmeseclassic.com



ရင် . . . ''

''ဟာ!''

လျှပ်တစ်ပြက်မျှ သူပင် အံ့ဩသွားရပါ၏။ လည်ကုတ်ကို ခိုတွဲကာ ပါးပြင်ကို နမ်းရှိုက်ခြင်း ခံလိုက်ရသဖြင့် ရင်ဘတ်တွင်းမှ တဒိန်းဒိန်းမြည်ဟည်းလျက် မျက်နှာပင် ခပ်အမ်းအမ်းဖြစ်သွားရတော့ပါ။ သူ့မ အရွဲ့တိုက်တာက အကြောင်းမဟုတ်။ ဒီရင်ဘတ်အတွင်းမှ နှလုံးသားက ပြုတ်ထွက်မတတ် ခုန်ပေါက်နေတာကမှ Danger ပါပဲ။

''နေနေ . . . မင်း!''

''ညိုကြ ကိုယ့်ချစ်သူဆိုတာ အမှန်ပဲ ပိုင်ဖေမင်း''

''ဘာဗျ''

''ကိုယ်တို့နှစ်ဦးနှစ်ဖက် ကြည်ဖြူပြီး''

''ကြောင်သူတော်ကြီး . . . ခင်ဗျား အတော်ယုတ်မာတယ်၊ ကိုယ့်ထက်ငယ်တဲ့ကလေးကို သွေးဆောင်ဖြားယောင်းပြီး ကြံစည်ခဲ့တယ်၊ ကဲ! . . . အဲဒါ ယုတ်မာချင်ဦး''

''ခွပ်!''

''ဟယ်! . . . ဦးမောင် . . . နင် . . . နင် . . . မိုက်ရိုင်းလှချည်လား . . . ကဲ!''

''ဖြန်း!''





''ဟာ! . . . နေနေ . . . မင်း''

''အဲဒါ ငါ့ချစ်သူကို ကိုယ်ထိလက်ရောက်စော်ကားလိုက်တဲ့အတွက် လျော်ကြေးပဲ ပိုင်၊ နင်သိထားဖို့က ငါ့ကို အသည်းခွဲတာထက် ဦးမောင်အသားကို ထိခိုက်စေတာက ငါ့ရင်ကို ပိုနာကျင်စေရတယ်ဆိုတာပဲ၊ နင့်ကို မုန်းတာထက် စိတ်က ပိုနာတယ် ပိုင်ဖေမင်း။ ဒီတစ်သက် ဒီဘဝ ဘယ်တော့မှ ပြန်မဆုံဖြစ်တော့တာ အကောင်းဆုံးပဲ၊ ငါ့ဘဝထဲက အပြီးအပိုင် ထွက်သွားပါတော့''

သူ့မျက်နှာကို ထိုးချလိုက်သည်က ရုတ်တရက်မို့ ဘာမှပြန်မလုပ်မိပါ။ သို့သော် စိတ်မြန်လက်မြန်ဖြင့် 'ညို' က ဟိုချာတိတ်၏ ပါးကို မထင်မှတ်ဘဲ ရိုက်ချလိုက်သည်က မြန်မြန်ဆန်ဆန်ပါလေ။ မမ ပြန်မရောက်သေးတာမို့ သူတို့အဖြစ်အပျက်ကို မည်သူမျှ မမြင်လိုက်ကြပါ။

အသည်းအခွဲခံရတာထက် သူ့ကို ထိခိုက်တာက ရင်ထဲ ပိုနာကျင်စေသတဲ့လား။ နှုတ်ဖျားက စကားမျိုးမဟုတ်ဘဲ ရင်ထဲက လာတဲ့ စကားသာ ဖြစ်နေလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။ 'ညို' က သူ့မျက်နှာကိုကြည့်ရင်း နှုတ်ခမ်းကွဲသွားရသည့် မေးစေ့ကို ကိုင်ထားပါ၏။ ချာတိတ်က မီးဝင်းဝင်းတောက်နေသည့် အကြည့်ဖြင့် သူတို့ကို စိုက်ကြည့်လိုက်ပြီး အိမ်ထဲမှ လှည့်ထွက်သွားလေတော့၏။

နှုတ်ခမ်းနာသွားရတာထက် ရင်ထဲမှာ ပိုပြီး နာရတာပါ 'ညို'။

www.burmeseclassic.com



မင်းအပေါ် ရင်နှင့်အမျှ ချစ်မိနေပေမယ့် ဖွင့်မပြောနိုင်ဘဲ မျိုသိပ်ထားရတာက ရင်ဘတ်ကြီး ပွင့်ထွက်လုမတတ်ပါပဲ။ အချစ်တဲ့လား။ နာကျင်စရာကြီးပါပဲ။ အသည်းအသက်နှင့်ထပ်တူ ထပ်မျှ ချစ်နေပေမယ့် ဖွင့်ပြောရခက်သည့်အရွယ်မို့ 'အင်ကြင်းမောင်' က အဝေးဆုံးမှာ ရှောင်ရှားရတော့မှာလေ။

ဩော် ... 'ညို' ရယ်။

❋ ❋ ❋



# အခိုး

www.burmeseclassic.com

www.burmeseclassic.com

You are my everything, Nay Nyo Nyo ...

မင်းသာ ကိုယ့်ရဲ့အရာရာတိုင်းပါ "နေညိုညို" ...

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၁၈)

မနက်စောစောထပြီး 'ညို' မနိုးခင် ထွက်ခဲ့ရပါ၏။ သူ့ကို မတွေ့တာနဲ့ ဝမ်းနည်းပြီး ငိုရင်ရော။ ထိန်းနိုင်ရမှာပေါ့ ညိုရယ်။ ကိုယ့်ရဲ့ phoneနဲ့ 'ညို' ရဲ့ phone ကို အခုအချိန်အထိ မလဲရသေး တာမို့ ကိုယ်တို့ ဆုံဖို့ အခွင့်ကတော့ ရှိပါသေးတယ်နော်။ သို့သော် အခုလို ကိုယ်တွေ့ရသည့်ပုံစံမျိုး နွေးနွေးသိမ့်သိမ့်မဟုတ်တဲ့ စိမ်းစိမ်း သက်သက်နဲ့ပုံစံမျိုးသာ ဆက်ဆံရတော့မှာပါ။

သွေးဆောင်ဖြားယောင်းသတဲ့လား။ မဟုတ်ရပါ။ လက်ဖျား နဲ့တောင် မထိဝံ့ဘဲ အရိပ်လေးတကြည့်ကြည့်နဲ့ မြတ်နိုးတန်ဖိုးထားပြီး ချစ်ခဲ့တာပါလေ။ ယုတ်မာတယ်တဲ့လား။ ဒီလောက် လက်ပွန်းတတီး ရှိခဲ့တာတောင် အခွင့်အရေးမယူတတ်ခဲ့တာ သက်သေပါ။ 'နမ်းပါ'





လို့ ခွင့်ပြုခဲ့ပေမယ့် စိတ်ကူးနဲ့တောင် မပစ်မှားခဲ့ပါလျက် ယုတ်မာ သည်ဟု စွပ်စွဲရတယ်လို့။

မိုးဖွဲလေးတို့ စွေလေပြီ။ နွေရာသီတောင် ကုန်ပါရော လား။ ကတ္တရာလမ်းထက် ခပ်ဖွဲဖွဲကျနေသဖြင့် ကားကို ဂရုစိုက်မောင်း ခဲ့ရပါ၏။ ဝန်းကျင်တခွင်ညှို့မှိုင်းနေသည်မို့ အလွမ်းဓာတ်ခံရှိသူတွေ အတွက် လွမ်းစရာ ပန်းချီကားတစ်ချပ်ပါပဲ။ ဒါဖြင့် သူကရော လွမ်း ပေမယ့် နာကျင်စရာက ပိုနေတာမို့ မလွမ်းချင်ဘူး 'ညို'။ နှုတ်နဲ့ရော လက်နဲ့ပါ အစော်ကားခံရသည်က ရှက်စရာပါပဲ။

'ညို့ချစ်သူ' ဟူသည့်စကားသံကို တစ်ကြိမ်ထက်မက အခါခါ ကြားယောင်နေမိပါ၏။ စိတ်ကူးနဲ့ ရူးရုံပါပဲ 'အင်ကြင်းမောင်'။ လက်တွေ့မှာ အိပ်မက်ဆိုတာ အမှန်တကယ် ဖြစ်လာတတ်တာမှ မဟုတ်တာပဲ။ စိတ်ကူးယဉ်တတ်တဲ့အရွယ်လည်း မဟုတ်တော့တာ မို့ သူ့အဖြစ်က အတော့်ကို ရူးကြောင်ကြောင်နိုင်လှပါ၏။

တစ်ညလုံး ရင်တွေပူပြီး မျက်စိကြောင်တောင်နှင့် တစ်မေ့မှ ကောင်းကောင်းမအိပ်ဖြစ်ခဲ့သဖြင့် မျက်လုံးတို့က ကျိန်းစပ်နေလေ သည်။ ကားမောင်းရင်း မငိုက်တတ်သော်ငြား အန္တရာယ်မရှိစေရန် Black Coffee တစ်ခွက်ကိုတော့ သူသောက်ဖြစ်ပါ၏။ ဗိုက်ထဲမှာ ဘာအစာမှ မရှိသဖြင့် ရင်ထဲမှာ တုန်ယင်လာရလေသည်။

"တူတူ! ... တူတူ!"



www.burmeseclassic.com

www.burmeseclassic.com



Phone သံ ဝင်လာပေမယ့် သူ မကြည့်ဖြစ်ပါ။ မနက် (၆) နာရီ အချိန် ဒီ phone ကို ဆက်တာ ဘယ်သူဖြစ်မှာတဲ့လဲ။ နိုးပြီလား 'ညို'။ မျက်ခွံမို့မို့ ပါးဖောင်းဖောင်းလေးနဲ့ ရေချိုးခန်းအဝင် အထွက်မှာ ဆုံတိုင်း အပြုံးနုနုလေး လက်ဆောင်ရခဲ့တဲ့ မနက်ခင်းတိုင်းကို ကိုယ်အမှတ်ရနေမှာပါ။

ထမင်းစားချိန်တိုင်း ကိုယ်နှစ်သက်သည့် ဟင်းလျာတို့ကို အပင်ပန်းခံပြီး ချက်ပြုတ်ကျွေးမွေးတာကိုလည်း သတိရနေပါ့မယ်။ ခြံထဲမှာ ညနေခင်း တစ်ခါတစ်ရံ လမ်းလျှောက်တတ်တိုင်း လက်မောင်းကို မှီတွယ်ပြီး တီတီတာတာ ပြောခဲ့သမျှကိုလည်း အမြဲတသသနဲ့ လွမ်းနေမှာပါလေ။ မျက်စောင်းလှလှလေးကိုတော့ အထူးသဖြင့် လွမ်းဆွတ်နေတော့မှာ အမှန်ပါဘဲ။

"တီ!"

ခြံထဲရောက်ပြီမို့ ကားဟွန်းသံပြုကာ ကုန်းတက်ကို အရှိန်မြင့်၍ နင်းပြီး မောင်းတက်ခဲ့ရလေ၏။ အိမ်လေးရှေ့ရောက်စဉ် သူ့အိမ်မှာ စောင့်အိပ်ပေးနေသည့် 'မောင်ပု'က အိပ်ချင်မူးတူးဖြင့် ဆင်းလာပါသည်။

"အစ်ကိုလေး"

"ပစ္စည်းတွေ ရောက်ပြီလား"

"ဟုတ်ကဲ့"





"အေး ... ဝင်ဆောက်ပြီးတာနဲ့ ပန်းမျိုးမှာကြတာပေါ့။ အိပ်ရေးမဝသေးရင် အိပ်ဦးလေ"

"နိုးပါပြီ အစ်ကိုလေးရဲ့၊ ကျွန်တော် အိပ်ရာခင်းပေးရမလား။ မွေ့ယာခင်းရှိတယ်လေ"

"နေပါစေ ... သိပ်မအေးသေးပါဘူး။ နောက်လိုမှပဲ ခင်းမယ်"

"အိတ်သယ်ခဲ့ရမလား"

"အေး"

ကားနောက်ဖုံးဖွင့်နေသဖြင့် 'မောင်ပု' က အလိုက်တသိဖြင့် ကူသယ်ပေးလေ့၏။ အဝတ်သေတ္တာတစ်လုံးနှင့် စာအုပ်ထုပ်နှစ်ထုပ်သာ ပါလာသဖြင့် အံ့ဩသွားလေသည်။ ခါတိုင်းလို အခြောက်အခြမ်း အကြော်အလှော်တွေမှ မပါလာတာကို။ ဒီတစ်ခါလည်း မမပူညံပူညံပြောဦးမှာပါ။ အမြဲတမ်း ဖွယ်ဖွယ်ရာရာ လုပ်ပေးမှ ကျေနပ်သည့် မမပင် မဟုတ်ပါလား။

"အဲဒီတော့မှာပဲ ထားခဲ့ ငါ မခေါ်မချင်း ဘယ်သူမှ မလာစေနဲ့နော်။ မိဖြူကိုလည်း ပြောထားဦး"

"ဟုတ်ကဲ့ အစ်ကိုလေး"

'မောင်ပု' က သူ့အိတ်နှင့် စာအုပ်ထုပ်တွေကို နေရာချထားခဲ့ပြီး အိမ်လေးပေါ်မှ ဆင်းသွားလေတော့၏။ လှီပြီး တောင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဖျာလိပ်ကို တဖုံဖုံခါပြီးမှ ခင်းလိုက်ပါသည်။ ဗီရိုအပုလေး ထဲမှ ခေါင်းအုံးကို ယူလိုက်စဉ် ခေါင်းအုံးစွပ်က လျှော်ပြီး ခေါက် ထားတာကို တွေ့ရလေ၏။ 'မိဖြူ' လျှော်ပေးထားတာဖြစ်မည်ဟု တွေးလိုက်ပြီး ချည်စောင်ကိုပါ ယူလျက် ခေါင်းအုံးကို အစွပ်အုပ်ပြီးမှ ဖျာထက်လှဲချလိုက်ပါသည်။

Phone သံ ဆက်မြည်နေလျှင် အိပ်လို့မရတာမို့ အသံတိုး လိုက်ပြီး Vibration သာ ပေးထားလိုက်ပါ၏။ မမက ဒီနံပါတ်မသိ တာမို့ ခေါ်မည်မဟုတ်ပါ။ သူမ တစ်ဦးတည်းသာ ခေါ်မှာပါလေ။ ဖျာထက်မှေးနေပေမယ့် အိပ်စက်လို့မရပါချေ။ ဒီပုံစံနဲ့ ဘယ်လိုများ လုပ်ရပါ့မလဲ။

အိပ်နေရင်းမှ ထရပ်ကာ ဗီရိုထက်ရှိ CD player စက်ထဲ သို့ memory stick ထိုးကာ အသံခပ်တိုးတိုးဖြင့် ဖွင့်ထားလိုက်ပါ၏။ သီချင်းနားထောင်ရင်း မှေးပြီး အိပ်ပျော်ချင် ပျော်နိုင်တာမို့ပါပဲ။ နားအေးပါးအေးနေတတ်သည့်သူက သီချင်းအေးအေးလေးတွေရော ဆူဆူညံညံ Rock တွေကိုပါ နားထောင်တတ်ပါ၏။ Music ဆိုတာ လူတို့အတွက် အပန်းဖြေရာတစ်ခုဖြစ်သလို စိတ်ကို နှိုးဆွစေသည့် ဆေးကောင်းတစ်လက်ဆိုလည်း မှားမည်မထင်ပါချေ။

အဆိုတော် 'လေးဖြူ' ၏သီချင်းက မနက်ခင်း မိုးစိမ့်စိမ့် လေးမှာ ငြိမ့်ငြိမ့်လေး ထွက်လာလေတော့သည်။





"မြင်နိုင်ရင်လေ ကိုယ့်ရင်ထဲ xxx တားဆီးကြည့်မနေနဲ့ xxx အဲ့ပုန်းရဲ့ အချစ်စိတ်ရိုင်း xxx လေထုထဲမှာ ပြည့်နေမလား xxx ကြာရှည်လာရင် ဆိုင်းသိပ်မလွယ်ဘူး အချိန်တိုင်း မိနစ်ရှိနေခြင်း ရှေ့တိုးရင်း နောက်ပြန်ရင်း xxx

စိတ်ကူးတွေနဲ့ အိပ်မက်တို့နဲ့ဝေး xxx

အိုး! သိရဲ့လား xxx မင်း မသိလို့လား xxx အသက်သွေးနဲ့ ဘဝ xxx သူ မချစ်နိုင်းလည်း မုန်းလို့မဖြစ် xxx အချစ်က မမုန်းမဟုတ်ဘဲနော် xxx အသက်သွေးနဲ့ဘဝ xxx

ဘယ်အချိန်တွေမှာရောက်လာမလဲ xxx တစ်ယောက်တည်း ဘဝက အထီးကျန်လွန်း xxx ဝမ်းနည်း ညနေခင်း xxx မနက်ခင်း လေးနဲ့ လိုက်ရှာလိုက် xxx ကြာရှည်ရင်ဆိုင် သိပ်မလွယ်ဘူး xxx ချက်ချင်း ရှုံးသွပ်သွားနိုင်တယ် xxx ရှေ့တိုးရခက်တာတော်နေလို့ xxx

ကိုယ့်စိတ်ကူးတွေနဲ့ အိပ်မက်တို့နဲ့ ဝေး xxx

အိုး! သိရဲ့လား xxx မင်း မသိလို့လား xxx အသက်သွေးနဲ့ ဘဝ xxx သူမချစ်နိုင်းလည်း မုန်းလို့မဖြစ် xxx အချစ်က အမုန်း မဟုတ်ဘဲနော် xxx အသက်သွေးနဲ့ဘဝ xxx

နေ့ရက် အချိန်တိုင်း xxx တစ်ယောက်တည်းပေါ့ xxx အချစ်ဆုံးက ဘဝတစ်လျှောက်မှာ မင်းပဲ xxx မျှော်လင့်ရင်း xxx အရှေးမထားသူလေး xxx ငါ မင်းအတွက်ရှူး xxx တကယ်အပြီးမှန်း

www.burmeseclassic.com



မြင်ကြည့်လိုက် xxx ယုံကြည်သူ စောင့်နေခိုက် xxx မျှော်လင့်ခြင်းလေး xxx

အိုး! သိရဲ့လား xxx မင်း မသိလို့လား xxx အသက်သွေးနဲ့ဘဝ xxx သူမချစ်ခိုင်းလည်း မုန်းလို့မဖြစ် xxx အချစ်က အမုန်းမဟုတ်ဘဲနော် xxx အသက်သွေးနဲ့ဘဝ xxx

မေ မျှော်လင့်ခြင်းလေး xxx

အိုး! သိရဲ့လား xxx မင်း မသိလို့လား xxx အသက်သွေးနဲ့ဘဝ xxx သူမချစ်ခိုင်းလည်း မုန်းလို့မဖြစ် xxx အချစ်က အမုန်းမဟုတ်ဘဲနော် xxx အသက်သွေးနဲ့ဘဝ xxx

မေ မျှော်လင့်ခြင်း မင်းလေး xxx မျှော်လင့်ခြင်း အချစ်ရေ xxx အိုး သိရဲ့လား xxx မင်းနောက်ဆုတ်လို့ ပြန်မလား xxx ရှေ့ဆက်လို့ ဖြစ်မလား xxx

မေ မျှော်လင့်ခြင်း မင်း xxx မျှော်လင့်ခြင်း အချစ်ရေ xxx အိုး! သိရဲ့လား xxx မျက်စိမှိတ် ချစ်တယ် xxx လိုအပ်ခြင်း မင်းပဲ xxx မင်း အသိပါပဲ”

သီချင်းက ရင်ထဲသို့ တိုက်ရိုက်ထိရှစေလေ၏။ ‘မျှော်လင့်ခြင်း’ တဲ့လား။ မရဲတရဲမျှော်လင်းခြင်းနဲ့ပါ ‘ညို’။ ‘လိုအပ်ခြင်း’ တဲ့ မှန်ပါတယ်။ ကိုယ့်ဘဝရဲ့အလိုအပ်ဆုံးနေရာတစ်နေရာမှာ ‘ညို’ ဆိုတဲ့ ကောင်မလေးက မရှိမဖြစ် လိုအပ်နေတာပါလေ။ တကယ်ပါ ‘ညို’။





မဝံ့မရဲမျှော်လင့်ခြင်းတွေနဲ့ ကိုယ့်ကို ပြန်ချစ်နိုင်ပါ့မလားလို့ တွေးထားမိတာ အမှန်ပါ။

ကိုယ်တို့အဖြစ်က နီးစပ်ဖို့အကြောင်းမှ မရှိတာပဲ။ ‘နှင်း’ နဲ့ တွေ့ဖို့ကိုလည်း စဉ်းစားရတော့မှာပါ။ မိသားစု စုံညီထမင်းဝိုင်းမှာ ‘ဘယ်တော့လောက် Engage လုပ်ကြမလဲ’ ဟု အမေးရှိလာပါက သူ အဖြေခက်တော့မှာလေ။ ခေါင်းညိတ်ဖို့ မစဉ်းစားနိုင်မှတော့ စောစောစီးစီး ရှောင်ရှားနိုင်မှသာ အဆင်ပြေမှာ မဟုတ်ပါလား။

Player စက်ကို ထပိတ်လိုက်ပြီး တစ်မှေးလောက် အိပ်ပျော်အောင် အိပ်လိုက်ပါ၏။ ခရီးပန်းလာတာကြောင့်ရော တစ်ညလုံး မအိပ်ဖြစ်ခဲ့တာကြောင့်ပါ များပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရလေသည်။ သူ နိုးလာတော့ နေ့လယ် (၁၂) နာရီ ထိုးနေပြီမို့ မျက်လုံးပြူးသွားရပါ၏။ အစာမရှိသေးသည့် ဝမ်းဗိုက်က သံစုံမြည်နေလေပြီ။

အိပ်ရာမှ လူးလဲထကာ ရေချိုးရန် နောက်ဖေးလှေကားမှ ဆင်းလိုက်ပါ၏။ မိုးလည်း စဲနေပြီမို့ ထမင်းစားပြီးလျှင် စင်ခေါက်ရမည့် နေရာရှင်းထားတာကို သွားပြီး စစ်ဆေးရမှာပါ။ ဒီတစ်ပတ်အတွင်း သစ်ခွမျိုးပင်တွေကို စိုက်လို့ရလောက်ပါရဲ့။ ဒါမှသာ အလုပ်ထဲကို သူ စိတ်နှစ်လို့ရမှာ မဟုတ်လား။

“အစ်ကိုလေး”



www.burmeseclassic.com

www.burmeseclassic.com



"အေး! … မောင်ပု … ငါ ရေချိုးနေတယ်"

"ထမင်းပွဲ ပြင်လိုက်တော့မယ်နော်"

"အေးအေး"

ရေချိုး၍ သူ ပြန်တက်ခဲ့စဉ် ထမင်းဝိုင်းက အဆင်သင့် ဖြစ်နေလေ၏။ နံနံပင်အုပ်၍ ချက်ထားသည့် ငါးဟင်းကို ကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိပါသည်။ 'ညို့' လက်ရာကို မီမည်မထင်လို့ပါပဲ။ ငပိချက်နှင့် တို့စရာကို ဖွယ်ဖွယ်ရာရာ ပြင်ထားပေးပြီး ကန်စွန်းရွက်ကြော်နှင့် ထမင်းပူပူကို သူ စားဖြစ်လေ၏။ ဗိုက်ဆာနေသဖြင့် ထမင်းက ဝင်ပေမယ့် လျှာကဖြင့် အရသာမရှိသလိုပါလေ။

"အစ်ကိုလေး … ရေနွေးကြမ်းနဲ့ ငါးခြောက်ဖုတ်ပါ စားကောင်းရဲ့လား"

"ကောင်းပါတယ်၊ မြေနေရာ ရှင်းထားတာ ပြီးရင် တိုင်တွေ ဆက်ပြီး စိုက်ရမယ်နော်၊ နေမပူရင် ခဏနေ ငါ လာခဲ့မယ်"

"ဟုတ်ကဲ့ အစ်ကိုလေး"

"သြော် … မေ့တော့မလို့၊ လစာပေးရဦးမယ်၊ မိဖြူကို လွှတ်လိုက်ဦး၊ မောင်ပု"

"ဟုတ်ကဲ့"

လစာစာရင်းစာအုပ်ကို ယူလိုက်ပြီး စစ်စဉ်ဖယားခွဲပြီး နံပါတ်စဉ်နှင့် လူနာမည်စာရင်းကို ကြိုရေးထားပါသည့် လက်ရေး





ဝိုင်းဝိုင်းလေးကို မြင်လိုက်ရလေ၏။ 'မိဖြူ' ကတော့ လစာပေးရတာနှင့် တန်အောင် အလုပ်ကြိုးစားထားပါရောလား။ ဖျာထက်ရှိနေသည့် phone ကို အသံပြန်ကျယ်လိုက်စဉ် message တွေ ရောက်နေတာကို တွေ့ရလေသည်။

"Phone ကိုင်ပါ ဦးမောင်"

"ညို အရမ်းစိတ်ပူနေတယ်"

"အန်တီလည်း ဦးမောင် မပြောမဆိုနဲ့ ထွက်သွားလို့ စိတ်တိုနေလေရဲ့"

"ဘာမှမထည့်ပေးလိုက်ရဘူးတဲ့"

"ညို့ကို မုန်းလို့ နှုတ်မဆက်သွားတာလားဟင်!"

ဗုဒ္ဓေါ! … နောက်ဆုံး message ကြောင့် သူ လန့်သွားရပါ၏။ မုန်းလို့မှ မဟုတ်တာပဲ။ နှုတ်ဆက်ဖို့ ခွန်အားမရှိလို့ပါလေ။ 'မသွားရဘူး' ဟု တားမြစ်ပါက သူ့ခြေလှမ်းတွေ ရွှေ့ရခက်မှာ မဟုတ်ပါလား။ 'နာတုန်းပဲလား' ဆိုပြီး ဒီမေးစေ့ ဒီနှုတ်ခမ်းကို ခပ်ဖွဖွကိုင်လျှင် ဘယ့်နှယ်လုပ်ရမလဲ။

အခုချိန်ထိ ပါးပြင်ကို စမ်းလိုက်တိုင်း ရင်ထဲကြည်နူးနေစဲပါလေ။ ဒီအရွယ်မှာ ချစ်သူကို မနမ်းဖူးသေးတဲ့ 'အင်ကြင်းမောင်' က အနမ်းဦးကို ရရှိခဲ့ရတာ မဟုတ်လား။ ခပ်ကဲကဲလေးဟု ထင်ခဲ့မိသမျှ အခုတော့ အပြစ်မမြင်နိုင်တော့ပြီ။ 'ညို' ရယ်။ ကိုယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



'အင်ကြင်းမောင်' က မင်းလက်ခုပ်ထဲက ရေလေးလို သွန်လိုသွန်၊ မှောက်လိုမှောက်၊ လုပ်ချင်သလို လုပ်လို့ရတဲ့ အခြေအနေမျိုးရောက်နေမှန်း မင်းသိပါရဲ့လား။

"ဦး"

"မိဖြူ . . . လာလေ"

'မိဖြူ' အိမ်ပေါ်တက်လာစဉ် Phone သံက မြည်လာလေတော့၏။ မျှော်လင့်ခြင်းတစ်ဝက် တွေဝေခြင်းတစ်ဝက်က ဥပေက္ခာ ရပ်ဝန်းထဲမှာ ဆွေးနေရုံ၊ လွမ်းနေရုံပါပဲ 'အင်ကြင်းမောင်'။ အချစ်ဆိုတဲ့ ဟင်းလင်းပြင်ကြီးထဲမှာ အထီးကျန်ခြင်းတွေ ပြည့်နှက်နေတော့လေ၏။ Sorry ပါပဲ 'ညို'။

"မိဖြူ"

"ရှင်! . . . ဦး"

"Phone ဖြေပေးပါ၊ တခြား ဘာမှမပြောနဲ့နော်၊ ဦး အိပ်ပျော်နေလို့ နောက်မှဆက်ပါလို့ပဲ ပြောလိုက်"

"ဟုတ်ကဲ့ ဦး"

* * *



## အခန်း (၁၈)

ပေကြိုးမှုးဖြင့် ယူလာပြီး မြေကြွင်းတူးထားသည့်နေရာကို ရောက်ခဲ့ပါ၏။ တိုင်စိုက်ရတော့မှာမို့ သေချာစေရန် ပြန်စစ်ဆေးပြီး တိုင်းတာရပေသည်။ စိတ်တိုင်းကျ ဖြစ်လေမှသာ steel တိုင်တွေကို စိုက်ထူနိုင်းရပါ၏။ တန်းတွေကို မူလီစုပ်ရသဖြင့် အလုပ်သမားတွေကို ညွှန်ပြရင်း အလုပ်ရှုပ်နေရလေသည်။

"ဦးရေ!"

ခပ်ဝေးဝေးက အော်ခေါ်ရင်း ပြေးလာနေသည့် 'မိဖြူ' ကို လှမ်းတွေ့လိုက်ရပါ၏။ သူ့ phone ကို ကိုင်၍ ပြေးလာတာမို့ သက်ပြင်းရှိုက်မိလေသည်။ တမင်တကာထားခဲ့တာကို ဒီကလေးမက ယူလာပါရောလား။ အရေးကြီးပုံဖြင့် မျက်နှာမှာ ထင်ဟပ်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထိတ်သွားရလေ၏။ ဘုရားရေ! . . . မမဆက်တာများ ဖြစ်နေမလား။

"ဦးကို ဆက်နေတယ် . . . မမတဲ့၊ မကိုင်ရင် အသေပဲလို့ ပြောလို့ ယူလာပေးတာပါ"

အလုပ်သမားတွေ၏မျက်နှာမှာ ရယ်ချင်သလိုဖြစ်လာလေ၏။ ဒီအရွယ်ရောက်နေသည့် မောင်ဖြစ်သူကို မမက ကြိမ်းဝါးနေတာကို။ 'မိဖြူ' လက်ထဲမှ phone ကို လှမ်းယူလိုက်ပြီး ကိုင်လိုက်ရလေသည်။ ဝေးဝေးထွက်ပြေးခဲ့တာတောင်မှ လေလှိုင်းဖြင့် လှမ်းဆွဲမည့် မမပါပဲ။

"ဟယ်လို"

"မပြောမဆိုနဲ့ ပြန်သွားရလား!"

နားထဲ စူးသွားရသဖြင့် မျက်နှာရှုံ့လိုက်မိရင်း phone ကို နားနှင့်ခွာကာ ခဏစောင့်လိုက်ရလေ၏။ စောစောစီးစီး လော်စပီကာသံနဲ့ အော်နေပါရောလား။ ကလေးဖျားနေတာကို စိတ်မပူတဲ့ ဒီမောင်ကိုပဲ စိတ်ပူနေပြန်ပါပြီ။ ဒီအစ်မနှင့် ဒီကိုကိုကြောင့် စိတ်ရောကိုယ်ပါ အဘယ်မျှ ကျဉ်းကျပ်ရပါသလဲ။ လွတ်လွတ်လပ်လပ်လေးနေခွင့်ပေးပါတော့လား။

"ဘာဖြစ်ရပြန်တာလဲ မမရယ်"

"ဘာဖြစ်ရမလဲ . . . စားသောက်ဖို့ ဘာမှမပြင်မဆင်ပေး





လိုက်ရဘူး။ ဟိုကလေးမလည်း သူ့ကို မုန်းပြီး ပြေးပါပြီဆိုပြီး အငိုရှိန်နဲ့"

"ကျစ်! . . . ကျွန်တော် ပြန်မယ်ဆိုတာ သူ သိပြီးသားပါ"

"သိသိပေါ့၊ ပြီးတော့ ဟိုကောင်လေးနဲ့လည်း ထိုးကြကိုတ်ကြတယ်ဆို၊ ဘယ်လိုဖြစ်ကြတာလဲ၊ ညို့ကို အပါခေါ်ရမှ ဟိုကို ပြန်နိုင်မယ်ဆိုပြီး အိမ်ကို phone တဂွမ်ဂွမ်ဆက်နေတယ်"

"ဘယ်လို"

"အဲဒါ နှင့်အရှုပ် နှင်လာရှင်း"

"ကျွန်တော့်အရှုပ်မှ မဟုတ်တာ မမရာ"

"ဘာမဟုတ်ရမှာလဲ၊ နှင်ပဲ ညိုနဲ့ ကြိုက်နေပြီဆိုပြီး ပြောလိုက်တယ်ဆို၊ ကိုကိုလည်း ဒီသတင်းကြားပြီး ရန်ကုန်လာတော့မယ်လို့ ပြောနေပြီ၊ နှင်ရှုပ်ထားတဲ့ အထုပ်ကို မဖြေနိုင်ရင် ပြေးမယ်မကြံနဲ့ မောင်"

သေစမ်း! . . . ခေါင်းဆင်နှင်းကိန်းပါပဲလား။ ဘယ်လိုဖြစ်ပြီး ဒီကိစ္စက ဖွသွားရတာပါလဲ။ သူတော့ အခုမှ တကယ့်ပွကြီး ဖြစ်နေလေပြီ။ ဒါ ဟိုချာတိတ်ပဲ ဖွတာ ထင်ပါရဲ့။ ကိုကိုသာ ရောက်လာရင် 'နှင်း' နှင့်ကိစ္စက ရှေ့ကို တိုးလာတော့မှာ အသေအချာပါ။ အခုမှ ကိုယ် တကယ်သေတော့မှာပါလား 'ညို'။

"အဲဒါ ညို အကူအညီတောင်းတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဘာဆင်ခြေမှပေးဖို့မပြင်နဲ့ မောင်၊ ဒီကိစ္စကိုသာ နှင်းသိရင် ဘယ်လောက်ထိ စိတ်ဆိုးလိမ့်မလဲ"

"ကျွန်တော်မှ နှင်းကို စိတ်မဝင်စားတာ"

"ကြည့်စမ်း! ... အခုတော့ ဒီလေသံ ထွက်လာပြီပေါ့လေ၊ အစကတော့ ဟုတ်ပြီ ဟုတ်ရဲ့နဲ့၊ ကလေးက စိတ်ကစားရုံနဲ့ နင်ကပါ ယိုင်ရသလား။ ဒီလောက် အသက်အရွယ်ကွာနေတဲ့ နင့်ကို ဟိုက လက်ခံမှာတဲ့လား။ မွေးတို့မိသားစုက ငါတို့ထက် အများကြီး ပြည့်စုံ ချမ်းသာတာဟဲ့၊ နှင်းကို စိတ်မဝင်စားဘူးဆိုလည်း ဘာလို့လက်ဆောင် တွေ, ဘာတွေ ပေးပြီး နှဲ့ရသလဲ၊ ဟိုက စိတ်ပါလာပြီဆိုမှ နင့်ဘက် က နောက်ဆုတ်ချင်နေပြီ၊ ငါးရံ့နှစ်ကောင် ဖြိုင်ဖမ်းမယ် မကြံနဲ့ မောင်၊ တစ်ကောင်မှမမိဘဲ တစ်သက်လုံး ငုက်ပျောတုံး ဖက်နေရ မယ်၊ မလည်မဝယ်နဲ့ မလိုမိုတစ်ပတ် လုပ်ချင်ရတယ်လို့"

သူ ဘာမှဆက်မပြောနိုင်အောင် မမက တရစပ်ကို ပြော နေတော့တာပါ။ လက်ဆောင်လေး ပေးမိတာနဲ့ ရိုးရိုးသားသားဟု မတွေးကြပါလား။ အားနာတာနှင့် မမက သွားတွေ့ပါဆို၍ လက်ဆောင်လေး တစ်ခါသာ ပေးမိတာပါ။ အဲဒါကိုမှ 'နှင်း' က သူ့ကို စိတ်ပါလာသတဲ့လား။ ဘယ်လိုလဲ။ သူက 'နှင်း' နှင့် 'ညို' တို့ကြားမှာ ဗျာများနေရတဲ့လူ ဖြစ်နေပြီလား။

စိတ်ညစ်ရပေါ့ 'အင်ကြင်းမောင်'။





"ဒါကြောင့် မိန်းမ မယူချင်ဘူးလို့ အစကတည်းက ကျွန် တော်ပြောခဲ့တယ် မဟုတ်လား။ အဲဒီလို ပတ်သက်ရအောင် မမတို့ပဲ လုပ်ခဲ့တာလေ၊ တရားခံက ကျွန်တော် မဟုတ်ဘူး"

"အံမာ ... အခုမှ ဖင်ပိတ်ငြင်းပြနေပြီပေါ့လေ၊ နင်သာ ရုပ်သေးရုပ်လို ကြိုးရှုပ်ချင်တာပါ၊ ငါတို့ စီစဉ်ပေးတဲ့ နှင်းနဲ့ဆို ဘာမှ ဇယားရှုပ်စရာမရှိဘူး။ နင်သာ ကလေးကို မုန့်ပေးကြိုက်ချင်နေတာ၊ ကိုယ်နဲ့ တန်ရာတန်ရာ မမှန်းဘဲ စာကလေးကို အမြှောက်နဲ့ ချိန်ရ သလား။ ကိုယ့်အပြစ်ကိုယ် မြင်တတ်မှပေါ့"

ရင်ထဲ နင့်ခနဲဖြစ်သွားရကာ မျက်ရည်ပင် ဝဲသွားရလေ၏။ မတန်မရာမှန်းသတဲ့။ ဖျစ်ဖျစ်နှစ်နှစ် အပြောခံနေရပါပြီကော 'ညို'။ 'ဦးမောင်' ကို လိုအပ်တဲ့အချိန်လေးမှာသာ ခဏထုတ်သုံးတဲ့ Battery Pack လေးလိုပဲ သဘောထားခဲ့ပါသလား။ 'ညိုဦးမောင်' ဟု အခါခါ သုံးခဲ့သမျှ သဘောရိုးနဲ့ပဲလား။ 'ဦးမောင်ကို ချစ်ရတာ' ဟု မကြာမကြာ ပြောခဲ့တာတွေအားလုံးက ပကတိဖြူစင်ခြင်းတွေနဲ့ လားကွယ်။

ဇယားရှုပ်မိသည်က သူကိုယ်တိုင်ဆိုတာကို ဝန်မခံချင်ရတာ အဘယ်ကြောင့်ပါနည်း။ အရွယ်၏အသိကြောင့် အချိန်မီ နောက်ဆုတ်ပြီး စိတ်ကို ချုပ်ထိန်းခဲ့ပါလျက် သူ့အနောက်ကနေ အမြဲလို ဖိုက်ပါနေတော့ ခက်သားလား။ ကိုယ်တော့ အရှုပ်ပုံထဲမှာ စုံးစုံးနစ်



www.burmeseclassic.com

www.burmeseclassic.com



မြူပ်တော့မယ် ထင်ပါရဲ့ 'ညို' ရယ်။

'ညို့ကို ကြိုက်တယ်လို့ ကျွန်တော် မပြောပါဘူး''

''နင်မပြောဘဲနဲ့ ဟိုက အိမ်ကို ပြန်တိုင်မလား။ ကြားထဲမှာ ငါက မွေးတို့နဲ့ မျက်နှာပူစရာကြီး ဖြစ်နေပြီ၊ သဲစုသိရင် ပိုတောင်မှ မိုးမီးလောင်ဦးမယ်၊ နင့်ကို ဖူးစာဖက် ကူရာခိုင်းလိုက်တာ၊ ဖူးစာဖက် ပို့ပေးလိုက်တာ မဟုတ်ဘူး မောင်ရဲ့''

''လိုရင်းကို ပြောဗျာ . . . ကျွန်တော့်မှာ အချိန်မရှိဘူး''

''ကြည့်စမ်း! . . . မျက်နှာလွှဲခဲပစ်လုပ်ချင်ပြန်ပြီ . . . နင်ဟာ လေ''

''ညိုသြင်တန်းပြီးရင် အဲဒီကောင်လေး လာခေါ်လိုက်ရင် ပြီးရောမဟုတ်လား။ အစကတည်းက သူ မရှင်းမရှင်းလုပ်လို့ ဒီကိစ္စတွေ ဖြစ်လာရတာ၊ မမလည်း ဘယ်သူ့စီမံကိုမှ နောက်ထပ် အိမ်မှာ ခဏလေးတောင် ခေါ်မထားချင်နဲ့၊ မြေနှစ်ချောင်း မကာယ်ကောင်းဘူး ဆိုတာ သိတယ်မဟုတ်လား၊ ကျွန်တော်လည်း အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးဗျာ၊ အဲဒါဆို အေးရော''

''ဟယ်! နင်နော် . . . အစ်မက နည်းနည်းလေး ဆူငေါက်လိုက်တာနဲ့ ကောက်ပြချင်ပြီ''

''ဘာမှစိတ်မကောက်ဘူး . . . မမသာ ညို့ကိစ္စ ရှင်းပေးလိုက်ပါ၊ အင်ကြင်းမောင်က ပျော်ရာမှာ မနေရလည်း တော်ရာမှာ





နေတာတ်ပြီးသား''

''မောင်နော် . . . နင် ပြီးစလွယ်မပြောနဲ့၊ နင်ပြောတာသာ ဟိုကလေး ကြားရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိမ့်မယ်၊ အဲဒီကောင်လေးနဲ့ ပြဿနာတက်တုန်းကလည်း အိပ်ဆေးတွေသောက်ခဲ့တာ မနည်းအသက်လုခဲ့ရတာဟဲ့၊ သူများသားသမီး နုနုထွတ်ထွတ်လေးကို မလိုချင်တာနဲ့ဘဲ လွှင့်ပစ်သလို ပြောရလား''

ဘုရားရေ! . . . 'ပိုင်ဖေမင်း' နဲ့ ပြဿနာဖြစ်တုန်းက အိပ်ဆေးတွေ သောက်ခဲ့တာတဲ့လား 'ညို'။ ဘယ်လောက်များ စိတ်ထိခိုက်ခံစားခဲ့ရလို့ပါလဲ။ အရွယ်ငယ်ငယ်လေးနဲ့ စိတ်တိုင်းကျ ချစ်နိုင်မယ့် ချစ်သူမျိုးကို စိတ်ကြိုက်ရှာနိုင်ပါလျက် အဘယ့်ကြောင့် အသက်ကို တန်ဖိုးမထားဘဲ အခုလို လုပ်ရတာပါလိမ့်။

ဒါဖြင့် ကိုယ်က မင်းအပေါ် ချစ်မိနေတာကို သိလျှင်ကော။ နောက်သည်ပဟုထင်ပြီး လှောင်ရယ်ချလိုက်လျှင် ကိစ္စမရှိပါ။ 'ဖြစ်ရလေ' ဆိုပြီး ဝမ်းနည်းပက်လက်ဖြစ်ခဲ့လျှင်ရော။ သူ့ခါချာတိတ် မလေး စိတ်ထိခိုက်နာကျင်ရတာမျိုးကို နောက်ထပ်တစ်ကြိမ် မဖြစ်စေချင်တာပါ။ ဒါကြောင့်မို့ ရင်တွင်းယိုဖိတ်နေသည့် အချစ်စိတ်ကို မျိုသိပ်ပြီး 'ဦးမောင်' ရှောင်ပြေးခဲ့ရတာပါ 'ညို'။

''မသိတော့ဘူးဗျာ၊ အဲဒါကြောင့် ကျွန်တော် ပြန်မလာချင်တာ၊ လူကို အတင်းပြန်လာခိုင်းပြီး ဒီလိုစိတ်ရှုပ်ထွေးစရာတွေ ကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရလား။ မမမွေးတို့နဲ့ အကျိုးအကြောင်း ပြောပြီး မမပဲ ရှင်းပေးလိုက်ပါ''

"အဲဒီလောက် လွယ်မှတော့ နင့်ကို ပြောနေမလား၊ ကိုကိုက နင့်ကို သေချာပေါက် ဖြစ်တော့မယ်လို့ ပြောနေပြီ''

"ရှုပ်လိုက်တာဗျာ၊ အဲဒီလို စိတ်ရှုပ်မခံချင်လို့ ရည်းစား တောင် တစ်ယောက်မှမထားခဲ့တာဗျ။ ကိုယ့်ဘာသာ တစ်ယောက် တည်း အေးအေးဆေးဆေးနေနေတာကို နေရင်းထိုင်ရင်း ပြဿနာ ရှုပ်အောင် လုပ်ကြတာ၊ တော်ပြီ ... ဒီထက်ပို ရှုပ်လာရင် ဘုန်းကြီးပဲ အပြီးဝတ်တော့မယ်၊ နောက်မှ မျက်ရည်လေးတစမ်းစမ်းနဲ့ နောက်က လိုက်မခေါ်ကြနဲ့ ... စိတ်ကုန်တယ်၊ ဒါပဲ''

စိတ်တိုစွာဖြင့် phone ကို ပိတ်လိုက်ပါ၏။ ကာယကံရှင်တွေကိုပဲ ဖြေရှင်းခွင့်ပေးပါတော့လား။ နေရာတကာ လူကြီးတွေ ဝင်ပါရန်နှင့် ကိစ္စက ပြီးပြတ်နိုင်တာမှ မဟုတ်တာလေ။ 'ညို့' အပေါ် တကယ် စိတ်မပြတ်နိုင်လို့လည်း ဟိုချာတိတ်က အဝေးကြီးခရီးကို လိုက်လာတာ မဟုတ်ပါလား။

'မီး' နှင့် ဝေးနေသည့် 'ချိတ်' က အဘယ်မျှပင် မာသည် ဆိုဆို 'မီး' နှင့် ထိတွေ့သည်နှင့် အလွယ်တကူ ပျော်ကျလာတတ်တာ သဘာဝပါ။ ဒါဖြင့် သူ၏ 'ညို့' လည်း ထိုသို့ပင် ဖြစ်မှာမဟုတ်လား။ နှစ်ဖက်မိဘတွေ အသိအမှတ်ပြုထားပါလျက် 'ပိုင်ဖေမင်း'





ကို လွယ်လင့်တကူဖြတ်လို့ရမည် မထင်ပါ။

အချစ်ဦးဆိုသည့် ဝိသေသက အလကားရှိနေတာမှ မဟုတ်ဘဲ။ အရင်ဦးဆုံး ချစ်ခြင်းတွေကို ပုံအပ်ထားပါသည့် 'ညို့' အချစ်တို့ကို ဟိုချာတိတ်သာ အပိုင်ရထားတာပါလေ။ နောက်ကွယ်မှာ အဘယ်မျှ ခြေရှုပ်နေပါစေ အချစ်စစ်မှန်သည့် 'ညို့' ထံကို နောက်ဆုံးတော့ ခြေဦးပြန်လှည့်ခဲ့တာ မဟုတ်ပါလား။

နွတ်က အဘယ်မျှပင် စိတ်နာသည်ဟုဆိုဆို ရင်တွင်းမှာတော့ သံယောဇဉ်ပါးပါးလေးတော့ ကြွင်းကျန်နေဦးမှာပါ။ ပါးကို ရိုက်ချလိုက်ပြီးမှ ဒီလက်ကို မကြာခဏ ပြန်ကြည့်သတိရပြီး နောင်တတွေ ရမနေဘူးဟု ပြောနိုင်ပါ့မလား။ ယင်းသူ၏စိတ်က လေအလျှင်နှယ် မြန်ဆန်တတ်တာကို 'ပိုင်ဖေမင်း' လည်း သိနေမည်သာ။

သူ့မှာသာ ... သူ့မှာသာ ဘယ်သူ့ကိုမှ တစ်စုံတစ်ယောက်မှ မတွေ့နိုင်တော့ဘဲ ရှောင်ရှားခဲ့ရတာလေ။ အထူးသဖြင့် သူ၏ 'ညို့' ကို မည်သို့မျက်နှာချင်းဆိုင်ရပါ့မည်နည်း။ ချစ်တတ်လာမှ ပိုပြီး မျိုးသိပ်တတ်ခဲ့ရတာပါ။ နင့်နင့်သည်းသည်း ချစ်မိမှပဲ မျက်လုံး ချင်း မဆုံရဲတော့တာလေ။

စိတ်ရဲ့ပြတင်းတံခါးကို 'ညို့' သိလာအောင် မြင်သာအောင် ဘယ်လိုဖွင့်ပြရပါ့မလဲ။ ပြောကြတာဖြင့် မိန်းကလေးတွေဆိုတာ ကိုယ့်အနီးကပ်လာတတ်သည့် ယောကျာ်းလေးတွေ၏စိတ်ဝင်စားခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုသိနေတာဆို။ ဒါဖြင့် သူ့ဏါခံစားချက်ကိုရော ‘ညို’ သိနိုင်ပါ ရဲ့လား။

ငယ်စဉ်က ချိုးနှိမ်ရှုံ့ခဲ့သည့် ဦးလေးအရွယ်ဆိုပြီး လေးစားမှု အရင်းခံကြောင့်သာ ဖြူစင်ခြင်းအတိဖြင့် သူ့အပေါ် ရင်းနှီးဖော်ရွေဆိုးနွဲ့တာသာ ဖြစ်နိုင်ပါသည်။ ထိုကြောင့်ပင် တရင်းတနှီးဖြင့် ရှိန်လန့်ကြောက်ရွံ့တာမျိုး အလျှဉ်းရှိမနေဘဲ လက်မောင်းကို ခိုတွယ်တာ, မေးနှင့်ပါးကို နမ်းရှိုက်တာမျိုးကို လုပ်ရဲလုပ်ဝံ့တာ ဖြစ်မှာပါလေ။

ဘုရားရေ! ... တကယ်တမ်း ယိုင်နဲ့ခဲ့ပါသည့်လူက သူပင်ဖြစ်နေတာပါလား။ သံယောဇဉ်ဟူသည့် အဖြူရောင်ကြိုးစကို ရင်ဘတ်တွင်းမှ အငြိမ်မနေသည့် ၎ုပ်ကောင်လေးကို အပြစ်တင်မိပါ၏။ ၎င်းမငြိမ်သက်တာကြောင့် ဦးနောက်က ရှုပ်ထွေးထူပူလာရတာ မဟုတ်ပါလား။

ဖွင့်ပြောဖို့ခက်မှတော့ တစ်သက်လုံး မပြောဘဲ နှုတ်ပိတ်သွားရုံပေါ့ ‘အင်ကြင်းမောင်’။ လွယ်လွယ်လေးပါပဲ။ ခက်လွန်းပါသည့် ပုစ္ဆာတစ်ပုဒ်ကို အပင်ပန်းခံပြီး တွက်နေမှာထက် ဦးနှောက်အခြောက်မခံဘဲ ဒီအတိုင်းထားလိုက်ရုံပါလေ။

နောက်ဆုံးတော့ ‘ပိုနေမြဲ ကျားနေမြဲ’ အတိုင်းပါပဲ။
အချစ်သည် စိတ်ကို ချမ်းမြေ့စေ၏။
ထို့အတူ ပူလောင်ကျွမ်းမြိုက်စေ၏။





နှလုံးသားကို ထိခိုက်နာကျင်စေ၏။
အိပ်ပျက်ညတိုင်းကို ဖန်ဆင်းပေး၏။
ချောက်ချားဖွယ် အိပ်မက်ဆိုးတို့ကို မက်စေပါ၏။
ထိုအချစ်ကိုပင် မစွန့်လွှတ်နိုင်ဘဲ ပွေ့ပိုက်ထားချင်ကြလေ၏။
နောက်ဆုံးမှာဖြင့် အချစ်က ရှင်သန်လျက် ရှိသော်ငြား လူကပင် သေဆုံးခဲ့ရတာပါလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ပန်းမျိုးပင်တွေ ရလာပြီမို့ ခြံထဲမှာ သူတို့ အလုပ်ရှုပ်နေကြပါ၏။ မြေစိုက်သစ်ခွတွေ, ပိန်းပင်တွေကို မြေပေါ်မှာ ခဲတွေ, အုန်းခွံတွေဖြင့် အတန်းလိုက်စီပြီး အရင်ဆုံး စိုက်စေပါသည်။ အိုးသေးသေးလေးတွေဖြင့် ဝယ်လာပါသည့် သစ်ခွပင်တို့ကို အိုးအကြီးတွေထဲသို့ ပြောင်းထည့်ရလေ၏။ သွပ်ကြိုးတို့က ကြာလျှင် ချေးသွားတတ်သဖြင့် နိုင်လွန်ကြိုးခွေကိုဖြတ်ကာ အိုးမှာ သုံးကြိုးထပ်နိုင်းရပါသည်။

"ဖြည်းဖြည်းလုပ်နော် ... အမြစ်တွေ မနာစေနဲ့"

ကိုယ်တိုင်လည်း ဝင်လုပ်ရင်း အလုပ်သမားတွေကို နှုတ်မှသတိပေးနေရပါသည်။ မိုးတွင်းရောက်ပြီမို့ စိုက်ခင်းတွေကို ရေသိပ်





ဖျန်းစရာ မလိုပါဘဲ ခရုစားမှာ, ပိုးကိုက်မှာကိုပင် ဂရုစိုက်နေရလေ၏။ မနက်စောစော ဈေးသို့ ပန်းသွားပို့သည့် 'မောင်ပု' တို့ ပြန်မရောက်ခင် သူက သစ်ခွခြံထဲ ရောက်နေတာပါ။ သူ ဘုကောခြိမ်းခြောက်လိုက်သဖြင့် မမထံမှလည်း phone မလာတော့ပါလေ။ အခုမှပဲ စိတ်အေးလက်အေးဖြင့် အလုပ်ကို ဇောက်ချလုပ်ကိုင်ဖြစ် တော့သည်။

"တစ်သက်လုံး ပျော်ချင်လျှင် သစ်ပင်စိုက်ပါ" တဲ့။ ဟုတ်ပါတယ်။ ဘာအပူအပင်မှ မရှိချင်လို့ ဒီအလုပ်ကို သူ ရွေးချယ်ခဲ့တာပါလေ။ အဘယ်မျှ စိတ်အေးချမ်းရပါသလဲ။ အမြတ်တွေချည်း ရှာချင်သည့် စီးပွားရေးမျိုး မဟုတ်ရပါ။ ပုံမှန်ဝင်ငွေလေးဖြင့် သင့်တင့်စွာ ရှာဖွေရင်း ရင်ကို ငြိမ်းချမ်းစေသည့် လုပ်ငန်းတစ်ခုပါပဲ။

ဒါကို အထင်မကြီးသလို 'နှင်း' ပြောခဲ့တာလေ။ ထမင်းကျွေးဖို့ ဖိတ်ထားတာ မှန်ပေမယ့် သူ မပြန်ဖြစ်ပါ။ 'နှင်း' ကိုလည်း အဆက်အသွယ်မလုပ်ဘဲ အဆက်ဖြတ်ထားတာ သုံးလခန့် ရှိနေလေပြီ။ 'ဘုန်းကြီးဝတ်မည်' ဟူသည့် စကားကြောင့် မမလည်း သူ့ကို ဗျည်းပူညံမလုပ်ရဲတော့ပါ။ သို့သော် ကိုကိုလာခိုင်းလျှင်တော့ သူ မသွားမဖြစ် ငြင်းမရဘဲ သွားတွေ့ရမှာပါလေ။ ကိုကိုက သူ့အပေါ် အစ်ကိုဆိုတာထက် အဖေနှယ် စောင့်ရှောက်ပေးခဲ့တာ မဟုတ်ပါလား။

"ဟင်း"

သက်ပြင်းရှိုက်သံက ခပ်ကျယ်ကျယ် ထွက်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါသည်ဟု စိတ်ကို တင်းထားသော်ငြား ရင်မောခြင်းတို့ကသာ ပြည့်နှက်နေသလိုပါ။ ဒီပြန်ရောက်မှပဲ အစားအသောက်ပျက်ပြီး ကိုယ်ခန္ဓာပင် ပိန်ကျသွားရတာလေ။ 'ဒေါ်စိန်' တစ်ယောက် ဂရုတစိုက်ဖြင့် သူစားချင်တာကို ချက်ကျွေးပေမယ့် လျှာက အရသာမတွေ့တော့ ခက်သားလား။

"ဦး"

"အင်း . . . ကျစ်!"

'မိဖြူ' ခေါ်သံကြားလေမှ ပန်းအိုးမှာ ကြိုးတပ်နေတာလေးချောင်းဖြစ်နေမှန်း သတိပြုမိသွားရပါ၏။ ပြီးနေပြီမို့ ပြန်မဖြုတ်ချင်တော့ပါ။ စိတ်နှင့်လူက ကပ်လိုက်ခွာလိုက် ဖြစ်နေတာ အတော်ကြာနေလေပြီ။ နောက်တစ်အိုးမှာ ကြိုးချည်ရန် ပြင်လိုက်ပြီး လှည့်ကြည့်လိုက်မိ၏။

"ဘာလဲ"

"အမေက ဘာချက်ပေးရမလဲ မေးခိုင်းလို့ပါ"

"ချက်ချင်တာ ချက်လို့ ပြောလိုက်"

"ဦးက ဘာမှလည်း ဟုတ်တိပတ်တိ မစားလို့ သေချာမေးခဲ့တဲ့"

သူ သက်ပြင်းရှိုက်မိပြန်၏။ အစားအသောက်ကို မက်မက်မောမော မစားဖြစ်အောင် 'ညို' ပြုစားထားပါသလား။ အထူးအခြင်း





လေးတွေ ချက်ပြီးတိုင်း 'ဦးမောင်, မြည်းကြည့်ပါဦး'ဆိုပြီး အနားကို ရောက်လာတတ်တာလေ။ အခုတော့ ဒီအသံလေးကို မကြားရတာ ဘယ်လောက်ကြာနေပြီလဲ။ 'ညို' မရှိတဲ့ အရပ်မှာ အထီးကျန်ခြင်းတွေနဲ့ 'ဦးမောင်' မနေပျော်ဘူး 'ညို' ရယ်။

"ဦး"

"ကြိုက်တာသာ ချက်လို့ ပြောလိုက် မိဖြူရယ်"

"အမေက ဒီနေ့ ဈေးထဲမှာ တားဖားလေးတွေ ရလာလို့ စင်းကော စပ်စပ်လေးချက်ထားတယ် ဦးရဲ့"

သူ မျက်လုံးပြူးသွားရလေ၏။ တောသူက တောချက် ချက်စားတာ ကိစ္စမရှိပါ။ မစားတတ်သည့် သူက ခေါင်းထဲ ဒိန်းခနဲ ဆောင့်မြည်သလို ရင်ထဲမှာပါ ပျို့တက်လာလေတော့၏။ 'ဒေါ်စိန်' တော့ သူ့ကို အနီးကပ် လုပ်ကြံချင်လေပြီ။ စားမကောင်းတာနဲ့ပဲ ပေါက်တတ်ကရတွေ ချက်ကျွေးတော့မှာပါလား။

"ငါ မစား . . . မစား . . . ဝေါ့!"

"ဟယ်! . . . ဦး"

"ဆရာလေး"

သူ လက်ပြနေစဉ်မှာပင် သားအဖနှစ်ယောက်စလုံး၏လက်က သူ့ကျောပေါ် ရောက်လာလေတော့သည်။ ကလေးက ဘာရယ်မဟုတ် ပြောလိုက်မှန်း သိပေမယ့် ရွံတတ်သည့် သူက ကြွေးရှိန့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ရင်ထဲမှာ အော်ဂလီဆန်လာတော့တာပါ။ မိုးအေးအေးရာသီမို့ အအေးမိထားတာလည်း ဖြစ်နိုင်ပါ၏။

"အား! ... ရင်ထဲမှာ နာလိုက်တာ"

"ဆရာလေး မစားတာကို လာပြောရလား မိဖြူရယ်"

"သမီးလည်း မသိလို့ပါ အဘရယ်"

"နေလို့မကောင်းဘူးလား ဆရာလေး၊ ဆေးခန်းသွားမလား"

"ရပါတယ်၊ တအောင့်လောက် နားလိုက်ရင် သက်သာသွားမှာပါ၊ အအေးမိတာပဲဖြစ်မယ်၊ အန်ထားတာတွေ ..."

"နေနေ ... ကျွန်တော်ပဲ ဖဲလိုက်ပါ့မယ်၊ တွဲပို့ပေးရမလား"

"ရတယ် ဦးလေးမြ ... နေပါစေ"

"နင့်အမေကို ဆရာလေးအတွက် ဆန်ပြုတ်ပူပူလေး ပြုတ်ပေးပါလို့ပြော၊ ငါးရံ့ကို အကင်းလိုက်လေး ကြော်ပြီး ..."

"ကြက်ဥပဲ ကြော်ပေးပါ မိဖြူ၊ ကြက်ဥကြော်နဲ့ စားမယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့ ဦး"

ရင်ထဲမကောင်းပါဘူးဆိုမှ ငါညီနဲ့ရအောင် ပြောပြန်ပါပြီး 'မိဖြူ'ကို လှည့်ပြောပြီး ဆက်လျှောက်ခဲ့ပါ၏။ မျက်စိတွေပင် ပူလာသလိုပါ။ ဒါကြောင့် မနက်အိပ်ရာထစဉ်က ကိုယ်လက်တွေ လေးလံနေ





သလို ခံစားနေရတာကိုး။ သူတော့ ဖျားပြီထင်ပါရဲ့။ မိုးတွင်းရောက်သည်နှင့် တုပ်ကွေးတွေ စဖြစ်တော့တာပါ။ အခုကဖြင့် အလုပ်သမားတွေက ပင်ပန်းပြီး မဖျားပါဘဲ သူက စဖျားတာတော့ မဟုတ်သေးပါဘူး။ ခန္ဓာကိုယ် အားနည်းလာပါက ဖြစ်ပမှ (လေထုထဲမှ) ရောဂါပိုးတွေ ဝင်လာတတ်သည်ဆိုတာ မှန်နေပြီ ထင်ပါရဲ့။ အိမ်ရှိရာကုန်းတက်ကို တက်စဉ်ပင် ခြေလှမ်းက မသယ်ချင်တော့သည့်နှယ် လေးလံလာလေ၏။ နဖူးကို စမ်းလိုက်ပေမယ့် ပူသလား အေးသလား သူ မသိပါ။

အားငယ်လိုက်တာနော်။ ခါတိုင်း ဤသို့ဖျားပါလျှင် မမတစ်ယောက် ပျာယာခတ်ပြီး ဆူပွက်နေတော့တာလေ။ ရေပတ်တင်ပေးတာ၊ ရေပတ်တိုက် အင်္ကျီလဲဝတ်ပေးပြီး ဆရာဝန်ပင့်ပေးတာကိုက အစ အကုန်လုပ်ပေးလေ့ရှိတာ မဟုတ်လား။ 'အခုထိ ကလေးလိုပဲ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ဘူး' ဟု ဗျစ်တောက်ဗျစ်တောက် ပြောဦးမှာလေ။

သတိရလိုက်တာ။ 'ညို' ဆိုလျှင်လည်း ဤသို့ပင် သူ့အပေါ် ဂရုစိုက်မှာပါနော်။ 'ဦးမောင် ဘာစားချင်သလဲ' ဟု 'မိဖြူ' လိုပင် သူ့ကို မေးမည်သာ။ ဘာမှစားချင်စိတ်မရှိဘူး 'ညို'။ တစ်ယောက်တည်း နေနေပေမယ့် အလုပ်သမားတွေ ရှိနေတာကြောင့် အထီးကျန်သည်ဟု မထင်ခဲ့ပေမယ့် အခုတော့ သိမ်ငယ်စိတ်ဝင်လာသည့်နှယ်။

'ညိုသာ အနားမှာရှိနေလျှင်' ဟူသည့် အတွေးကရင်ကို

www.burmeseclassic.com



နှိပ်စက်မှုပြုလေ၏။ နွမ်းလျခြင်းတို့က စိတ်အာသီသကို မပြေစေတာ အဘယ်ကြောင့်ပါနည်း။ အပြုံးနုနုနှင့် မျက်ဝန်းလဲ့လဲ့လေးကို တမ်းတမှတ်သိပ်ခြင်းတို့နှင့် လွမ်းဆွတ်နေတာကို 'ညို' သိနိုင်ပါ့မလား။

ချစ်တယ် 'ညို'။ ရင်ထဲမှာ မြတ်နိုးတန်ဖိုးထားပြီး နင့်နင့်သည်းသည်း တွယ်တာပြီး ချစ်ရတာပါ။ 'ကလေး' ဆိုပြီး ဒီရင်ခွင်ထဲ တစ်သက်တာ ထွေးပိုက်ထားခွင့်က ဒီဘဝမှာ ရှိနိုင်မှာတဲ့လား။ တစ်ဖက်သတ် ချစ်ခြင်း၏ရလဒ်က နာကျင်ခြင်းအတိနှင့် ခံစားမှုဆိုတာကို လက်တွေ့ကြုံမှသာ သူ သိနားလည်ခဲ့ရတာပါလေ။

ဩော် . . . 'ညို' ရယ်။

အိမ်လေးပေါ်သို့ လှေကားမှတက်လိုက်ပါ၏။ ဗီရိုအပုလေးကို ဖွင့်ကာ Coffeemix ထုပ်ရှာမိပေမယ့် ကုန်နေလေပြီ။ ဆေးသောက်လျှင် အစာရှိရပါမည်ဆိုမှ ကံက မကောင်းပါလေ။ ဓာတ်ဘူးထဲမှ ရေနွေးကိုသာ အနည်းငယ်နွေးအောင် လုပ်လိုက်ပြီး ဆေးတစ်လုံးကို အမြန်မျှော၍ မျိုချလိုက်ပါ၏။

ဒီရာသီဖျားနှင့် ဒီဆေးက လူကို တောင့်ခံနိုင်မည်မထင်ပါ။ လောလောဆယ်ဆေးသောက်ပြီး ချွေးထုတ်သလို တစ်ရေးလောက်မှေးလိုက်မှ သက်သာသွားမည်ထင်ပါရဲ့။ နံရံကပ်ဗီရိုကြီးထဲမှ မွေ့ယာအပါးလေးကို ဖျာထက်မှာခင်းပြီး လှဲအိပ်လိုက်ပါ၏။

ဖျားနေသည့် မျက်လုံးတို့က ချက်ချင်းမမှိတ်လာဘဲ ကြောင်





တောင်တောင်ဖြစ်နေလေသည်။ အပြင်မှာ မိုးစက်တို့က ဖွာဖြောက်ဖြောက်ကျနေသည်ကို မှန်ပြတင်းမှတစ်ဆင့် မြင်နေရပါ၏။ လေတွေပါလာသဖြင့် သစ်ပင်ကြီးကိုမှ သစ်ကိုင်းတို့ ဟိုဒီယိမ်းထိုးနေကြလေသည်။ ဒါဖြင့် သူ၏အတွင်းစိတ်လည်း ထိုသို့ပင် မငြိမ်မသက် ယိမ်းထိုးလှုပ်ရှားနေတာ မဟုတ်လား။

"ဦး . . . အိပ်နေပြီလား"

"လာခဲ့လေ"

အသံလှမ်းပြုလိုက်ပြီး 'မိဖြူ' ရောက်လာလေ၏၊ ကြွေရည်သုတ်ထမင်းအုပ်ကို အဖုံးအုပ်လျက် ကြက်ဥကြော်ကိုလည်း ပန်းကန်ပြားဖြင့် အုပ်ပြီး သယ်လာပေးတာပါ။ ထီးမဆောင်းပဲ ရောက်လာသည့် ချာတိတ်မကြောင့် သူ စိတ်ပူရပြန်လေသည်။ လင်ဗန်းသယ်လာရသဖြင့် ခေါင်းမှာ ဝါးခမောက်လေးသာ ဆောင်းလာတာပါလေ။

"ထားခဲ့ မိဖြူ . . . မြန်မြန်ပြန်ပြီး ရေခြောက်အောင် သုတ်ပြီးရင် နွေးနွေးထွေးထွေး ဝတ်ထား၊ ကျန်တဲ့လူတွေကို မိုးရွာထဲမှာ အလုပ်မလုပ်နဲ့လို့ ပြောထားဦး"

"ဟုတ်ကဲ့ ဦး"

'မိဖြူ' ပြန်ဆင်းသွားလေမှ စောင်ခြုံထဲမှ ထလိုက်ပါ၏။ အိမ်မှာဆို မေမေက ကြက်သွန်ဖြူဆီသပ်, ကြက်သွန်ဖြူကြော်မှုန့်, ငရုတ်ကောင်းမှုန့်တို့နှင့် ကြက်သွန်မြိတ်ဖြူးပြီးမှ သူ့ကို ဆန်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



မြှုတ်ကျွေးတာပါ။ အခုလည်း ဒီလိုမျိုးဖြစ်ပါ့မလားဟု တွေးရင်း ထမင်းအုပ်ကို ဖွင့်ကြည့်လိုက်မိပါသည်။

"ဟင်း"

သက်ပြင်းရှိုက်လိုက်မိ၏။ ထင်သည့်အတိုင်း ဆန့်ပြုတ်ရည်း သက်သက်သာ ဖြစ်နေပါသည်။ ဘာအခက်မှမပါ၊ ဘာအသားမှ မထည့်ထားပါလေ။ ကြက်ဥကို Half fried ဟု မပြောလိုက်မိသဖြင့် သတိရကာ ကြည့်လိုက်မိ၏။ ခေါက်၍ကြော်ထားပါသည့် ဖြူဖတ်ဖြူ လျော်ကြက်ဥက သူ့ကို ပိုမောသွားစေတာပါ။

နေမကောင်းဖြစ်နေသည်က ပိုပြီးများ အားလျော့လာစေပါ သလား။ မြင်နေရသည့် အစားအစာက သူ့ကို စားချင်စိတ်မဖြစ်စေ ပါ။ အဖုံးပြန်အုပ်ကာ အိပ်ရာထက် ပြန်ခွေလိုက်မိလေ၏။ မိုးက ပို၍ သည်းလာလေသည်။ အိမ်တံခါးမကြီးကို 'မိဖြူ' ပြန်ပိတ်ပေး သွားတာမို့ အိမ်တွင်းမှာ လေမဝင်ဘဲ လုံခြုံပါ၏။

သွပ်မိုးထက်မှ မိုးပေါက်သံတဖောက်ဖောက်က စိတ်ပို ညစ်စေပြီး နားငြီးလွန်းနေပါသည်။ နေကောင်းနေပါက ဘာမှမဖြစ် ဘဲ အခုလို နေမကောင်းဖြစ်မှသာ အနှောင့်အယှက်ဖြစ်စေတာ မဟုတ်ပါလား။ အိပ်ပျော်ခြင်းက တော်ရုံနှင့် မရောက်နိုင်သေးပါ။ အိပ်ရာထဲ ဟိုဒီလှိမ့်ရင်း ချမ်းစိမ့်စိမ့်ဒဏ်ကို ကြံ့ကြံ့ခံနေရလေ၏။

'ဦးမောင်' တော့ ဖျားနေပြီ "ညို"။





ဆေးလေးလာတိုက်ပါလား။ အာဟာရဖြစ်မယ့် အစားအစာ လေးတွေကို စေတနာအပြည့်နဲ့ ချက်ကျွေးပါလားကွယ်။

'ညို' သာ ပြုစုပေးရင် ကိုယ်နေမြန်မြန်ကောင်းလာမှာပါ။

'ညို' သာ ဂရုစိုက်လျှင် ကိုယ် အသက်ရှည်ရှည်လေး နေဖြစ်မှာလေ။

'ညို' သာ ချန်ရစ်ခဲ့လျှင် ဟူသည့် အတွေးကိုဖြင့် သူ ဆက်မတွေးဝံ့တော့ပါ။

(၃) လ ကြာပြီးပြီမို့ တကယ်ပဲ မိုးကုတ်ကို ပြန်တော့မှာ မဟုတ်လား။ ဟိုရောက်ရင် ဟိုကောင်လေးနဲ့ အဆင်ပြေပြီး စိတ်ချမ်း သာ ပျော်ရွှင်နေရောပေါ့နော်။ ကိုယ့်မှာသာ ဒီမှာ ငူငူငိုင်ငိုင်နဲ့ တစ် ယောက်တည်း ကျန်ရစ်ခဲ့ရတော့မှာလေ။

'ညို့' အတွက် ကိုယ့်အသက်ကို ပုံပေးပြီး ချစ်ပါလျက် ဥပေက္ခာရပ်ဝန်းတစ်နေရာမှာ 'အင်ကြင်းမောင်' တစ်ယောက် ဆက် ရှင်သန်နိုင်ပါတော့မလား။ နှလုံးသားတစ်စုံကို 'ညို့' ထံပါး ပေးအပ် ချင်ပါရဲ့။ လက်သင့်ခံနိုင်ပါ့မလား။

'ညို့' စိတ်တိုင်းကျ သွန်လိုက သွန်၊ မှောက်လိုကမှောက် ဆိုတဲ့ မင်းလက်ထဲက 'ရေ' လေးဘဝကို ကိုယ်ရောက်ပါပေါ့လား 'ညို'။ 'ဦးမောင်' ရဲ့ 'ညို' ရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကော်င်းကင်ထက်မှ တိမ်ဖြူပေါ်မှာ သူ ရပ်နေပါ၏။ လေပြည်လေးအေးလေး တိုက်ခတ်သဖြင့် တိမ်တိုက်က ပေါ့ပေါ့ပါးပါး ဖြင့် လွင့်ပါသွားလေသည်။ မျက်နှာပေါ်မှာ ရေစက်လေးတွေ ဖျန်း သလိုမျိုး အေးသွားသဖြင့် သူ အလိုလို ပြုံးလိုက်မိပါ၏။ မှိတ်ထား သည့် မျက်စိကို ခပ်ဖြည်းဖြည်း ဖွင့်မိစဉ် တစ်ဖက်တိမ်တိုက်က သူ ရပ်နေသည့် တိမ်ကို လာ၍ထိလေသည်။

"ဟင်!"

အလန့်တကြားဖြင့် လှည့်ကြည့်မိစဉ် တိမ်တိုက်ပေါ်မှ ဖြူ လွှလွှဂါဝန်လေးဝတ်ထားသည့် နတ်သမီးလေးက အသာလေး ဆင်းလာပါ၏။ သရဖူလေးဆောင်းထားပါသည့် အလှနတ်သမီး၏





အပြုံးက တောက်ပသစ်လွင်လို့ပါလေ။ တအံ့တသြငေးကြည့်နေမိစဉ် ထိုနတ်သမီးက သူ့ရင်ခွင်တွင်းသို့ ပြေးဝင်လိုက်လေတော့၏။ သူ ငုံ့ကြည့်မိစဉ် မြင်လိုက်ရသည်က မျက်ဝန်းတောက်တောက်လေးတွေ ကိုပါပဲ။

"ညို"

"ရှင်"

ယောင်ယမ်းထွက်သွားပါသည့် ခေါ်သံမရှေးမနှောင်းမှာပင် ပြန်ထူးသံနှယ် ကြားလိုက်ရသလိုပါ။ သူ အိပ်မက်မက်ပြီး ကယောင် ကတမ်းတွေ ရေရွတ်နေမိပြီထင်ပါရဲ့။ အာခေါင်တွေခြောက်ကပ်နေပြီး လူက တစ်ကိုယ်လုံး အရိုက်ခံထားရသည့်နှယ် ကိုက်ခဲနေလေ၏။ ချမ်းစိမ့်စိမ့်ဒဏ်ကို အလူးအလဲ ခံနေရလျက် လေးပင်သည့် မျက်ခွံ တို့ကို အသာဖွင့်လိုက်မိတော့သည်။

"ဦးမောင်"

"ဟင်!"

"ထင်သားပဲ . . . ဒါကြောင့် ညို့အိပ်မက်တွေ မကောင်း တာကိုး . . . မှန်း!"

နဖူးထက် လာထိသည့် အေးစက်စက်လက်ဖဝါးကြောင့် အိပ်မက်များ မက်နေသလားဟု ထင်နေမိတာပါ။ သူ့နံဘေးမှာ ပုံ ပုံလေး ထိုင်လျက်သား ရှိနေသည်က 'ညို' တဲ့လား။ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တဝေးတလံနေရာကို တစ်ယောက်တည်း လိုက်လာရဲစရာမှ မရှိတာလေ။ အဖျားကြောင့် မျက်စိမှောက်ပြီ ထင်ပါရဲ့။

"ညို"

"ရှင်! . . . ဘယ်လိုဖြစ်ပြီး ခဏခဏ ခေါ်နေရတာလဲ၊ ညို့ ဒီမှာရောက်နေတာ မမြင်ဘူးလား။ ဦးမောင်ရဲ့ နေညိုညိုပါတဲ့ရှင်"

"ဟင်! . . . ဘာလာလုပ်တာလဲ"

"သင်တန်းဆင်းပြီးလို့ လိုက်လာတာလေ"

"ပြန်တော့ . . . ခုချက်ချင်းပြန်"

"ဘာလို့ပြန်ရမှာလဲ"

"ပြန်လို့ပြောရင် ပြန်မှပေါ့"

"ယောက်ျားကတိပေးပြီးသားကို လွယ်လွယ်နဲ့ ဖျက်ရလား"

"ကျစ်! . . . ငါ ယောက်ျားကတိလို့ မပြောခဲ့ပါဘူး။ လူကြီးကတိလို့ ပြောခဲ့တာပါ"

"ဟင်း ဟင်း . . . ဒါတော့ မှတ်မိသားပဲ၊ အခု ညို့သင်တန်းပြီးလို့ ရောက်လာပြီ၊ မောင်းထုတ်ဖို့ မကြံစည်နဲ့"

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒီမှာ တစ်ယောက်တည်း နေနေတာကွ၊ သင့်တော်၏ မသင့်တော်၏ ဘာမှမတွေးဘူး"

"ဘာမသင့်တော်စရာ ရှိလို့လဲ၊ အိမ်က ဒီလောက်အကျယ်ကြီးကို"





"အိပ်ရာတွေ၊ ဘာတွေ အပို ဘာမှမရှိဘူး"

"ဒါဆိုလည်း ဦးမောင်ဘေးနား ခွေရုံပေါ့၊ ခက်တာလိုက်လို့"

"နေညိုညို!"

"သိပါတယ်နော် . . . သိပါတယ်၊ ဒီလိုပဲ အအော်ခံရမယ်ဆိုတာ၊ ကိုမောင်ပုတို့နဲ့ လမ်းမှာတွေ့လို့ လိုအပ်တာ အကုန်မေးပြီး ဈေးပါ တစ်ခါတည်း ဝယ်ခဲ့ပါတယ်နော်၊ အခု ဦးမောင်သောက်မယ့် ဆန်ပြုတ်ကို ပြင်ပြီး ချက်ပေးထားပါတယ်၊ ဆေးသောက်ရမှာမို့ ထပါတော့၊ Fluza နဲ့မှ မသက်သာရင် ဆေးခန်းသွားရမယ်"

ကြည့်စမ်း! . . . တကယ့်ကို ပြောသည့်အတိုင်း အကုန်ဝယ်လာတော့တာပါလား။ အခန်းဟိုဘက်ထောင့် ပြတင်းပေါက်အနီးမှာ ရှိသည့် ခုံလေးပေါ်မှာ ထမင်းပေါင်းအိုးနှင့် ရေနွေးကျိုအိုး၊ လျှပ်စစ်ဒယ်အိုးတို့ ရှိနေသလို ထိုဘေးမှာက မီးသွေးဖိုနှင့် မီးသွေးအိတ်က အဆင်သင့် ရှိနေလေ၏။ ဒန်အိုး, ဒယ်အိုးနှင့် ပန်းကန်ခွက်ယောက်တို့က နည်းနည်းစီ သစ်လွင်စွာ ရှိနေလေပြီ။

အလိုလေး! . . . သူ့ကိုတော့ တစ်အိုးတစ်အိမ် ထူထောင်ပြီဆိုပြီး အလုပ်သမားတွေ တီးတိုးဝေဖန်ကြတော့မှာပါလား။ ဒီချာတိတ်မကဖြင့် မမ ဒီလောက်ပြောထားတာကိုတောင် ဘယ်လိုပြေးပြီး အိမ်ကနေ ဆင်းချလာတာပါလိမ့်။ လူက မထူမထောင်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဖျားနေချိန်မှာမှ အားမရှိသလိုဖြစ်နေတုန်း ရောက်လာရပါသလား။

"မဖြစ်ဘူး . . . မောင်ပုကိုပဲဖြစ်ဖြစ် ခေါ်ပြီး ပြန်ပို့ရမယ်"

"မပြန်ပါဘူး"

"ညို"

"ဦးမောင် နှင်ထုတ်ရင် ညို ဖြစ်ချင်ရာဖြစ် လျှောက်သွားလိုက်မှာနော်။ မလုပ်ဘူး မထင်နဲ့။ အန်တီတို့အိမ်ကိုပြန်ရင် ညို့ကို ဒင်းလက်ထဲ ထည့်ပေးလိုက်မှာပေါ့။ ဦးမောင်ရော အဲဒီလိုဖြစ်စေချင်လား ပြော"

သူ ပါးစပ်ပိတ်သွားရပါ၏။ သေချင်တယ်နော်။ သေချင်တယ်။ ဘယ်လိုဖြစ်ပြီး အကျပ်ကိုင်သည့်အကျင့်က သူမထံမှာ ရှိနေရပါသလဲ။ အိမ်ဆေးတွေ သောက်ခဲ့တာက ဆေးရုံကို အချိန်မီရောက်လို့ အသက်ကယ်နိုင်သေးတာလေ။ ဖြစ်ချင်ရာဖြစ်ဆိုပြီး လျှောက်သွားမယ်တဲ့လား။ ပျက်စီးသွားမှာပေါ့။ မိန်းကလေးအရွယ် ငယ်ငယ်တစ်ယောက်တည်းအတွက် အန္တရာယ်ဆိုတာတွေက ပတ်လည်ဝိုင်းနေတာကို 'ညို' မသိဘူးလားကွယ်။

"ပြောလေ . . . တကယ်သွားလိုက်ရမလား"

"နေပါ . . . နေနေ . . . မပြောတော့ဘူး"

ပြုံးလေ၏။ ကျေနပ်ပြုံးမှန်း သိပေမယ့် သူကတော့ မပြုံးနိုင်တော့ပါလေ။ ကိစ္စက ပိုကြီးပြီး ပိုရှုပ်ကြီးရှုပ်တော့မှာကိုး။ ရင်လေး





ရပါပဲ 'အင်ကြင်းမောင်'။ မနီးစပ်ချင်လို့ အဝေးကို ပြေးရှောင်ကာမှ ချောင်ပိတ်မိနေရတာယ်လို့။ ခက်လည်း ခက်ပါရဲ့။ မည်သို့ချော့ပြောမှ 'ညို' နားဝင်မှာပါလိမ့်။

"ထမှာလား . . . မျက်နှာသစ်သွားတိုက်ရအောင်"

"လုပ်နိုင်တယ်"

"ခေါင်းပဲ အရင်မတ်အောင် ထူကြည့်ပါဦး"

အားယူ၍ ထထိုင်လိုက်သော်ငြား တကယ်ပင် ခေါင်းက တအားမူးနေတာလေ။ အတော်ဆိုးသည့် ဖျားနာခြင်းမျိုးပါလား။ ခန္ဓာကိုယ် ယိုင်သွားတာကို သူမက ထိန်းပေးလေ၏။ ဒီကိုယ်အကြီးကြီးကို ဒီခန္ဓာသေးသေးလေးက ဘယ်လိုထိန်းပေးနိုင်မှာတဲ့လဲ။ အတွေးမဆုံးခင်မှာပင် နောက်ဖေးပေါက်လှေကားဝကို ရောက်သွားလေသည်။ အပေါက်ဝနေရာမှာပင် သူမက သူ့ကို ထိုင်စေလေ၏။

ပြီးနောက် မျက်နှာသစ် သွားတိုက်ရန်အတွက် အဆင်သင့်ပြင်ဆင်၍ ယူလာပေးသေသည်။ ပန်းထက်မှာ တဘက်အလတ်လေး ထင်ထားပုံကအစ သူတို့ကို ညားကာစဟု ထင်ရပါ၏။ အလို . . . ဒုု! ဘာတွေမှားတွေးနေမိပါလိမ့်။ မြန်မြန်နေကောင်းမှသာ သူမကို အမြန်ဆုံး လိုက်ပို့ပေးနိုင်မှာလေ။

"ရေခြောက်အောင် သုတ်ဦး"

"ဘာနဲ့လာတာလဲ"



www.burmeseclassic.com

"Taxi"

"နည်းနည်းမှ မကြောက်ဘူးလား"

"ခရီးဖော်အဒေါ်ကြီးနဲ့အတူ စီးလာတာပါနော်၊ ဒီရောက်မှ လမ်းထိပ်မှာ ကိုမောင်ပုတို့ကားနဲ့ ကြုံပြီး စီးခဲ့တာပါ"

"မမကို ပြောခဲ့လား"

သူမ နှုတ်ဆိတ်သွားပါ၏။ ဘာလဲ။ သူထွက်လာတုန်းက အတိုင်း ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တိတ်လေး လစ်လာသလား။ မတူဘူးလေ 'ညို' ရယ်။ ကိုယ်က ကိုယ့်အလုပ်ခွင်ကို ပြန်လာတာ။ 'ညို'က တစ်ခါမှ မရောက်ဖူးတဲ့နေရာကို အစိမ်းသက်သက် ပုံစံနဲ့ ရောက်လာတာမဟုတ်လား။ လူကြီးတွေ တစ်မျိုးတစ်မည်ထင် ကြလျှင် ဘယ့်နှယ်လုပ်မလဲ။ နည်းနည်းမှ မစဉ်းစားဘူးလား။

"အန်တီနဲ့ စကားများခဲ့တယ်"

"ဟင်!"

"ညို့ကို ခပ်ရှုပ်ရှုပ်ပုံစံနဲ့ ပြောလို့ စိတ်ဆိုးပြီး တစ်ညလုံး ငိုခဲ့ရတာ ဦးမောင် သိလို့လား။ ညိုက ကလေးမဟုတ်တော့ဘူး ဦးမောင်၊ ညို့ကိုယ်ညို ထိန်းနိုင်ပါတယ်၊ ဒီမှာ အဆောင်နေပြီး သင်တန်းတွေ လာတက်ကြတဲ့လူတွေ တစ်ပြုံကြီးပါ။ တောကတက် လာတဲ့ မအူမလည် ဘာမှမသိတဲ့ ကလေးမှမဟုတ်တာ၊ မာမာတို့ဘ စိတ်ချလက်ချရှိစေချင်လို့ အန်တီတို့ဆီမှာ တည်းခိုင်းလို့ ရောက်ခဲ့





တာပဲ၊ အကောင်းအဆိုး အမှားအမှန်ကို ပိုင်းခြားဆုံးဖြတ်နိုင်တဲ့အရွယ် ညို့ပါ ဦးမောင်၊ ရူးလို့ မိုက်လို့ စိတ်ကို မထိန်းနိုင်ဘဲ အသက်ရန်ရှာ ခဲ့ဖူးပြီးပြီ၊ တစ်ကြိမ်တစ်ခါပါပဲ၊ ဒါပေမဲ့ ... နောက်ထပ်တစ်ကြိမ် ဒီလိုလုပ်မှာက ရူးမိုက်ပြီး လုပ်တာမျိုး မဟုတ်တော့ဘူး။ လောကကြီး ကို စိတ်ကုန်လို့ ဒီဘဝမှာ မနေပျော်တော့လို့ စိတ်ပိုင်းဖြတ်ပြီး လုပ် မှာပါ၊ ဒါကြောင့် ညို့ကို 'ပိုင်ဖေမင်း' ရဲ့လက်ထဲထည့်ဖို့ မရည်ရွယ် ပါနဲ့၊ မေတ္တာရပ်ခံပါတယ်"

သူ ပါးစပ်အဟောင်းသားဖြင့် သူမကို အငေးသား ကြည့် နေမိလေ၏။ အကုန်သိနားလည်နေပြီဖြစ်တဲ့ အရွယ်တဲ့လား။ ဒါဖြင့် ဘာလို့များ တစ်ဖွတ်ထိုး ညဉ်က ရှိနေရပါသလဲ။ မမနှင့် စကားများ မှတော့ သူနှင့်ပြောသမျှကိစ္စကို အကုန်အစင်မဟုတ်တောင် အနည်း အကျဉ်းတော့ သိခဲ့ရမှာလေ။ သိနေသတဲ့လား 'ညို'။ ဒါဖြင့် 'ဦးမောင်' စိတ်ထဲမှာ ဘာတွေရှိနေသလဲဆိုတာကို 'ညို' ကြိုသိနေခဲ့ပါသလား။ မျက်နှာပူစရာတွေတော့ ဖြစ်ကုန်တော့မှာပဲ။

"ဒါပေမဲ့ ... ဒါပေမဲ့ ... ညို ဒီကိုရောက်နေတာ မမကို တော့ ပြောရမယ်၊ မမမှာ တာဝန်ရှိလို့ပါ"

"ရပါတယ်၊ ဦးမောင် ပြောလိုက်ပါ၊ ညိုက ဘာမှမဖြစ်ပါ ဘူး။ မာမာတို့သိလည်း ဆူမှာမှမဟုတ်တာ၊ ဦးမောင်နဲ့ဆို ညို့ကို စိတ်ချပြီးသားတဲ့"

www.burmeseclassic.com



ကောင်းပါလေ့။ ဘယ်အချိန် ရှိပြီလဲဟု တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်မိလေ၏။ နေ့လယ် (၁၂) နာရီကို ညွှန်နေပြီမို့ Lunch စားချိန်ပါ။ ညို့ ဆာနေပြီဟု တွေးလိုက်ပေမယ့် သူ့အတွက်ကိုသာ ဆန်ပြုတ်ပြင်ပေးနေသည်မို့ ဘာမှမပြောဖြစ်ပါလေ။ ကြွေပန်းကန်လုံး ခပ်ကြီးကြီးထဲမှာ ကြက်သွန်ကြော် ခပ်များများနှင့်အတူ ကြက်သွန်မြိတ် ဖြူးပြီးသားက ဆန်ပြုတ်ကို မွှေးမြနေစေပြီး သူ့ဝမ်းကို ဆာလောင်လာစေပါ၏။ စားချင်သည့်ပုံစံမျိုး ကွက်တိလုပ်ပေးနေတာ မဟုတ်လား။

ကျေးဇူးပါ 'ညို့'။

"ညို့ရော"

"ညို့လည်း ဦးမောင်လို ဆန်ပြုတ်ပဲ သောက်တော့မယ်လေ"

"မဟုတ်တာ"

"ဟုတ်ပါတယ် ဦးမောင်ရဲ့၊ သူတို့ တကူးတက ချက်ပေး နေရတဲ့ တာဝန်ကို ညို့ပဲ ဒီနေ့ကစပြီး ပြောင်းယူလိုက်တာ၊ ဦးမောင် ဘာစားချင်လဲသာပြော"

"အဟွတ်! ... အဟွတ်!"

"ရေကျက်အေး သောက်လိုက်လေ"

ကရားထဲမှ ရေကို ဖန်ခွက်ထဲသို့ ထည့်ပေးပြီး တိုက်လေသော





ပါးစပ်ရော လျှာပါ အကျင့်ဖြစ်ခဲ့လို့ ဒီမှာ အသားပင်မကျသေးပါ။ နောက်ထပ်တစ်ခါ လျှာအလိုလိုက်ရမည့်ကိစ္စက ဖြစ်ပေတော့မည်။ မင်းတော့ ကောင်းကောင်းကြီး ဒုက္ခရောက်ပြီ 'အင်ကြင်းမောင်'။

"ညို့"

"ရှင်"

"အင်း ... အရင်ဆုံး နေကောင်းမှဖြစ်မယ် ... ပြီးရင်"

မျှော်လင့်တကြီးဖြင့် သူ့ကို မော့ကြည့်နေပါသည့် မျက်ဝန်း နက်လေးတို့ကို ရင်ဆိုင်မကြည့်ဝံ့တဲ့ အကြည့်လွှဲလိုက်မိ၏။ 'ညို့' နားလည်နိုင်ပါ့မလား။ ငယ်သူရဲ့စိတ်နဲ့ ဘာမဆို တစ်ဖွတ်ထိုး လုပ်တတ်ပေမယ့် သူ့ကဖြင့် အထက်မှ အကြီးတွေရဲ့စကားကို ဒီနေ့ အထိ နာခံနေရတာလေ။

မချစ်လို့မဟုတ်ပါ 'ညို့'။ ချစ်ဖို့မသင့်ဘူးလို့ ယူဆထားရ လို့ပါ။ အထူးသဖြင့် သူ့ငယ်ချင်းဖြစ်တဲ့ 'သဲစု' ကို မျက်နှာမကြည့်ဝံ့ သလို ဖြစ်လာမယ့် အဖြစ်အပျက်အတွက် အရှယ်ရောက်နေတဲ့ 'အင်ကြင်းမောင်' က ဆင်ခြင်ရမည့် အသိဉာဏ် ရှိကိုရှိနေရမှာမို့ ပါပဲ။

"ဦးမောင် နေပြန်ကောင်းရင်တော့ ညို့ ပြန်ကိုပြန်ရမယ်၊ ပြီးတော့ ကိုကို ရန်ကုန်ကို လာမှာမို့ ဦးမောင်လည်း သွားတွေ့ရမှာ မို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဦးမောင်က မနေစေချင်လို့ နှင်တာမဟုတ်ဘူး 'ညို' ..."

"ညိုသိပါတယ်၊ ဦးမောင်သဘောပါ"

'ဦးမောင်' သဘောတဲ့လား။ တကယ့်စိတ်ရင်းမှန်ကဖြင့် 'ညို' ကို ဘယ်ကိုမှ ပြန်မပို့တော့ဘဲ ရင်ခွင်ထဲ အပြီးတိုင် သော့ခတ်သိမ်းဆည်းထားလိုက်ချင်တာပါလေ။ ဒါပေမဲ့ ... 'ညို' ရယ်။ စိတ်ကူးက လက်တွေ့နဲ့ တခြားစီပဲ မဟုတ်ပါလား။

❋ ❋ ❋



## အခန်း (၂၁)

အိပ်ရာမှ လူးလဲထမိစဉ် မနက်လင်းနေလေပြီ။ သစ်သားစားပွဲလေးထက်မှာ အုပ်ဆောင်းဖြင့် ဖုံးထားသည့် မနက်စာကို တွေ့ပေမယ့် သူမကို မတွေ့ရပါ။ ရင်ထဲ ထိတ်လန့်သွားမိစဉ် ဗီရိုသေးနားထောင်လျက်သားလေး ရှိနေပါသည့် ခရီးဆောင်အိတ်ကို မြင်လိုက်ရသဖြင့် စိတ်အေးသွားရပါ၏။

သူအိပ်သည့်နေရာနှင့် မလှမ်းမကမ်းနေရာမှာ အိပ်စေသဖြင့် ခေါက်သိမ်းထားပါသည့် plastic ဖျာနှင့် ဂွမ်းကပ်မွေ့ရာထက်မှာ ခေါင်းအုံးနှင့် စောင်ကိုပါ အုပ်ထားတာမို့ သေသေသပ်သပ်လေး ရှိနေလေသည်။ နိုးနိုင်ပြီးပေါ့လေ။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လျှက် အဝတ်အစားကိုပါ တစ်ခါတည်း လဲလိုက်ပါ၏။ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



ဖျားစဉ် ဝတ်ထားပါသည့် အဝတ်တို့ကို လျှော်ထားပြီးလေပြီ။ အဘယ်မျှ ဝီရိယရှိသည့် မိန်းကလေးပါလဲ။

အုပ်ဆောင်းကို ဖွင့်ကြည့်စဉ် ခေါက်ဆွဲခြောက် (အပြား) ကို ပြန်ကြော်ထားပါသည့် ခေါက်ဆွဲကြော်နှင့် ကြက်သွန်မြိတ်ခတ်ထားပါသည့် ဟင်းချိုကို အဆင်သင့်တွေ့ရလေ၏။ သိပ်ကြီး မပူတော့ပေမယ့် ခပ်နွေးနွေးမို့ စားရအဆင်ပြေပါ၏။ ပန်းကန်ပြားသေးသေးလေးဖြင့် ထည့်ပေးထားပါသည့် ခေါ်းတစ်ခွက်စာကို ရေကျက်အေးဖြင့် သူ သောက်လိုက်ပါသည်။

ရာသီဥတုက အေးစိမ့်နေသဖြင့် လေစိမ်းဒဏ်ခံနိုင်စေရန် ဂျာကင်အပါးလေးကို ထုတ်ဝတ်လိုက်ပါ၏။ ပြီးနောက် အိမ်တံခါးကို စေ့ပိတ်ကာ လှေကားမှ ဆင်းခဲ့ပါသည်။ ပန်းစိုက်ခင်းကို လှမ်းမျှော်ကြည့်လိုက်ပေမယ့် သူမ၏အရိပ်အယောင်ကို မတွေ့ရပါ။ ဒါဖြင့် သစ်ခွရုံထဲမှာ ရှိနေပေမည်။ မြေလှေကားထစ်တို့ကို မချော်စေရန် အုတ်ခဲကျိုးခင်းထားသည့် လမ်းမှ ဖြည်းဖြည်းချင်း သူ ဆင်းခဲ့၏။

"ညို"

ခပ်တိုးတိုးခေါ်လိုက်သံကို ကြားမည်မထင်ပါ။ မျက်စိကို ဝေ့ဝဲရှာမိစဉ် plastic ဗူးလေးဖြင့် သစ်ခွပင်တို့ကို ဆေးဖျန်းနေသည့် သူမကို လှမ်းမြင်လိုက်ရလေ၏။ ရယ်သံလွင်လွင်လေး ကြားနေရသဖြင့် 'မိဖြူ' နှင့် အဖွဲ့ကျနေပြီမှန်း သိလိုက်ပါသည်။





ကြည့်စမ်း! ... အဘယ်မျှ ပျော်ရွှင်နေပါသလဲ။ အရွယ်နှင့်မမျှသည့် သောကရိပ်တို့က သူမထံမှာ အမြဲရှိနေတတ်တာလေ။ အခုတော့ဖြင့် ဘာအပူအပင်မှ ရှိမနေပါဘဲ ပကတိအပျော်တို့ဖြင့် ရယ်မောနေပါသည့် မျက်နှာလေးက အတော့်ကို အပြစ်ကင်းစင်နေတာ၏။ တစ်ခုပါပဲ ... အသက်ပိုငယ်သည့် 'မိဖြူ'က လုံချည်နှင့်ဖြစ်နေပြီး 'ညို' ဝတ်ထားသည်က ဂါဝန်ဖြစ်နေတာမို့ ဒီအရပ်နှင့် မအပ်စပ်သလိုပါလေ။

"ညို"

"ရှင်! ... ဦးမောင် နိုးပြီလား"

"ဒီကိုလာဦး"

"ခဏလေး ... ဒီမှာ ဆယ်အိုးလောက်ပဲ ကျန်တော့တယ်"

"ခေါ်ရင်လာမှပေါ့။ ကျန်တာကို မိဖြူ ဆက်ဖျန်းပေးလိမ့်မယ်"

သူ့လေသံ မာသွားသဖြင့် သူမက ဆေးဗူးကို 'မိဖြူ' လက်ထဲသို့ ထည့်ပေးလိုက်ပြီး လျှောက်လာလေ၏။ သနပ်ခါးတွေ ဖုံနေအောင် လူးထားပါသည့် 'မိဖြူ' နှင့် အပြိုင် ခပ်မှုံမှုံလေးခြယ်သထားပါသည့် သူ၏ 'ညို'ကလည်း ချစ်စဖွယ်ပါလေ။ ဒီအလှကို လူတွေမမြင်သတိမထားမိဘူးဟု ပြောနိုင်မှာတဲ့လား။

"ဦးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆေး"

"ညို့မှ"

"ဆေးဆိုရင် ဆေးလေ၊ လူကြီးပြောရင် နားထောင်မှပေါ့"

နှုတ်ခမ်းလေးစူသွားပါ၏။ ဘာအရောင်မှမဆိုးထားပေမယ့် ပန်းသွေးရောင်က သဘာဝအတိုင်း နှုတ်ခမ်းမှာ ထင်နေတာပါလေ။ သူ့ကို မကျေနပ်သလို မျက်စောင်းခဲလိုက်ပြီး ရေဘုံပိုင်နေရာမှာ လက်သွားဆေးလေ၏။ သဲမှုတို့ ကပ်နေပါသည့် ခြေထောက်ကိုပါ ရေလောင်းဆေးနေသဖြင့် သူ သက်ပြင်းကျိတ်ရှိုက်လိုက်မိပါသည်။ လူမြင်ကွင်းထဲ ထင်းနေတာကို သတိမထားဘူးလား 'ညို' ရယ်။

"ပြီးပြီ . . . ဘာပြောမှာလဲ"

"လိုက်ခဲ့"

"ညို အလုပ်အကုန်ပြီးလို့ ဆင်းလာခဲ့တာလေ၊ နေ့လယ်စာအတွက်လည်း အားလုံး ချက်ပြီးပြီ၊ ဘာလိုသေးလို့လဲ"

"လာပါဆိုနေမှ"

လက်ကောက်ဝတ်နေရာမှာ ဆွဲခေါ်လာတာမို့ လှေကားထစ်အတိုင်း ပါလာလေ၏။ သူများသားသမီးကို ထိန်းပေးရတာ ဘယ်လောက်တာဝန်ကြီးသလဲဆိုပြီး မမ ပြောခဲ့တာ မှန်နေပါရောလား။ သူ့ကို ဒီက အလုပ်သမတွေနှင့် နီးစပ်သွားမှာစိုးရိမ်ပြီး ပြောခဲ့သေးတာလေ။ ဒါဖြင့် 'ညို' ရော ဒီက တွေ့ကရာလူနှင့် ငြိသွားလျှင်





မည်သို့လုပ်ရပါမည်နည်း။

ချမ်းသာသည့် အသိုင်းအဝိုင်းက ပေါက်ဖွားလာသည့် 'ပိုင်ဖေမင်း' ကိုတော့ ငြင်းချင်သလောက် စိတ်တိုင်းကျ ငြင်းဆန်ခဲ့ပြီး ဒီဘာမဟုတ်သည့် အနုတ်စုတ်ကုတ်စုတ်ကောင်လေးမျိုးကိုသာ မျက်စိကျသွားလျှင်ဖြင့် သူ ရင်ကျိုးရချေရဲ့။ ကလေးကို သေချာမစောင့်ရကောင်းလားဆိုပြီး အားလုံးက ပိုင်းပြောတာကိုသာ ခံရတော့မှာလေ။

မဖြစ်တော့ဘူး 'ညို'။ ကြာလာတာနဲ့အမျှ သံယောဇဉ်တွေ ပိုလာလျှင် ပြန်ပို့ရခက်သလို နိုင်မာသည့် ကြိုးကိုလည်း ဖြတ်ရခက်တော့မှာမို့ပါ။ 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုတာကမှ တော်ပါသေးသည်။ 'ချစ်သော်လည်း မျက်နှာလွှဲ' ရသည်က ပို၍ဆိုးရွားလွန်းတာ မဟုတ်ပါလား။ 'ညို့' ကို ချစ်သော်လည်း စွန့်လွှတ်ဖို့ကိုသာ 'ဦးမောင်' တွေးရမှာမို့ပါပဲ။

"ထိုင်"

"ညို မပြန်ဘူးလို့ ပြောထားပြီးသားနော်"

အလို! . . . စိတ်ထဲ ဘာပြောမည်ကို ကြိုသိနေပါသလား။ ဘာမှတောင် ပါးစပ်မဟာဖြစ်သေးခင် ကြိုပြီး ပိတ်နေလေပြီ။ ဒါကြောင့် မသိနားမလည်သည့်အရွယ် မဟုတ်တော့ဘူးဟု သူမ ပြောခဲ့တာ အမှန်ပဲကိုး။ နွားတစ်ကောင် ထိန်းကျောင်းရတာထက် မင်းကို ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ရတာက အများကြီး ခက်ခဲရပါ့ 'ညို'။

"လုံချည်မပါဘူးလား"

"ဟင်! . . . ဘာလဲ"

"မင်းထက်ငယ်တဲ့ မိန်းမြေက လုံချည်နဲ့ လုံလုံခြုံခြုံရှိပြီး မင်းက ဒီပုံစံဖြစ်နေတာ ကောင်းမလား"

"ညိုက ဒီလိုပဲ ဝတ်တတ်တာလေ"

"ဒီအရပ်ရောက်ရင် ဒီလိုမျိုး ဝတ်လို့မရမှန်း မင်း သိရမှာပေါ့၊ လုံချည်မဝတ်ရင် ဒီမှာ နေလို့မရဘူး, ဒါပဲ"

"ဝတ်မယ် . . . ဝတ်မယ်၊ ဝတ်ရင် ပြီးရောမဟုတ်လား။ တဆိတ်ရှိ နိုင်ရာနဲ့ ခြိမ်းခြောက်နေတော့တာပဲ၊ ညို့ကို တမင်းမင်းနဲ့ စိမ်းစိမ်းကြီး မပြောပါနဲ့၊ နားထဲ ခါးတယ်ရှင့်"

ကောင်းပါလေ့။ သူ တစ်ခွန်းပြောရုံနဲ့ ပက်ခနဲ ပြန်ပြောတော့ပါလေ။ မျက်စိရှေ့မှာပင် သေတ္တာဖွင့်၍ လုံချည်လဲဝတ်ရန် ပြင်နေသဖြင့် ကျောပေးလိုက်ရလေ၏။ ခက်တော့တာပါပဲလား။ သူ့ရှေ့မှာ ရှိန်ရှုက်ရကောင်းမှန်း ဒီကလေးမ မတွေးထားပါလားနော်။

Phone သံ မြည်လာတာမို့ စင်ထက်တင်ထားပါသည့် သူ့နဂို phone ကို ကောက်ကိုင်လိုက်မိ၏။ ထင်ထားသည့်အတိုင်း မမခေါ်နေတာပါ။ ကလေးကို စိတ်ဆိုးအောင် လုပ်ပြီး အခုတော့ စိုးရိမ်နေပြီ မဟုတ်လား။ မမတို့များ အတော်ပြဿနာရှာတတ်ပါရဲ့။





"ဟယ်လို"

"ကြည့်စမ်း! . . . ထင်တဲ့အတိုင်းပါပဲလား၊ ငါ နည်းနည်းလေး ပြောလိုက်ရုံနဲ့ နင့်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတာပေါ့လေ၊ အဲဒီလောက်တောင် အရွဲ့တိုက်တဲ့ ကောင်မလေးလား"

"မမက မဆင်မခြင် မပြောနဲ့ပေါ့၊ သူပြန်ချင်အောင် ချော့မော့မပြောဘဲ ဟိုကောင်လေးလက်ထဲ အတင်းထည့်ပေးနေတာကျ ကောင်းလို့လားဗျ"

"သူ့မှာမှာက ခေါ်နိုင်းလိုက်တာကိုးဟဲ့"

"သူပြန်ချင်ရင် ကျွန်တော်ကိုယ်တိုင် အဲဒီအထိ ပို့ပေးမယ်ဗျာ၊ ပြီးရောမဟုတ်လား"

"ဘာပြောတယ် . . . မောင်နော်၊ နင် မရှင်းမရှင်းနဲ့ ရှုပ်ပြန်ပြီလား။ နှင်းခေါ်ထားတာတောင် အိမ်ကို ပြန်မလာဘူးပေါ့လေ"

"ကျွန်တော် ပြောထားပြီးပြီလေ၊ ဒီမှာ အလုပ်ရှုပ်နေတယ်လို့"

"အလုပ်ရှုပ်တာလား။ အရှုပ်လုပ်တာလား။ နင့်ကိုယ်နင်သိမှာပေါ့၊ မဟုတ်တာတွေ ဆက်လုပ်နေရင် ငါတို့နဲ့ ရှင်ခန်းပြတ်ပြီ၊ ကိုကို့ကိုလည်း ငါ အကုန်တိုင်မှာ"

"ကျွန်တော်က ဘာများလုပ်နေလို့လဲ မမသာ မဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့"

လက်မောင်းကို လာကိုင်လိုက်သဖြင့် မမနှင့် phone ပြောနေရင်း လှည့်ကြည့်လိုက်မိ၏။ 'ညီပြောမယ်' ဟု ခပ်တိုးတိုး ပြောလိုက်တာမို့ သူမလက်ထဲသို့ သူ phone ပေးလိုက်ရတော့သည်။ နှစ်ယောက်သား ဘာတွေဘယ်လိုပြောမည်မသိပါ။ သူနှင့်မမ စကားမပြောဘဲ အဆက်အသွယ်ပြတ်နေတာကဖြင့် အတော်ကြာနေပြီ မဟုတ်လား။

"ညီပါ အန်တီ"

"ဟုတ်! ... မနေ့က ရောက်ပါတယ်၊ ဦးမောင် တုပ်ကွေးမိပြီး ဖျားနေလို့ပါ၊ ဟုတ်ကဲ့ ... အခု သက်သာသွားပါပြီ၊ ပြောပါတယ်။ ညီပျော်သလောက်နေပါတဲ့၊ ပြန်မှာပါ၊ သူများအိမ်မှာ အကြာကြီးနေလို့ ဘယ်ကောင်းပါ့မလဲ၊ ဒီလောက်တော့ ညီလည်း သိပါတယ်၊ ဟင့်အင်း ... စိတ်မဆိုးပါဘူး။ ညီ့ကို အန်တီ ဆုံးမခွင့် ရှိတာပဲဟာ၊ ညီ နားလည်ပါတယ်၊ ဟုတ်ကဲ့ ... ဦးမောင်နဲ့ ပြောဦးမှာလား။ ဪ ... ဟုတ်ကဲ့ ... ဒါဆို ဒါပဲနော် အန်တီ"

မမနဲ့ပြောနေတာတော့ အကောင်းအတိုင်းပါပဲလား။ ဒါနဲ့များ စကားများပြီး ဆင်းခဲ့တာဆို။ မိန်းမတွေများ တယ်အပြောင်းအလဲ မြန်ဆန်ပါသလား။ Phone ဝိတ်ကာ ပြန်တင်လိုက်ပြီး လှည့်ကြည့်လိုက်သည့် သူမနှင့်သူ အကြည့်ဆုံသွားရပါ၏။ လုံချည်ဝတ်





လိုက်မှပင် ကလေးဟန်ပျောက်သွားသည့်နှယ်ပါ။ နောက်တစ်မျိုးပူဦးမှာလား 'ညီ' ရယ်။

"တကယ်လားဟင်"

"ဘာလဲ"

"ဦးမောင်ပြောလိုက်တာလေ"

"ဘာကို ... ဘာကိုပြောတာလဲ"

"မိုးကုတ်အထိ လိုက်ပို့ပေးမယ်ဆိုတာလေ"

"ဪ ... အဲဒါလား ... ဟုတ်တယ်လေ၊ အလုပ်ပါး သွားတဲ့အခါပေါ့"

"ဦးမောင်"

"ပြော"

"ညီ လုံးဝမပြန်ချင်ဘူး"

"ဘာလို့"

"ပြန်ရင် ပါပါတို့က ညီ့ကို ဗိုင်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ကြဦးမှာလေ"

ခက်ချေပြီ။ ဒါကို သိသိကြီးနှင့် သူက သူမကို အတင်းပြန်ပို့လို့ဖြစ်မှာတဲ့လား။ တစ်ခါ ဆန္ဒပြခဲ့တာတောင်မှ မိဘတွေက အလျှော့မပေးသလိုပါပဲလား။ ဒါဖြင့် သူက မျက်ကန်းတစ်ယောက်နှယ် မျက်စိစုံမှိတ်ပြီး ဖွတ်တရွတ် ပြန်ပို့ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါ။



www.burmeseclassic.com

မျှော်ရှုးမိုက်မိုက်စိတ်နဲ့ 'ညို့' လက်ကိုဆွဲပြီး ကမ္ဘာ့အပြင်ဘက်ကိုသာ ပြေးထွက်သွားချင်တော့တာပါလေ။

"ညို့က နားလည်အောင်ပြောပေါ့"

"ပြောတာပဲဟာ၊ ဒင်းက ငိုတစ်မျိုး ချွဲတစ်မျိုးနဲ့ ပလီပလာ လုပ်တတ်လို့ မာမာတို့က ယုံလွယ်နေတာ"

"အဲဒါကိုပဲ ညို့ ချစ်ခဲ့တာ မဟုတ်လား"

"ဦးမောင်နော်"

"ခေါင်းညိတ်တုန်းကတော့ ညိတ်ခဲ့ပြီး အခုမှ ငြင်းနေတာ အဓိပ္ပာယ်ရှိမလား။ ငယ်သူငယ်ချင်း မဟုတ်ပေမယ့် သူငယ်ချင်း သံယောဇဉ်လေးနဲ့ပဲဖြစ်ဖြစ်"

"ပြီးရော . . . ပြီးရော . . . ဦးမောင်ယူစေချင်လည်း လက်ခံ လိုက်မယ်၊ ယူရင်ပြီးရော မဟုတ်လား။ ဟိုကနေ ဖိတ်စာပို့လိုက်ရင် မလာမဖြစ် လာကိုလာရမယ်မှတ်၊ လက်ထပ်စာချုပ်မှာ အသိသက်သေ အဖြစ် ဦးမောင်လက်မှတ်ထိုးဖို့ ကတိပေးရင် လိုက်ပို့စရာမလိုဘဲ အလိုက်တသိနဲ့ ပြန်ပို့မယ်၊ ညို့ကို မတွေ့ချင် မမြင်ချင်ဘူး မဟုတ် လား။ သိပါပြီ . . . သိပါပြီ"

"နေညိုညို!"

"မခေါ်နဲ့ . . . မထူးဘူး"

ခြေသောင့်နင်းကာ အိမ်ပေါ်မှ ဒုသူမ ဆင်းသွားလေတော့၏။





နှိပ်စက်ပေါ့ 'ညို့' ရယ်။ အခုမှ နေမကောင်းဖြစ်နေတာ သက်သာ ရုံလေးပဲ ရှိသေးတာကို။ အရွဲ့တိုက်ပြီး ယူမယ်တဲ့လေ။ ကလေးနှင့် ပြိုင်ပြီး ပြောနေလို့လည်း ထူးမည်မထင်ပါ။ (၁၅) နှစ်ဆိုသည့် မဟာ တံတိုင်းကြီးကို ကိုယ် ဘယ်လိုဖြိုချရပါ့။

မရက်စက်ပါနဲ့ 'ညို့' . . . 'ညို့' သာ အဲဒီလို စိတ်လိုက် မာန်ပါနဲ့ ဆုံးဖြတ်လိုက်လျှင် ကိုယ်ဆိုတဲ့ 'အင်ကြင်းမောင်' တစ် ယောက် ရင်ကွဲပက်လက်နဲ့ သေပွဲဝင်ရမှာ သေချာနေပြီမို့ပါပဲ။ မှောင် တော့မယ် 'ညို့'။ ဘယ်အချိန်ထိ ရှောင်နေမှာတဲ့လဲ။

❋ ❋ ❋

www.burmeseclassic.com

## အခန်း (၂၂)

အပြင်မှာ မှောင်ရီပျိုးနေပြီမို့ ပြန်လာချေပြီဟုထင်ပြီး စောင့်နေပေမယ့် အခုထိ မပြန်လာသေးပါလေ။ နာရီကို ကြည့်မိစဉ် ည (၇) နာရီ ထိုးကာနီးအချိန်ရောက်ပါရောလား။ မှောင်နေတာတောင်မှ နည်းနည်းမှ မကြောက်သလိုပါပဲလား 'နေညိုညို'။ ညကြီးမိုးချုပ် မိန်းကလေးတစ်ယောက်တည်းဆိုတာ အန္တရာယ်ရှိမှန်း သိရဲ့သားနဲ့ ခက်လိုက်တာနော်။

"တောက်!"

တက်တစ်ချက်ခေါက်ကာ ပြတင်းဝမှ လှမ်းမျှော်ကြည့်လိုက်မိပြန်၏။ အပြင်မှာ လူရိပ်ပင် မမြင်ရပါလေ။ ဘယ်မှာများ တစ်ယောက်တည်း ထိုင်နေပြီလဲ။ ဒီမှာ စိတ်ပူနေမှန်း နည်းနည်းတော့





သိတာမဟုတ်လား။ ပြောတော့ဖြင့် ဘာမဆို အကုန်သိတယ်ဆိုပြီး လူကြီးကို အရွဲ့တိုက်ပြတယ်ပေါ့လေ။

မိုးသားတိမ်လိပ်တို့က ကောင်းကင်ထက် အုံ့မှိုင်းလာလေ၏။ မှုန်ပုံပုံလရိပ်က ပျောက်ကွယ်လေပြီ။ မဖြစ်တော့ပါ။ ဒီအတိုင်း ပူနေလို့ သူမကို ကာကွယ်ပေးနိုင်တာမှ မဟုတ်ဘဲ။ နိုဝ်သာစက် လိုက် 'နေညိုညို'ရေ။ ဗီရိုပေါ်မှ ဓာတ်မီးကိုယူ၍ အိမ်လေးပေါ်မှ ဆင်းလိုက်လေ၏။

"ဘယ်သူလဲ"

"ငါ"

"ဩော် ... မှောင်နေပြီ အစ်ကိုလေးရဲ့၊ ဘယ်သွားမလို့လဲ"

"မင်းတို့မရွှေလေးကို လိုက်ရှာမလို့လေ၊ စိတ်ကောက်ပြီး ခုထိ မပြန်လာဘူး ... မောင်ပုလား"

"ဟုတ်ကဲ့ ... ဒီည ကျွန်တော်နဲ့ကိုဋ္ဌေး စောင့်ကြမှာပါ။ ကျွန်တော် ဝိုင်းကူရှာပေးရမလား"

"နေပါစေ ... ငါပဲ ရှာပါ့မယ်၊ လိုမှ လှမ်းခေါ်လိုက်မယ်"

မီးအိမ်လေးဆွဲ၍ ခြံထဲကင်းလှည့်နေပါသည့် 'မောင်ပု' ကို လှည့်ဖြေလိုက်ရင်း မြေလှေကားထစ်တို့ကို နင်း၍ ဆင်းခဲ့၏။ ဒီသစ်ခွခြံကိုပဲ သူမ အလာများသည်မို့ ဒီနေရာမှာပဲ ရှိနိုင်မှာလေ။

www.burmeseclassic.com



သစ်ခွရုံနားအရောက်မှာ မိုးက တဖျောက်ဖျောက်စရွာလာလေတော့၏။ ဒီညတော့ သဲသဲမဲမဲ ရွာချတော့မည် ထင်ပါရဲ့။

"အီးဟီးဟီး ... ဟင့်! ဟင့်!"

ထင်သည့်အတိုင်းပင် သစ်ခွရုံတွင်းမှ ငိုသံသဲ့သဲ့နှင့် ကျိတ်ရှိုက်သံကို ကြားလိုက်ရပါ၏။ ဘယ်အချိန်ကတည်းက ငိုနေခဲ့ပါသလဲ။ ဒီလောက်ထိ ရင်ကွဲလုမတတ် ငိုကျွေးနေမှတော့ ဒီလူရဲ့ရင်ဘတ်လည်း ဟက်တက်ကြီးကွဲတော့မှာပါလေ။ မင်းရဲ့မျက်ရည်က ကိုယ့်နှလုံးသားကို တစ်စစီ ကြေခွဲစေနိုင်တယ်ဆိုတာ မသိလျော့သလား 'ညို' ရယ်။

"ညို"

ရုတ်တရက် ငိုသံရပ်သွားလေ၏။ ထိုင်နေသည့်နေရာကို မှန်းဆနိုင်သဖြင့် ဓာတ်မီးကို အရောင်မှိန်ချလိုက်ပါသည်။ ရုတ်တရက် အလင်းစူးသွားပါက သူမမျက်စိကျိန်းသွားမှာ စိုးလို့ပါပဲ။ တကယ်ပင် သစ်ခွစင်ထောင့်နားမှာ ငုတ်တုတ်လေးထိုင်နေသည်က 'ညို' ရယ် ပါလေ။

"ညို"

"လာမခေါ်နဲ့ ... မလိုက်ဘူး"

"မြွေပါးကင်းပါး မကြောက်ဘူးလား။ ဒီလောက်မှောင်နေတာတောင် မပြန်လာဘူး။ ဘယ်လိုကလေးလဲ"

"ကိုက်လို့သေလည်း အေးတာပဲ၊ ဦးမောင် မျက်စိရှုပ်သက်





သာတာပေါ့"

"မိုးရွာနေပြီလေ ညိုရယ်"

"ရွာပါစေ၊ အအေးမိပြီး တစ်ခါတည်း လေဖြတ်ပြီး ဂန့်တော့ အေးရော"

"ကျစ်! ... မဟုတ်တာကို မဆိုးနဲ့လေ ညိုရာ၊ လိမ္မာပါတယ်၊ ထ! ... ပြန်ကြမယ်"

"မလိမ္မာပါဘူး။ ညိုက ခပ်ဆိုးဆိုးပဲဟာ၊ ဆိုးလို့ အိမ်ကနေတောင် ဆင်းခဲ့တာပဲ ... ကြည့်လေ၊ ဒါကြောင့်မို့ ဘယ်သူမှ လက်မခံချင်တာပေါ့"

"ခက်လိုက်တာကွာ"

"ဘာမှမခက်ပါဘူး၊ ပစ်သာ ပစ်ထားခဲ့၊ မြွေပဲကိုက်ကိုက်၊ ကျားပဲဆွဲဆွဲ၊ မိုးကြိုးပဲ ပစ်ပစ်"

"ဂျလိန်း!"

"အမလေး!"

သူမ စကားမဆုံးခင်မှာပင် မိုးခြိမ်းသံက ရုတ်တရက် ထွက်လာလေ၏။ ဖျတ်ခနဲ ထရပ်ကာ သူ့ကို ပြေးဖက်လိုက်သဖြင့် လက်ထဲမှ ဓာတ်မီးက မြေပေါ် ပြုတ်ကျသွားလေတော့သည်။ ရုတ်တရက် ချက်ချင်းပင် အလင်းရောင်မှောင်သွားလေပြီ။ ဒေါင်ခဲ ဓာတ်မီးမို့ မီးခေါင်းချောင်သွားတာများလား။ သို့တည်းမဟုတ် ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဖြစ်နိုင်ပါ၏။

"ညို"

"ကြောက်တယ်"

တကယ်ကြောက်နေပုံပါပဲ။ တစ်ကိုယ်လုံးအေးစက်ကာ တဆတ်ဆတ်တုန်ယင်နေတာပါလေ။ ညနေကတည်းက blouse အပါးလေးဖြင့် ထွက်သွားသည့်အတိုင်း ရှိနေတာ မဟုတ်လား။ ဒုက္ခတော့များပြီ 'ညို'။ ညမှောင်မှောင်, လရောင်မရှိ, နှစ်ဦးသား ထွေးပိုက်လျက်သားနဲ့ ဘယ်လိုဆက်နေရပါ့။

"ညို"

"ညို မှားပါတယ်၊ ညိုမှားမှန်း သိပါတယ်"

"ကျစ်! ... မဟုတ်သေးပါဘူး ... ခဏလေး"

"ဟင့်အင်း!"

လက်မောင်းကို ဖယ်ခွာလျက် ဓာတ်မီးရှာရန် ပြင်မိစဉ် သူမက သူ့အင်္ကျီရင်ဘတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေ၏။ စောစောကဖြင့် ကြောက်ဖို့ သတိမရပါဘဲ သူရှိနေမှ ဘယ်လိုဖြစ်ပြီး ကြောက်ပြရပါသလဲ။ ဒီလို ပူပူးကပ်ကပ်အနေအထားမျိုးက မင်းအတွက် Danger ပါ 'ညို'။

"ခဏနေဦးလေ"

"ဟင့်အင်းနော် ... ညို ကြောက်တယ်"





"ရော်! ... ဓာတ်မီးရှာရဦးမယ်လေ၊ ဒီအတိုင်း ရပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ မိုးရွာချလိုက်မှ နှစ်ယောက်စလုံး ကြွက်စုတ်ဖြစ်ကုန်မယ်၊ ဒီအောက်နားလောက်မှာပဲ ရှိမှာပါ"

"အင်းအင်း"

နှုတ်ကသာ အင်းပြောပြီး လက်မောင်းကို ဆွဲထားပြန်လေ၏။ မင်းနဲ့တော့ ခက်ပါ့ 'ညို' ရယ်။ လက်ဖြင့် ဟိုဒီစမ်းလိုက်စဉ် ဓာတ်မီးကို စမ်းမိလေသည်။ ဖင်ပိတ်ချောင်သွားပုံရသည်မို့ လှည့်၍ ကျပ်လိုက်စဉ် မီးပြန်လင်းလာလေ၏။ တော်ပါသေးရဲ့။ နို့မို့ ဘယ်လို စခန်းသွားရမည်မှန်း မသိတော့ပါလေ။

"ကြည့်စမ်း! ... မျက်နှာတစ်ခုလုံး ရောင်နေပြီ၊ အဲဒီလောက်တောင် ငိုရလား"

"ငိုမှာပေါ့၊ ဦးမောင်ပဲ နှင်ထုတ်နေပြီး"

"ဘယ်မှာ နှင်နေလို့လဲ"

"ပြန်ပို့မယ် ပြောတာလေ"

"အချိန်တန် မိဘအိမ်ပြန်ရမှာပေါ့"

"တော်ပြီ ... မလိုက်တော့ဘူး။ ဒီမှာပဲ နေခဲ့တော့မယ်"

"ဟောကြည့်! ... လုပ်ပြန်ပြီ"

တကယ်ပင် ထိုင်ချလိုက်ပြန်လေ၏။ ဒီပုံစံနဲ့တော့ အိမ်ပြန် ရောက်တော့မှာပါပဲ။ ငယ်သူရဲ့စိတ်ကို လိုက်မမိနိုင်တာက ဒုက္ခအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်တော့မှာလေ။ ကျေးဇူးပြု၍ အခြေအနေတွေ ပြောင်းဆန်အောင် မလုပ်ချင်ပါနဲ့လား 'ညို' ရယ်။ ဖွင့်မပြောဖြစ်အောင် စောင့်စည်းထိန်းချုပ်နေရတဲ့ 'ဦးမောင်' ရဲ့နှလုံးသားကို ညှာတာစာနာပေးပါဦးလား။

"ထပါ ညိုရာ . . . မိုးရွာနေပြီကွ"

"ပြန်မပို့ဘူးဆိုမှ လိုက်မယ်"

"ကဲကဲ! . . . မပို့ဘူးကွာ၊ မပို့ဘူး။ နေချင်သလောက် နေ၊ တစ်သက်လုံးနေလည်း ရတယ်၊ ကျေနပ်ပြီလား"

"အင်း"

"ဒါဆို ပြန်ကြမယ်"

"ဦးထောင်ထူမှ"

ကျိတ်သာ ကျိတ်လိုက် 'နေညိုညို' ရေ့။ မင်းမှမနှိပ်စက်လျှင် 'အင်ကြင်းမောင်' ကို ဒီကမ္ဘာမှာ ဘယ်သူမှ နှိပ်စက်ဖို့လူ မရှိတော့ပါဘူး။ ဒီပုံနဲ့ ကိုယ် ရှုံးဖို့ပဲ ရှိပါတော့တယ် 'ညို'။ ညာလက်ကို ကမ်းပေးလိုက်စဉ် အေးစက်အိထွေးနေသည့် လက်လေးက သူ့လက်ဖဝါးထဲသို့ ရောက်လာလေတော့၏။ တောင်းခံရမှာတဲ့လား 'အင်ကြင်းမောင်'။ ကိုယ်တောင်းမှသာ 'နှင်း' ထံမှ ပြန်လက်ကမ်းမှာကို ရမှာတဲ့လေ။ အခုတော့ဖြင့် သူ လက်ကမ်းဆိုသည့်က 'နှင်း' မဟုတ်ပါဘဲ 'နေညိုညို' ဖြစ်နေရတာယ်လို့။





"ဆိုးလိုက်တာနော်"

"ဦးမောင်ရဲ့ညိုပဲဟာ . . . သည်းခံပေးမှပေါ့"

"ရော့ . . . ဂျာကင်ဝတ်ထား"

"မဝတ်ပါဘူး၊ ဖျားနေတာက ဦးမောင်လေ"

"ဒါနဲ့ပဲ နှစ်ယောက်စလုံး စိုကုန်တော့မယ်"

"အဲဒါဆို အတူတူခြုံမယ်လေ"

သူ့ ဘာမှပြန်မပြောနိုင်ခင်မှာပင် မိုးကာဂျာကင်ကို ခေါင်းထက် ခြုံလိုက်သလို သူ့လက်မောင်းကိုပါ လက်ချိတ်လိုက်ရှာလေ၏။ မထူးတော့ပါဘူး။ ဒီအတိုင်း မြန်မြန်ပြေးမှပဲ မိုးသိပ်မစိုတဲ့ အိမ်ကို မြန်မြန်ရောက်မှာလေ။ သစ်ခွရုံထဲမှ နှစ်ယောက်အတူ ခပ်သွက်သွက်လျှောက်ခဲ့ကြပါ၏။ လှေကားထစ်တွေကို နင်းတက်စဉ် ခြေ,မချော်ကျစေရန် 'ညို့' ပခုံးကို ထိန်းကိုင်ပေးလိုက်ရလေသည်။ မိုးတို့က စ၍ တဖွဲဖွဲ ရွာနေပြီ မဟုတ်ပါလား။

အိမ်လေးပေါ်သို့ တက်လိုက်စဉ် မီးက မိုးခြိမ်းသံနှင့်အတူ ပျက်သွားတော့၏။ အားသွင်းမီးအိမ်ကိုရှာ၍ အရင်ဆုံးထွန်းကာ တံခါးတွေကို မိုးရေလေပါ မဝင်စေရန် အမြန်လိုက်ပိတ်ရလေသည်။ ရေစိုလာသည့် အဝတ်တွေကို လဲကြစဉ် 'ညို့' ဆံပင်တွေ မိုးစိုသွားတာကို မြင်လိုက်ရပါ၏။

"တွေ့လား . . . ပြောစကားကို နားမထောင်ဘူး ဖျားတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ"

"ညီ့ဖျားရင် ဦးမောင်ဆီက ကူးတာပဲ ဖြစ်မှာပေါ့"

"လေမများနေနဲ့၊ ကော်ဖီနဲ့ ဆေးတစ်လုံးလောက် ကြို သောက်ထားဦး။ ဒီနားလာခဲ့"

"ဘာလို့လဲ"

"ခေါင်းခြောက်အောင် သုတ်ပေးမလို့လေ၊ မလုပ်ပေးစေချင်လည်း ရတယ်"

"လာပြီ . . . လာပြီ"

Towel ဖြင့် သုတ်နေရင်းမှ သူ့အနီးမှာ လာထိုင်လိုက်လေ၏။ ပျော့အိအိဆံနွယ်တို့ကို ခပ်ဖွဖွလေး သုတ်ပေးစဉ် ရင်တွင်းမှာ ကြည်နူးကျေနပ်လာရတာ အမှန်ပါ။ အပိုင်မရလည်း ရှိပါစေတော့ 'ညီ' ရယ်။ ဒီလို အရိပ်လေးပဲ ကြည့်ပြီး တယုတယနဲ့ ဘယ်သူမှ မသိအောင် (အထူးသဖြင့် 'ညီ' မသိရလေအောင်) တိတ်တိတ်လေး ကျိတ်ပြီး ချစ်သွားရုံနဲ့ ကျေနပ်သွားမှာပါလေ။

"ဦးမောင်"

"အင်း"

"ဒီနားမှာ အိပ်မယ်"

"ဘာ . . . အာ . . . မဖြစ်ဘူး။ ဟိုမှာလိုက်ကာ ကာပေးထားတဲ့ နေရာမှာပဲ သွားအိပ်"





"ဦးမောင်ကလည်း ညီ့က မိုးခြိမ်းသံကြားရင် ကြောက်တယ်"

ဗုဒ္ဓေါ! . . . မိုးခြိမ်းသံထက် သူစိမ်းယောကျာ်းက ပိုကြောက်စရာကောင်းတာကိုတော့ နားမလည်ဘူးလား။ ဒီကလေးမနဲ့တော့ ခက်ချေပြီ။ တမင်ဝေးဝေးထားမှ သူ့အတွက် စိတ်သက်သာရလို့ ခန်းစည်းလိုက်ကာတပ်ပေးထားပါလျက် နောက်ထပ်တစ်မျိုးက တိုးချင်လာပြန်ပြီ။

သဲကန္တာရပုံပြင်ထဲက ကုလားအုတ်မှ မဟုတ်တာ 'ညီ' ရယ်။ ကျေးဇူးပြုပြီး ကိုယ့်နှလုံးသားတဲအိုလေးထဲကို ဖွတ်တိုးမဝင်လာချင်ပါနဲ့။ 'ညီ့' ဘဝလေး ညှိုးနွမ်းသွားမှာ၊ နစ်မွန်းသွားမှာစိုးလို့ပါလေ။ အမှားဆိုတာမျိုးက နှစ်ဦးနှစ်ဖက် မှားမှဖြစ်တာမျိုး မဟုတ်ဘဲ တစ်ယောက်က စဖောက်တာနဲ့လည်း ပြင်မရတဲ့အမှားမျိုး ဖြစ်လာတတ်လို့ပါ။

ကိုယ်တနိုင်ဖိထားမြှတ်နိုးရတဲ့ ချစ်သူလေးကို မွဲတစ်ပေါက်လေးသော်မျှ မစွန်းထင်းစေချင်တဲ့ စေတနာက မြူစင်သန့်ရှင်းတာ 'ညီ့' သိနိုင်ပါ့မလား။

"ဒီမှာပဲ အိပ်တော့မယ်"

"ဟာ . . . ကျစ်! . . . ဆေးသောက်ပြီးမှအိပ်"

Coffee mix နှစ်ထုပ်ကို ခပ်မြန်မြန်ဖျော်ကာ ပူပူလေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ခိုင်းရလေ၏။ ပြီးမှ ရေကျက်အေးနှင့် တစ်လုံး ကြိုသောက်စေပြီးမှ လှဲအိပ်ခိုင်းရလေသည်။ သူ့မွေ့ရာပေါ်မှာပင် အိပ်နေပြီမို့ ငွမ်းစောင်ထူထူလေး ခြုံပေးလိုက်ရပါ၏။ ဒီပုံနဲ့ဆက်နေရင် ဒုက္ခပဲများတော့မယ် 'ညီ'။ အငယ်က အနေအထိုင်မတတ်ရင်တောင်မှ အကြီးက နေတတ်ရမှာ မဟုတ်လား။

အိမ်မီးတွေ ပြန်လင်းလာပါက သိစေရန် မီးချောင်းတစ်ချောင်းကိုသာ ဖွင့်ထားပြီး တခြားမီးတွေကို ပိတ်ထားလိုက်ရပါ၏။ တစ်ညလုံး အိပ်မပျော်တဲ့ မိုးလင်းတော့မည့် ထင်ပါရဲ့။ မိုးက သဲသဲမဲမဲ ဆက်ရွာနေလေသည်။ မိုးခြိမ်းသံ လျှပ်စီးလက်သံကြားမှာ သူ့နှလုံးသားကို ငြိမ်သက်စေရန် ချုန်းအုပ်ရဦးမည်လေ။

❋ ❋ ❋



## အခန်း (၂၃)

ပက်လက်ကုလားထိုင်ထက် မှေးခနဲ အိပ်မောကျသွားရာမှ လန့်နိုးသွားရပါ၏။ အပြင်မှာ သူရိန်နေမင်းက ကျဲကျဲတောက်ပူနေသလို မနေ့က ရွာထားသည့် မိုးက မရှိတော့ပါလေ။ သူမ အိပ်မောကျနေသေးသဖြင့် မနိုးစေရန် ပြတင်းတံခါးမဖွင့်ဘဲ နောက်ဖေးတံခါးကို အသာဖွင့်၍ ဆင်းလိုက်ပါ၏။

တစ်ကိုယ်လုံး ငြီးစီစီကြီးဖြစ်နေသဖြင့် ရေချိုးလိုက်ရလေသည်။ ခေါင်းကို ရေသုတ်ပြီး အိမ်ပေါ်ပြန်တက်ခဲ့စဉ် အသီတိုးထားပါသည့် သူမ phone က မြည်နေလေ၏။ နယ် phone နံပါတ်မို့ မကိုင်ဘဲထား၍ မကောင်းသဖြင့် သူယူကာ နောက်ဖေးလေသာမှာ ထိုင်ရင်း ဖြေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟဲ့! . . . ညီညီ့ phoneကို ဘယ်သူကိုင်လိုက်တာလဲ"

"ငါ"

"ဘယ်က ငါတုန်း"

"နင့်အဆက်ဟောင်းကြီး အင်ကြင်းမောင်လေ"

"ကြည့်စမ်း! . . . ခွေးကောင် ဖိုးမောင်၊ ညီက ဘာလုပ်နေလို့ phone မကိုင်အားတာလဲ"

"ညက ဖျားလို့ အိပ်နေတုန်းပဲ"

"ငါ့တူမကို ဂရုမစိုက်ဘူးလား အကောင်ရဲ့၊ ကလေးကို မစောင့်ရှောက်နိုင်ဘဲ အဲဒီကို ခေါ်မသွားနဲ့ပေါ့၊ တော်ကြာ ငှက်ဖျားတွေ ဘာတွေဖြစ်ရင် ဘယ်လိုလုပ်မလဲ"

ဂရုက စိုက်ပါ့ 'မိသဲစု' ရယ်။ မျက်စိအောက်ကနေ အပျောက်မခံအောင်ကို ကြည့်ထားတာပါ။ အခုလည်း မျက်နှာလေး နည်းနည်းလွဲရုံနဲ့ မိုးမိပြီး အဖျားနည်းနည်းရှိလာတော့တာလေ။ မစောင့်ရှောက်နိုင်ဘဲ နေပါ့မလား။ တစ်သက်လုံးစောင့်ရှောက်ချင်လို့ကို တစ်သက်လုံးနေပါဟု ခွင့်ပြုပေးထားတာ နင်မှ မသိဘဲ 'မိသဲစု' ရယ်။

"နင့်တူမ ဘာမှမဖြစ်ပါဘူး"

"အေးပေါ့ . . . တစ်ခုခုဖြစ်လို့ကတော့ နင် သေဒဏ်ပဲ၊





ဒါနဲ့ မမပြောတာ ဟုတ်လား"

"ဘာကိုလဲ"

"ရည်ရွယ်ပေးတဲ့သူကိုတော့ စိတ်မဝင်စားဘဲ ညီ့ကိုမှဆို"

"ဟာကွာ"

သူ့မျက်နှာ ရဲသွားရပါ၏။ 'မိသဲစု' ကတော့ ပြောလိုက်ရင် ဒိုကြီးပါပဲလား။ နည်းနည်းပါးပါး အရိပ်အရောင်မပြပါဘဲ အခုလို ဒိုတိုးမေးတာက သူ့ကို မျက်နှာပူစေတာပါလေ။ ဒီတူမလည်း ဒီအချိန်နဲ့ သွေးသားတော်စပ်နေလို့ အခုလို ပွင့်လင်းလွန်းတာ မဟုတ်ပါလား။ သူ့မှာသာ အပြောအဆို ဆင်ခြင်ပြီး ငြိမ်နေရတာ ပါလေ။

"ဘာလဲ . . . ဝန်မခံချင်ဘူးလား"

"နင်ကတော့လေ"

"အေး . . . နင် အဲဒီလို မြှစ်မြှစ်လုပ်နေလို့ ဒီအရွယ်အထိ အထီးကျန်နေတာ၊ နောက်လေးငါးနှစ်သာ ဒီတိုင်း ဆက်နေနေရင် ခေါးပေးမီးယူရော၊ မီးယူခေါးပေး ခေါင်းအုံးလေးပါ ဘာမှရမယ် မထင်ဘူး"

"မိသဲစု"

"အတော်ကောင်းတဲ့ကောင်၊ ငါ့တူမကို တခြားမှာ သွားနေနိုင်ရင် စိတ်မချလို့ သူတို့အိမ် ပို့ပေးမိပါတယ်၊ တကာတဲ့မှပဲ"

"နင်ပြောနေတာ မဟုတ်ဘူးကွ"



www.burmeseclassic.com

"ဘာရယ်"

သိက္ခာတွေ အဆုံးထိကျလေပြီ။ အရှက်တွေ ပြန်းပြန်းကွဲပါ ရှာလား။ တစ်သက်လုံး စောင့်စည်းထိန်းချုပ်နိုင်ခဲ့ပါသည့် တည်ငြိမ်ခြင်းတို့က ခုတော့ တစ်စစီ ပြိုလဲကုန်လေပြီ။ ကလေးကို ချစ်မိလို့ အပြစ်ဖြစ်ရပြီတော့ 'အင်ကြင်းမောင်'။ မမိတဲ့ပန်းကို တုံးခုလှမ်းတာမျိုး မဟုတ်ပါဘဲ အရွယ်နှင့်မမျှသည့် ချစ်ခြင်းမေပြစ်ဖော်တဲ့ လား။

ဖြစ်ရလေ 'ညို' ရယ်။

"ညိုက ... ညိုက ပိုင်ခမေင်းကို လက်မခံချင်ဘူးဆိုလို့"

"အင်း"

"ငါက ကူညီရုံသက်သက်ပါ"

"ဒီထက် မပိုဘူးပေါ့လေ"

"ဟုတ်တယ်"

"ဒါဆို ညို့ကို ဘာလို့ပြန်မပို့နိုင်ရတာလဲ"

"ဟင်!"

လာပြန်ပြီ နောက်တစ်မျိုး။ ဂရုမစိုက်တော့လည်း တစ်ပြစ်၊ ပြန်မပို့ချင်တော့လည်း အပြစ်က ဖြစ်ရလေပြီ။ ဘယ်လိုများ ရှောင်ရှားရပါ့။ 'သဲစုဝေ' ဆိုတာ ငယ်ငယ်ကတည်းက သူ့ထက် ပိုထက်မြက်ပြီး ပိုရဲတင်းသည့် သူငယ်ချင်းပင် မဟုတ်လား။ အခုလည်း 'နေညိုညို' နဲ့ ပတ်သက်သမျှ သူ့ကို မရမက လှည့်ပတ်ပြီး အစ်





အောက်မေးနေတော့တာပါလေ။

ကိုယ်တော့ ဒုက္ခတွေ့နေပြီ 'ညို'။

"သူက မပြန်ချင်ဘူး ပြောတာကိုး"

"နင်က လူကြီးပဲ၊ ချော့မော့ပြောပြီး ပြန်ခိုင်းမှပေါ့"

"သူက ကလေးမှမဟုတ်တာ၊ ပြန်ချင်တဲ့အချိန် ပြန်လာမှာပဲ"

"ကလေးမဟုတ်ဘူးဆိုတာကိုတော့ နင် အသိအမှတ်ပြုတယ်ပေါ့လေ"

"မိသဲစု"

"နင် မှန်မှန်ပြောစမ်းပါ ဖိုးမောင်ရာ၊ ငါက နင့်ရဲ့သူငယ်ချင်းပါ။ နင့်ဗိုက်ထဲမှာ အူဘယ်နှခွေရှိသလဲ မသိတောင်မှ နင် ဘာကိုကြိုက်တယ်၊ ဘာကိုမုန်းတယ်ဆိုတာတော့ ငါ ကောင်းကောင်းကြီး သိပါတယ် မောင်၊ အခုနေ ငါနဲ့ မျက်လုံးချင်းသာ ဆုံကြည့်၊ နင် လုံးဝ ညာလို့မရစေရဘူးမှတ်"

အလို! ... 'မိသဲစု' တော့ အပ်ချမတ်ချကို ပြောနေလေပြီ။ ငယ်ကပေါင်းခဲ့သည့် သူငယ်ချင်းတောင်မှ ဤမျှ ခန့်မှန်းနိုင်ပါလျှင် တစ်အူတုံဆင်း မောင်နှမတွေက အကုန်အစင် သိနေမှာ ဆန်းမှ မဆန်းကျယ်တော့ပါလေ။ သူတော့ အခုမှ ဟိုဒီလှုပ်လို့မရတဲ့ ကျော့ကွင်းထဲက အရုပ်လို ညှပ်နေပါရောလား။ သေတော့ 'အင်ကြင်းမောင်'။



www.burmeseclassic.com

"နင်သာ ပိုင်ဖေမင်းနဲ့ ညို့ လက်မထပ်ဖြစ်အောင် ပြော ပေးနိုင်ရင် ငါ ဆက်ဆက်ပြန်ပို့ပေးမှာပါ"

"တကယ်လား"

"အင်း"

"စိတ်ထဲမပါတဲ့စကား မပြောစမ်းပါနဲ့ ဖိုးမောင်"

"ငါ"

"ပြန်ပို့မယ့်လူက ညို့ကို လက်သင့်ခံထားစရာ ဘာအ ကြောင်းမှမရှိဘူး မမနဲ့တောင် ပြဿနာဖြစ်ပြီး ခုထိ မောင်နှမတွေ စကားမပြောကြဘူးဆို"

"အဲဒါ ငါ့ကိစ္စပါ"

"ဒါဖြင့် ညို့ကိစ္စကို နင် ဘယ်လိုရှင်းပေးမှာလဲ"

"ပြောပြီးပြီလေ . . . ညိုပြန်ချင်ရင် ပို့ပေးမယ်လို့"

"မပြန်ချင်ရင် တစ်သက်လုံး ခေါ်ထားမယ့်သဘောပဲ"

ရင်ဝကို ဒုတ်ခနဲ စိုက်လေ၏။ သူများရင်ကို နာကျင်အောင် လည်း ပြောတတ်ပါ့ 'သဲစုဝေ' ရယ်။ တကယ်ဆို သူငယ်ချင်းဖြစ်တဲ့ သူ့ကိုတော့ နည်းနည်းတော့ ငဲ့ညှာသင့်တာ မဟုတ်လား။ နဂိုကမှ သူနှင့် 'ညို့' ကြား ခြားထားပါသည့် 'အရွယ်' တံတိုင်းကြီးက မြင့် မားလွန်းမှန်း သိပါလျက်နဲ့လေ။

"ငါ . . . ငါ . . ."





"နင်က ဥယျာဉ်မှူးလား။ ဒါမှမဟုတ် သူများစိုက်ထားတဲ့ အပင်ကို အညွန့်လေး ချိုးစားသူလား"

ရင်ထဲအောင့်သက်သွားရလေ၏။ အညွန့်ချိုးစားသူတဲ့လား။ မှန်ပါတယ်။ မရည်ရွယ်ရရိုး မှန်ပေမယ့် အညွန့်တလူလူတက်နေတဲ့ အရွယ်လေးကိုမှ ချစ်မိသွားရတာပါလေ။ စော်ကားခံရပြန်လေပြီ။ သူငယ်ချင်းမို့ အားမနာစတမ်းပြောတာ မှန်ပေမယ့် ခံရခက်လွန်း သည်က သူကိုယ်တိုင်သာ ဖြစ်ပါ၏။

"ဖိုးမောင်"

". . ."

"ပိုင်နဲ့ညို ယူယူ၊ မယူယူ . . . အဲဒါ သူတို့အပိုင်းပါ၊ ကြား ထဲက နင် ဝင်ပြီး ပူနေစရာမလိုပါဘူး"

"ငါ . . . ငါ သိပါတယ်"

ပါးပြင်ထက် မျက်ရည်က စီးကျသွားလေ၏။ ယောက်ျား တွေ မျက်ရည်မကျရဘူးဟု ဘယ်တုန်းက ပြဋ္ဌာန်းထားပါသနည်း။ ညွှန်ပြထောက်ပြနေသည်က လက်တွေ့ဆန်သည်မို့ သူ နားလည်ရ ပေမည်။ နောက်ဆုံးတော့ 'ညို' ရယ် . . . မင်းကို ရင်နင့်စွာ ချစ်မိ ခဲ့တာ မှန်ပေမယ့် စွန့်လွှတ်ဖို့ အကြောင်းရင်းကသာ နိုင်လုံလာခဲ့တာ ပါလေ။

"သံယောဇဉ်ရှိရုံနဲ့ အချစ်ဆိုတာ ဖြစ်မလာဘူး ဖိုးမောင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါပြောတာ သဘောပေါက်ရဲ့လား"

"အင်း"

"ဘာပဲဖြစ်ဖြစ် ညို့ကို ဖူးဖူးမှုတ်ပြီး အလိုလိုက်မယ့် ယောက်ျားမျိုးနဲ့ ငါလည်း သဘောတူချင်တာပါပဲ၊ ဒါပေမဲ့ ... ငါတို့က ဝမ်းကွဲအဒေါ်တွေ ဦးလေးတွေလေ"

"ဟုတ်ပါတယ်"

"ဒီတော့ သူတို့သားသမီးကိစ္စကို သူတို့မိဘတွေပဲ ကြည့်စီစဉ်ပေးကြပါလိမ့်မယ်၊ ငါတို့က အမျိုးတော်ပေမယ့် သူစိမ်းမို့ ခပ်စိမ်းစိမ်းနေတာပဲ သင့်တော်မှာပါ"

"အင်း"

"ညို့ကြောင့် နင့်သိက္ခာတွေကျရတာ ငါလည်း စိတ်မကောင်းပါဘူး မောင်။ ပြီးတော့ ... ကိုကြီးက ကိုမျိုးတို့အစား ညို့ကို လာခေါ်မှာမို့လို့ပါ။ နင့်ကို ပြောစရာတွေလည်း အများကြီး ရှိပါလိမ့်မယ်"

"ဪ ..."

"နှင်းနဲ့ကိစ္စသာ အဆင်ပြေပါစေလား မောင်"

"ကျေးဇူး"

"ဒါဆို ဒါပဲနော် ... ငါသားငယ် ငိုနေပြီ ... ဟဲ့"

Phone ကို ကိုင်ထားရင်း ငိုင်နေမိပါ၏။ နောက်ဆုံးတော့





တစ်ဖက်ကမ်းမှာ သူ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ရတာပါလေ။ အချစ်နှင့်ကျွန်တော်က ကီလိုမီတာချောင်းခြားလေပြီကော။ မျှော်လင့်ခြင်းကမ်းတစ်ဖက်မှာ တစ်ခန်းရပ်ပြဇာတ်နှယ် ပြည့်ဖုံးကားချပြီး ဇာတ်သိမ်းရချေပြီ။

'ညို' ရယ် ... အနီးကိုရောက်လာလို့ မွေ့ဖက်ချင်ခဲ့တာပါ။ 'ထူမ' ့ ပေးပါဆိုလို့ လက်ကမ်းပေးခဲ့ရတာပါ။ မသွားချင်ဘူးဆိုလို့ နှင်မထုတ်ဖြစ်တဲ့ နေခွင့်ပေးခဲ့ရတာပါ။ သို့သော် ရင်ခွင်တံခါးကိုတော့ သတိနဲ့ တပိတ်တင်းစေ့ပိတ်ထားခဲ့ပါတယ်။ ဘယ်သောအခါမှ ဖွင့်မပြောဖြစ်တော့တဲ့ အုံ့ပုံးတစ်ယောက်ရဲ့ ချစ်ခြင်းတို့ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်တော့မှာပါလေ။

သံယောဇဉ်နဲ့ချစ်ခြင်းက မသက်ဆိုင်ဘူးတဲ့လား။ ဒါဖြင့် နည်းနည်းမှ သံယောဇဉ်မဖြစ်တဲ့ 'နှင်း' နဲ့ လက်ထပ်လို့ရော အချစ်ဆိုတာ ဖြစ်တည်လာနိုင်ပါ့မလား။ 'ညို့'အပေါ် အမြှုရောင်သံယောဇဉ်သာ ရှိခဲ့လျှင် ဒီလိုလှပတဲ့အိပ်မက်တွေ ဖြစ်လာမှာတဲ့လား။

'ညို့' ကြောင့် သူ ပြုံးပျော်ရွှင်ခဲ့ရတာ။

'ညို့' ကြောင့် သူ ဝန်တိုခဲ့ရတာ။

'ညို့' ကြောင့် စိတ်လှုပ်ရှားရင်ခုန်ခဲ့ရတာ။

'ညို့' ကြောင့် စိုးရိမ်ခဲ့ရတာတို့က ချစ်ခြင်း၏အစပျိုးမှုရေသောက်မြစ်မဟုတ်ခဲ့လျှင် မည်သို့သောအရာတွေပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ လူကို ပြုံးပျော်ရွှင်သန်စေနိုင်သလို ဝိညာဉ် ချုပ်ငြိမ်းစေသည့် နတ်ဆိုးတစ်ပါး၏ကျိန်စာမှန်း အစကသာ ကြိုသိခဲ့ပါလျှင် ထိုအရာကို သူ ထိကိုင်ကြည့်မိခဲ့မည် မဟုတ်ပါ။ ငယ်စဉ်က ရှုရှုးမိုက်မိုက်ဖြင့် မဆုံးဖြတ်ရဲဘဲ သတ္တိနည်းခဲ့ပေမယ့် ဒီအသက် ဒီအရွယ်မှာမှ မျက်စိစုံမှိတ် မှားမိလျှင် သူလောက် မိုက်မဲသည့်သူ ဒီလောကမှာ ရှိတော့မည် မထင်ပါလေ။

မနှင်ခင် လွမ်းနေရပြီ 'ညို့'။

အဝေးကို ထွက်သွားတော့မှ တစ်ဝကြီး ဆက်ချစ်နေပါရစေ။

တွေ့နစ်ကိုယ် အနီးဆုံးနေရမှ ချစ်ခြင်းပီသတာမျိုး မဟုတ် ရပါဘူး။

ခပ်ဝေးဝေးကနေလေ ရင်ထဲမှာ ပိုချစ်ရလေလေဆိုတဲ့ ထူးခြားတဲ့ ခံစားချက်မျိုးလည်း ရှိမှာပါနော်။

အပြင်မှာ ဆုံတွေ့ခွင့်မရှိနိုင်ပေမယ့် ကိုယ်နဲ့ 'ညို့' အိပ်မက် ထဲမှာပဲဖြစ်ဖြစ် ဆုံခွင့်ရခဲ့လျှင် ကျေနပ်မိပါရဲ့။

အချစ်ဆိုတာ ဖွင့်ပြောမှ သိနိုင်တာမှ မဟုတ်တာ။ ကိုယ် ဖွင့်မပြောဖြစ်ပေမယ့် 'ညို့'အပေါ်မှာ ကိုယ် ဘယ်လောက်ချစ်သလဲ၊ ဘယ်လောက်အလိုလိုက်သလဲဆိုတာကိုတော့ 'ညို့' လည်း သိနေမှာ ပါနော်။

မျက်ဝန်းလဲ့လဲ့လေးတွေနဲ့ အိပ်မက်ထဲမှာ ဆုံပါရစေ။ အပြုံး





နုနုလေးတွေကိုလည်း အဝေးလေးဟာနယ်ထဲမှာပဲ လိုက်လံဖမ်းဆုပ် ခွင့် ရပါရစေ။ ရယ်သံချိုချိုလေးကိုလည်း အာရုံထဲမှာပဲ ခံစားနား ထောင်ပါရစေတော့။

ချစ်တယ် 'ညို့'။

အတိုရှင်းဆုံး ပြောရတာပါ။

သူများတွေလို စကားလုံးလှလှလေးတွေ သုံးပြီး 'ညို့' နှလုံးသားကို အရည်ပျော်လာအောင် မစွမ်းဆောင်နိုင်ပေမယ့် ရိုးရိုး လေးသာ ပြောပြရုံပါ။

'ညို့' မသိလည်း ရှိပါစေ။

'ညို့' မမြင်လည်း နေပါစေ။

ဒီလောကမှာ 'ညို့' အပေါ် အသက်ထက်ပုံပြီး 'ဦးမောင်' ချစ်ခဲ့တာကို ကိုယ့်နှလုံးသားက သိနေရုံနဲ့ ကျေနပ်ပါတယ်။ အချစ် ဆိုတဲ့ အရာကို လေပြည်လေးကတစ်ဆင့် သိစေပြီး အိပ်မက်တွေ ထဲမှာပဲ ပျော်မွေ့နိုင်ဖို့ အတော့်ကို ကြိုးစားရဦးမှာ အမှန်ပါလေ။

ဩော် ... 'ဦးမောင်' ရဲ့ 'ညို့' ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အဝတ်အစားသေတ္တာထဲသို့ ဘာမှမကျန်ဖြစ်အောင် 'မိဖြူ' ကို ခေါ်ပြီး ထည့်နိုင်းရလေ၏။ ရေချိုးနေသည့် 'ညို' အတွက် ဝတ်စုံတစ်စုံစာ (အစုံအလင်) ထုတ်ခိုင်းထားပြီးမှ အဝတ်သေတ္တာကို သော့ခတ်လိုက်ပါသည်။ ပြီးနောက် အိမ်ရှေ့မှာ ရပ်ထားပါသည့် ကားနောက်ဖုံးထဲသို့ အရင်ဆုံး သွားထည့်ထားလိုက်လေ၏။

"မိဖြူ"

"ရှင်! . . . ဦး"

"နင့်မမကို အလှပြင်ပြီးရင် ဆင်းခဲ့နိုင်းလိုက်နော်၊ ပြီးရင် အိမ်တံခါးတွေ ပိတ်ပေးပြီးမှပြန်"

"ဟုတ်ကဲ့ ဦး"





အိမ်ပေါ်မှဆင်းကာ စိုက်ခင်းဘက်သို့ လျှောက်ခဲ့ပါ၏။ အိမ်ပြန်မည့်ခရီးက ပြေပြေလည်လည်မရှိဘဲ ဆူညံပွက်လောရိုက်ဦးမည် ထင်ပါရဲ့။ တစ်သက်လုံး ပျော်ချင်၍ သစ်ပင်စိုက်ခြင်းကို ရွေးခဲ့ပါလျက် အခုတော့ ပန်းပင်တွေကြားမှာ ဥယျာဉ်မှူးက မမွေ့လျော်တော့လေပြီ။ မင်းနဲ့ကိုယ် ဒီတစ်သက်မှာတော့ ပြန်တွေ့ဖို့ ရေစက်ကပြတ်ပြီပေါ့ 'နေညိုညို'။

"ဦးမောင်"

ခေါ်သံသဲ့သဲ့ကြောင့် လှည့်ကြည့်လိုက်မိ၏။ ဖက်ဖူးရောင် blouse နှင့် Jeans စကတ်ကိုမှ 'မိဖြူ' က ရွေးပေးသတဲ့လား။ ခွဲခွာခြင်းအခဆုံးမှာ စိမ်းရှာခြင်း နိမိတ်တွေက ပြသနေပါပေါ့လား 'ညို'။ ဆံပင်လိပ်လိပ်လေးတွေကို မြင့်မြင့်လေးချည်နှောင်ထားသဖြင့် မျက်နှာနုနုလေးက ပို၍ ချစ်စဖွယ်ကောင်းနေလေ၏။

ဝေးကြဖို့ နီးလေ စွန့်လွှတ်ဖို့ ခက်ခဲလေနဲ့ ကိုယ်ရှုံးတော့မယ် ထင်ပါရဲ့ 'ညို' ရယ်။ အသက် (၁၅) နှစ်ကျော် ကွာခြားသည့် သမုဒ္ဒရာကို အသက်လုပြီး ကိုယ်မကူးနိုင်ခဲ့လို့ ခွင့်လွှတ်ပေးပါ။ အရွယ်ဆိုသည့် ကျောက်တောင်ကြီးရဲ့အမြင့်ကို မတက်လှမ်း မကျော်လွှားနိုင်တဲ့အတွက် နားလည်ပေးပါ။ အသည်းအသက်မက ချစ်ရပေမယ့် မချစ်သင့်သူမို့ 'ညို့' စိတ်ကြိုက်သဘောအတိုင်း နေကြည်းလိုက်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်"

"ကားပေါ်တက်"

"ဘယ်သွားမလို့လဲ"

"ကိုကိုကို သွားတွေ့ရမယ်"

"ဟင့်အင်း ... ညို မလိုက်ဘူးနော်"

"မလိုက်လို့မရဘူး ... ကိုကိုက နှစ်ယောက်စလုံးကို လာခဲ့ဖို့ ခေါ်ထားတာ၊ ဒီအထိ လိုက်လာချင်တော့ ရာသီဥတုမကောင်းလို့ ကိုယ်ပဲ လာတွေ့ပါ့မယ်လို့ ပြောလိုက်ရတယ်"

"ညို ကြိုပြောထားပြီးသားနော်၊ အခု လိုက်တွေ့ဆို လိုက်တွေ့ပါ့မယ်၊ ဒါပေမဲ့ ... ဟိုအထိတော့ ပြန်မလိုက်နိုင်ဘူး"

"တက်ဆိုတက်လေ"

မျက်နှာစူပုတ်လျက် ခြေဆောင့်လိုက်လေ၏။ မငိုချလိုက်ပါနှင့်ဟု စိတ်တွင်းမှ ဆုတောင်းရင်း ကားတံခါးကို ဖွင့်ပေးလိုက်ပါသည်။ သူမ ဘာမှထပ်မပြောဘဲ ကားပေါ်သို့ လွယ်လင့်တကူ တက်လိုက်သဖြင့် တော်ပါသေး၏။ ကားပေါ်တက် စက်နှိုးလျက် မောင်းထွက်ခဲ့ရလေသည်။ အိမ်အရောက် (၄) နာရီကျော်ခရီးကို နှင်ရဦးမှာပါ။

"ဗိုက်ဆာတယ်"

"လမ်းမှာ ဝယ်ကျွေးမယ်"

"ဦးမောင်က အဲဒီလို မျက်နှာကြီး တည်မထားနဲ့လေ"





"တိတ်တိတ်နေ ... စိတ်မကြည်ဘူး"

သူမ နှုတ်ဆိတ်သွားလေ၏။ လမ်းခွဲခါနီးမှာ အလွမ်းတွေနဲ့ မဖြစ်စေချင်လို့ပါ 'ညို'။ အမုန်းနဲ့ လမ်းခွဲမှသာ နာကြည်းနိုင်မှာ မဟုတ်လား။ ဒါမှလည်း 'ဦးမောင်' ဆိုတဲ့ 'အင်ကြင်းမောင်' ကို လွယ်လွယ်မေ့လို့ရမှာလေ။ ကောင်းကင်တခွင် ကြည်လင်နေသလို လေပြည်အေးအေးလေး တိုက်ခတ်နေသဖြင့် ကားမှန်ကို သူ ဖွင့်ပေးထားပါ၏။ သူမက အပြင်ရှုခင်းတို့ကို ငေးရင်း တိတ်တိတ်ဆိတ်ဆိတ်လိုက်ပါလာလေသည်။

"ရှေ့နားမှာ ရပ်မယ် ... ဘာစားချင်လဲ"

"ဘာမှမစားချင်ဘူး"

"ညိုကလည်းလေ ... ခရီးသွားတာနဲ့ စိတ်ကကောက်ချင်ပြီ၊ တစ်ယောက်တည်းသွားရင်လည်း စိတ်မချဘူး ပြောပြီး ... အခု"

"စားမယ် ... စားမယ်၊ စားရင် ကျေနပ်ပြီ မဟုတ်လား"

အဆင်မပြေပါ။ ဈေးထိပ်မှာ ရပ်ပြီး စားကောင်းမည်ထင်သည့် စားသောက်ဆိုင်ရှေ့ကမှာ ကားကို ရပ်လိုက်ပါ၏။ ကားပေါ်မှ ဆင်းပြီး သူမဘက်မှ တံခါးကို ဖွင့်ပေးစဉ် လက်မောင်းကိုကိုင်၍ ဆိုင်ထဲသို့ လိုက်ဝင်လေသည်။ စကားမများချင်သဖြင့် သူ ဘာမှ မပြောဘဲ အသာငြိမ်နေလိုက်ရပါ၏။

"ဘာများသုံးဆောင်ချင်ပါသလဲ ခင်ဗျာ"



www.burmeseclassic.com

"ဆီချက်နှစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲ ပေးပါ၊ ကြက်သားနဲ့နော်၊ သောက်စရာ ဘာရမလဲ"

"ဘီယာရှိပါတယ် အစ်ကို"

"ဟာ … စောစောစီးစီး အပူအအေးမပြောဘဲ ဘယ့်နှယ် ဘီယာလဲ"

"ဪ … sorry အစ်ကို၊ Tea တို့ Coffee တို့ မှာလို့ ရပါတယ်"

"အဲဒါဆို Coffee နှစ်ခွက် အရင်ပေးပါ၊ မုန့်တွေ မယူလာနဲ့တော့၊ မစားဘူး"

Waiter လေးနှင့် စကား ကတောက်ကဆဖြစ်သွားတာကို သူမက သဘောကျသည့်နှယ် ပြုံးလေ၏။ စားစရာတွေ မလာသေးခင် ရောက်လာသည့်ကော်ဖီကို သောက်ရင်း စောင့်နေလိုက်ပါသည်။ ဒီမနက်မှ ဘယ်လိုဖြစ်ပြီး ရာသီဥတုက သာယာနေပါသနည်း။

"သုံးဆောင်လို့ရပါပြီ ခင်ဗျာ"

အစိမ်းကြော်ပွဲကြီးတစ်ပွဲ, ဆီချက်နှစ်ပွဲနှင့် ဟင်းချိုနှစ်ခွက် အချဉ်စပ်ထားသည့်ပန်းကန်က တစ်ခုလာပြင်ပေးလေ၏။ ခေါက်ဆွဲကို နွေးနွေးဖြစ်ရန်နှင့် အချောင်းမရှည်စေရန် သူနယ်၍ ဖြတ်ပြီးမှ သူမ ပန်းကန်နှင့် လဲယူလိုက်ပါသည်။ စေတနာတွေကို 'ညို' သိမြင်ပါစေလား။





"ကြင်နာလိုက်တာဟယ် … မနာလိုချင်စရာကြီး"

တစ်ဖက်ဝိုင်းမှာ လူငယ်တစ်စု ရှိနေပြီး တီးတိုးပြောကြလေ၏။ သူက မကြားယောင်ဆောင်ကာ အစားကိုသာ အာရုံစိုက်လိုက်ပါသည်။ ခြံမှထွက်လာကတည်းက ဘာမှမစားလာသဖြင့် ဒီခေါက်တော့ ဝမ်းပြည့်အောင် ဖြည့်ရမှာ မဟုတ်လား။ စားသောက်ပြီး Bill ရှင်းစဉ် သူမက အနားနားကပ်ပြောပြန်လေ၏။

"ဦးမောင်"

"ဘာလဲ"

"PK စားချင်တယ်"

"မစားရဘူး၊ မေရိုးလှလှလေး ကားထွက်လာမှာ မကြောက်ဘူးလား"

"တစ်ခုပဲလေကွာ"

"တစ်ခုလည်း မရဘူး၊ တစ်ဝက်လည်း မရဘူး၊ တစ်စိတ်လည်း မရဘူးမှတ်"

"ကြည့်! … ဦးမောင်ကလည်းကွာ"

"ညိုနော် … မဆိုးချင်နဲ့ ဒါမျိုးတော့ အလိုမလိုက်နိုင်ဘူး"

နှုတ်ခမ်းစူသွားပြန်လေ၏။ ကားပေါ်တက်ပြီး ရန်ကုန်မြို့ဘက်သို့ ဦးတည်၍ ဆက်မောင်းလာခဲ့ပါသည်။ အိမ်နှင့်နီးလာလေ သူ့နှလုံးသားက ပို၍နာကျင်လာလေပါပဲ။ ဆုံးရှုံးရပြီဟူသည့်အသိက

www.burmeseclassic.com



ရင်ကို မှန်တိုင်းဝင်မွှေသည့်နှယ်ပါ။ ခံစားရခက်ခဲလွန်းသည့် ဝေဒနာမျိုးကိုမှ 'အင်ကြင်းမောင်' ရရတယ်လို့၊ ကားကို သူတို့လမ်းထဲသို့ ကွေ့ချဝင်လိုက်ပါသည်။ အနည်းငယ်မျှ ဝင်လိုက်စဉ် ခြံတံခါးက ဟင်းလင်းဖွင့်ထားသဖြင့် ခပ်ဖြည်းဖြည်း ဆက်ဝင်ခဲ့ရ၏။ အိမ်ရှေ့မှာ ကားရပ်ထားတာ မတွေ့ရသဖြင့် ကိုကို လေယာဉ်ဖြင့် လာမှန်းသိလိုက်ပါသည်။

"ဟော! ... ရောက်လာပါပြီ"

"အန်တီ"

"လာပါရှင် ... လာပါ ... ညီဖျားသေးတယ်ဆို၊ အခု ပျောက်သေးရဲ့လား"

"ဟုတ်!"

"ညီရောက်လာတာနဲ့ အတော်ပဲ၊ ဒီနေ့ အန်တီတို့ အုန်းနို့ခေါက်ဆွဲ ချက်စားဖို့ ပြင်နေတာ၊ လာဝိုင်းကူပေးပါဦး"

"ဟာ! ကူရမှာပေါ့ ... ညီ့ သိပ်ကြိုက်တာ အန်တီရဲ့ ရှယ်ပဲ"

မမက အိမ်ရှေ့ထွက်ကြိုကာ 'ညီ့' ကို အိမ်နောက်ဖက်သို့ ဆွဲခေါ်သွားလေ၏။ စာကြည့်ခန်းကို မေးငေါ့ပြသွားတာမို့ ကိုကို စောင့်နေမှန်း သိလိုက်ပါသည်။ 'ညီ့' မကြားစေချင်၍ တမင်ရှောင်စေလေသလား။ နောက်ဖေးမှာ အသည်းတုံး ရယ်သံနှင့် ဆူညံသံတို့က စီခနဲ ထွက်ပေါ်လာလေတော့၏။





စာကြည့်ခန်းတံခါးကို သူ အသာခေါက်လိုက်မိပါသည်။ မနေဖြစ်ပေမယ့် ဟိုတုန်းကလို နွေးနွေးထွေးထွေး ရှိနေစဲပါပဲ။ ကိုကို နှင့် မဆုံဖြစ်တာ နှစ်အတော်ကြာနေပြီမို့ စိမ်းများ စိမ်းနေမလားဟု တွေးလိုက်မိပါ၏။ Phone ဖြင့် မကြာမကြာ ပြောဖြစ်သည့်မို့ ဒီလောက်ကြီးတော့ မစိမ်းသက်လောက်ပါဘူးနော်။

"ဒေါက်! ... ဒေါက်!"

"ဝင်ခဲ့ပါ"

တံခါးကို လှည့်ဖွင့်၍ ဝင်လိုက်သလို အတွင်းမှ စကားသံတို့ကို အပြင်ဘက်မှ မကြားစေရန် Lock ချလိုက်လေ၏။ ကိုကိုက စာအုပ်ဖတ်နေရင်း မျက်မှန်ပင့်၍ ကြည့်လိုက်ပါသည်။ အသက် (၄၅) နှစ်အရွယ်မို့ အနည်းငယ်ပြည့်လာပေမယ့် သိပ်ကြီး ရင့်မသွားပါလေ။ ဒါ သူ၏အစ်ကို 'ကံ့ကော်ကိုကို' ပါပဲ။

"ထိုင်"

ငယ်စဉ်ကတည်းက ဖခင်နှယ် တစ်ဖုံ၊ အစ်ကိုနှယ် တစ်မျိုး ဆုံးမပဲ့ပြင်ခဲ့တာမို့ ကိုကိုကိုတော့ သူက လေးစားပြီး ရှိန်ရကြောက်ရပါ၏။ မမက ဘယ်တော့မဆို လက်ပါတတ်ပြီး နှုတ်မှ တဗျစ်တောက်တောက် ပြောဆိုတတ်သဖြင့် သိပ်ပြီး မလန့်ရပါချေ။ ပြီးတော့ ကိုကိုက ကုမ္ပဏီ MD လည်း ဖြစ်ကာ ဆိုခဲစေမြဲစေ ယောကျ်ားမျိုးလည်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေသလဲ အင်ကြင်းမောင်၊ နှင်းဆီပြောပုံအရ ဆို ငါ့ညီက အတော်ပြောရခက်ပြီး ခေါင်းမာနေတယ်ဆိုလားပဲ"

ပြောချေပြီ။ တကယ်လည်း အပြစ်လုပ်ထားသလိုဖြစ်နေတာ မို့ ဘာမှပြန်မပြောဖြစ်ဘဲ မျက်လွှာချ ငြိမ်သက်နေမိ၏။ ကိုယ်တော့ ကောင်းကောင်းကြီး အပြောခံရပါပေါ့လား 'ညို' ရယ်။ ကိုကိုက တစ်ဆင့် မိဘတွေထံရောက်အောင် ပြန်ပို့လိုက်တဲ့ 'ဦးမောင်' ကို မုန်းပါ၊ မေ့ပါ၊ စိတ်နာပါ။ ဒါမှသာ 'ကလေး' ရဲ့အနာဂတ်လေး လှပကြည်နူးနိုင်မှာပါလေ။

"အင်ကြင်းမောင်"

"ဗျာ . . . ကိုကို"

"စိတ်နဲ့လူက မကပ်ရအောင် မင်း ဘာတွေဖြစ်နေလဲ"

"ကျွန်တော့်ကားနောက်ခန်းထဲမှာ သူ့အဝတ်သေတ္တာပါ ပါတယ်၊ ကိုကို့ထံ အရောက်ခေါ်လာပေးပြီးပါပြီ၊ ကျွန်တော့်တာဝန် က ဒါပဲ မဟုတ်လား"

"မဟုတ်သေးဘူး"

"ကိုကို . . . ကျေးဇူးပြု၍"

"နေဦး ညီ . . . ကိုကိုမေးတာကို မင်းမဖြေဘဲ ဘာလို့ ရှောင်ချင်ရတာလဲ"

"ကျွန်တော်"





ဘာမှဆက်မပြောဖြစ်ပါ။ ပြောစရာစကားမရှိသည့်နှယ် ဆွံ့အ နေမိလေ၏။ ဆွေချင်သလောက် ဆွေကြပါစေတော့။ ဆုံးမတာကို ငြိမ်ခံ ရုံသာ ရှိတော့တာပါ။ 'အင်ကြင်းမောင်' ဆိုတာ နှလုံးသားမဲ့စက်ရုပ်နှယ် ဘဝကို တစ်ယောက်တည်း အထီးကျန်ဖြတ်သန်းရတော့မှာမို့ပါပဲ။

"နှင်းနဲ့ရွာကို သဘောမကျဘူးလား"

"ကျွန်တော် နှင်းနဲ့ လက်မထပ်နိုင်ဘူး ကိုကို၊ တစ်သက် လုံး ဘုန်းကြီးဝတ်နဲ့ပဲ နေဖြစ်ရင် နေဖြစ်ပါလိမ့်မယ်"

"ဒါက အပြတ်ငြင်းဆန်ပြလိုက်တာပေါ့လေ၊ ကိုကို့ကို ဒီလို ပြောရဲရအောင် မင်းကို ဘယ်အရာက တွန်းအားပေးနေလို့လည်း အင်ကြင်းမောင်"

"ကျွန်တော့်ကို အတောင်စုံလို့ အသိုက်ကို ခြေစုံကန်တယ် လို့ ပြောလည်း ခံမှာပါ ကိုကို၊ ဒါပေမဲ့ . . . တစ်သက်လုံး ပျော်ရွှင် ခွင့်မရနိုင်တဲ့ သူနဲ့တော့ အတူမနေပါရစေနဲ့၊ လူဆိုတာ ပေါင်းသင်းရှာ ချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့ကသာ ပိုပြီး အဓိကကျမှသာ အသက် ရှည်ရှည် နေနိုင်မှာမို့လို့ပါ"

"အင်ကြင်းမောင် . . . အင်ကြင်းမောင် . . . နှင်းဆီက အဲဒီ ပြောတယ် ထင်နေတာ၊ တကယ်ပဲ ဟုတ်နေတာကိုး"

အသက်ရှူရ ခက်ခဲလာပါ၏။ နှလုံးသားတစ်ခုလုံး ဆို့ညှစ် ထားသည့်နှယ် ခံရခက်စေတာပါ။ ဘာလဲ 'ညို့'အချစ်နှင့်တန်ဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောဦးမှာလား။ ဒါကို သိနေလို့လည်း ဖွင့်ပြောဖို့ သတ္တိနည်းခဲ့ရတာပါလေ။ အချစ်ဆိုတာ 'အင်ကြင်းမောင်' အတွက်တော့ အဆိပ်တစ်ခွက်သာဖြစ်နေလေတော့ ရဲရဲကြီး မော့သောက်ချဖို့ ဘယ်ရဲနိုင်ပါ့မလဲ။

"မင်း . . . ညို့ကို တကယ်ပဲ ချစ်နေပြီလား မောင်"

သူ မဖြေပါ။ ဖြေစရာမလိုဟု ယူဆမိသောကြောင့်ပါပဲ။ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး သူ့အတွက် ကိုကိုရော မမပါ လမ်းညွှန်ခြယ်လှယ်လို့ ရကောင်းရနိုင်ပေမယ့် သူ့ရင်ဘတ်တွင်းမှ နှလုံးသားကိုဖြင့် ပုံဖော် plan ချလို့ မရနိုင်တာလေ။ ဘယ်သူ့ကိုတော့ ချစ်ပါ၊ ဘယ်သူ့ကိုတော့ မချစ်နဲ့ဆိုပြီး သူ့နှလုံးသားကို အမိန့်ပေးစေနိုင်းလို့မှ မရတာလေ။

"ဝန်မခံဘူးလား"

"အဲဒါကို ကျွန်တော်ပြောဖို့ မလိုအပ်ပါဘူး ကိုကို၊ ရင်ဘတ်ထဲက ကိစ္စကို ဖွင့်ဟဝန်ခံရလောက်အောင် မရင့်ကျက်သေးတဲ့အရွယ်မှ မဟုတ်တော့တာ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ကိုကိုက ညို့ကို တစ်ပါတည်းခေါ်ဖို့ ရောက်လာခဲ့တာ"

ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားရလေ၏။ စွန့်လွှတ်ဖို့ဆိုတာ လက်တွေ့မှာ လွယ်ကူသည့်အရာမှ မဟုတ်တာပဲ။ 'ညို့' ကို မချစ်လို့မဟုတ်ရပါဘူး 'ညို့'။ ချစ်လွန်းလို့ပါ။ ချစ်လွန်လွန်းလို့ ကိုယ့်ဘဝ





လောင်းရိပ်ထဲ မခေါ်ရက်ဘဲ လျှောင်အိမ်ထဲ ပြန်ဝင်နေစေခြင်းပါပဲ။

အဲဒီလျှောင်အိမ်ဟာ 'ကလေး' အတွက်တော့ ခက်ခဲကောင်းခက်ခဲပါလိမ့်မယ်။ 'ညို့' အတွက် မျက်ရည်မဆည်နိုင်တဲ့သောကနှောင်အိမ်ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် တစ်သက်တာ လုံခြုံပြီး နွေးထွေးတဲ့ မေတ္တာတွေ ထုံမွှန်းထားတဲ့ စံအိမ်လေးမို့ပါ 'ညို့'။ တစ်ချိန်ချိန်မှာ ကာလရှည်ကြာတာနဲ့အမျှ ကိုယ်ဆိုတဲ့ လူတစ်ယောက်ကို 'ညို့' ဘဝ 'ညို့' အတိတ်မှာ ခပ်ဝါးဝါးလေးနဲ့ အမှတ်ရဖို့တောင် မေ့သွားနိုင်မှာပါလေ။

ဪ 'ညို့'ရယ် . . . ရင်နင့်အမျှ ချစ်မိတဲ့ 'ဦးမောင်'ရဲ့ ချစ်ခြင်းတွေကို 'ညို့'သိအောင် မဖော်ပြနိုင်ခဲ့တာကို နားလည်ခွင့်လွှတ်ပေးပါတော့။

"ခေါ်ပါ . . . ခေါ်သွားပါ၊ သူ့မိဘတွေလက်ထဲ အရောက်ပို့ပေးတဲ့အတွက် ကိုကို့ကို ကျေးဇူးတောင် တင်မိပါတယ်"

"မောင်"

"ကျွန်တော် အလုပ်တွေရှိသေးလို့ ပြန်ရမယ် ကိုကို"

"အလုပ်တွေက မင်းရင်ဘတ်ထက် ပိုအရေးကြီးနေလို့လား"

မျက်နှာမဲ့သွားရပါ၏။ အချက်ကို ထိလေခြင်း။ ရင်ဘတ်ထဲက ကိစ္စကို ဂရုမထားလို့ပဲ ကိုကိုတို့ ဒီကိစ္စကို ဖန်တီးခဲ့တာပါလေ။ အခုမှလာပြီး အလေးထားပြနေလို့ ဘာထူးတော့မှာလဲ ကိုကိုရဲ့ညီ



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့မောင်, ကျွန်တော် 'အင်ကြင်းမောင်' က ကိုကိုတို့ရဲ့ စနက်ကြောင့်ပဲ နှလုံးသား သေခဲ့ရပါပြီ။

"အချစ်က ဘဝကို တည်ဆောက်နိုင်ပါ့မလား ကိုကို၊ အရွယ်ကြောင့် မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူး ယူဆလို့ ကျွန်တော် ဒီနေရာမှာပဲ ရပ်တန့်နေခဲ့ရတာပါ။ ရှုမိုက်ရအောင်လည်း အသက်က ခွင့်မပြုခဲ့ပါဘူး။ တစ်ခုတည်းပါပဲ၊ ကျွန်တော့်ရင်ဘတ်ထဲမှာ ဘာတွေရှိနေသလဲဆိုတာကို ရင်ဘတ်ချင်း နီးစပ်တဲ့သူတစ်ယောက်တည်းကသာ စာနာနားလည်နိုင်ပါလိမ့်မယ်"

"မောင်"

"နှင်းနဲ့ ကျွန်တော် သွားတွေ့မှာပါ"

ကိုကို့ရှေ့မှ သူ ထရပ်လိုက်ပါ၏။ စာကြည့်ခန်းတံခါးကို ဆွဲဖွင့်၍ ထွက်လိုက်ပါသည်။ နောက်ကြောင်းကို ပြန်လှည့်မကြည့်လိုတော့ပါ။ လမ်းဆိုတာ ရှေ့ကိုသာ ကြည့်ပြီး လျှောက်ရမှာ မဟုတ်လား။ အလွမ်းတွေပဲ ခင်းထားခင်းထား၊ မျက်ရည်တွေပဲ ပင်လယ်ဝေနေပါစေ 'အင်ကြင်းမောင်' က ဆက်သွားနေရမှာပါလေ။

နောက်ခန်းအဖုံးကိုဖွင့်၍ သေတ္တာကိုချပေးခဲ့ပြီး ကားကို အပြင်းမောင်းထွက်ခဲ့စဉ် အိမ်ထဲမှ 'ဦးမောင်' ဟူသည့် 'ညို' အော်ခေါ်သံကဖြင့် ရင်ဝကို စူးခနဲ လာစိုက်သည့် မြားတံနှယ်ပါပဲ။

❋ ❋ ❋



## အခန်း (၂၅)

မိုးက တစိမ့်စိမ့်ရွာနေပေမယ့် ကော်ဖီဆိုင်တွင်းမှာ နွေးနေပါ၏။ မှန်ချပ်များမှတစ်ဆင့် အပြင်သို့ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။ အတွေးတို့သည်လည်း တစ်နေရာတည်းမှာ ရှိမနေပါဘဲ နေရာအနှံ့ လွင့်ပျံချင်သလို လွင့်နေလေ၏။ အသက်ရှူရန်ပင် မေ့လျော့နေမိတာပါ။

"ကိုမောင်"

"မာင်"

ခေါ်သံသဲ့သဲ့ကြောင့် သတိဝင်သွားကာ ဆတ်ခနဲလှည့်ကြည့်လိုက်မိ၏။ Coat အပါးစား (အညိုရောင်) ကို အပေါ်မှ ထပ်ဝတ်ထားပြီး မီးခိုးဖျော့ဖျော့ One set ဝတ်ထားပါသည့် 'နှင်း' က သိပ်ကြီး



www.burmeseclassic.com

မှိန်ဖျော့မနေပါ။ မျက်နှာကတော့ (သူ့စိတ်ထင်) အနည်းငယ် မကောင်းသလိုတော့ ထင်ဟပ်နေလေ၏။

"ရောက်တာ ကြာပြီလား"

"ဟင်အင်း"

"အခုမှပဲ မျက်နှာမြင်ခွင့်ရတော့တယ်၊ ချောင်သွားသလားလို့"

"ဟုတ်တယ် . . . ရာသီဖျားဖြစ်ခဲ့သေးလို့ပါ"

"ဪ"

Waiter ကို ကော်ဖီနှစ်ခွက် လာပို့ပေးရန် မှာလိုက်ပြီး နှစ်ယောက်သား တိတ်ဆိတ်နေမိ၏။ စကားပြောရန် စိတ်က ပြည့်နေပေမယ့် အားနာသည့်စိတ်က ပိုများနေသလိုပါလေ။ 'အင်ကြင်းမောင်' ဆိုသည့် သူက ဒီဘဝမှာ အမျိုးသမီးတွေကို ဘာကြောင့်များ တောင်းပန်ရသည့်ကိစ္စမျိုး ရှိလာရပါသလဲ။

"ကိုမောင်"

"နှင်း"

နှစ်ယောက်ပြိုင်တူ ခေါ်လိုက်မိသဖြင့် ယဲ့ယဲ့မျှ ပြုံးမိလေ၏။ တည်ငြိမ်သည့်အရွယ်, ရင့်ကျက်သင့်သလောက်အရွယ်မို့ 'နှင်း'က သူပြောတာကို နားထောင်ပြီး ပေါက်ကွဲလိမ့်မည်ဟုတော့ မထင်ပါ။ 'ချစ်တယ်' ဟူသည့် နှုတ်စကားကျွံပြီး လမ်းခွဲကြတာမှ မဟုတ်ဘဲ။





"နှင်းကို ကျွန်တော် တောင်းပန်စရာရှိလို့ ခေါ်လိုက်မိတာပါ"

"ဘာများလဲဟင်"

"ကျွန်တော် . . . ကျွန်တော်က ကတိကို လွယ်လွယ်ပေးပြီး လွယ်လွယ်ဖျက်တတ်တဲ့လူ မဟုတ်ဘူးဆိုတာကိုတော့ နှင်း သိထားစေချင်ပါတယ်"

"ဟုတ်ကဲ့ ဆက်ပြောပါ"

"ဒီအတွက် နှင်းကို မျက်နှာပူ အားနာစွာနဲ့ ပြောရတာပါ"

"ရပါတယ် ကိုမောင် . . . ရဲရဲသာ ပြောပါရှင်၊ ဘာမဆို ပွင့်လင်းမှ နှင်းတို့ တိုင်ပင်ညှိနှိုင်းလို့ရမှာလေ"

မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်မိပါ၏။ မျက်နှာပူမိတာတော့ အမှန်ပါပဲ၊ လူကြီးတွေအထိ အသိပေးထားခဲ့ပြီးမှ သူ့ဘက်က စဖျက်ရတာ 'နှင်း'အတွက် အဘယ်မျှ ထိခိုက်ပြီး အရှက်ရစေမှာပါလိမ့်။ စေ့စပ်ဖို့အဆင့်ထိ မရောက်တော့တာကပဲ တော်ပါသေးရဲ့။

"ကျွန်တော်တို့ . . . ကျွန်တော်တို့ . . ."

စကားလုံးတို့က လည်ချောင်းဝမှာပင် တစ်သွားလေ၏။ ပွင့်လင်းစွာ ညှိနှိုင်းပါဟု လမ်းဖွင့်ထားပေးပေမယ့် သူက ဒီဘက်က အတော့်ကို ညှိုးဖျင်းလွန်းတာပါလေ။ တစ်ခါတစ်ရံ ရိုးသားခြင်းက လူတောတိုးဖို့ လူဝင်ဆံ့ဖို့အတွက် အတော်လေး ခက်ခဲလွန်းလေ၏။

www.burmeseclassic.com



"ဘာလဲ ... ရှေ့မဆက်ဘဲ နောက်ဆုတ်ကြမယ်လို့ ပြောချင်တာလား"

"ဟင်! ... ဟုတ်ပါတယ်"

"ဒီလောက်တော့ နှင်းလည်း ကြိုမြင်တတ်ပါတယ်ရှင်"

"အားလည်း နာပါတယ်၊ မျက်နှာလည်း ပူလွန်းလို့ပါ"

"အိမ်ဝင်ထွက်ဖို့ လမ်းကြောင်းဖွင့်ပေးလိုက်တာတောင်မှ အလိုက်သင့်လေး လျှောက်မလာတဲ့သူကို အပြစ်တင်လို့ ဘယ်ရပ့်မလဲ ကိုမောင်၊ နှင်းမှာလည်း မာနတော့ ရှိသင့်သလောက် ရှိပါသေးတယ်"

"နှင်းရယ် ... တကယ်ပါ၊ ကျွန်တော် စိတ်ရင်းနဲ့ တောင်းပန်ပါတယ်"

"ဟင်အင်း ... တောင်းပန်ဖို့ မလိုပါဘူး ကိုမောင်၊ နှင်းတို့က လူငယ်ချင်း စတွေ့ရင်းနှီးခဲ့တာမျိုးမှ မဟုတ်တာ၊ လူကြီးတွေ ပြောတဲ့အတိုင်း အလိုက်သင့် မနာခံဖြစ်တာပဲ ရှိတာလေ"

"ဒါပေမဲ့ ကျွန်တော့်ကြောင့် နှင်းမျက်နှာပျက်ရတာမို့ပါ၊ နှင်းရဲ့ မိဘတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ချင်ပါသေးတယ်"

"ကိုကြီး တော်တော်မှ ဆူရဲ့လား"

ခေါင်းကိုသာ ညိတ်ပြလိုက်မိပါ၏။ အစ်ကို့စကားကို မနာခံသည့် ညီဆိုတာထက် မိဘစကားကို နားမထောင်သည့် 'နှင်း' က





ပို၍ အပြောခံရမှာ အသေအချာပါလေ။ ကိုယ်စားဝင်ယူလို့ရပါလျှင် 'နှင်း' အစား သူသာ အနာခံ အပြောခံချင်လိုက်ပါရဲ့။

"မမလည်း စိတ်အတော်ဆိုးမှာပဲ"

"မှန်ပါတယ်"

"စေ့စပ်ပွဲမဖြစ်ခင် ကြိုပြီးပြောတဲ့အတွက် တော်ပါသေးရဲ့၊ နောက်မှသာ ပြောရင် အခြေအနေပိုဆိုးသွားနိုင်တယ်လေ"

"ဟုတ်ကဲ့"

"ပွင့်ပွင့်လင်းလင်းနဲ့ ပြောရင် စိတ်ဆိုးမှာလား"

"ဗျာ"

"ကလေးနဲ့ယှဉ်ပြီး ကျန်ခဲ့ရတာကိုတော့ နာတယ် ကိုမောင်၊ ဒါပေမဲ့ ... သံယောဇဉ်နဲ့ ချစ်ခြင်းက အများကြီး ကွာခြားမှန်း နှင်းနားလည်လိုက်လို့ပါ၊ ကျေးဇူးလည်း တင်ပါတယ် ... တကယ်ပါ"

"နှင်း ... ဘာကို ... ဘာကိုဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး"

သူမ ပြုံးလေ၏။ မျက်ဝန်းထဲမှာတော့ မျက်ရည်ကြည်တို့ ဝေ့ဝဲနေတာပါ။ သူနှင့်စဆုံခဲ့ရသည့် 'နှင်းနန္ဒာ' က ဒီနေ့မှ အလှဆုံးဖြစ်နေလေသလားဟု ထင်မှတ်ရလေသည်။ သူမအပြုံးက ခွင့်လွှတ်သည်းခံပြုံးမှန်း အဓိပ္ပာယ်ပေါ်လွင်နေပါ၏။ သဘောထားကြီးသည့် အမျိုးသမီးငယ်ဟု သတ်မှတ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေရဲ့သဘောကို မိန်းမချင်းပဲ သိပြီး အလိုလို နားလည်တာပါ ကိုမောင်၊ အဲဒီကောင်မလေးကို မြင်လိုက်ကတည်းက နှင်း သိခဲ့တာပါ"

"ဗျာ!"

"ကိုမောင်က တူမပါလို့ ပြောနေပေမယ့် နှစ်ယောက်စလုံး ရဲ့ မျက်လုံးတွေက တကယ်အမှန်တရားကို ညာလို့မရဘူးလေ"

"ကျွန်တော် . . . ကျွန်တော်"

"အဲဒါက ကိုမောင် Personal မို့ ကိုမောင့်အပိုင်းပါ၊ ပြောစရာကုန်ပြီ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို နှင်း ပြန်ပါဦးမယ် ကိုမောင်၊ ဘာပဲဖြစ်ဖြစ် ခင်မင် ခွင့်ရတဲ့အတွက် ကိုမောင့်ကို အမှတ်ရနေမှာပါ"

နှုတ်ဆက်လမ်းခွဲခြင်းက ဤမျှသာပါပဲ၊ တစ်လှမ်းချင်း လျှောက်ကာ ထွက်သွားသည့် 'နှင်း' ကို ငေးရင်း သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရလေ၏။ သိခဲ့ပါသတဲ့၊ ဘုရားရေ . . . 'ညို' နဲ့ သူ့ကို တွဲပြီးတွေ့ကတည်းက ကြိုမြင်ခဲ့တာတဲ့လား။ သူ လုံးဝမသိ ခဲ့သည့်ကိစ္စရပ်ကို 'နှင်းနန္ဒာ' က သိခဲ့ပါသတဲ့၊ မိန်းမတွေ၏အတွင်း စိတ်ကို သူ လိုက်မမီတော့ပါလေ။

ပြန်ဖို့သင့်ပြီ 'အင်ကြင်းမောင်'။ နောက်ဆုံးတော့ ဘယ်သူမှ





မရှိတဲ့အရပ်မှာ တစ်ယောက်တည်း အဖော်မဲ့နေဖြစ်ဖို့ အခွင့်သာ ရှိ တော့တာပါလေ။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး ထိုင်ခုံမှ ထရပ်လိုက်ပါ၏။ ကော်ဖီဖိုး Bill ရှင်းကာ ဆိုင်ထဲမှ ထွက်လိုက်ပါ သည်။

ကားပေါ်တက်လိုက်စဉ် သူ့ phone က မြည်သံထွက်လာ သဖြင့် ကိုင်လိုက်မိပါ၏။ ညက အားမသွင်းဖြစ်ခဲ့သည့် phone က ခေါ်သံကြားနေစဉ်မှာပင် Battery ကုန်သွားလေပြီ။ ကံဆိုးတာပဲလား 'အင်ကြင်းမောင်'။ တစ်ယောက်နဲ့ အေးအေးဆေးဆေး လမ်းခွဲဖြစ်ခဲ့ တာတောင်မှ ကံကြမ္မာက မျက်နှာသာမပေးတာလေ။

ကားကို စိုက်ခင်းခြံရှိရာ လမ်းမသို့ ဦးတည်လိုက်ပါ၏။ လေးနာရီကျော်ခရီးကို အားခဲပြီး မောင်းရဦးမှာပါလေ။ ကားထဲမှာ ခရီးသွားလျှင် လိုရမယ်ရထည့်ထားသည့် Battery Pack ရှိတာမို့ ကြီးပါ ရှာလိုက်ရင်း phone အားသွင်းထားလိုက်ရလေ၏။ ကားလည်း ဆီလျော့နေပြီမို့ ဆိုင်ဝင်ကာ ဆီဖြည့်ရင်း ကားပေါ်မှ ဆင်းဖြစ်လေ သည်။

"နှစ်ဂါလံနော်"

"ဟုတ်ကဲ့"

ဆီဖိုးရှင်းပေးခဲ့ပြီး ကားကို ဆက်မောင်းခဲ့ပါ၏ စိုက်ခင်းခြံ အနီးသို့ရောက်စဉ်မှာ အားဖြည့်သွားသည့် phone မှ တီးလုံးမြည်သွား



www.burmeseclassic.com

www.burmeseclassic.com



၌ ကြိုးကို ဖြုတ်လိုက်ရလေသည်။ Power save လုပ်စဉ် phone call ဝင်ထားတာကို မြင်လိုက်ရပါ၏။ မမရော ကိုကိုပါ ခေါ်ထားတာ မှို့ အံ့ဩသွားရတာပါ။ သူက မမ phone နံပါတ်ကိုပင် ပြန်ခေါ်လိုက်ပါသည်။

"ဟယ်လို"

"မောင် . . . နင် အခု ဘယ်မှာလဲ"

"မြို့နားရောက်နေပြီ"

"ညှိုရယ်လေ . . . ကိုကိုပြန်ခေါ်မယ်ဆိုပြီး နင့် ထားရစ်ခဲ့တာနဲ့"

"ဗျာ! ဖြည်းဖြည်းပြော မမ . . . ဘာမှသေချာမကြားရဘူး"

"မီးဖိုချောင်က ဓားနဲ့ သူ့လက်ကောက်ဝတ်ကို လှီးလိုက်တာ ငါ အဆွဲမြန်လို့ ကံကောင်းသွားတာဟဲ့"

"ဟင်!"

"မျက်ရည်တစ်စက်မှ မကျဘဲ လုပ်ရဲလိုက်တာဟာယ်၊ အဲဒါနဲ့ ကိုကိုရော ငါပါ စိတ်လျှော့လိုက်ရပြီ သိရဲ့လား"

"ညှိုရော . . . ညှို အခုဘယ်မှာလဲ"

"မသိဘူး . . . အိမ်ကနေ ပြေးထွက်သွားတာပဲ"

"မမက မတားဘူးလားဗျာ"

"ဩော် . . . ကိုကိုက လွှတ်လိုက်လို့ ပြောတာကိုးဟဲ့"





"ကလေးကို နားလည်အောင် ချော့ပြောမှပေါ့ဗျ"

"ဟဲ့! . . . နင့်ကလေးက တစ်ဦးတည်း မောင်နေတာ ဘာမှပြောလို့မှမရတာ၊ ငါ့ကိုပဲ အပြစ်မတင်နဲ့"

"ဒါဆို ဒါပဲဗျာ"

"ဟဲ့! . . . မောင် . . . မောင်"

ရင်တွင်းမှန်တိုင်းဝင်လေပြီ။ ထွက်ပြေးလျှင် သူ့ထံကိုသာ ရောက်နိုင်သည်မို့ မှန်းဆရင်း မြို့ထဲသို့ ကားကို မောင်းဝင်လိုက်ပါ၏။ ဒီမှာ ရောက်နေပါစေလား 'ညှို'။ 'ညှို' သာ 'ဦးမောင်'ရဲ့ဘဝထဲက အပြီးတိုင် ပျောက်ကွယ်သွားခဲ့လျှင် ဒီနေရာမှာပဲ ရင်ကွဲပြီး သေပွဲဝင်ရမှာ အသေအချာပါလေ။

ရင်ထဲပြည့်တင်းကျပ်ကာ ပေါက်ကွဲထွက်တော့မည့်နှယ်ပါ၏ ကိုယ်အသက်ဆက်မရှင်ချင်တော့ဘူး 'ညှို'။ 'ညှို' သာ မရှိတော့လျှင် ဘဝက နေပျော်စရာမှ မရှိတော့တာလေ။ ကျေးဇူးပြု၍ ကိုယ့်အနိုင် ကိုယ့်ရင်ခွင်မှာ ထာဝရမှီခိုလှည့်ပါလား 'ညှို' ရယ်။

"ဟော"

ကုန်းတက်ကို ကွေ့တက်လိုက်မိစဉ် အိမ်ကလေး၏လှေကားမှာ ထိုင်နေပါသည့် ပုံရိပ်လေးကို ဖျတ်ခနဲတွေ့လိုက်ရလေ၏။ ဘတ် ခနဲဝမ်းသာသွားသလို ကားရပ်ကာ ကားပေါ်မှ အမြန်ဆင်းလိုက်ရလေသည်။ လှေကားမှာ ထိုင်စောင့်နေပါသည့် မိန်းကလေးက သူ့ထံ


www.burmeseclassic.com

www.burmeseclassic.com



အပြေးလေးရောက်လာလေတော့၏။ ရင်ခွင်ထဲရောက်လာပါသည့် 'ညို' ကို လွတ်ထွက်မသွားစေရန် သူ တင်းတင်းကျစ်ကျစ်ဖက်ထား လိုက်မိလေသည်။ မှန်ပါတယ်။ ဒါ သူ၏'ညို' အစစ်အမှန်ပါပဲ။

"အသက်အန္တရာယ်ဖြစ်မှာကို မစိုးရိမ်ဘူးလား။ ဘာလို့ အဲဒီလိုလုပ်ရတာလဲ ညိုရယ်"

"ဦးမောင်က ထားခဲ့တာကိုး"

"ချစ်လွန်းလို့ပါ ညို၊ ညို စိတ်ဆင်းရဲမှာ အများက ပြစ်တင် ကဲ့ရဲ့ကြမှာကို စိုးရိမ်ပြီး ထားခဲ့မိတာပါ"

"အဲဒီလိုထားခဲ့မှ ညို စိတ်ဆင်းရဲပြီး သေမှာကို ဦးမောင် မသိဘူးလား"

"ညိုရယ် . . . ဖြစ်ရလေ"

"ညို သိတယ်၊ ဟိုး စတွေ့ကတည်းက ကြိုသိခဲ့တာ"

"ဘယ်လို . . . ဘာကိုလဲ"

"ဦးမောင်, ညို့ကြောင့် ရင်နာနေတာကိုလေ၊ ဟောဒီနေရာ က သိခဲ့ရတာ"

ဘယ်ဘက်ရင်အုံနေရာကို အသာပွတ်၍ ပြောနေသဖြင့် သူ ပြုံးလိုက်မိပါ၏။ ခုချိန်ထိ အိပ်မက်မက်နေသည့်နှယ် မယုံရဲသေးပါ။ သိနေတာတဲ့။ 'ညို' လည်း 'နှင်း' လိုပင် ကြိုမြင်ကြိုသိနေပါသတဲ့။ အံ့ဩထူးဆန်းလေစွ။





"မဖြေသေးဘူးနော်"

"ဦးမောင်မှ သေချာမပြောသေးတာ"

"ခုနပြောလိုက်တယ် မဟုတ်လား"

"ဘယ်မှာပြောလို့လဲ"

"ညိုနော် . . . လူကြီးကို မနောက်ပါနဲ့"

"လူကြီးက မှန်းဖို့ကောင်းတာကိုး၊ မချစ်ချင်ပါဘူး"

"ကဲ! . . . မချစ်ဦး"

"ဦးမောင်နော်"

ပါးပြင်မို့မို့လေးကို ငုံနမ်းမိလိုက်ပါ၏။ ပတ်တီးစည်းထား သည့် လက်ကောက်ဝတ်လေးကိုယူပြီး ခပ်ဖွဖွနမ်းမိစဉ် 'ညို'က မျက် တောင်းနက်လေး ခဲပြုလေသည်။ မချစ်သေးလည်း ချစ်တဲ့အချိန်ထိ စောင့်ရုံပေါ့ 'ညို'။

ဘာဖြစ်လို့လဲဆိုတော့ . . . ကိုယ်က . . .

'မင်းလက်ထဲက ရေလေး' ဖြစ်နေလို့ပါလေ။

လေးစားလျက် . . .

www.burmeseclassic.com